# မြန်မာ့စောင်း

# BIRUMA NO TATEGOTO

MICHIO TAKEYAMA

ရဲမြလွင်

(ဂျပန်ဘာသာမှမြန်မာပြန်ဆိုသည်)



ビルマの竪琴　竹山道雄著

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**တကောင်းစာအုပ် (၉)**

ရဲမြလွင်

# မြန်မာ့စောင်း

**BIRUMANO TATEGOTO**

**MICHIO TAKEYAMA**

(ဂျပန်ဘာသာမှ ပြန်ဆိုသည်)

ဖြန့်ချိရေး

❒ တကောင်းစာအုပ်တိုက်
အမှတ် ၅ (ခ)၊ ဧယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၇၂၃၆၈၅

❒ စေတနာစာပေ
အမှတ် ၅၉၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၂၅၇၄၅

စာမူခွင့်ပြုချက်အမှတ်
၄၉၁/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၁၂၂/၂၀၀၁ (၁၂)
ပုံနှိပ်ခြင်း
**ပထမအကြိမ်**
၂၀၀၂–ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ
၁၀၀၀
မျက်နှာဖုံး
ကျော်သောင်း
ထုတ်ဝေသူ
ဦးလှကြိုင် (၀၂၃၃)
လောကစာပေ
အမှတ်–၃၊ ငါးထပ်ကြီးဘုရားလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာ **OFFSET**၊
အမှတ်–၅၉၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းဖလင်
ရွှေရေး
စာအုပ်ချုပ်
ကိုတင်အေး
ကွန်ပျူတာစာစီ
ပုလဲ
တန်ဖိုး
၅၀၀–ကျပ်



မြန်မာ့ဒေါင်း ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း

# ထိလာစစ်သူ၏အမှာစာ

## မြန်မာ့စောင်းဝတ္ထုနှင့် မြန်မာပြန်ဆိုသူ ဆရာရဲမြလွင်

ဆရာရဲမြလွင်သည် ဂျပန်မူရင်းဝတ္ထုများကို တိုက်ရိုက်မြန်မာပြန်ဆိုရာ၌ ကျွမ်းကျင် အောင်မြင်သူ။ ၁၉၉၄–ခုနှစ် ဂျပန်ဝတ္ထုဘော့ကျန်စာအုပ်ဖြင့် ဘာသာပြန်ရသစာပေအမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သူ။ သူသည် ၁၉၈၁– ခုနှစ်တွင် ဂျပန်နိုင်ငံ အိုကားယားမားတက္ကသိုလ်၌ ပညာတော်သင်အဖြစ် သွားရောက် အောင်မြင်ခဲ့သူလည်း ဖြစ်သည်။ ဂျပန်ဘာသာမှ တိုက်ရိုက် ပြန်ဆိုထုတ်ဝေသော အခြားစာအုပ်များမှာ ဂျပန်အံ့ဖွယ်ပုံပြင်များ၊ မဟူရာ နှလုံးသား၊ ဂန္ဓနှင့် ဓားအိုရှင်း၊ ကီမီကိုးနှင့် အခြားဝတ္ထုများ၊ ဟိုက္ကုကဗျာ ချစ်စရာ၊ ထမင်းစား ရေသောက် ဂျပန်စကားပြော၊ အဖော်မွန်၊ တော့တိုကျန်၊ ခြေမစုံ လက်မစုံ ကျွန်တော့်ဘဝအတွေ့အကြုံနှင့် ရက် ၂၀၀ စစ်ပွဲတို့ဖြစ် သည်။ ဆရာရဲမြလွင်သည် ဂျပန်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက် ပြန်ဆိုရာတွင် စာပေလောက၌ အောင်မြင်၍ အခြေခိုင်မြဲသွားလေပြီ။ သူသည် ယခု ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာဖြင့် နှစ်ပေါင်းများစွာကပင် များစွာ အောင်မြင်ကျော်ကြားနေခဲ့သော မြန်မာ့စောင်းဝတ္ထုကို မြန်မာ ဘာသာသို့ ပြန်ဆို၍ ပုံနှိပ်ထုတ်ဝေလိုက်ပြန်လေပြီ။ ဂျပန်လူမျိုး ထာကဲ ယာမမိကျိအို အမည်ရှိ ဂျပန်စာရေးဆရာတစ်ဦးဖြစ်ပြီး မြန်မာပြည်သို့ မရောက်ဖူးသည့်တိုင် ဤဝတ္ထုကို ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်ရောက် ဂျပန်စစ်သားများကို ဇာတ်ဖွဲ့၍ ရေးသားခဲ့သဖြင့် အကြိမ်ကြိမ် စာအုပ်

ရိုက်ကူးခဲ့ရခြင်း၊ ရုပ်ရှင်အဖြစ် ရိုက်ကူး၍ တစ်နိုင်ငံလုံးက စိတ်ဝင်စားစွာ ကြည့်ရှုချီးကျူးအားပေးမှု ခံရခြင်းတို့ဖြင့် ထင်ရှားကျော်ကြားလျက် ရှိပေသည်။

ကျွန်တော်သည် ဂျပန်လူမျိုးတို့က မြန်မာ့စောင်းတူရိယာကို များစွာ နှစ်သက်မြတ်နိုးကြောင်း သိရသဖြင့် ဂျပန်မိတ်ဆွေများကိုလည်းကောင်း၊ ဂျပန်တက္ကသိုလ်များသို့လည်းကောင်း အထူးလက်ဆောင် ပေးပို့ခဲ့သည်။ ဂျပန်စစ်သားများနှင့်မြန်မာ့စောင်းသည် ဂျပန်စာရေးဆရာ၏ ထက်မြက်သောကလောင်အစွမ်းကြောင့် အမြဲတွဲဖက်၍ ဂျပန်လူမျိုး၏ အသည်းနှလုံးထဲတွင် စွဲမြဲစွာ တည်ရှိနေကြောင်း ကျွန်တော် တွေ့မြင်သိရှိပြီး ဝမ်းမြောက်ဝမ်းသာ အကြိမ်ကြိမ်ဖြစ်ခဲ့ရပါသည်။ ကျွန်တော်သည် ဂျပန်ပြည်သို့ ၄ ကြိမ်ရောက်ခဲ့ဖူးရာ ခင်မင်ရင်းနှီးသော ဂျပန်မိတ်ဆွေများက မြန်မာ့စောင်းဝတ္ထုကို တသသ စွဲလမ်းကြကြောင်း ပြောဆိုကြသည်ကို နားနှင့်ဆတ်ဆတ် ကြားခဲ့ရပေသည်။

ဤဝတ္ထုနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရန်အတွက် စာရေးဆရာကြီးသန်းဆွေ အသက်ရှင်ရှိစဉ်က ကြိုးစားခဲ့ကြောင်း ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။ သို့သော် အကြောင်းကြောင်းများကြောင့် မပြန်ဆိုဖြစ်ခဲ့ပါ။ ၁၉၅၀–ပြည့်နှစ်လွန် ကာလရက်များက ဖြစ်ပါသည်။

ယခု ရဲမြလွင်က စွမ်းအောင်မြင်လိုက်လေပြီ။ မြန်မာ စာရေးဆရာအချို့က အင်္ဂလိပ်ဘာသာမှတစ်ဆင့် မြန်မာဘာသာသို့ ပြန်ဆိုခဲ့ရခြင်းဖြစ်ရာ ဆရာရဲမြလွင်က ဂျပန်ဘာသာ တတ်ကျွမ်း၍ မူရင်းဘာသာမှပြန်ဆိုခြင်း ဖြစ်သည့်အတွက် အဓိပ္ပါယ်ပေါ်လွင်မှု၊ ပိုမိုရသမြောက်မှု ပေးစွမ်းနိုင်ကြောင်း တွေ့ရှိရသည်။ ဤမြန်မာ့စောင်းဝတ္ထုသည် ဂျပန်မြန်မာ ချစ်ကြည်ရေးအတွက် အရေးပါသော အခန်းမှ ပါဝင်နေပြီး ဂျပန်မြန်မာ စာပေပေါင်းကူးတံတားအဖြစ် ဆရာရဲမြလွင်အား များစွာ ကျေးဇူးတင်ပါသည်။ ဆက်လက်၍လည်း ဂျပန်ဘာသာ ဝတ္ထုကောင်းများ တိုက်ရိုက်

ပြန်ဆို၍ မြန်မာ့စာပေလောကသို့ အဆက်မပြတ် ပို့ပေးပါ ဟု တိုက်တွန်း
နှိုးဆော်လိုပါသည်။

နေ့စွဲ။ ။ ၁၂၊ ဇူလိုင်လ ၂၀၀၁–ခုနှစ်
နေ့ရက်။ ကြာသပတေးနေ့
နေရာ။ ရန်ကုန်မြို့
အချိန်။ ၂၁း၁၅ နာရီမှ ၂၁း၄၅ နာရီအထိ (ည)
မြန်မာဂျပန်ချစ်ကြည်ရေး အခွန့်ရှည် တည်တံ့ခိုင်မြဲပါစေ
**ထီလာစစ်သူ**
ကဗျာဆရာကြီး။ ။ **1990 The Great Poet Laureate Japan**

# မြန်မာ့စောင်းဝတ္ထုနှင့်ပတ်သက်၍

ကျွန်မအနေနှင့် ရဲမြလွင်စံအား စတွေ့သည့်အချိန်တွင် သူ၏ ဂျပန်စကားပြောပုံ ဆိုပုံ၊ ပြုမူလှုပ်ရှားပုံတို့ကို ကြည့်ကာ "ဟယ်၊ သူ့ကို ကြည့်ရတာ ဂျပန်ပြည်နဲ့ ဂျပန်လူမျိုးတွေကို အတော်ခင်မင်မြတ်နိုးပုံရတယ်"ဟု ခံစားလိုက်ရပါသည်။ ဂျပန်ပြည်သို့ သိပ္ပံပညာလေ့လာရန် သွားရောက်ခဲ့သော်လည်း ဂျပန်စာပေကိုအထူးစိတ်ဝင်စားကာ ဂျပန်ဘာသာစကားကို အချိန်တိုတိုအတွင်း အပတ်တကုတ်ကြိုးစားခဲ့ရသော သူ၏ရုပ်သွင်ကိုပါ မြင်ယောင်မိပါတော့သည်။

ရဲမြလွင်စံသည် မြန်မာစာပေလောကအတွက် ဂျပန်စာပေမှထင်ရှားသော စာအုပ်အတော်များများကို ဘာပြန်ခဲ့သည်ဟု သိရှိရသော်လည်း အဘယ့်ကြောင့်များ (မြန်မာ့စောင်း)ကို ဘာသာမပြန်တာပါလိမ့်၊ ထူးဆန်းလိုက်တာနော်ဟု တွေးမိစဉ် "ဆရာမ ကျွန်တော်မြန်မာ့စောင်းကို ဘာသာပြန်လို့ပြီးပါပြီ။ ဒီဝတ္ထုအတွက် အမှာစာကိုဆရာမ ရေးပေးစေချင်ပါတယ်" ဟု မေတ္တာရပ်ခံလာပါသည်။ ကျွန်မအနေဖြင့် (မြန်မာ့စောင်းဝတ္ထု)အား မြန်မာစာဖတ်ပရိတ်သတ်ကြီးကအလွန်ဖတ်စေချင်သောဆန္ဒကြောင့်ရေးပေးပါမည်ဟု ကတိပြုလိုက်မိပါသည်။

(မြန်မာ့စောင်း)အကြောင်းကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက်ကျွန်မ ငယ်ရွယ်စဉ် ကလေးဘဝက ကြည့်ခဲ့ရသော မြန်မာ့စောင်း ရုပ်ရှင်ကားထဲ၌ အဝါရောင်သင်္ကန်းကို စီးမြန်းပြီး ပခုံးထက်ဝယ် ကြက်တူရွေးလေး တစ်ကောင်ကိုတင်ကာ လျှောက်သွားနေရှာသော ဘုန်းကြီးလေးတစ်ပါး၏ ရုပ်သွင်ကို ပြန်လည်မြင်ယောင်လာမိသည်။ ထိုစဉ်က ကျွန်မသည် မြန်မာပြည်၏အကြောင်းနှင့် စစ်၏အကြောင်းကို လုံးဝနားမလည်သေးသော ကလေးအရွယ်မျှသာ ဖြစ်ခဲ့ပါသည်။ သို့ဖြင့် ကျွန်မသည် မြန်မာပြည်တွင် ကိုယ်တိုင်သွားရောက်အလုပ်လုပ်ရန် အခွင့်ကြုံလာခဲ့ပါတော့သည်။ ကျွန်မက မိတ်ဆွေအပေါင်းအသင်းများအား မြန်မာပြည်သို့ သွားမည်ဖြစ်ကြောင်း ပြောပြသောအခါ "ဟယ်၊မြန်မာ့စောင်းထဲကမြန်မာပြည်ကိုပြောတာလား" ဟုတစ်ပြိုင်တည်းမေးလာကြပါသည်။ကျွန်မအနေဖြင့်လည်း မြန်မာပြည်ဟု ပြောပြသည့်တိုင် တော်တော်နှင့် နားမလည်နိုင်သော ဂျပန်လူမျိုးများအား မြန်မာ့စောင်းဝတ္ထုထဲက မြန်မာပြည်လေ ဟု ရှင်းပြနေခဲ့မိပါသည်။ စင်စစ် ဂျပန်လူမျိုးတို့သည် မြန်မာပြည်အား မြန်မာ့စောင်းနှင့်တွဲ၍မြင်နေခဲ့ခြင်းပင် ဖြစ်ပါသည်။ မြန်မာ့စောင်းဝတ္ထုအား ဂျပန်လူမျိုးတိုင်းလိုလိုက ဖတ်ဖူးကြပြီး မြန်မာ့စောင်းရုပ်ရှင်ကိုလည်း ဂျပန်လူမျိုးအားလုံးလိုလိုက ကြည့်ဖူးကြပါသည်။

ကျွန်မ၏ဂျပန်စာသင်တန်းကျောင်းတွင်လည်း အတန်းကြီးသင်တန်းသားများအား မြန်မာ့စောင်းဝတ္ထုကို သင်ကြားခဲ့ဖူးရာ သင်တန်းသားများက "ဆရာမ၊ မြန်မာဘုန်းကြီးတွေက စောင်းမတီးရဘူး"ဟု ပြောပြလေရာ ကျွန်မအဖို့ အထိတ်တလန့် ဖြစ်သွားခဲ့ရပါသည်။

စင်စစ်ဘုန်းတော်ကြီးကလေး စောင်းတီးနေခြင်းမှာ ဤဝတ္ထု၏အဓိက ကျသောအခန်းဖြစ်နေပြန်ရာ "ဝတ္ထုဆိုတော့ စိတ်ကူးယဉ်ပြီးရေးမိတာနေမှာပါလေ"ဟု ကြံဖန်၍ ခွင့်လွှတ်လိုက်ရပါသည်။ စာဖတ်သူများအနေဖြင့်လည်း ထိုအမှားအတွက် ဝတ္ထုတစ်ခုလုံးအား အပြစ်ပုံမချဘဲ သည်းခံပြီး ဖတ်ကြစေလိုပါသည်။

စင်စစ် မြန်မာ့စောင်းသည် သာမန်စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်မျှသာဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်း မဟုတ်ပါ။ သို့ပါသော်လည်း ဝတ္ထုထဲတွင် ပါသော ဂီတဝါသနာရှင်တပ်စိတ်ကလေးမှာ အမှန်တကယ်ပင် ရှိခဲ့သည်ဟု သိရှိပါသည်။ ယခုအချိန်အထိ ထိုတပ်စိတ်ကလေးတွင် ပါဝင်ခဲ့ကြသော စစ်သားအိုကြီးများမှာ ကျန်းကျန်းမာမာ ရှိနေကြဆဲဖြစ်ပြီး ရံဖန်ရံခါ တယ်လီဗေးရှင်း အထူးအစီအစဉ်တွင် ပါဝင်ကာ မြန်မာလူမျိုးများသည် အလွန်သဘောကောင်းကြကြောင်း၊ စစ်အတွင်းက မိမိတို့အား အမျိုးမျိုး ကူညီခဲ့ကြသဖြင့် ယခုထက်တိုင် ကျေးဇူးတင်ရှိနေပါကြောင်း၊ မြန်မာလူမျိုးတို့အပေါ် ရက်စက်မိသည့်အတွက် နောင်တရ၍မဆုံးအောင်ဖြစ်ရပါကြောင်း စသည်ဖြင့် တဖွဖွပြောနေဆဲပင် ဖြစ်ပါသည်။ ကျွန်မသည်ပင်လျှင်မြန်မာပြည်၌ နှစ်အတော်ကြာကြာနေလာမိသောအခါ မြန်မာလူမျိုးတို့၏ နွေးထွေးသောကြင်နာမှုကို နေ့စဉ်နေ့တိုင်း ခံစားနေမိပါသည်။ စင်စစ် မြန်မာပြည်သည် ဂျပန်လူမျိုးတို့အပေါ် မိမိတို့၏ ဆွေမျိုးသားချင်းများပမာ ချစ်ခင်ကြင်နာကြသောတိုင်းပြည်ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုကြင်နာမှုကို မြန်မာပြည်သို့ကိုယ်တိုင်လာရောက်ဖူးသောဂျပန်လူမျိုးများကသာ ကောင်းစွာနားလည်နိုင်ကြမည်ဖြစ်ပါသည်။ အကြောင်းမှာ မြန်မာပြည်သည် မြန်မာ့စောင်းဝတ္ထုနှင့် တစ်ထပ်တည်းတူနေသောကြောင့် ဖြစ်ပါသည်။

မြန်မာ့စောင်းဝတ္ထုကို ဂျပန်လူမျိုးတိုင်းက အဘယ့်ကြောင့် အသည်းစွဲဖြစ်နေရသည်ကိုစာရှုသူကိုယ်တိုင် လက်တွေ့ဖတ်ကြည့်ပါကပို၍ သဘောပေါက်လာမည်ဟု ယူဆမိပါသည်။ ရဲမြလွင်စံကဲ့သို့ ဂျပန်ဘာသာဖြင့်ဖတ်နိုင်လာမည်ဆိုပါက ဂျပန်လူမျိုးများအား ပိုချစ်ခင်လာကြမည်မှာ သေချာပါသည်။ မြန်မာ့စောင်းအပြင် ဂျပန်စာပေ၌ အခြားအခြားသော ကောင်းမွန်သည့်ဝတ္ထုများ မြောက်မြားစွာရှိနေပါသေးသည်။ အဆိုပါဝတ္ထုကောင်းများကို ရဲမြလွင်စံက များမကြာမီသော ကာလတွင် ဆက်လက်၍ ဘာသာပြန်

ထုတ်ဝေလာလိမ့်ဦးမည်ဟုလည်း မျှော်လင့်မိပါသည်။ ဤဝတ္ထုကို ဖတ်ရှုခြင်းအားဖြင့် ဂျပန်ဘာသာစကားကို လေ့လာလိုသူများ၊ ဂျပန်ဘာသာ စကားကို ပိုမိုတိုးတက်အောင် ကြိုးစားလိုသူများ ပွားများလာကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

(၂၀၀၀ပြည့်နှစ်၊ ဇွန်လ၊ ၃၀ရက်)
မူရမစု မယ်ဂုမိ
ကျောင်းအုပ်ဆရာမကြီး
မိုးမိဂျီဂျပန်ဘာသာသင်ဌာန

# ဘာသာပြန်သူ၏အမှာစာ

ကျွန်တော့်အဖို့ ဂျပန်စာပေဆိုင်ရာ ဝတ္ထု၊ ကဗျာ၊ ရုပ်ရှင်ဇာတ်လမ်းအတော်များများကို မြန်မာဘာသာသို့ ပြန်ဆိုနေခဲ့သော်လည်း ကျွန်တော်ဘာသာပြန်ရန်အသင့်ဆုံးဝတ္ထုကို မပြန်ဖြစ်သေးဘဲ ယခုအချိန်အထိ နှောင့်နှေးနေခဲ့ပါသည်။ ထိုစာအုပ်မှာ စာရေးဆရာကြီး ထာကဲရာမမိကျိုအိုး၏ (ဘိရုမာနို့ထတဲကိုတို ခေါ် မြန်မာ့စောင်း) ပင် ဖြစ်ပါသည်။

ယခုအချိန်အထိ မပြန်ဖြစ်သေးသည့် အဓိကအကြောင်းရင်းမှာ ထိုစာအုပ်အား အင်္ဂလိပ်ဘာသာမှနေ၍ နှစ်ကြိမ်တိုင်တိုင် မြန်မာဘာသာသို့ ပြန်ဆိုပြီးခဲ့ကြသောကြောင့် ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုစာအုပ်များ ထုတ်ဝေခဲ့ကြသည်မှာ နှစ်ကာလကြာညောင်းခဲ့ပြီး စာဖတ်သူများအနေဖြင့် မေ့လောက်ပြီဖြစ်ပါသည်။ ထို့အပြင် ယနေ့ခေတ်လူငယ်အတော်များများမှာ ထိုစာအုပ်ကို ဖတ်ဖူးကြလိမ့်မည်မဟုတ်ပါ။ ကျွန်တော်လက်ရှိတာဝန်ထမ်းဆောင်နေသောနေရာမှာ ဂျပန်မြန်မာချစ်ကြည်ရေးနှင့် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးတို့ကို အဓိကထား၍ လုပ်ဆောင်နေရသော ဂျပန်သံရုံး၏ ပြန်ကြားရေးဌာနဖြစ်လေရာ ထိုစာအုပ်ကို ပြန်ဆိုရန် တာဝန်ရှိသည်ဟု ယူဆလာမိပါသည်။ ထို့အပြင် စာဖတ်သူများအားလည်း ဂျပန်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုသည့် အရသာကို မြည်းစမ်းကြည့်စေလိုသည့် ဆန္ဒလည်း ဖြစ်ပေါ်လာမိပါသည်။

ဤစာအုပ်အား လက်တွေ့ဘာသာပြန်ဖြစ်သည့်အထိ တွန်းအားပေးခဲ့သောအဓိကအကြောင်းရင်းတစ်ခုမှာကျွန်တော့်ဖခင်ကြီးကြောင့်ဖြစ်သည်ဟု ဆိုရပါမည်။ လွန်ခဲ့သော ၃ လခန့်ကကျွန်တော်၏ဖခင်ဖြစ်သူဦးကံမြသည် သူ နေထိုင်ရာ ရေတာရှည်မြို့နယ် မြို့လှမြို့မှ ဆေးစစ်ခံရန်အတွက် ရန်ကုန်သို့ ရောက်လာခဲ့ပါသည်။ ကျွန်တော်၏ဖခင်ကြီးတွင် မည်မည်ရရ ရောဂါမရှိသော်လည်း အသက် ၈၀ ထဲသို့ ရောက်လာပြီဖြစ်သောကြောင့် ဇရာထောင်းကာ အားနည်းလာဟန်တူပါသည်။ ဆရာဝန်က သောက်သင့်သော အားဆေးအမျိုးမျိုးကို ရေးပေးလာသောကြောင့် ရွှေဘုံသာလမ်းရှိဆေးဆိုင်များမှ ရှာကြံ၍ ဝယ်ပေးရပါသည်။ ဆေးဝါးများ ဝယ်ပြီးသောအခါ ရန်ကုန်တွင် နေထိုင်ကြသော အခြားသားများ၏အိမ်သို့ တစ်ရက်စီလည်ပတ်ကာ မြို့လှမြို့သို့ပြန်ရန် ပြင်ပါတော့သည်။ မပြန်ခင် ရန်ကင်းရှိသူ့ သူငယ်ချင်း ဦးမြလွင်အိမ်သို့ သွားရောက်နှုတ်ဆက်လိုကြောင်း ပြောသောအခါ ကျွန်တော်က ဦးမြလွင် တစ်လောကပင် ဆုံးသွားပြီ ဖြစ်ကြောင်း ပြောပြမိပါသည်။ ထိုအခါ ကျွန်တော့်ဖခင်ကြီးမှာ "ဟယ်"ဟုဆိုကာ တွေတွေကလေး ငိုင်သွားခဲ့ရှာပါသည်။ ခဏကြာမှ "အဖေ့သူငယ်ချင်း ရဲဘော်တွေလည်း တဖြုတ်ဖြုတ်နဲ့ ကြွေကုန်ကြပါပြီကွာ၊ ဂျပန်ခေတ်တုန်းက ပျဉ်းထောင်တိုက်ပွဲမှာမသေလို့ ကျန်ခဲ့ကြပေမယ့် အနိစ္စတရားကိုတော့ ဘယ်လွန်ဆန်လို့ ရပါ့မလဲလေ။ အဖေတောင် မကြာခင် သေမင်းခေါ်တဲ့နောက်ကို လိုက်ရတော့မှာပဲ ဥစ္စာ၊ ဒါနဲ့ ဗိုလ်ကြီးအောင်ဝင်းတစ်ယောက်ကော ကျန်းကျန်းမာမာ ရှိသတဲ့လားကွဲ့"ဟု ပြောလာပါသည်။ ဗိုလ်ကြီးအောင်ဝင်းမှာ အငြိမ်းစားယူသွားသော မွေးမြူရေးနှင့် ရေလုပ်ငန်း ဒုတိယဝန်ကြီးဦးအောင်ဝင်း ဖြစ်ပါသည်။ သို့ဖြင့် သူ့ခေါင်းထဲတွင် အမှတ်ရလာသောသူငယ်ချင်း ရဲဘော်များအကြောင်းကို ဟိုမေး သည်မေးလုပ်နေပါတော့သည်။ စင်စစ် ကျွန်တော့်ဖခင်ကြီး၏ ဇာတိမှာ ရေစကြိုမြို့နယ်မှ နာမည်ကျော် သနပ်ခါးထွက်ရှိရာ ရှင်မတောင်အနီးရှိ တောင်ဦးရွာမှ ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်နယ်ချဲ့များကို တိုက်ထုတ်ရန်အတွက် ဘီအိုင်အေတပ်ထဲသို့ ဝင်

ရောက်ခဲ့ပြီးနောက် ပျဉ်းမနား၊ မိတ္ထီလာ၊ ဟဲဟိုး စသည့်နယ်များဘက်ဆီသို့ လှည့်လည်ကာ အင်္ဂလိပ်စစ်တပ်များနှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့ရရှာပါသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကြီးဖြစ်သောအခါ သာစည်မြို့မဲတောရွာတွင် တပ်စခန်းချနေသော ဗိုလ်မှူးကြီး သောင်းကြည်၏ တပ်ရင်းသို့ ရောက်ရှိသွားပြီး ပျဉ်းမနားရေတာရှည်မြို့များ တစ်ဝိုက်တွင် ရခိုင်ရိုးမဘက်မှ ဆင်းလာသော ဂျပန်တပ်များနှင့် ရင်ဆိုင် တိုက်ခိုက်ရပြန်သည်။ တော်လှန်ရေးကြီးပြီးဆုံးသွားသောအခါ တပ်မတော်မှအနားယူပြီး သူ့ဇာတိ အထက်အညာရှိ တောင်ဦးရွာသို့ မပြန်တော့ဘဲ မြို့လှမြို့တွင် အိမ်ထောင်ပြု၍ နေခဲ့ပါတော့သည်။ အဘယ်ကြောင့်ရယ် မသိ၊ ကျွန်တော့်ဖခင်ကြီးသည် ကျွန်တော်တို့ လူလားမြောက်လာသည့်အထိ သူ့ရွာသို့ လုံးဝပြန်မသွားတော့ပါ။

၁၉၇၀ ပြည့်နှစ် နွေရာသီကျောင်းပိတ်ချိန်က ဖြစ်ပါသည်။ ကျွန်တော်သည် ပညာရေးတက္ကသိုလ် ကျောင်းသားတစ်ဦးအနေဖြင့် အညာဒေသရှိ ကျောက်ဆည်မြို့နယ်ဘက်ဆီသို့ စာမတတ်သူ ပပျောက်ရေးလုပ်အားပေးပွဲသို့ လိုက်ပါသွားခဲ့ပါသည်။ အောက်ပြည်အောက်ရွာတွင် မွေးဖွားကြီးပြင်းခဲ့သော ကျွန်တော့်အဖို့ အညာမြေအကြောင်းကို စာအုပ်ထဲတွင်သာ ဖတ်ဖူးခဲ့ပါသည်။ ကျွန်တော်တို့ လုပ်အားပေးကျောင်းသားများ စီးလာသောရထားကြီးသည် ကျောက်ဆည်ဘူတာသို့ ည ၁၂ နာရီတွင် ဆိုက်ရောက်ခဲ့သည် ဖြစ်ရာ အိပ်ချင်မူးတူးဖြစ်နေသော ကျွန်တော်တို့သည် ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းပေါ်တွင် တစ်ညအိပ်ခဲ့ကြရပါသည်။

နောက်တစ်နေ့နံနက် ၆ နာရီခန့်တွင် ကျွန်တော်အိပ်ရာမှ နိုးလာခဲ့ပါသည်။ အိပ်ရာမှနိုးနိုးချင်းပင် ကျွန်တော်သည် တခြားကမ္ဘာသို့ ရောက်သွားသည့်အလား ခံစားလိုက်ရပါတော့သည်။ ကျွန်တော်မြင်တွေ့နေရသော မြင်ကွင်းမှာ တစ်ခါမှ မမြင်ဖူးသော မြင်ကွင်းမျိုး ဖြစ်နေပါသည်။ ကျွန်တော်တို့အောက်အရပ်မှာကဲ့သို့ သရက်ပင်၊ အုန်းပင် စသည့် စိမ်းစိမ်းစိုစိုအပင်ကြီး

များကို မတွေ့ရတော့ဘဲ ဝါလဲ့လဲ့ တမာပင်၊ ရိုးတံကျဲကျဲထနောင်းပင်၊ ပုပြတ်ပြတ် ရှားစောင်းပင်များကိုသာ တွေ့နေရပါတော့သည်။ သည်ကြားထဲ အညာနွေ၏လေပူတစ်ချက်က ဇော့လိုက်ပြန်သောအခါ သင်းပျံ့သောတမာနံ့တို့က ကျွန်တော့်နှာခေါင်းဝသို့ တိုးဇော့ ဝင်ရောက်လာကြပါတော့သည်။ ခပ်လှမ်းလှမ်းရှိ စိမ်းညို့ညို့ ထန်းတောတ၏ဟိုမှာဘက်ဆီမှာမူ ကျောက်ဆည်တောင်ကြီးအား ထီးထီးမားမား ရပ်တည်နေသည်ကို မြင်တွေ့လိုက်ရပေသည်။ အညာမြေ၏သဘာဝအလှသည် ကျွန်တော့်အား ညှို့ယူနေကြရုံမျှမက အ သုံးလုံးကာလတွင် အညာသူ၊ အညာသားတို့၏ ဖြူစင်သောနှလုံးသားတို့က ဖမ်းစားလာကြပါတော့သည်။

သို့နှင့် အ သုံးလုံးလုပ်ငန်း ခေတ္တရပ်နားချိန် သင်္ကြန်ကာလသို့ ရောက်လာသောအခါ ကျွန်တော်သည် အညာဒေသရှိ ဖခင်ကြီး၏ မွေးရပ်မြေတောင်ဦးရွာသို့ ရောက်ဖူးအောင် သွားကြည့်လိုစိတ်များ ပြင်းပြလာပါတော့သည်။ ကျောက်ဆည်မှ မုံရွာ၊ မုံရွာမှ မန္တလေးသို့ ကားဖြင့်လာခဲ့ပြီး ရေစကြိုသွား ကုန်တင်ကားကြီးဖြင့် လိုက်စီးသွားရာ လင်းကတောရွာတွင် ဆင်းရပါသည်။ လင်းကတောမှ နှစ်တိုင် (၄မိုင်)ခရီးကို တစ်ယောက်တည်း ခြေကျင်လျှောက်လာပြီးသည့်နောက်တွင် တောင်ဦးရွာသို့ ရောက်လာပါတော့သည်။ ရွာထိပ်ရှိ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် ကာလသားတစ်သိုက် ဝိုင်းဖွဲ့ကာ ဒိုးကစားနေသည်ကို တွေ့လိုက်ရပါသည်။ သို့နှင့် ဒိုးဝိုင်းဘေးတွင် ထိုင်ကြည့်နေသော ခေါင်းပေါင်း ပေါင်းထားသည့် ဦးကြီးတစ်ယောက်အား "ဦးကြီး၊ ဒီရွာမှာ ဟိုးလွန်ခဲ့တဲ့ ၂၅ နှစ်လောက်တုန်းက ဂျပန်စစ်တပ်ထဲကို လိုက်သွားတဲ့ ကိုကံမြဆိုတဲ့လူကို ကြားဖူးလားဟင်" ဟု မေးလိုက်ပါသည်။ ထိုအခါ ထိုဦးကြီးမှာ တအံ့တသြ ဖြစ်သွားပြီး ကျွန်တော့်ကို အကဲခတ်ကြည့်ရင်း "နေစမ်းပါဦးကွဲ့၊ မောင်ရင်က အဲဒီကိုကံမြကို ဘာလို့ မေးရတာလဲ"ဟု ပြန်မေးလာပါသည်။ ကျွန်တော်က "ကျွန်တော်ဟာ အဲဒီကိုကံမြ ရဲ့သားပါ ခင်ဗျား"ဟု ပြန်ဖြေလိုက်သောအခါ

ထိုဦးကြီးမှာ ဝမ်းသာအားရဖြစ်သွားပြီး ကျွန်တော့်အား ပွေ့ဖက်ကာ "အဲဒါ ဦးရဲ့ညီပဲကွဲ့။ ဦးနာမည်က ဦးကံစ၊ ဒီညီအစ်ကို နှစ်ယောက်ပဲ ရှိတာ။ ကြည့်စမ်း။ တိုက်တိုက်ဆိုင်ဆိုင်တွေ့မှ တွေ့တတ်ပလေ တူတော်မောင်ရယ်၊ ကဲ လာလာ၊ ရွာထဲက မင်းရဲ့ အမျိုးတွေဆီကို သွားတွေ့ရအောင်" ဟုဆိုကာ ရွာထဲသို့ ခေါ်သွားပါတော့သည်။ ရွာထဲသို့ရောက်သောအခါ တစ်ရွာလုံးမှ ဆွေမျိုးသားချင်းများသည် ကျွန်တော့်အား အထူးအဆန်း သတ္တဝါအလား ဝိုင်းအုံပြီး လာကြည့်ကြပါတော့သည်။ ထိုလူအုပ်ကြီးထဲမှ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးကြီးတစ်ယောက်သည် ကျွန်တော့်အား အကြာကြီး ငေးစိုက်ကြည့်ရင်း "အင်း၊ သူ့အဖေ ရွာကထွက်သွားတုန်းက ဒီအရွယ် ကလေးပဲ" ပြောနေသည်ကို တွေ့လိုက်ရပါသည်။ သို့နှင့် ကျွန်တော်သည် ဖခင်ကြီးရွာသို့ ပြန်မလာတော့သည်မှာ ဒီအမျိုးသမီးကြီးနှင့်များ ပတ်သက် နေမလားပဲဟု ကြံကြံဖန်ဖန်တွေးလိုက်မိပါသည်။ အဘယ့်ကြောင့် ပြန်မလာ တော့သည်ကို အဖေသာ အသိဆုံး ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် အတိတ်မှဖခင်ကြီး၏ ဇာတ်ကြောင်းကို ပြန်လည်တွေး တောရင်းမှ ကျွန်တော်ဖတ်ဖူးသော မြန်မာ့စောင်းဟူသည် ဂျပန်ဝတ္ထုထဲမှ မိဇူရှီးမားဟူသော စစ်သားကလေးတစ်ယောက်အကြောင်းကို ပြန်လည် သတိရလာပါတော့သည်။ မိဇူရှီးမားသည်လည်း ကျွန်တော့်ဖခင်ကဲ့သို့ပင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်တောင်းမြစ်ဝှမ်းသို့ ရောက်ရှိလာပြီး စစ်ကြီးပြီး သည့်အခါ မိမိ၏မွေးရပ်မြေဂျပန်ပြည်သို့ မပြန်နိုင်တော့ဘဲ စစ်တောင်း မြစ်ဝှမ်းတွင် ကျန်ရစ်ခဲ့ရှာပါသည်။

အိုမင်းမစွမ်းဟူသော စကားရှိပါသည်။ လူတစ်ဦးသည် အသက်အရွယ် ထောက်လာသည့်အခါ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးမှစပြီး အစစအရာ ရာတွင် ယခင်ကဲ့သို့ စွမ်းဆောင်နိုင်ခြင်း မရှိတော့ပါ။ ထိုအခါမျိုးတွင် ဘေးပတ်ဝန်းကျင်မှ လူများသည် ထိုသူ့အား အထင်သေးအမြင်သေး ဖြစ် လာတတ်ကြပါသည်။ ထိုသူ၏အတိတ်က ပြုခဲ့ဖူးသည့် ကျေးဇူးတရားများ

ကို မေ့သွားတတ်ကြပါသည်။ ကျွန်တော်သည် ဖခင်ကြီးပြောခဲ့ဖူးသည့် စစ်အတွင်း အတွေ့အကြုံများထဲမှ အောက်ပါစကားများကို ယခုအထိ မှတ်မိနေဆဲပင် ဖြစ်ပါသည်။

"စစ်ကြီးပြီးသွားတော့ အဖေ ဗိုလ်မှူးကြီးရဲထွတ်ရဲ့ တိုင်းမှူးရုံးက တစ်ဆင့် တပ်မတော်က အနားယူလိုက်တယ်။ အဲဒီတုန်းက အဖေ တပ်ကနေပြီး ရွာပြန်ဖို့ ဆိုပြီး လမ်းစရိတ်သုံးရာရယ်၊ ပုဆိုးတစ်ထည်ရယ်ပဲ ရခဲ့ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်အတွက် လိုအပ်တဲ့အချိန်မှာ တပ်မတော်ထဲ ဝင်ပြီး အမှုထမ်းခဲ့ရတဲ့အတွက် အဖေ ကျေနပ်ပါတယ်။ ၁၉၅၉ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာတော့ သမ္မတကြီး ဦးဝင်းမောင်က အဖေ့ကို မော်ကွန်းဝင် ဒုတိယအဆင့် ဆုတံဆိပ်နဲ့ ဂုဏ်ပြုလွှာကို ပေးအပ်ခဲ့ပါသေးတယ်။ အင်း အခုဆို အဖေတို့လို မော်ကွန်းဝင်ရဲဘော်ကြီးတွေလည်း တဖြည်းဖြည်း ရှားကုန်ပါပြီကွာ"

သို့ဖြင့် ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကိုယ်ကျိုးမဖက်ဘဲ တိုက်ပွဲဆင်ခဲ့ကြကုန်သော မော်ကွန်းဝင်ရဲဘော်ကြီးများနှင့် မော်ကွန်းမဝင်ခဲ့ရရှာသော အညတြရဲဘော်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ မြန်မာဂျပန် ချစ်ကြည်မှု ပိုမို တိုးတက်စေရေးအတွက်လည်းကောင်း ဘိရုမာနို့ထာတဲကိုတိုဟုသော "မြန်မာ့စောင်း" ဝတ္ထုကို ဂျပန်ဘာသာမှ မြန်မာဘာသာသို့ ကြိုးစားကာ ဘာသာပြန်ဆိုလိုက်ရပါသည်။

ရဲမြလွင်
၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၈ ရက်

# သီချင်းဆိုသော စစ်သားများ

အာရှတိုက် ပင်မကုန်းမြေကြီးနှင့် တောင်ဘက်ကျွန်းများဆီမှ အမိနိုင်ငံသို့ ပြန်ခဲ့ကြသော စစ်သားများကို အတော်များများများ မြင်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။ သူတို့အားလုံးမှာ ပင်ပန်းနွမ်းနယ်လာကြပြီး ပိန်လှီကာ မကျန်းမမာ ဖြစ်လာကြသည်ကို သနားစဖွယ် မြင်တွေ့ကြရပေသည်။ ထိုသူများ အထဲတွင် ရောဂါစွဲကပ်လာသဖြင့် တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်ကာ ထမ်းစင်ဖြင့် သယ်ယူလာခဲ့ရသော စစ်သားများလည်း ပါလာတတ်သည်။

ဤသို့သော စစ်သားများအကြားတွင် အံ့ဩဖွယ်ကောင်းလောက်အောင် ကျန်းမာရွှင်လန်းစွာ ပြန်လာခဲ့သော တပ်စုတစ်စုကို တွေ့လိုက်ရပါသည်။ သူတို့သီဆိုလာကြသော တေးသွားများမှာလည်း ခက်ခဲနက်နဲလှသည့်အပြင် နှစ်ကျော့ပြန်၊ သုံးကျော့ပြန် ကျွမ်းကျင်စွာသီဆိုရသော တေးသွားများ ဖြစ်နေပြန်သည်။ ယိုကိုဇူကာဆိပ်ကမ်းသို့အတက်တွင် သူတို့အား သွားရောက်ကြိုဆိုကြသူများပင် တအံ့တဩ ဖြစ်ကြရသည်။ ထို့ကြောင့် အများက ဝိုင်းမေးကြသည်။

"မောင်ရင်တို့ အခုလို သီချင်းတကြော်ကြော်နဲ့ ပျော်မြူးလာခဲ့ကြတာ ဘာတွေများ စားခဲ့၊ သောက်ခဲ့ကြရလို့လဲကွယ့်"

အထူးအထွေ စားကောင်းသောက်ဖွယ်များ စားခဲ့ကြရသည် မဟုတ်သော်လည်း ဤတပ်စုကလေးသည် မြန်မာပြည်စစ်မြေပြင်တွင် နေထိုင်ခဲ့စဉ် အတောအတွင်း နေ့စဉ်နေ့တိုင်းဆိုသလို သီချင်းဆို လေ့ကျင့်လာခဲ့ကြရ

သည်။ တပ်စိတ်မှူးဗိုလ်ကြီးမှာ ဂီတသုခမကျောင်းမှ အောင်ခါစ လူငယ်တစ်ဦး ဖြစ်သည်နှင့်အညီ သူ၏တပ်သားများအား သီချင်းဆိုလေ့ကျင့်မှုကို စိတ်အားထက်သန်စွာ ပြုလုပ်ပေးခဲ့သည်။ သို့ဖြင့် ဤတပ်စုကလေးသည် သီချင်း၏ကျေးဇူးကြောင့် မောပန်းနွမ်းနယ်သည့်အချိန်တွင် အားသစ်များ ပြန်လည်ဖြစ်ထွန်းလာကြသည်။ ပျင်းရိငြီးငွေ့မှု အလျင်းမရှိဘဲ တစ်ဦးကို တစ်ဦး ချစ်ချစ်ခင်ခင် နေလာခဲ့ကြသည်။ စစ်စည်းကမ်းများကိုလည်း တစ်သဝေမတိမ်း လိုက်နာနိုင်ခဲ့ကြသည်။ ရှည်လျားလှသော စစ်ပွဲကာလအတွင်း ဤအဖိုးတန်လှသောအတွေ့အကြုံက သူတို့တစ်တွေအား မည်သည့်အတိုင်းအတာအထိ ကယ်တင်ခဲ့ကြောင်း ကောင်းကောင်းကြီး သဘောပေါက်လာခဲ့ကြသည်။ ဤတပ်စိတ်မှ စစ်သားများ ကျန်းမာရွှင်လန်းစွာ အမိမြေကို ပြန်လာနိုင်ခဲ့သော အကြောင်းရင်းမှာ အလွန် စိတ်ဝင်စားဖို့ကောင်းလှပေသည်။ ထိုတပ်စုထဲမှ တပ်သားတစ်ယောက်က အောက်ပါအတိုင်း စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပေသည်။

"ကျွန်တော်တို့ တကယ့်ကို သီချင်းတွေ အများကြီး ဆိုခဲ့ကြတယ်။ ပျော်တဲ့အခါမှာလည်း ဆိုကြသလို အခက်အခဲတွေနဲ့ ကြုံတွေ့ပြီး စိတ်ညစ်တဲ့အခါမှာလည်း ကျွန်တော်တို့က သီချင်းကိုပဲ အားထားသီဆိုနေခဲ့ကြတယ်။ ဘယ်ကွေ့မှာ တိုက်ပွဲနဲ့ကြုံပြီး ဘယ်အချိန်မှာ သေကြရမှန်းမသိကြပေမယ့် အသက်ရှင်နေတုန်းကာလအတွင်းမှာတော့ ကျွန်တော်တို့ ရင်ထဲမှာ အပြည့်ရှိတဲ့ သီချင်းတွေကို အားရပါးရ ဆိုသွားချင်တဲ့ ဆန္ဒကြောင့်လား မပြောတတ်ဘူး။ ကျွန်တော်တို့ တပ်သားအားလုံး ရင်ထဲ၊ အသည်းထဲက လှိုက်လှိုက်လှဲလှဲပဲ သီချင်းဆို လေ့ကျင့်ခဲ့ကြတယ်။ အဲ ဆိုတာတောင်မှ သာမန်ကာလျှံကာ သီချင်မျိုးမဟုတ်ဘဲ နက်နက်နဲနဲရှိလှတဲ့ သီချင်းတွေကိုမှ ရွေးဆိုလေ့ကျင့်ခဲ့ကြတာ။ အပေါစားသီချင်းတွေကိုတော့ ဘယ်သူမှ ယောင်လို့တောင် ပါးစပ်ဖျားက မထွက်ခဲ့ကြဘူး။ လူနေချုံကြား၊ စိတ်နေဘုံဖျားဆိုတာလို ကျွန်တော်

တို့တစ်တွေဟာ သူလိုကိုယ်လို တောင်သူလယ်သမား၊ အလုပ်သမား မျိုးနွယ်တွေ ဖြစ်ပေမယ့်ဆိုတဲ့သီချင်းတွေကျတော့ တကယ့်ကို အဆင့်အတန်း မြင့်ပေ့၊ ခက်ပေ့ ဆိုတဲ့ သီချင်းတွေပါပဲဗျာ။

"အင်း အခုပြန်စဉ်းစားကြည့်လိုက်တဲ့အခါ ရေကန်ကြီးတစ်ကန်ရဲ့ ဘေးမှာ ကျွန်တော်တို့တစ်တွေ ဝိုင်းပြီး တပျော်တပါး သံပြိုင်သီချင်းဆိုခဲ့ကြ တာတွေကို မျက်စိထဲမှာ မြင်ယောင်လာတယ်။

ကျွန်တော်တို့အားလုံး ပိန်းနေအောင် ထူထပ်လှတဲ့ တောကြီးတွေနဲ့ နက်ရှိုင်းတဲ့ လျှိုမြောင်ကြီးတွေကို ဖြတ်သန်းရင်း စစ်ချီခဲ့ကြရတယ်။ တစ်ချိန် မှာတော့ ကျွန်တော်တို့ရဲ့ ရှေ့မှာ ရေကန်ကြီးတစ်ကန်ကို ဘွားခနဲ မြင်လိုက် ရပြီး ရေကန်ကြီးရဲ့ တစ်ဖက်ကမ်းအနီးမှာ ရှိတဲ့ မြို့ကလေးတစ်မြို့ဆီက မီးရောင်တွေဟာ ကန်ရေပြင်ပေါ်မှာ ပိုးစုန်းကြူးကလေးတွေလိုပဲ တန်းစီပြီး လင်းလက်နေကြတာကို တွေ့လိုက်ကြရတယ်။

အဲဒီမြို့က ရှေးအခါတုန်းက မြန်မာဘုရင်တွေရဲ့ နွေရာသီနန်းတော် ရှိခဲ့ဖူးတဲ့ မြို့ပဲ။ ဝန်းဝိုင်းနေတဲ့ ရေကန်ကြီးရဲ့ ကမ်းဘေးတစ်လျှောက်မှာ နံရံဖြူဖြူနဲ့ ချစ်စရာအိမ်ကလေးတွေ တန်းစီနေကြပြီး ရေကန်ထဲကို အရိပ် တစ်ဝက် ထိုးကျနေကြတယ်။ အိမ်တွေရဲ့ ထူးခြားလှပတဲ့ ခေါင်းမိုးဝိုင်းဝိုင်း လေးတွေ၊ ဘုရားကျောင်းကန်တွေရဲ့ စုလစ်မွမ်းချွန်တွေ၊ စေတီပုထိုးတွေဟာ မိုးထက်ယံဆီကို အပြိုင်းအရိုင်း ထိုးထွက်နေကြတယ်။

ဒီမြို့ကလေးရဲ့အထက်များ ရှိတဲ့ ကောင်းကင်ကြီးကလည်း အပူပိုင်း ဒေသမို့လားမပြောတတ်ဘူး၊ အတော့်ကို လှတာပါပဲဗျာ၊ ခင်ဗျား"ကြောင်" ဆိုတဲ့ ကျောက်မျက်ရတနာတစ်မျိုးကို သိတယ်မဟုတ်လား၊ အဲဒီကောင်းကင် ကြီးရဲ့အရောင်ဟာ ကြောင်လိုပဲ ဖြူဖွေးကြည်လင်နေပြီး အဲဒီအထဲမှာမှ အရောင်အမျိုးမျိုးက တဖိတ်ဖိတ် လင်းလက်နေကြတယ်။ ဒီလောက်တောင်

လှတဲ့ ကောင်းကင်ကြီးထဲမှာမှ စကျင်ကျောက်လို ဖြူဖွေးနေတဲ့ စေတီပုထိုးတော်တွေက သူ့ထက်ငါ အပြိုင်အဆိုင် တည်ထားလိုက်ပြန်သေးတော့ ကျွန်တော်တို့ဖြင့် အိပ်မက်များ မက်နေသလားလို့ အောက်မေ့ရတယ်။

ကျွန်တော်တို့ဟာ ၃–ရက်လောက် ဒီမြို့ကလေးမှာ စခန်းချပြီး နေ့တိုင်း သီချင်းတွေ သံပြိုင်ဆိုခဲ့ကြတယ်။ ကျွန်တော်တို့ဆိုတဲ့ သီချင်းတွေထဲမှာ "ဟရူကိုရိုးနော့ (နွေဦးချယ်ရီ)" နန့်ဟနဘတာကဲ (မုန်ညင်းခင်း)" စတဲ့ ရှေးတုန်းက ခေတ်စားခဲ့တဲ့သီချင်းတွေကစပြီး ဂုဏ်တော်ဖွဲ့သီချင်းတွေလည်း ပါတယ်။ တစ်ခါတစ်ခါတော့လည်း ပါရီမြို့ တံစက်မြိတ်အောက်ဝယ် စတဲ့ ပြင်သစ်၊ ဂျာမန်၊ အီတလီ စတဲ့ အနောက်တိုင်းတေးတွေကိုပါ ဆိုဖြစ်ခဲ့ကြတယ်။

အဲဒီရေကန်ကြီးဘေးမှာ ခံတပ်စိတ်မှူးဗိုလ်ကြီးဟာ သူ့ရဲ့လက်ကိုင်တုတ်ကလေးကို ပျော်ပျော်ပါးပါး ဝှေ့ယမ်းရင်း သင်ကြားခဲ့သလို ကျွန်တော်တို့တစ်တွေကလည်း ရင်ထဲ၊ အသည်းထဲကနေ အသံကို အစွမ်းကုန်ထုတ်ကာ ကိုယ့်သီချင်းသံကို ကိုယ်ပြန်ကြားရတဲ့အထိ ပန်းချီကားတစ်ချပ်လို လှပနေတဲ့ ရေကန်ကြီးကို မျက်နှာပြုပြီး အစွမ်းကုန် ဟစ်ကြွေးသီဆိုခဲ့ကြတယ်။

အဲဒီနောက် ကျွန်တော်တို့ တပ်စိတ်ကလေးရဲ့ အသည်းစွဲသီချင်း ဖြစ်တဲ့ "ဟညုနိုယဒို" သီချင်းကို သုံးလေးကြိမ်ကျော့ပြီး လေ့ကျင့်သီဆို ဖြစ်ခဲ့ကြတယ်။ "ဟညုနိုယဒို"သီချင်းဟာ မွေးရပ်မြေကို အောက်မေ့တဲ့ တေးသွားမို့လား မပြောတတ်ဘူး၊ ဘယ်အချိန်ကြားရကြားရ အသည်းထဲကို စိမ့်ဝင်သွားမတတ် ခံစားရတဲ့သီချင်းပါပဲဗျာ။ ကျွန်တော်တို့ဟာ အဲသည်လိုသီချင်းတွေ တကြော်ကြော်ဟစ်ကြွေးရင်းက ကိုယ့်တိုင်းပြည်မှာ ကျန်ရစ်ခဲ့တဲ့ အိမ်သူအိမ်သားတွေကို အခု ကျွန်တော်တို့ မြင်တွေ့နေရတဲ့ သာယာလှပတဲ့ရှုခင်း

တွေကို ခေါ်ပြီး ပြလိုက်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ပြီးတော့ ကျွန်တော်တို့ သီဆိုနေတဲ့သီချင်းတွေကို လာပြီး နားထောင်စေချင်တဲ့စိတ်တွေလည်း ပေါ် လာခဲ့တယ်။ သီချင်းလည်း ဆုံးရော တပ်စုမှူးက ဆိုလာတယ်။

"ကောင်းပြီ၊ ဒီနေ့တော့ ဒီလောက်ပဲ တော်ကြစို့။ မနက်ဖြန် အခုလို အချိန်မှာ နောက်ထပ်သီချင်းအသစ်တစ်ပုဒ် ထပ်ပြီးလေ့ကျင့်ရမယ် ဟုတ်ပြီ လား။ ကဲ တန်းဖြုတ်"

အဲဒီနောက် တပ်စုမှူးဟာ တပ်သားတစ်ယောက်ကို လှမ်းခေါ်လိုက် တယ်။

"ဟေ့ မီဇူရှီးမား၊ လိုက်ပြီး တီးနိုင်ရဲ့လားကွ"

မီဇူရှီးမားဆိုတာက ကျွန်တော်တို့တပ်ကလေးထဲက တပ်ကြပ် တစ်ယောက် ကို ပြောတာပါ။ အရပ်မနိမ့်မမြင့် ပိန်ပိန်ပါးပါးနဲ့ နဂိုကတည်း က ညိုနေတဲ့အသားကို အမြဲဆိုသလို နေလောင်ခံနေရတော့ ပိုပြီး မည်း နေတယ်။ ဒါပေမဲ့ သူ့ရဲ့ ဝန်းဝိုင်းပြူးကျယ်လှတဲ့ မျက်လုံးကြီးတွေကတော့ ကြည်လင်တောက်ပနေကြတယ်။

အဲဒီလူက တပ်ထဲကိုရောက်မှ ဂီတကို စလေ့လာဖူးတာ ဖြစ်ပေမယ့် သူ့မှာ အထုံပါရမီရှိလို့လား မပြောတတ်ဘူး၊ ကြည့်ရင်း ကြည့်ရင်း တစ်နေ့ တခြား အံ့သြလောက်အောင် တိုးတက်လာတယ်။ သူ့ရဲ့လုံ့လ ဝီရိယကြောင့် လည်း ဖြစ်နိုင်တယ်။ သူက ဂီတပညာနဲ့ သီချင်းက လွဲလို့ ဘာကိုမှ စိတ်မဝင်စားဘူး။ အိပ်လည်း ဂီတ၊ စားလည်း ဂီတ၊ နိုးလည်း ဂီတဆိုတဲ့ လူစားမျိုးပဲ။ ပြီးတော့ ဒီလူက တူရိယာပစ္စည်းကို သူကိုယ်တိုင် တီထွင်ပြီး လုပ်တယ်။ အဲဒီပစ္စည်းနဲ့ ကျွန်တော်တို့ဆိုတဲ့ တေးသွားတွေကို မီအောင် လိုက်တီးတယ်။ အတော်လက်ရာ မြောက်တဲ့ လူပါပဲဗျာ။ ခဏလည်းကြာ ရော သီချင်းအမျိုးမျိုးကို လိုက်တီးနိုင်တော့တာပါပဲ။

ခင်ဗျားက မေးချင်မေးနိုင်တယ်။ ဒီလောက်ခေါင်တဲ့နေရာမျိုးမှာ ဘယ်လိုလုပ်ပြီး တူရိယာပစ္စည်းကို တီထွင်တာလဲလို့ပေါ့၊ ဘယ်လိုလုပ်ပြီး ဒီပစ္စည်းတွေ တီထွင်ဖို့ ကုန်ကြမ်းတွေ ရနိုင်မှာလဲလို့ မေးစရာဖြစ်နေမှာပေါ့။ ကုန်ကြမ်းပစ္စည်းတွေကတော့ ပေါမှ ပေါဆိုတာလိုပါပဲဗျာ။ တကယ့်ကို ထူးခြားတဲ့ ပစ္စည်းတွေကို အများကြီး ရှာလို့ ရကြတယ်။

တကယ်လို့များ ကျွန်တော်တို့တပ်သားတွေ အသုံးပြုခဲ့တဲ့ တူရိယာပစ္စည်းတွေကို စုကြည့်လိုက်မယ်ဆိုရင် ပြတိုက်တစ်တိုက်စာလောက်တောင် ရှိလိမ့်မယ်။ ကျွန်တော်တို့ စစ်သားတွေဟာ ဘယ်ကိုပဲသွားသွား တစ်နေရာရာမှာ တစ်ထောက်နားမိတယ်ဆိုရင် တူရိယာပစ္စည်းတစ်မျိုးမျိုးကိုတော့ လုပ်လိုက်ကြတာပဲ။ ကျွန်တော်တို့အထဲမှာက တူရိယာပစ္စည်းနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ လူတွေ ပါလာတာမို့ ဘာမဟုတ်တဲ့ ပစ္စည်းကလေးတွေနဲ့ပဲ အလွန်ပြောင်မြောက်တဲ့ဂီတတူရိယာတွေကို ဖန်တီးနိုင်ခဲ့ကြတယ်။ လေမှုတ်တူရိယာတွေဆိုရင်လည်း ကျူရိုးတွေ၊ ဝါးဆစ်တွေကိုဖြတ်၊ အပေါက်ဖောက်ပြီး ဖန်တီးယူကြတယ်။ ပျက်ဆီးသွားတဲ့ စက်ကိရိယာအပိုင်းအစတွေကို ဝါးပြွန်တွေမှာ တပ်ပြီး ထရမ်းပက်အထိ ရအောင် လုပ်တတ်ကြတယ်။ တီးခတ်ဖို့ ဗုံအမျိုးမျိုးကျတော့လည်း သစ်သားပေါင်မှာ ခွေးနဲ့ ကြောင်တွေရဲ့သားရေတွေနဲ့ လုပ်ကြတယ်။ တချို့ကျတော့လည်း သံစည်ပိုင်းတွေမှာ တိရစ္ဆာန်တစ်မျိုးမျိုးရဲ့ သားရေနဲ့ ထပ်ပြီး ဒရမ်လို့ခေါ်တဲ့ ဗုံကြီးတွေဖြစ်အောင် လုပ်ကြတယ်။ အဲဒီတိရစ္ဆာန်တစ်မျိုးမျိုးရဲ့ သားရေဆိုတာက ကျားရဲ့သားရေကို ပြောတာ။ ခင်ဗျားတော့ ယုံမှယုံပါ့မလား မပြောတတ်ဘူး။ ဗုံသံက တုန်ခါနှုန်းက အတော်ပြင်းပြီး နားထောင်လို့ အတော် ကောင်းတယ်ဗျို့။ ကျွန်တော်တို့တပ်မှာ ဟောဒီဘင်ကြီးအတွက် ဂုဏ်ယူလို့ မဆုံးဘူး။

ကျွန်တော်တို့ တပ်စု တစ်ခုစီ တစ်ခုစီမှာတော့ ဘယ်လိုဖန်တီးခဲ့ကြတယ် ဆိုတာမသိနိုင်ပေမယ့် တယောဖြစ်ဖြစ်၊ ဂီတာဖြစ်ဖြစ် တစ်ခုစီတော့ ရှိနေကြ တာပဲ။

ကျွန်တော်တို့တပ်စုထဲမှာ အတော်အသုံးများပြီး ရေပန်းအစားဆုံး ကတော့ စောင်းတစ်မျိုးပဲဗျ။ ဒါကမြန်မာလူမျိုးတွေ တီးခတ်လေ့ရှိတဲ့ စောင်း ကို အတုခိုးပြီး လုပ်ခဲ့တာ။ အဲဒီတိုင်းပြည်မှာရှိတဲ့ ဝါးပိုးဝါး ခပ်တုပ်တုပ်ကို ဖြတ်ပြီး အသံအိုးအဖြစ် လုပ်တယ်။ စောင်းရဲ့ရိုးတံကိုတော့ ဝါးတစ်မျိုးကို ကွေးအောင်လုပ်ပြီး အဖျားမှာ တပ်ထားတယ်။ အဲဒီအရိုးပေါ်မှာမှ ကြေးနန်းကြိုး၊ သံမဏိနန်းကြိုးနှင့် ဒန်နန်းကြိုးတွေကို တင်းအောင်ဆွဲပြီး ချည်ထားရတယ်။ အသံနိမ့်တဲ့ကြိုးအဖြစ်တော့ သားရေကြိုးတွေကိုပဲ သုံးကြရတယ်။ ဒီလိုနဲ့ အမျိုးမျိုးကြံဖန်ပြီး ပင်ပင်ပန်းပန်း တပ်ဆင်ပြီးတဲ့အခါမှာတော့ အလွန်ချိုလွင်တဲ့ အသံမျိုးစုံထွက်တဲ့ စောင်းတစ်ခုကို ရရှိတော့တာပါပဲ။

ဒီစောင်းရဲ့ပိုင်ရှင်ကတော့ တပ်ကြပ်မီဇူရှီးမားပဲပေါ့။ သူက နည်းအမျိုးမျိုးကို သုံးပြီး တေးသွားအမျိုးမျိုးထွက်အောင် တီးခတ်နိုင်တယ်။ အဲဒီ စောင်းကို တီးခတ်လိုက်တဲ့အခါ ကျွန်တော်တို့ ဂျပန်ပြည်က ဗီဝလို့ခေါ်တဲ့ ဗျပ်စောင်းနဲ့ စန္ဒရားတို့ရဲ့အကြားမှာရှိတဲ့ ချိုသာတဲ့ အသံကလေးတွေ ထွက်လာပြီး လေထဲမှာ မျောပါသွားတော့တယ်။ ဒါပေမဲ့ နေလောင်ထားတဲ့မျက်နှာကြီးနဲ့ စစ်ဦးထုပ်ကို ဆောင်းထားတဲ့ စစ်သားလူကြမ်းကြီး တစ်ယောက်က ခုလို နူးညံ့သွယ်ပျောင်းတဲ့ စောင်းတူရိယာကို ပိုက်ကာ စိတ်ပါလက်ပါ တီးခတ်နေလေတော့ စပြီး မြင်တွေ့ ရတဲ့သူတွေအဖို့တော့ အတော့ကို အံ့ဩစရာ ကောင်းပြီး ရင်ထဲမှာ မအောင့်နိုင်ပဲ ရယ်သွားကြတာပေါ့။

တပ်စိတ်မှူးရဲ့အမိန့်အရ တပ်ကြပ်မီဇူရှီးမားဟာ "ဟညနိုယဒို" သီချင်းကို လိုက်ပြီး တီးခတ်တယ်။ လိုက်ပြီး တီးခတ်တယ်ဆိုတာထက် သူ့ဘာသာ လွတ်လွတ်လပ်လပ်ကြီး လက်စွမ်းပြနေတာနဲ့ ပိုတူတယ်။ အတော့ကို စိတ်ဝင်စားဖို့ ကောင်းတာပဲဗျာ။ ကျန်တဲ့ တပ်သားအားလုံးက သူ့ရဲ့ဘေးမှာ ဝိုင်းထိုင်ပြီး လက်ပိုက်ကာ မျက်လုံးတွေမှိတ်ပြီးတော့ ငြိမ်နားထောင်နေကြ

တယ်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ရန့်ထုံသင်းတဲ့ လေပြည်လေညင်းကလေးက ညင်ညင်သာသာ တိုက်ခတ်နေတယ်။ မီဇူရီးမား တီးခတ်တဲ့ စောင်းသံဟာ ကန်ရေပြင်ကြီးကို ဖြတ်သန်းပြီး အဝေးမှာရှိတဲ့ တစ်ဖက်ကမ်းက တောတန်းကို ရိုက်ခတ်ရာက ပဲ့တင်ထပ်ပြီး ဒီဘက်ကို ပြန်လာကြတယ်။ အဲဒီတောတန်းမှာက ကျွန်းပင်ကြီးတွေ တန်းစီပေါက်နေကြတယ်။ ကျွန်းပင်ကြီးတွေပေါ်မှာ မျောက်တွေ ဟိုပင်သည်ပင် ကူးနေကြတာကိုလည်း မြင်နေကြရတယ်။ သစ်ပင်သစ်ကိုင်းပေါ်က ငှက်ကလေးတွေ သံစုံကျူးရင့်နေတာကိုလည်း ကြားနေရတယ်။

အဲဒီအချိန်မှာပဲ ဘယ်ဆီက ပျံလာတယ် မသိဘူး။ ရတ်တရက်ဆိုသလို စစ်သားတွေရဲ့ရှေ့ကို ဒေါင်းတစ်ကောင် ပျံဆင်းလာတယ်။ ပြီးတော့ ရှေ့ကို လေးငါးဆယ်လှမ်းလျှောက်ပြီး ဗလပ် ဗလပ်နဲ့ တောင်ပံခတ်ကာ အဝေးကို ပျံတက်သွားပြန်တယ်။ ကန်ရေပြင်ပေါ်မှာတော့ အဲဒီဒေါင်းငှက်ကလေးရဲ့အရိပ်ကို အတိုင်းသား မြင်နေကြရတယ်။

အတော့်ကို ကြည်နူးဖို့ကောင်းတဲ့ အတွေ့အကြုံပါပဲဗျာ။

(၂)

ဒါပေမဲ့ စစ်အခြေအနေက တစ်စထက်တစ်စ ဆိုးဝါးလာတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ကျလာခဲ့ရတော့တယ်။ ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေဟာ တစ်ခါမှ မရောက်ဖူးတဲ့ သူတစ်ပါးရဲ့ တိုင်းပြည်မှာ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ တစ်ပြေးတည်း ပြေးနေခဲ့ရတော့တယ်။ ကျွန်တော်တို့စိတ်ထဲမှာက နယ်စပ်မှာရှိတဲ့ရိုးမတောင်တန်းကြီးကို ကျော်လွှားပြီး ရင်တော့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ ယိုးဒယားပြည်ကို ရောက်လိမ့်မယ်လို့ မျှော်လင့်ထားကြတယ်။ တစ်ခါတစ်လေ ကျွန်တော်တို့ဟာ အလွန်ကျဉ်းမြောင်းလှတဲ့ တောင်ကြားလမ်းကလေးကို ရွေးချယ်ပြီး အချိန်အတော်ကြာအောင်

ခက်ခက်ခဲခဲ တက်နေရသလို တစ်ခါတစ်ခါကျတော့လည်း အလွန်နက်ရှိုင်းတဲ့ ချောက်ကမ်းပါးနှစ်ဖက်ကို ဆက်သွယ်ထားတဲ့ ကြိုးတံတားပေါ်ကို ရင်တထိတ်ထိတ်နဲ့ ဖြတ်ကူးကြရတယ်။ ကျွန်တော်တို့ရဲ့ ထရပ်ကားတွေက လည်း တစ်စီးပြီးတစ်စီး ပျက်ကုန်ကြတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ တစ်တွေဟာ ဝန်ထုပ်ဝန်ပိုးတွေကို နွားလှည်းနဲ့တင်တဲ့အခါတင်ပြီး ကိုယ်တိုင်ထမ်းတဲ့အခါ ထမ်းရတယ်။ ဒီလိုနဲ့ တစ်ရွာဝင် တစ်ရွာထွက် အစားအစာတွေကို တောင်းရမ်းစားသောက်ရင်း ခရီးဆက်ခဲ့ကြတယ်။ ဘယ်လောက်အဖြစ်ဆိုးတဲ့ဘဝလည်းဗျာ။ ပြီးတော့ အန္တရာယ်ကလည်း သိပ်ကြီးတယ်။

သိပ်ကြောက်စရာကောင်းတဲ့ အတွေ့အကြုံတွေကိုလည်း တစ်ပုံကြီး တွေ့ခဲ့ရတယ်။ ဒီတစ်ခါတော့ သွားပါပြီဆိုတဲ့ အခြေအနေမျိုးတွေကိုလည်း ကြုံခဲ့ရတယ်။ အဲဒီအခြေအနေမျိုးတွေ ကြုံကြိုက်တဲ့အခါ တပ်ကြပ် မီဇူရှီးမားရဲ့ စောင်းက အတော့်ကို အံ့သြလောက်အောင် အသုံးကျတယ်ဗျို့။

တစ်ညမှာပေါ့ဗျာ။ အလွန်တောထူတဲ့ တောင်ကုန်းတစ်ခုပေါ်မှာ ကျွန်တော်တို့ဟာ ရုတ်တရက် ရန်သူရဲ့ အဝိုင်းခံလိုက်ကြရတယ်။ ရန်သူတွေက တစ်စ တစ်စ ကျွန်တော်တို့အနီးကို ကပ်လာကြပြီး နောက်ဆုံးမှာတော့ လှိုဏ်ကလေး တစ်ခုအတွင်းမှာ ကျွန်တော်တို့အားလုံး ချောင်ပိတ်မိသွားကြတော့တယ်။ တစ်ခါ တစ်ခါ သစ်ပင်တွေကြားက ကြယ်ရောင်လောက်ကိုသာ မြင်ရပြီး ဘယ်သွားလို့ ဘယ်လာရမှန်း မသိအောင် လမ်းပျောက်ခဲ့ကြရတယ်။ ဘယ်ကိုမှ ပြေးမထွက်နိုင်အောင် အဝိုင်းခံလိုက်ရတော့တယ်။

ရန်သူတွေက ဘယ်ညာတစ်ဖက်တစ်ချက်မှာရှိတဲ့ တောင်စောင်းတွေပေါ်ကနေ တစ်ဖက်နဲ့တစ်ဖက် လက်နိုပ်ဓာတ်မီးတွေနဲ့ အချက်ပြရင်း ကျွန်တော်တို့ကို လိုက်ရှာကြတယ်။ ကျွန်တော်တို့ရဲ့ခေါင်းပေါ်မှာ မီးကျည်မီးပန်းတွေကို ဖွားခနဲဝင်းခနဲ မြင်နေရတယ်။ တစ်ခါတလေကျတော့လည်း လေထဲမှာ ပိုးစတစ်စကို လက်နဲ့ဆွဲဖြဲလို့ ထွက်တဲ့အသံမျိုးနဲ့ ကျွဲခနဲ ကျည်ဆန်တွေက မိုးပေါ်ကို ပျံတက်သွားကြတယ်။ သူတို့ရဲ့နောက်မှာတော့ အလင်း

ရောင် အမြီးတန်းရှည်ကြီး ကျန်ရစ်ခဲ့တယ်။ ဒါနဲ့ပြီးရောလို့ အောက်မေ့ခါမှ မိုးပြိုကျသလို ဝုန်းခနဲ ပေါက်ကွဲပြီး မီးကျည်မီးပန်းတွေ ဖြာထွက်လာလိုက်တာ ကျွန်တော်တို့ ပုန်းအောင်းနေတဲ့ လှိုဏ်ကလေးတစ်ခုလုံးကို ဖွေးခနဲမြင်လိုက်ရတယ်။

ဒီတစ်ခါတော့ အားလုံးကိုယ်ကျိုးနည်းပါပြီလို့ အောက်မေ့ပြီး ကျွန်တော်တို့ဟာ ဘာမှမကြံတတ်တော့ဘဲ သစ်ပင်ရိပ်အောက်မှာ ခြေကုန်လက်ပန်းကျပြီး ထိုင်လိုက်ကြတော့တယ်။ ကျွန်တော်တို့အားလုံး သေဖို့အဆင်သင့် ပြင်ထားလိုက်ကြတယ်။ ကျောကလေးတွေပုအောင် ကွေးပြီး အမှောင်ထုအတွင်းကို အကြောင်သား ငေးစိုက်ကြည့်နေမိကြတယ်။ ရင်ထဲက တဒိတ်ဒိတ်ခုန်သံတွေကလည်း လည်မျိုအထိ လာဆောင့်နေကြတယ်။

တောင်ပေါ်မှာက လက်နိုပ်ဓာတ်မီးတွေဟာ အရင်ကထက်ပိုပြီး လှုပ်ရှားလာကြတယ်။ အဲဒီလိုမှင်တက်ပြီး ထိုင်နေကြတဲ့အချိန်မှာ ကျွန်တော်တို့ တပ်စိတ်ထဲက တပ်သားတစ်ယောက်ဟာ ပါးစပ်က တုတ်ပွတုတ်ပွနဲ့ ဘုရားရှိခိုးစာတွေ ရွတ်နေသံကို ကြားလာရတယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဗုဒ္ဓံ သရဏံ--"

ဒီအချိန်မှာ တစ်ယောက်ယောက်က "ရှီး"လို့နှုတ်နဲ့ လှမ်းပြီး ဟန့်တားလိုက်တဲ့အသံကိုလည်း ကြားလိုက်ရပြန်တယ်။ အခုတစ်ခါလှမ်းတားလိုက်တဲ့လူကတော့ တပ်ကြပ်မီဇူရှီးမားပဲ။ ပြီးတော့ သူက ဆက်ပြောတယ်။ ငြိမ်ငြိမ်နေကြစမ်းပါဗျာ။ ရန်သူ့စပိုင်က ဘယ်အချိန်မှာ ဘယ်နေရာကို ရောက်နေမှန်း မသိဘူး။"

အားလုံးပြန်ပြီး ငြိမ်ကျသွားတယ်။ တစ်ဆက်တည်းမှာပဲ ခပ်ဝေးဝေးက ဗုံးပေါက်ကွဲသံတွေနဲ့အတူ ရုတ်တရက်မျက်စိကွယ်လုခမန်း လင်းလက်လာတဲ့ မီးကျည်ဗုံးတွေက ကျွန်တော်တို့အနားကိုကျပြီး ဝုန်းခနဲ ဝုန်းခနဲ ဆက်တိုက် ပေါက်ကွဲလာကြတယ်။ မြောက်တက်သွားတဲ့ မြေစိုင်မြေခဲတွေ၊ ကျောက်ခဲတွေကလည်း မိုးရွာချသလို ကောင်းကင်ပေါ်က ကျဆင်းလာကြ

တယ်။ သစ်ကိုင်း သစ်ခက်တွေကို ဖုံးဆန်ထိပြီး ဖွာခနဲပေါက်ထွက်သွားတဲ့ အသံတွေကိုလည်း ဟိုမှ ဒီမှ အဆက်မပြတ် ကြားနေရတယ်။

အဲဒီအသံတွေ ခဏတစ်ဖြုတ် စဲသွားတဲ့အခါ မီဇူရီးမားဟာ တပ်စိတ်မှူး ဗိုလ်ကြီးဆီကို ဝမ်းလျားထိုးထိုးပြီး ကပ်သွားတယ်။ ပြီးမှ တပ်စိတ်မှူးဗိုလ်ကြီး ရဲ့ နားနားမှာ ကပ်ပြီး တိုးတိုးပြောနေတာကို တွေ့လိုက်ရတယ်။ အဲဒီနောက် တပ်စိတ်မှူးရဲ့ ခွင့်ပြုချက်ကို ရသွားလို့လား မပြောတတ်ဘူး။ ဘာလက်နက် ကိုမှ ယူမသွားဘဲ သူ့စောင်းကလေးကိုပိုက်ကာ လျှိုမြောင်ကမ်းပါးပေါ်ကို တက်သွားတာကို တွေ့လိုက်ရတယ်။ ကောင်းကင်ကြီးတစ်ခုလုံးမှာ ငွေကြယ် ကလေးတွေက တဖျတ်ဖျတ်တောက်ပနေလေတော့ မီဇူရီးမားရဲ့ကျောပြင်ကို သစ်ကိုင်းတွေကြားက အတော်ကြာအောင် မြင်နေရတယ်။ ခဏလေးကြာ တော့မှ သူ့ရဲ့အသွင်သဏ္ဍာန်ဟာ တောင်ကမ်းပါးရဲ့အရိပ်အောက်မှာပျောက် ကွယ်သွားတော့တယ်။

သူထွက်သွားပြီး သိပ်မကြာဘူးလို့တော့ အောက်မေ့ရတာပဲ။ ကျွန်တော် တို့ ပုန်းအောင်းနေတဲ့နေရာနဲ့ ၁၀မီတာလောက်အကွာမှာ သစ်ကိုင်းချိုးသံ တွေနဲ့ အတူ ချုံပုတ်တွေကိုနင်းပြီး ဖြတ်သွားတဲ့အသံတွေကို ကြားလာတယ်။ ပြီးတော့ လူနှစ်ယောက် စကားပြောသံတွေကိုလည်း ကြားလာရတယ်။ သူတို့ အချင်းချင်း အင်္ဂလိပ်လိုပြောနေကြတာ။

"There's nobody down here. It must have been an animal."

*"အင်း ဒီလျှိုတော့ မဟုတ်နိုင်ဘူး ထင်တယ်ကွ။ တို့ကြားရတဲ့အသံက တောကောင်တစ်ကောင်ရဲ့အသံ ဖြစ်မှာပါကွာ"*

လူရွယ်တစ်ယောက်ရဲ့ စူးရှပြတ်သားတဲ့အသံကို ကြားလိုက်ရတယ်။ အဲဒီနောက်မှာ ခဏတစ်ဖြုတ်ငြိမ်သွားပြီး အခြားလူတစ်ယောက်ရဲ့အသံကို ထပ်ပြီး ကြားရပြန်တယ်။

'I need a cigarette' *"ဆေးလိပ်သောက်ချင်လိုက်တာကွာ"*

'Too, risky. Forget it.'

*"အန္တရာယ်ကြီးတယ်။ မသောက်ချင်စမ်းပါနဲ့ကွာ။"*

ပထမလူငယ်အသံက ပြန်ထွက်လာတယ်။

'What do you mean, it is alright. They are not around here.'

*"ဘာကွ ရပါတယ်။ ဒီလှိုဏ်ထဲမှာ ရန်သူတစ်ယောက်မှမရှိပါဘူး။"*

နှစ်ချက် သုံးချက်လောက် မီးခြစ်ခြစ်သံကို ကြားလိုက်ရပြီးတဲ့နောက်မှာ မီးတောက်ဟာ ဝင်းခနဲတောက်ပလာတယ်။ သေသေချာချာကြည့်လိုက်တော့ အင်္ဂလိပ်စစ်သားနှစ်ယောက်ဟာ ကျောက်တုံးတစ်ခုပေါ်မှာ ထိုင်နေတာကို တွေ့လိုက်ရတယ်။ မီးခြစ်ဆံရဲ့ မီးရောင်အောက်မှာ သူတို့ရဲ့နီမြန်းနေတဲ့ ပါးပြင်တွေနဲ့ ပြာလဲ့လဲ့မျက်လုံးတွေကို တွေ့လိုက်ရတယ်။ သေချာပေါက် အင်္ဂလိပ် ရှေ့ပြေး ကင်းထောက်စစ်သားတွေပဲ။ မီးခြစ်ဆံမီးတောက်တွေဟာ မကြာခင်ပဲ ငြိမ်းသွားကြတယ်။ ကျွန်တော်တို့အားလုံးဟာ အသက်အောင့်ပြီး လုံးဝမလှုပ်ရှားဘဲ ငြိမ်နေကြရတယ်။ အမှောင်အောက်မှာဖြစ်ပေမယ့် ကျွန်တော်တို့တစ်တွေက တစ်ယောက်ကို တစ်ယောက် မြင်နေကြရတာပဲ။ ဒါပေမဲ့ သူတို့ကတော့ နည်းနည်းကလေးမှ သတိထားမိဟန် မတူဘူး။

အင်္ဂလိပ်စစ်သား တစ်ယောက်က အသံနှိမ့်ပြီး လေချွန်လိုက်တယ်။ အဲဒီက နောက်တစ်ယောက်က လေချွန်သံရဲ့တေးသွားကို လိုက်ပြီး သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးကလေး လိုက်ဆိုတယ်။ သူတို့ဆိုတဲ့သီချင်းက ပိုးစုန်းကြူးရဲ့ အလင်းရောင်ဆိုတဲ့သီချင်းသံ။ အဲဒီအချိန်မှာ တစ်ယောက်က ဆိုတယ်

'I wonder how my family getting alone'

*"အင်း–ခုဆို ငါတို့တိုင်းပြည်မှာ အိမ်သားတွေ ဘယ်လိုနေကြမလဲ မသိပါဘူးကွာ"*

အဲဒီအချိန်မှာပဲ လှိုင်ရဲ့တစ်ဖက်ကမ်း တောင်စောင်းတစ်နေရာက စောင်းသံသဲ့သဲ့ထွက်ပေါ်လာတော့တယ်။ ပထမပိုင်းမှာ စောင်းသံဟာ လေးလေးတွဲ့တွဲ့နဲ့ တကယ့်ကို လွမ်းစရာကောင်းပေမယ့် နောက်ပိုင်းကျတော့ တဖြည်းဖြည်း သွက်လာတယ်။ အမှောင်ထု အတွင်းမှာ ဆေးလိပ်မီးတွေဟာ ရုတ်တရက် ထရပ်လိုက်သလို မြင့်တက်သွားကြတယ်။ ဒီနောက်မှာ ခုလို ညည်းလိုက်တယ်။

'What is that? I am hearing things.'

*"ဘာသံပါလိမ့်၊ ငါများ နားကြားလွဲနေသလား။ မပြောတတ်ဘူး"*

"No I hear it too. Who ever is it he really know how to play."

*"မဟုတ်ဘူးကွ၊ ငါလည်း ကြားရတယ် အတော်ဆန်းတာပဲ။ ပြီးတော့ ဒီအသံက သိပ်နားထောင်လို့ ကောင်းတယ်"*

အဲဒီအချိန်မှာ တောင်ထိပ်မှာရှိတဲ့ လက်နှိပ်ဓာတ်မီးတွေ စတင်လှုပ်ရှားလာတော့တယ်။ ပြီးတော့ တစ်နေရာမှာ စုစည်းသွားကြပြီး အဲဒီကမှတစ်ဆင့် စောင်းသံလာရာ လှိုင်ဘက်ဆီကို ဆင်းသွားတာကို တွေ့လိုက်ကြရတယ်။

ကျွန်တော်တို့နဲ့ မလှမ်းမကမ်းက အမှောင်ထုထဲမှာတော့ ကင်းထောက်စစ်သားနှစ်ယောက်ဟာ အလောတကြီး ဆွေးနွေးတိုင်ပင်နေကြတယ်။

"Let's go have a look over there it's probably Japs."

*"အဲဒီလှိုင်ဘက်ကို သွားကြည့်ကြစို့လား။ ဂျပန်စစ်သားတွေ ဖြစ်နိုင်တယ်ကွ။"*

"Don't be stupid. That must be a native villager . But may be they know where jap's are."

*"မင်းကလည်း အတော်ရူးပါကွာ။ ဒီနေရာမျိုးမှာ ဒေသခံရွာသားတွေပဲ ဖြစ်မှာပေါ့။ ဒါပေမဲ့ သူတို့ကို မေးမြန်းကြည့်ရင်တော့ ဂျပန်စစ်သားတွေ ဘယ်မှာ ရှိတယ်ဆိုတာ သိနိုင်တယ်"*

အဲဒီလိုပြောပြီးတဲ့နောက် ကင်းထောက်စစ်သားနှစ်ယောက်ဟာ တောင်ကမ်းပါးပေါ်ကို သုတ်သုတ်ကလေး ဆက်သွားကြတယ်။

စောင်းသံဟာ ခဏတစ်ဖြုတ်ရပ်သွားပြီး နောက်တစ်ကြိမ်ပြန်ပေါ်လာတယ်။ ဒီတစ်ခါတော့ အသံက ခပ်ဝေးဝေး ရောက်သွားတဲ့ပုံပဲ။ ကျွန်တော်တို့ အထဲက တပ်သားတစ်ယောက်က ရှေ့တက်ပြီး အခြေအနေကို လှေ့လာကြည့်တဲ့အခါ လက်နှိပ်ဓာတ်မီးရောင်တွေဟာ တဖြည်းဖြည်းဝေးသည်ထက် ဝေးသွားတာကို တွေ့လိုက်ရတယ်။

ဒီလိုနဲ့ ကျွန်တော်တို့အားလုံး အသက်ချမ်းသာရာရခဲ့ကြရတယ်။ နောက်တစ်နေ့နံနက် ရောက်တော့ တပ်ကြပ်မိဇူရီးမား ကျွန်တော်တို့ တပ်စိတ်ကို ပြန်ရောက်လာတယ်။ သူ့တစ်ကိုယ်လုံးမှာ ကျောက်ခဲတွေ သစ်ကိုင်းတွေနဲ့ ထိခိုက်မိလို့ ပွန်းပဲ့သွားတဲ့ဒဏ်ရာတွေကလည်း ဗရပွဖြစ်နေတယ်။

နောက်ပြီးတော့ အဲဒီလိုပြေးရင်းလွှားရင်းက ကျွန်တော်တို့တစ်တွေဟာ ဂေါ်ရခါးစစ်သားတွေနဲ့ ပက်ပင်းတိုးတဲ့အခါတွေလည်း ရှိတယ်။ ဒီဂေါ်ရခါးစစ်သားတွေက အတော်ကြောက်ဖို့ ကောင်းတယ်။ အစိမ်းရောင်ယူနီဖောင်းတွေ ဝတ်ထားပြီး ဓားကောက်တွေကို ခါးမှာ ချိတ်ထားတတ်ကြတယ်။ များသောအားဖြင့် သူတို့တစ်တွေဟာ သစ်ပင်ပေါ်မှာ ပုန်းအောင်းနေတတ်ကြပြီး ကျွန်တော်တို့တပ်စုက အောက်ကဖြတ်သွားတဲ့အခါမျိုးမှာ အပေါ်စီးက နေပြီး စက်သေနတ်နဲ့ ပိတ်ပစ်တတ်ကြတယ်။ ကျွန်တော်တို့ တွေ့ဖူးတဲ့ ရန်သူတွေထဲမှာတော့ ဂေါ်ရခါး စစ်သားတွေဟာ ကြောက်စရာအကောင်းဆုံးပဲ။ ဒါကြောင့်မို့ ရွာတစ်ရွာကိုဝင်ပြီး ကင်းထောက်ကြည့်လို့ ဂေါ်ရခါးစစ်သား အနံ့ရတာနဲ့ ကျွန်တော်တို့ဟာ ခပ်ဝေးဝေးက ရှောင်သွားလေ့ ရှိတယ်။

ဒီလိုနဲ့ ကျွန်တော်တို့အတွက် ရန်သူရှိနိုင်တယ်လို့ သံသယရှိတဲ့တောအုပ်ကို ရောက်တယ်ဆိုရင် တပ်ကြပ်မီဇူရီးမားဟာ သူ့ယူနီဖောင်းကို ချွတ်ပြီး မြန်မာအဝတ်အစား ဝတ်လိုက်တယ်။ ဒီပုံစံနဲ့ သူဟာ ရှေ့ပြေးကင်းအနေနဲ့ ထောက်လှမ်းလေ့ရှိတယ်။

မြန်မာလူမျိုးနဲ့ ဂျပန်လူမျိုးက သိပ်တူတာ များတယ်။ သူတို့က နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး နည်းနည်းပါးတာလောက်ပဲ ရှိမယ်။ ကျွန်တော်တို့ ဂျပန်တွေထဲမှာလည်း မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးထူတဲ့လူ ရှိသလို၊ ပါးတဲ့လူလည်း ရှိတတ်ကြတာပဲ မဟုတ်လား။ ဒါပေမဲ့ မီဇူရီးမားက အသက်၂၂ နှစ် လောက် လူငယ်ဆိုတော့ မုတ်ဆိတ်မွေး ပါးတယ်။ ပြီးတော့ သူ့မှာက မြန်မာလူမျိုးတွေလိုပဲ ကြီးမားတောက်ပတဲ့ မျက်လုံးတွေက ရှိနေပြန်တယ်။ အသားအရေတွေကလည်း နေလောင်ထားလို့ မြန်မာလူမျိုးတွေလိုပဲ ညိုနေကြပြီ။ ဒီထက်ပိုပြီး ထူးခြားတာက မြန်မာလူမျိုးတွေဟာ အပူပိုင်းဒေသရဲ့ ပြင်းထန်လှတဲ့ ရာသီဥတုဒဏ်ကို အမြဲ ခါးစည်းခံနေရလို့လား မပြောတတ်ဘူး။ သူတို့မျက်နှာတွေဟာ တစ်ခါတစ်ခါ ငိုင်နေတတ်ကြတယ်။ မီဇူရီးမားရဲ့ မျက်နှာထားဟာလည်း သူတို့နဲ့ချွတ်စွပ်ပဲ။ ဒီလိုနဲ့ မီဇူရီးမားက အင်္ကျီ ဘောင်းဘီတွေကို ချွတ်ပြီး အနီရောင်နှင့် အဝါရောင် ကွက်ကြားလုံချည်ကို ကောက်ဝတ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ သူ့ကို မြန်မာလူမျိုးနဲ့ ဘယ်လိုမှ ခွဲလို့မရတော့ဘူး။ မြန်မာပြည်ပေါက် မြန်မာတစ်ဦးအတိုင်းပဲ မြင်ရတော့တယ်။

ဒီပုံစံနဲ့ မီဇူရီးမားကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ကျွန်တော်တို့မျက်စိထဲမှာ ဆန်းနေပြီး တဟားဟားဝိုင်းရယ်ကြတယ်။ ပြီးတော့ သူ့ကို ခုလို စကြတယ်။

“ဟေ့ မီဇူရီးမား၊ မောင်ရင်မြန်မာပြည်မှာ နေခဲ့ရင် သိပ်ကောင်းမယ်။ ဘယ်ကိုပဲသွားသွား မြန်မာတွေက မင်းကို ဝိုင်းချစ်ကြမှာပဲ”

အဲသည်အခါမှာ မီဇူရီးမားဟာ ကျွန်တော်တို့နဲ့အတူ ရယ်မောလိုက်ရင်းက သူ့ကိုယ်ကို ပတ်ချာလည်ပြကာ သူတတ်သမျှ မြန်မာစကားနဲ့ မပီကလာ ပီကလာ ဆိုလာပါတယ်။

"ကျွန်တော်ဟာ မီယန်မာလူမျော၊ မီယန်မာဟာ တိတ်ကောင်းတဲ့ တိုင်းပြည်"

ဒီလိုပုံစံနဲ့ သူဟာ လက်စွဲတော်စောင်းကို ပိုက်ပြီး တောထဲကို ဝင်သွားလေ့ ရှိတယ်။

တောထဲရောက်လို့ ရန်သူ မရှိဘူး။ ဘေးအန္တရာယ်ကင်းတယ်ဆိုရင် သူဟာ မြန်မာသီချင်းကို အော်ဆိုပြီး စောင်းကို တီးပြတယ်။ သူ့သီချင်းသံကို ကြားတယ်ဆိုရင်ပဲ ကျွန်တော်တို့တပ်သားတွေဟာ ရဲရဲတင်းတင်းပဲ ရှေ့ကို ချီတက်ခဲ့ကြတယ်။

တစ်ကြိမ်တော့ မီဇူရှီးမားဟာ အခုလိုပဲ ကင်းထောက်ထွက်ရာက ဂေါ်ရခါး စစ်သားတွေနဲ့ ပက်ပင်းတွေ့ခဲ့ရဖူးတယ်။ သူ့ရှေ့တည့်တည့်က ကျွန်းပင်ကြီးတစ်ပင်ရဲ့ဖြာထွက်နေတဲ့သစ်ကိုင်းတစ်ကိုင်းပေါ်မှာ ဂေါ်ရခါး စစ်သားတစ်ယောက် ခွထိုင်နေတာကို သတိပြုမိလိုက်တယ်။ ထူထဲနေတဲ့ နှုတ်ခမ်းမွေးအောက်က နီမြန်းတဲ့အောက်နှုတ်ခမ်းကိုကိုက်ပြီး စူးရှတဲ့ မျက်လုံးတွေနဲ့ သူ့ကို စိုက်ကြည့်နေတယ်။ သတိထားပြီး ကြည့်လိုက်တော့ ဟိုဟိုဒီဒီမှာ ယူနီဖောင်းအစိမ်းဝတ်ထားတဲ့ ဂေါ်ရခါးစစ်သား အတော်များများဟာ သစ်ကိုင်းတွေကြားမှာ ပုန်းအောင်းနေတာကို တွေ့လိုက်ရတယ်။ သူ့အဖို့ ပြေးစရာလမ်းကလည်း မရှိတော့ဘူး။ ဒီအခါမှာ မီဇူရှီးမားဟာ မြန်မာဘုန်းကြီးတွေ ရွတ်ဆိုလေ့ရှိတဲ့ မေတ္တာပို့အမျှဝေသံကို ဟန်ပါပါဆိုရင်းက ရှေ့တည့်တည့်မှာရှိတဲ့ တောအုပ်ဆီကို မာန်ပါပါနဲ့လျှောက်သွားတော့တယ်။

အဲဒီအခါမှာ ဂေါ်ရခါးစစ်သားတွေဟာ သူ့ကို အရပ်တကာမှာ သီချင်းဆိုပြီး လိုက်လံတောင်းစားနေတဲ့ လူတစ်ယောက်လို့ အောက်မေ့သွားကြတယ်နဲ့ တူတယ်။ စစ်သားတစ်ယောက်က အကြွေစေ့တစ်စေ့ကို ပစ်ချလိုက်တယ်။ နောက်တော့ တခြားစစ်သားလေးငါးယောက်ကလည်း သူတို့မှာပါတဲ့ အကြွေစေ့တွေကို ပစ်ချကြတယ်။ မီဇူရှီးမားက အကြွေစေ့တွေကို ကောက်ပြီး မှင်သေသေနဲ့ လက်အုပ်ချီ ကန်တော့ပြလိုက်တယ်။

သစ်ကိုင်းပေါ်မှာ ကားရားခွထိုင်နေတဲ့ ဂေါ်ရခါးစစ်သားဟာ သူ့ခြေထောက်တွေကို လှုပ်ယမ်းရင်း လှမ်းပြီး အော်မေးလိုက်တယ်။

"ဟေး မင်း ဂျပန်စစ်သားတွေကို မတွေ့ဘူးလား"

မီဇူရှီးမားက လက်ကိုမြှောက်ပြရင်း အတော်ဝေးတဲ့တောင်ခြေဘက်ကို ညွှန်ပြလိုက်တယ်။ အဲဒီအခါ ဂေါ်ရခါးစစ်သားဟာ ခေါင်းညိတ်ပြလိုက်ပြီး သူ့ခါးကြားက ဓားကောက်ကြီးကိုထုတ်ကာ သစ်သီးတစ်လုံးကို ခုတ်ချပေးလိုက်တယ်။

မီဇူရှီးမားက နောက်တစ်ခါ လက်အုပ်ချီပြလိုက်တယ်။ ပြီးမှ ဂေါ်ရခါးတွေ စုဝေးနေတဲ့ သစ်ပင်အောက်တည့်တည့်ကို သွားပြီး သီချင်းတစ်ပုဒ်တီးပြတယ်။ သူ့တေးသွားရဲ့အဓိပ္ပာယ်ကို ကျွန်တော်တို့ သိတာပေါ့။ ဒါက ရန်သူတွေ ရှိတယ်။ ဒီကို မလာကြနဲ့ဆိုတဲ့ အန္တရာယ်သတိပေးတေးသွားပဲ။

နောက်ပြီး ရယ်စရာကောင်းတဲ့ အတွေ့အကြုံလည်း ရှိသေးတယ်။

တစ်နေ့တော့ မီဇူရှီးမားဟာ ခါတိုင်းလို ကင်းထောက်သွားရာက တော်တော်နဲ့ ပြန်ရောက်မလာဘူး။ ကျွန်တော်တို့အားလုံးလည်း သိပ်စိုးရိမ်သွားတာပေါ့။ ဒီလိုနဲ့ နောက်ထပ် ကင်းထောက်တစ်ယောက်ကို လိုက်ရှာခိုင်းဖို့ ပြင်ဆင်ကြရတော့တယ်။ အဲဒီအချိန်မှာ တောထဲက မီဇူရှီးမားရဲ့ စောင်းသံသဲ့သဲ့ကို ကြားလာရတော့တယ်။ သူ့တေးသွားရဲ့အဓိပ္ပာယ်ကတော့"ရန်သူတွေ မရှိတော့ဘူး၊ အေးအေးဆေးဆေး လာခဲ့ကြတော့" ဆိုတဲ့အဓိပ္ပာယ်ပဲ။

အဲဒီအခါကျတော့မှ တပ်စိတ်မှူးဗိုလ်ကြီးရော၊ ကျွန်တော်တို့ပါ စိတ်အေးသွားရပြီး အသံလာရာ တောဘက်ဆီကို အမောတကော ပြေးသွားကြရတော့တယ်။ တောထဲကိုလည်း ရောက်ရော မီဇူရှီးမားကို ကိုင်းရွက်လို အရွက်စိမ်းတွေ ခါးလယ်လောက်အထိ ချိတ်ဆွဲထားပြီး ခေါင်းငုံ့လျက်သား စောင်းတီးနေတာကို တွေ့လိုက်ကြရတယ်။

အနားကိုသွားပြီး သေသေချာချာကြည့်လိုက်တော့ မီဇူရှီးမားရဲ့ခါးမှာ လုံချည် မရှိတော့ဘူး။ လုံချည်အစား ငှက်ပျော်ရွက်တွေနဲ့ ပတ်ထားတာကို တအံ့တသြ တွေ့လိုက်ကြရတယ်။ အဲဒီငှက်ပျောရွက်တွေကို နောက်မှာ စုစည်းထားလိုက်တော့ ငှက်အမြီးနဲ့ တူနေတာပေါ့။

"ဘယ်လိုဖြစ်ရတာလဲကွာ" လို့ ကျွန်တော်တို့က မေးကြည့်တဲ့အခါ သူက ခုလို ရှင်းပြတယ်။

မီဇူရှီးမားဟာ ဒီနေရာလည်း ရောက်ရော လမ်းဘေးကနေ ကြောက်စရာ ကောင်းတဲ့ မြန်မာလူမျိုးတစ်ယောက်ဟာ ရုတ်တရက်ခုန်ထွက်လာပြီး သူ့လက်ထဲက ခြောက်လုံးပြူးသေနတ်နဲ့ ချိန်လိုက်တယ်။ အမှန်တော့ သူဟာ ဓားပြတစ်ယောက်ဖြစ်နေတာကိုး။ လက်ရှိအခြေအနေကလည်း ကျွန်တော်တို့ ဂျပန်စစ်သားတွေက အရေးနိမ့်နေလေတော့ ဂျပန်စစ်သားတွေဟာ သူတို့မှာ ရှိတဲ့ လက်နက်တွေကိုပစ်ပြီး ပြေးနေကြရတာဆိုတော့ မြန်မာပြည်မှာက ဟိုနားဒီနား ကွက်တိကွက်ကျား ဓားပြမှုတွေ ပေါ်ပေါက်နေကြတယ်လေ။ အဲဒီမြန်မာဓားပြက တိုက်မယ့်သာတိုက်ရတယ် မီဇူရှီးမားမှာက ပေးစရာဆိုလို့ ခါးမှာပါတဲ့ လုံချည်ပဲ ရှိတယ်။ ဒါနဲ့ ဓားပြကြီးက မီဇူရှီးမားကို လုံချည်ချွတ်လို့ အမိန့်ပေးလိုက်တယ်။

မီဇူရှီးမားဟာ ခုလိုမြန်မာအဝတ်အစားဝတ်ပြီး ကင်းထောက်လှမ်းတဲ့ အခါ မျိုးမှာ လက်နက်ကို ယူသွားလေ့မရှိဘူး။ ဒီတော့ လုံချည်ကို ချွတ်မပေးပြန်ရင်လည်း အသတ်ခံရတော့မယ်။ သူ့တာဝန်ကို သူဆက်ပြီး ထမ်းဆောင်နိုင်တော့မှာ မဟုတ်ဘူးလို့ တွေးမိတဲ့အခါ မီဇူရှီးမားဟာ လုံချည်ကို ကွင်းလုံးကျွတ် ချွတ်ပေးလိုက်ရတော့တယ်။

ထူးဆန်းဖို့ကောင်းတာက အဲဒီအချိန်မှာ ဓားပြကြီးဟာ ငှက်ပျောရွက်တွေကို တစ်ပွေ့တစ်ပိုက်ကြီး ပိုက်လာတာကို တွေ့လိုက်ရတယ်။ မြန်မာလူမျိုးတွေက များသောအားဖြင့် လုံချည်အောက်မှာ အောက်ခံဘောင်းဘီ ဝတ်လေ့မရှိဘူး။ ပြီးတော့ ခြောက်လုံးပြူးနဲ့ ချိန်ပြီး ပြောတဲ့ပုံက ကြည့်ပါဦး။

"ဒီမှာမိတ်ဆွေ ကျေးဇူးပြုပြီး ဟောဒီငှက်ပျောရွက်နဲ့ ခင်ဗျားလုံချည်ကို ဖလှယ်လိုက်ပါတဲ့"

မြန်မာပြည်က ဗုဒ္ဓသာသနာထွန်းကားတဲ့ တိုင်းပြည်ဆိုတော့ မြန်မာလူမျိုးတွေဟာ ရသမျှနဲ့ပဲရောင့်ရဲတင်းတိမ်တတ်ကြတယ်။ သူတို့ရဲ့နှလုံးသားတွေဟာ အလွန်သိမ်မွေ့နူးညံ့ကြတယ်။ အကောင်းဘက်က ကြည့်မယ်ဆိုရင်တော့ သူတို့မှာ လောဘကင်းတယ်လို့ ဆိုရလိမ့်မယ်။ အဆိုးမြင်ဝါဒတွေရဲ့အမြင်နဲ့ကတော့ သူတို့ဟာ ဘာမှလုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ ပျင်းတယ်လို့ မြင်ချင်မြင်ကြမှာပေါ့။ သယံ ဇာတပေါကြွယ်ဝတဲ့အပြင် ပညာအရည်အချင်းမြင့်မားပါလျက်နဲ့ အခြားတိုင်းပြည် တွေနဲ့ ယှဉ်လိုက်ရင် နောက်ကျနေခဲ့တာဟာ ပျင်းတဲ့အတွက်ကြောင့်လို့ ပြောချင် ပြောကြလိမ့်မယ်။ ငါးပါးသီလမြဲတဲ့ တိုင်းပြည်ဆိုတော့ အရင်တုန်းကဆိုရင် မြန်မာပြည်မှာ ခုလိုခိုးဆိုးတိုက်ခိုက်တယ်ဆိုတာဟာ မရှိသလောက် ရှားတယ်။ လက်နက်ဆန်းတွေပေါ်လာလို့ ဓားပြတိုက်စားတာတောင်မှ ကြည့်လေ သူတို့ရဲ့ မိရိုးဖလာ ကြင်နာမှုကို ပြတတ်ကြတယ်။

ဓားပြကြီးက မီဇူရှီးမားရဲ့လုံချည်လောက်ကိုသာ ယူသွားပြီး စောင်းကို ချန်ထားခဲ့တာ အတော်ကံကောင်းတယ်လို့ ဆိုရမယ်။

ဒီလိုနဲ့ပဲ မီဇူရှီးမားဟာ ပူပြင်းလှတဲ့ နေရောင်အောက်မှာ ဝတ်လစ်စလစ် ဖြစ်နေတဲ့ သူရဲ့ကိုယ်ကို ငှက်ပျောရွက်တွေနဲ့ အရှက်ပြေဖုံးပြီး ဝမ်းနည်းပက်လက် ဖြစ်ကာ စောင်းကို ငုံ့တီးနေခဲ့ရရှာတယ်။

ကျွန်တော်တို့တစ်တွေဟာ သူ့အနားကိုကပ်သွားပြီး ပခုံးကို ပုတ်ကာ ခုလို မေးလိုက်ကြတယ်။

"ဘယ်လိုဖြစ်တာလဲကွမင်းပုံစံက တောထဲက ဝံပုလွေတစ္ဆေတွေကများ အပြုစားခံလိုက်ရတာလား"

မီဇူရှီးမားက ခပ်ယဲ့ယဲ့ကလေးပြုံးရင်း အနိုင်မခံ အရှုံးမပေးဘဲ ပြန်ပြောလိုက်တယ်။

“ငှက်ပျောရွက်လုံချည်က သိတ်ဝတ်လို့ကောင်းတယ်ကွ။ အေးနေတာပဲ။ မင်းတို့မယုံရင် ဝတ်ကြည့်ပါလား”

၃

ဒီလိုနဲ့ပဲ ကျွန်တော်တို့ဟာ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ လျှိုမြောင်တွေကိုဖြတ်သန်းပြီး တောနက်ကြီးတွေထဲမှာ စမ်းတဝါးဝါးနဲ့ လမ်းလျှောက်နေခဲ့ကြရတယ်။ ရှေးတုန်းက စာတွေထဲမှာ အရှုံးပေးပြီး ထွက်ပြေးတဲ့သူဟာ လေတစ်ချက်ဖေ့တာတောင် အသည်းငယ်တတ်တယ်လို့ ဖတ်ခဲ့ရဖူးတယ်။ ကျွန်တော်တို့လည်း အဲဒီအတိုင်း ဖြစ်နေတော့တာပေါ့။

ကျွန်တော်တို့ ချီတက်ရာ လမ်းတစ်လျှောက်မှာရှိတဲ့ ရွာတွေမှာလည်း အင်္ဂလိပ်စစ်တပ်က လေထီးတပ်သားတွေကိုချပြီး ရှေ့ကနေပိတ်ပင်တားဆီးကြတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့မသိခင်မှာ တစ်ရွာနဲ့တစ်ရွာ အဆက်အသွယ်လုပ်ပြီး သတင်းပေးထားတဲ့အတွက် ဘယ်ရွာကိုဝင်ဝင် စားစရာသောက်စရာတွေကို ရှာမရအောင်ဖြစ်နေကြတော့တယ်။ ဩော်– ဒါကြောင့်ကိုးလို့ သဘောပေါက်ပြီး ရွာထဲမှာ ခဏတစ်ဖြုတ်နားမယ်လို့ မကြံရသေးဘူး။ ရွာသားတွေက သတင်းပေးလိုက်တဲ့အတွက် ရန်သူစစ်တပ်က လာပြီး အတိုက်ခံရတာလည်း ရှိတယ်။

ဒီအခြေအနေမျိုးတွေ ဆက်တိုက်ဖြစ်နေလေတော့ ကျွန်တော်တို့ဟာလည်း အတော်များများ စိတ်အေးလက်အေးနေရတယ်မရှိဘဲ လူပန်းစိတ်ပန်းဖြစ်လာကြတော့တယ်။ ဒါပေမဲ့ မြန်မာတိုင်းရင်းသားတွေထဲမှာ ကျွန်တော်တို့ ဂျပန်လူမျိုးကို ချစ်ခင်တဲ့သူတွေလည်း ရှိနေသေးတဲ့အတွက် သူတို့ရဲ့ကူညီမှုနဲ့ တစ်တောင်ကနေ တစ်တောင်ကို ဖြတ်ကူးပြီး အထိုက်အလျောက် ခရီးဆက်နိုင်ခဲ့ကြတယ်။

အဲဒီအချိန်မှာပဲ တစ်နေ့မှာ ကျွန်တော်တို့ဟာ ချောက်ကမ်းပါးကြီးပေါ်က ရွာတစ်ရွက်ကို ရောက်လာခဲ့ကြတော့တယ်။

"ကဲ ကဲ ဒီနေရာရောက်မှတော့ စိတ်ချရပါပြီ"

ကျွန်တော်တို့နဲ့အတူ လိုက်လာတဲ့ လမ်းပြသမား မြန်မာလူမျိုးကြီးက ပြောလိုက်တယ်။ သူက အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ခေါင်းတုံးပြောင်အောင် တုံးထားလို့ ခေါင်းပေါ်ကသွေးကြောတွေကို အတိုင်းသားမြင်နေရတယ်။ နဖူးပေါ်မှာ စီးကျနေတဲ့ ချွေးတွေကို သုတ်လိုက်ရင်း သူက အခုလို ဆက်ပြောတယ်။

"မာစတာတို့ ဟိုးမှာတွေ့လားအဲဒီတောင်ကြီးကို ကျော်သွားမိရင်တော့ တစ်ဖက်မှာ ယိုးဒယားပြည် ရှိတယ်"

ဒီရွာက အမြင့်မှာ ရှိနေလေတော့ ကိုယ့်ခြေဖျားအောက်မှာရှိတဲ့ မြင်ကွင်းကျယ်ကြီးကို ကြည့်ရတာ သိပ်ပြီး ကြည့်လို့ကောင်းတယ်။ ခဏတစ်ဖြုတ်ရပ်ပြီး ကြည့်နေမိတာနဲ့ အေးစက်တဲ့တောင်ငွေ့တွေက ခန္ဓာကိုယ်တစ်ခုလုံးကို ပိုက်ထွေးထားသလို ခံစားလာရတယ်။ အဲဒီလမ်းပြ လက်ညှိုးညွှန်ပြတဲ့နေရာကို မျှော်ကြည့်တဲ့အခါ ရိုးမတောင်တန်းရှည်ကြီးတစ်ခုကို တွေ့ရပြီး တောင်ခြေတောတန်းရဲ့အပေါ်မှာတော့ အပြာရောင်မြူခိုးတွေ ဆိုင်းနေတာကို တွေ့လိုက်ရတယ်။ အဲဒီတောင်တန်းကြီးရဲ့ တစ်ဖက်ကို ကျော်သွားနိုင်ရင်တော့ ကျွန်တော်တို့ရဲ့ ဂျပန်တပ်တွေရှိရာကို ရောက်ပြီဆိုပါတော့။

"ဒီရွာမှာက အင်္ဂလိပ်စစ်သားရော ကုလားစစ်သားရော ဂေါ်ရခါးစစ်သားရော တစ်ယောက်မှမရှိဘူး။ ဒီညတော့ မာစတာတို့ အေးအေးဆေးဆေး နားလို့ ရပါပြီ' လို့ လမ်းပြကြီးက ပြောတယ်။

သူပြောတဲ့အတိုင်း ဒီရွာကို ကြည့်ရတာ စိုးရိမ်စရာမလိုဘူးလို့ ထင်ရတာပါပဲ။ ပြီးတော့ တခြားရွာတွေနဲ့ကလည်း အလှမ်းဝေးတယ်လေ။ ရွာရဲ့ရှေ့မှာကလည်း တိခနဲ ဖြတ်ပြီး ထောင်ထားသလို မတ်စောက်တဲ့ ကမ်းပါးကြီးက ခံနေတယ်။ အဲဒီချောက်ကမ်းပါးကြီးကနေ ငုံ့ကြည့်လိုက်ရင် အောက်ခြေမှာတော့ ဖြူဖွေးတဲ့ရေပန်းတွေနဲ့ ချောင်းကလေးက တသွင်သွင် စီးဆင်းနေတာကို မြင်နေရတယ်။ ရွာရဲ့နောက်မှာလည်း ကျောက်ဆောင်ကြီးတစ်ခု

ရှိပြန်တယ်။ အဲဒီကျောက်ဆောင်ပေါ်မှာတော့ စွန်ငှက်တွေဟာ ဝေ့ဝိုက်ပြီး ဝဲပျံနေကြတယ်။ ရွာလယ်မှာက ဘေးတစ်ဖက်တစ်ချက်မှာ တောအုပ်ကြီးတွေ ညပ်နေတဲ့ မြေကွက်လပ်ကလေးတစ်ခုကို တွေ့ရတယ်။ အပူပိုင်းဒေသပီပီ အဲဒီတောအုပ်ကြီးတွေက နက်လိုက်တာ အောက်ခြေကို လုံးဝ မမြင်ရဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ ဂျပန်စစ်သား အယောက် ၅၀ ဒီရွာထဲကို ဝင်လာတာတောင် တော်တော်နဲ့ လှမ်းပြီး မြင်နိုင်ကြမှာ မဟုတ်ဘူး။

တပ်စိတ်မှူးဗိုလ်ကြီးက ဒီရွာမှာ ၃ ရက်လောက်နားပြီးမှ ခရီးဆက်မယ်လို့ ပြောလာတယ်။ ရွာထဲက သူကြီးနဲ့ ရွာသားတွေ ထွက်လာပြီး ကျွန်တော်တို့ကို ကြိုဆိုကြပါတယ်။ ပြီးမှ ရွာလယ်ကွင်းပြင်မှာရှိတဲ့ သက်ကယ်မိုးထားတဲ့ တဲကြီးတစ်ခုဆီမှာ နေရာချပေးကြတယ်။ စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းဧည့်ခံကြရုံမကသေးဘူး။ အရက်ကိုပါ ထုတ်ပေးကြတယ်။ ကျွန်တော်တို့တပ်သားတွေအဖို့ ဝမ်းသာလို့မဆုံးအောင် ဖြစ်ကြရတယ်။

အမှန်တော့ မြန်မာလူမျိုးတွေဟာ သေရည်သေရက်ကို မသောက်ကြတာ များတယ်။ ဗုဒ္ဓဘာသာတရားရဲ့ ပညတ်ချက်ကို ခိုင်မြဲအောင် ထိန်းသိမ်းထားတတ်ကြတယ်။ နောက်ပိုင်းကျတော့ မြို့ကြီးပြကြီးတွေမှာ အကျင့်ပျက်လာကြတာ မှန်ပေမယ့် တောလက်ကျေးရွာတွေမှာက အဲဒီသီလတရားကို တင်းကျပ်အောင် စောင့်ထိန်းကြဆဲပဲ။ ဒါကြောင့်မို့ မြန်မာတောရွာတွေကို စစ်ဆင်ရေးထွက်တဲ့အခါ ကျွန်တော်တို့ ဂျပန်စစ်သားတွေဟာ အရက်ကို ရှာမရတာက များတယ်။ ဒီရွာကတော့ ကျွန်တော်တို့ကို ဧည့်ခံချင်တာနဲ့ တခြားတစ်နေရာက ခက်ခက်ခဲခဲ ရှာဖွေခဲ့ကြပုံရတယ်။

ရွာသားတွေက ကျွန်တော်တို့ကို လိုလေသေးမရှိအောင် ပြုစုကြတယ်။ သူတို့နဲ့ ဧည့်ခံပွဲကလေးဟာ ကြည့်ရင်းကြည့်ရင်းကနေ ဖျော်ဖြေမှုတွေနဲ့ ပေါင်းစပ်ပြီး ကပွဲကလေးတစ်ခုလို ဖြစ်သွားတယ်။

ရွာသား ၁၀ ယောက်လောက် တန်းစီပြီး သူတို့ရွာရဲ့ ရိုးရာသီချင်းတွေကို ဆိုပြကြတယ်။ သူတို့အားလုံး ဆံပင်တွေ တွန့်လိမ်ကောက်ကွေးနေပြီး

မျက်လုံးတွေက ကြည်လင်တောက်ပနေကြတယ်။ တောင်ပေါ်မှာ နေကြလို့လား မပြောတတ်ဘူး။ သူတို့ရဲ့အသားအရေတွေ မြေပြန့်ကလူတွေလောက် မမည်းကြဘူး။ ကျွန်တော်တို့ ဂျပန်စစ်သားတွေကမှ သူတို့ထက်ပိုပြီး မည်းဦးမယ်။ သူတို့အားလုံးဟာ မွဲပြာရောင်လုံချည်တွေကို ခါးမှာ စည်းထားရုံကလွဲလို့ ကိုယ်အပေါ်ပိုင်းမှာ ဘာမှဝတ်မထားကြဘူး။ ဖိနပ်လည်း တစ်ယောက်မှ စီးမထားကြဘူး။ သူတို့ဆိုတဲ့ သီချင်းသံတွေဟာ စီစီညံနေတာ မှန်ပေမယ့် သေသေချာချာ နားထောင်ကြည့်လိုက်တော့ ဝမ်းနည်းကြေကွဲသံတွေ ရောနေတာကို ကြားလာရတယ်။ ပြီးတော့ သီချင်းက တော်တော်နဲ့ကို မဆုံးနိုင်ဘူး။ ဒီတစ်ခါတော့ ဆုံးပြီထင်ပါရဲ့လို့ စိတ်ဒုန်းဒုန်းချလိုက်မယ် မကျန်သေးဘူး၊ နောက်ဆက်တွဲ တေးထပ်တွေက ဆက်လာကြပြန်တယ်။ အပူပိုင်းဒေသမို့ ထင်ပါရဲ့ ပျင်းဖို့ကောင်းတဲ့ အဆွေးသီချင်းတွေက များတယ်။

လမ်းပြကြီးက သူတို့ဆိုတဲ့ သီချင်းကို ဘာသာပြန်ပေးတယ်။ အကြမ်းအားဖြင့်ကတော့

"ဟိုးအဝေးက တိမ်တိုက်တွေကြားဝယ်

ဟိမဝန္တာတောင်တန်းကြီးရဲ့ နှင်းကလေးတွေ ဖွေးဖွေးဖြူတယ်

နှင်းတွေပျော်လို့ ရေတွေစီးလာရင်ကွယ်

ငါတို့ကိုယ်ကို ရေချိုးသန့်စင်မယ်

ဟိုးအဝေးတစ်နေရာဝယ်

မင်းရဲ့နှလုံးသားက ပုန်းအောင်းနေတယ်

အေးစက်တဲ့ရေတွေ စီးဆင်းလာရင်ကွယ်

မောင့်အသည်းနှလုံးကို ဆေးကြောပါ့မယ်"

အဲဒီသီချင်းနဲ့ဖျော်ဖြေနေစဉ်မှာ ရွာသားတွေဟာ စားကောင်းသောက်ဖွယ်တွေကို တစ်မျိုးပြီးတစ်မျိုး တည်ခင်းဧည့်ခံကြတယ်။ အသားနီစပ်စပ် မုတ်ဆိတ်မွေးဖြူဖြူနဲ့ ရွာသူကြီးကတော့ ကျွန်တော်တို့တပ်သားတွေဆီကို

လှည့်လည်ပြီး အရက်လိုက်ငှဲ့ပေးနေရှာတယ်။ အဲဒီအချိန်မှာ ဂျပန်တပ်သား တစ်ယောက်က သူကြီးကို မေးလိုက်တယ်။

"ဒီကနေ့ ဟိမဝန္တာတောင်တန်းကြီးကို မြင်ရသလား"

သူကြီးက ပါးရေနားရေတွေ တွန့်သွားအောင် အားရပါးရ ရယ်လိုက်တယ်။ ပြီးမှ ဖြူဖြူဖွေးဖွေးတဲ့မုတ်ဆိတ်တွေကို လက်နဲ့ သပ်ချရင်းက

"ဘယ်ကလာ ဒီကနေမြင်ရမှာလဲ မာစတာရယ်၊ ဒီရွာထဲမှာ ဟိမဝန္တာတောင်တန်းကို မြင်ဖူးတဲ့လူလည်း တစ်ယောက်မှ မရှိပါဘူး။ ငယ်ငယ်တုန်းက နားထောင်ခဲ့ဖူးတဲ့ တရားစာတွေ ပုံပြင်တွေထဲမှာသာ ကြားဖူးကြတာပါ"

တရားစာတွေ ပုံပြင်တွေထဲမှာ ဟိမဝန္တာတောင်တန်းကြီးက အမြဲပါနေလို့လား မပြောတတ်ပါဘူး။ မြန်မာပြည်မှာ အဲဒီတောင်တန်းကြီး အကြောင်း စပ်ဆိုထားတဲ့ သီချင်းတွေ ဇာတ်လမ်းတွေကို အတော်ကြားခဲ့ရတယ်။ ဘုရားကျောင်းကန်တွေမှာလည်း ဟိမဝန္တာတောင်တန်းကြီးရဲ့ ပန်းချီကားတွေနဲ့ ပန်းပုရုပ်တွေက အတော်များများ တွေ့ခဲ့တယ်။ သူတို့တစ်တွေက အဲဒီတောင်တန်းကြီးရဲ့အောက်ခြေကနေ စတင်ပေါက်ဖွားတာလို့ ယုံကြည်ပြီး မသေခင် တစ်ခေါက်တော့ အရောက်သွားပြီး ဆုတောင်းသင့်တယ်လို့ ထင်နေကြတယ်။ သူတို့အဆိုအရတော့ တိမ်တိုက်တွေကြားမှာ လင်းလက်နေတဲ့ ဟိမဝန္တာတောင်တန်းကြီးကို မဟာငွေတောင်ကြီးအလား ခံ့ညားတင့်တယ်ပြီး အလှဆုံးလို့ သိရတယ်။ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာတုန်းက ဗုဒ္ဓမြတ်စွာဘုရားဟာ သတ္တဝါတွေကို ကယ်တင်ဖို့အတွက် အဲဒီတောင်ခြေမှာ တရားကျင့်ခဲ့တယ်လို့ ဆိုကြတယ်။ ဒီတိုင်းပြည်က လူတွေရဲ့စိတ်ထဲမှာလည်း ဒီတောင်တန်းကြီးဟာ အလွန်မွန်မြတ်တဲ့ဒေသအဖြစ် ယုံကြည်နေကြတဲ့အတွက် သူတို့ရဲ့သီချင်းတွေကို သေသေချာချာ နားထောင်ကြည့်တဲ့အခါ ဆုတောင်းသံတွေ ရောပြွမ်းနေတာကို သတိထားမိလာတယ်။

ရွာသားတွေရဲ့ သီချင်းလည်း ဆုံးရော ဒီတစ်ခါတော့ ကျွန်တော်တို့ ဂျပန်စစ်သားတွေ ဆိုရမယ့်အလှည့်ရောက်လာတယ်။ ကျွန်တော်တို့ တပ်စိတ်

အတွက်ကတော့ အပျော့ပဲပေါ့။ အချိန်အကြာကြီး အဆိုလေ့ကျင့်လာတယ် ဆိုတော့ သီချင်းတွေ အများကြီးဆိုပြလိုက်ကြတာပေါ့။ အဲဒီသီချင်းတွေထဲမှာ ဂျပန်လူ "ခေါင်ဂျောနိဆူကီး "လို့ ခေါ်တဲ့ "ရဲတိုက်အိုနဲ့ ရွှေလမင်းသီချင်း" ဟာ လက်ခုပ်တီးပြီး သြဘာပေးအခံရဆုံးပဲ။ ဒီသီချင်းကလည်း ကျွန်တော်တို့နဲ့ အတော်အာတွေ့နေလို့လား မပြောတတ်ဘူး။ ဘယ်မှာပဲဆိုဆို ဘယ်လူပြိန်းတွေပဲ နားထောင် နားထောင် အံ့သြဖို့ကောင်းလောက်အောင် ကြိုက်ကြတယ်။

ကျွန်တော်တို့ သီချင်းသံတွေရဲ့ ဆွဲဆောင်မှုကြောင့်လား မပြောတတ်ဘူး။ ရွာသားအတော်များများဟာ ကျွန်တော်တို့နားကို ဝိုင်းအုံလာကြတယ်။ ဒီတိုင်းပြည်က လူတွေဟာ ပျော်ပွဲရွှင်ပွဲတွေကို အတော်ခုံမင်ကြတယ်။ ပွဲရှိတယ်လို့ သန့်ခနဲ မကြားလိုက်နဲ့ ခြူလုံးသံ တချွင်ချွင်နဲ့ လှည်းယာဉ်တွေကို ပြင်ပြီး ရောက်လာကြတော့တာပဲ။ ထစ်ခနဲဆိုရင် သီချင်းဆိုဖို့ ကခုန်ဖို့လောက် စဉ်းစားနေကြတာပဲ။

လူသူအရောက်အပေါက်နည်းလှတဲ့ တောတောင်တွေကြားထဲက သူတို့ရွာကို ကျွန်တော်တို့တပ်တွေ ရောက်လာပြီဆိုကတည်းက ပွဲလမ်းသဘင်တစ်ခုခု ခင်းကျင်းပြီး ဖျော်ဖြေဖို့ စိတ်ကူးထားခဲ့တယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် ကျွန်တော်တို့ ဂျပန်တပ်သားတွေကို နည်းအမျိုးမျိုး ဧည့်ခံခဲ့ကြတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ သူတို့ရဲ့ စေတနာတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ သီချင်းဆိုပြကြရတယ်။

ရွာသားတွေဟာ ကျွန်တော်တို့ရဲ့ သီချင်းသံကို တကယ့်ပွဲကြီးလမ်းကြီးတစ်ခုလိုပဲ လေးလေးစားစား နားထောင်ပေးကြတယ်။ သက်ကြီးရွယ်အိုတွေက တံခါးပေါက်ဝနားမှာထိုင်ပြီး ကလေးတွေကတော့ ပြတင်းပေါက်တွေမှာ လက်ပေါ်ကိုမေးတင်ကာ ငြိမ်ငြိမ်ကလေးနားထောင်နေကြတယ်။ အမျိုးသမီးတွေကတော့ တဲရှေ့မှာရှိတဲ့ အုန်းပင်ကြီးတွေအောက်မှာ ကလေးငယ်လေးတွေကို ပိုက်ပြီး ကျုံ့ကျုံ့လေးထိုင်ကာ နားထောင်ကြတယ်။ ဒီတိုင်းပြည်က

လူတွေဓလေ့အတိုင်း ပရိတ်သတ်အားလုံးဟာလုံးဝလှုပ်ရှားခြင်းမရှိဘဲ ခြေတွေလက်တွေကို ကွေးကာ ငြိမ်ငြိမ်ကလေး နားထောင်ကြတယ်။

သူတို့သဘောအတွေ့ဆုံးက တပ်ကြပ် မီဇူရှီးမားရဲ့ စောင်းသံပဲ။ မီဇူရှီးမားကလည်း ကုလားထိုင်ပေါ်မှာထိုင်ရင်း ပေါင်ပေါ်မှာ စောင်းကိုတင်ပြီး စိတ်ပါလက်ပါ ခတ်ပြရှာတယ်။ စိတ်အားထက်သန်လွန်းလို့ သူ့ရဲ့စောင်းပေါ်မှာ ချိတ်ဆွဲထားတဲ့ သစ်ခွပန်းတွေ၊ ဒေါင်းတောင်တွေ ထောင်ထပြီး ကနေသလား အောက်မေ့ရအောင် တုန်ခါနေကြတော့တယ်။

အဲဒီအချိန်မှာ နားထောင်နေတဲ့လူအုပ်ကြီးထဲက မိန်းမပျိုကလေးတစ်ယောက်ဟာ ရုတ်တရက် ခုန်ထွက်လာသလို ပေါ့ပါးတဲ့ခြေလှမ်းများနဲ့ ရှေ့ကို တိုးထွက်လာတာကို တွေ့လိုက်ရတယ်။ အသက် ၁၂ နှစ်၊ ၁၃နှစ်လောက် ရှိဦးမယ်။ သူ့ကိုယ်ပေါ်မှာတော့ အလွန်လှတဲ့ လုံချည်အင်္ကျီတွေအပြင် ခါးမှာလည်း ငှက်တောင်ပံလို ခပ်ကွေးကွေး ပိတ်စတစ်ခုကို ချိတ်ထားတယ်။ ပျော့ပျောင်းလှတဲ့ ခြေချောင်းလက်ချောင်းတွေပေါ်မှာတော့ လက်ကောက်၊ ခြေချင်းတွေကို တဖျတ်ဖျတ် တောက်ပနေအောင် ဆင်ထားတယ်။ အဲဒီကလေးမရဲ့ဆံစကလေးတွေဟာ ကွေ့ကောက်တွန့်လိမ်ပြီး လှိုင်းထနေကြတယ်။ ခေါင်းပေါ်မှာတော့ နတ်သမီးတွေ ဆောင်းတဲ့ မကိုဋ်မှုလို ဦးထုပ်မျိုးကို ဆောင်းထားတယ်။

အဲဒီကလေးမမှာ တဲရဲ့အလယ်ကို ထွက်လာပြီး ပရိသတ်ကြီးကို တစ်ချက်ဝေ့ကြည့်ကာ စတင်ပြီး ကတော့တယ်။ ခေါင်းကလေးကို စောင်းလိုက်ပြီး ဘယ် ဘက်လက်ကို ရှေ့ကိုဆန့်ထုတ်လိုက်ကာ ညာဘက်လက်ကိုတော့ ရင်ညွန့်နားမှာ ကပ်ထားတယ်။ ပြီးတော့ လက်မနဲ့ လက်ညှိုးကို ဝလုံးကလေးလို ဝိုင်းအောင် ကွေးလိုက်တယ်။

သမင်မယ်ရဲ့ မျက်လုံးနဲ့တူတဲ့ မျက်ဝန်းကလေးများနဲ့ စောင်းပိုက်ထားတဲ့ မီဇူရှီးမားကို လှုပ်ရှားပြရင်း သူမရဲ့ ကကွက်နဲ့ညီအောင် လိုက်တီးပေးဖို့ တောင်းဆိုလိုက်တယ်။

မီဇူရှီးမားက စောင်းကို စပြီး တီးခတ်တော့တယ်။ သူ တီးခတ်တဲ့ တေးသွားက “ဟရုရန်းမန်း”ဆိုတဲ့ ကျောင်းသီချင်းတစ်ပုဒ်ဖြစ်ပြီး ခပ်မြူးမြူး ခပ်သွက်သွက်ကလေး ဖြစ်နေတယ်။ မိန်းကလေးကလည်း စောင်းသံကို မီအောင် လိုက်ကတယ်။ ခေါင်းကလေးကို စောင်းလိုက်၊ ခြေလှမ်းကလေး တွေကို ရှေ့တိုးနောက်ဆုတ် လုပ်လိုက် တံတောင်ဆစ်ကလေးတွေကို ကွေး လိုက်နဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း ကပြရှာတယ်။ ကလေးမလေးရဲ့ သွယ်ပျောင်း တဲ့ခြေတံလက်တံကလေးတွေက မြွေတစ်ကောင်လို ကွေးနေအောင် လှုပ်ရှား နိုင်ကြတယ်။ ဖြူဖွေးနေတဲ့ လက်ဖဝါးနုနုကလေးတွေကို ယိမ်းထိုးလှုပ်ရှား ရင်း ခြေဖျားကလေးတွေနဲ့ ဝန်းကာဝိုက်ကာ ရွေ့လျားနေတော့တယ်။ သူ ကလေးရဲ့အကဟာ ကျွန်တော်အဖို့ တွေ့ရခဲပြီး အလွန် ကြည့်လို့ကောင်း တယ်။ တစ်သက်လုံး မျက်စိထဲမှာ စွဲကျန်ရစ်ပြီး မေ့လို့ရတော့မှာတောင် မဟုတ်ဘူး။

ပရိသတ်ထဲက လူငယ်တွေက လက်ခုပ်ဩဘာပေးပြီး ချီးကျူးကြရုံတင် မကဘူး။ ပန်းကုံးတွေပန်းစည်းတွေနဲ့ ပစ်ပေါက်ပြီး ဂုဏ်ပြုကြတယ်။ မီဇူရှီးမားနဲ့ အဲဒီမိန်းကလေးတို့ရဲ့အဆိုအကကို အကြိမ်ကြိမ်ထပ်ပြီး တောင်း ဆိုကြပြန်တယ်။ သည်လိုနဲ့ တီးလို့ကလို့ ပြီးသောအခါ မီဇူရှီးမားဟာ ရွာသားတွေရဲ့ ဩဘာပေးမှုကို ခံယူရင်း တဲရဲ့ထောင့်ကွေးတစ်နေရာကို သွားထိုင်လိုက်တယ်။ ရဲဘော်ရဲဘက်တွေက မီဇူရှီးမားကို ခုလို လှမ်းစကြ တယ်။

“ဘယ်လိုလဲကွ မီဇူရှီးမား မောင်ရင်တစ်သက်လုံး မြန်မာပြည်မှာနေပြီး စောင်းတီးစားဖို့ စိတ်ကူးနေပြီလား”

မီဇူရှီးမားက နဂိုကတည်းကစကားနည်းတဲ့လူဆိုတော့ သူငယ်ချင်းတွေ ကို ပြုံးပြရုံသာ ပြုံးပြပြီး ငြိမ်ငြိမ်ကလေး ဆက်ပြီးထိုင်နေတယ်။ ပြီးတော့

ရှေ့ကို စိုက်ကြည့်နေပြီး တစ်ခုခုကို လေးလေးနက်နက် စဉ်းစားခန်းထုတ်နေပုံကိုလည်း တွေ့ရတယ်။ နောက်မှ သူ့နှုတ်ဖျားက သူပြောနေကျစကားကို ပြောချလာတယ်။

"ဘာပဲဖြစ်ဖြစ် ငါမြန်မာပြည်ကို ချစ်တယ်ကွာ"

သူ့ကို ကြည့်ရတာ အပူပိုင်းဒေသရဲ့ စူးရှတဲ့ နေရောင်ခြည် တောက်ပတဲ့ အရောင်အသွေးနဲ့ ထူးခြားတဲ့လေ့စရိုက်တွေ ဆွဲငင်ဖမ်းစားမှု ခံနေရတယ်နဲ့ တူတယ်။ သူ တစ်ခါတလေ လုံချည်များ ဝတ်ထားလို့ မြန်မာလူမျိုးနဲ့ ခွဲမရအောင် တူတယ်လို့ အပြောခံရရင် အတော်ကြီး ကျေနပ်ဂုဏ်ယူနေတာကိုလည်း တွေ့ရတယ်။ တစ်ဖက်ကတာဝန်ကို တိတိကျကျ လိုက်နာထမ်းဆောင်သလို တစ်ဖက်ကလည်း သဘာဝကျကျ နေထိုင်စားသောက်တဲ့ဘဝကို သူ ခုံမင်ပုံရတယ်။ ခရီး သွားလာရင်း မြန်မာလူမျိုးတွေ တီးတာခတ်တာ တွေ့ရရင် သူဟာ မျက်လုံးကြီး အဝိုင်းသားနဲ့ ငေးစိုက် နားထောင်နေတတ်တယ်။ သိပ်အားကျနေတဲ့ပုံစံမျိုးပဲ။ ဒါကြောင့်မို့ သူ ကင်းထောက်ထွက်တဲ့အခါတိုင်းမှာ ခရီးသွားလာရင်း တီးမှုတ် ဖျော်ဖြေတဲ့ ပုံစံမျိုးကို ဝတ်ဆင်သွားတတ်တာပဲ ဖြစ်မယ်။ မောင်ရင်တစ်သက်လုံး မြန်မာပြည်မှာ နေသွားတော့မှာလားလို့ ကျွန်တော်တို့ သူ့ကို မကြာခဏ စကြနောက်ကြတာဟာ သူရဲ့စိတ်အတွင်းပိုင်းတစ်နေရာရာကို ထိခိုက်သွားစေသလား မပြောတတ်ဘူး။

"အကီနိုဆူကီး(ဆောင်းဦးလမင်း)"ကရေတာကျိန့်ဟန(သူတို့ရဲ့ပန်း) "နောဘာရ(တောရိုင်းနှင်းဆီ)"စတဲ့ သီချင်းတွေဟာ ကျွန်တော်တို့ ကလေးဘဝကတည်းက နှုတ်ကျိုးနေခဲ့တဲ့ အလွန်ကောင်းတဲ့ သီချင်းတွေပဲ။

အဲဒီသီချင်းတွေကိုများ ဆိုနေရမယ်ဆိုရင် ကျွန်တော်တို့ဟာ ဆွေမျိုးမေ့ရုံတင် မကဘူး။ ကိုယ့်ကိုကိုယ်တောင် သတိမရတော့ဘူး။ အဲဒီသီချင်းတွေကို ဆိုလိုက်တိုင်း လူတိုင်းမှာ အမှတ်ရစရာကလေးတွေကတော့ ရှိနေကြတာပဲ။ "အင်း အဲဒီတုန်းက ဒီလိုဖြစ်ခဲ့တယ်။ အမေက ဘယ်လိုပြောပြီး၊ ညီအစ်ကို မောင်နှမတွေက ဘယ်လိုပြောခဲ့တာပဲ၊ ဘယ်လိုနေခဲ့တာပဲ"စလို့

အမှတ်ရစရာတွေ တစ်ပြုံတစ်ခေါင်းကြီး မျက်စိထဲမှာ ပြန်ပေါ်လာတတ်တယ်။ အခုတော့ အဲဒီသီချင်းတွေကို ဘယ်လိုမှ ရောက်လိမ့်မယ်လို့ မမျှော်မှန်းခဲ့တဲ့ တောထဲတောင်ထဲမှာ၊ ပြီးတော့ ရန်သူ့ လက်ချက်ကြောင့် ဘယ်နေ့သေရမလဲ လို့ ကျီးလန့်စာစား ဖြစ်နေရတဲ့ အခြေအနေမျိုးမှာ အားရပါးရဆိုနေကြ ရပြီလေ။

ကျွန်တော်တို့ဟာ ဖော်မပြနိုင်လောက်အောင် ပြင်းထန်လှတဲ့ ခံစားမှု တွေအတွက် သီချင်းတွေကိုပဲ ဖိဆိုခဲ့ကြရတယ်။

(၄)

ဒီအချိန်မှာ ကျွန်တော်တို့ ရုတ်တရက် သတိပြုမိလိုက်တာ ရှိတယ်။ ဘာ ရယ်လို့တော့ မပြောတတ်ဘူး။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြန်မာလူမျိုး တစ်ယောက်မှ မတွေ့ရတော့ဘူး။ စောစောက ကောင်မလေးကိုလည်း မတွေ့ ရတော့ဘူး။ ဘေးက လက်ခုပ်တီး အားပေးနေကြတဲ့ လူငယ်ကာလသား တွေလည်း မရှိကြတော့ဘူး။ စောစောက မကြာမကြာ စားစရာတွေ လာချ ပေးတဲ့ သူကြီးလည်း ဘယ်ရောက်သွားတယ် မသိဘူး။ နောက်ဆုံး ကျွန်တော် တို့ ဒီည ဒီမှာ တည်းဖို့နေရာတွေ ပြင်ပေးနေတဲ့ လမ်းပြကြီးလည်း ကြက် ပျောက်ငှက်ပျောက် ပျောက်သွားပြီ။ ကျွန်တော်တို့အနီးတစ်ဝိုက်မှာတော့ စားစရာ အိုးခွက်တွေ ကုလားထိုင်တွေလောက်ပဲ ပြန့်ကျဲပြီး ကျန်ရစ်ခဲ့တော့ တယ်။ တဲထဲမှာ ကျွန်တော်တို့ ဂျပန်တပ်သားတွေချည်း ကျန်ခဲ့တော့တယ်။

တဲရဲ့ အပြင်ဘက်ကို လှမ်းကြည့်တော့လည်း ပြတင်းပေါက်နားမှာရော တဲရှေ့ကွင်းပြင်မှာပါ လူစလူနတောင် မတွေ့ရတော့ဘူး။

ဒီတော့ ကျွန်တော်တို့ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်လာကြတော့တယ်။ အဲဒီ အချိန်မှာ "သီချင်းဆိုတာ ရပ်လိုက်ကြစမ်းဟေ့"ဆိုတဲ့ အော်သံတစ်ခုကို လည်း ကြားလာရတယ်။

မြန်မာတွေရဲ့ရွာကို ရောက်တဲ့အခါ ပထမပိုင်းမှာ သူတို့တစ်တွေဟာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး ပျူပျူငှာငှာ ဧည့်ခံကြမယ်။ ခဏကြာတော့ သူတို့ အားလုံး တစ်ယောက်ပြီးတစ်ယောက် ပျောက်ကွယ်သွားပြီး မကြာခင်မှာပဲ ကျွန်တော်တို့ဟာ ရန်သူစစ်သားတွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရတော့တာပဲ။ သူတို့က ရန်သူကို သွားပြီး သတင်းပို့ကြတာကိုး။ အခုလဲပဲ ကျွန်တော်တို့ တစ်တွေဟာ အဲဒီလို လှည့်စားတာခံလိုက်ရပြီလို့ ထင်ရတယ်။

ချက်ချင်းဆိုသလို ကျွန်တော်တို့ဘက်ကလည်း စစ်တိုက်ဖို့ အသင့်ပြင်ရတော့တာပေါ့။ ကျွန်တော်တို့ တပ်သားတွေ လူစုခွဲပြီး နေရာယူလိုက်ကြတယ်။ ပြီးတော့ အရေးကြီးတဲ့ ပစ္စည်းတွေ သိမ်းဆည်းပြီး အလွယ်တကူ ယူတဲ့သူယူ၊ ကတုတ်ကျင်းတူးတဲ့သူက တူးကြတော့တယ်။ သေနတ်ကိုဆွဲတဲ့သူက ဆွဲပြီး တချို့ကတော့ အပြင်ထွက်တိုက်ဖို့ ပြင်ဆင်ကြတယ်။

အဲဒီအချိန်မှာ တပ်စိတ်မှူးဗိုလ်ကြီးက "တပ်ယောက်မှ မလှုပ်နဲ့ ငြိမ်ငြိမ်နေကြ"လို့ အမိန့်ပေးလိုက်တယ်။ ပြီးမှ အသံကို တမင်နှိမ့်ပြီး "သီချင်းဆက်ဆိုကြ"လို့ ပြောလာတယ်။ အဲဒီနောက် အသက်ကိုအောင့်ပြီး အသံတိုးတိုးနှိမ့်ကာ ခုလို အမြန်ပြောလိုက်တယ်။

"ခုလို ငါတို့ရိပ်မိတယ်ဆိုတာကို ရန်သူ မသိစေနဲ့၊ သီချင်းကို မှန်မှန်ဆက် ဆိုကြ။ ဒီအတောအတွင်း ပြင်စရာရှိတာကို ပြင်ကြ။ မြန်မာလူမျိုးတွေ ပျောက်သွားခါစ ရှိသေးတာမို့ ရန်သူကတော့ ချက်ချင်းလာဦးမှာ မဟုတ်ဘူး။ ငါတို့ ရိပ်မိသွားပြီဆိုတာကို ရန်သူ သဘောပေါက်သွားရင်တော့ ချက်ချင်းရောက်လာကြလိမ့်မယ်"

တပ်စိတ်မှူးက အဲသည်လို ရှင်းပြတယ်။ အဲသည်တော့မှ အားလုံးက ဟုတ်သားပဲလို့ သဘောပေါက်သွားကြတယ်။ ဒါနဲ့ ဆိုလက်စသီချင်းကို ဆက်ပြီး အော်ဆိုကြတော့တယ်။

ဒီအတောအတွင်းမှာ တချို့တပ်သားတွေဟာ ရန်သူမမြင်ရအောင် ကြမ်းပြင်ပေါ်မှာ ဟပ်ထိုးသွားပြီး သေနတ်တွေကို ပေးကြတယ်။ သေနတ်ရ

တဲ့သူတွေက တတ်နိုင်သလောက် ပါးစပ်ကသီချင်းကိုဆိုပြီး လက်ကတော့ ဖိနပ်ကြိုးစည်းလိုက်၊ ကျည်ဆန်အိတ်တွေ ချိတ်လိုက်၊ ခါးပတ်ပတ်လိုက်နဲ့ လုပ်ကြရတယ်။ အဲသည်လို ပြင်ဆင်နေတုန်းမှာပဲ "နောဘာရ(နှင်းဆီရိုင်း)" သီချင်းက ဆုံးသွားတယ်။ ဒီတစ်ခါတော့ "အာအားဂယောခုဟိုင် (ရတနာ ရွှေခွက်)"သီချင်းကိုဆက်ပြီး ဆိုကြတယ်။ သီချင်းဆိုရင်း တိုင်ကိုကွယ်ပြီး မှန်ပြောင်းနဲ့ လှမ်းကြည့်လိုက်တဲ့အခါ ကွင်ပြင်ကြီးရဲ့ ဟိုဘက်က တောအုပ် ထဲမှာ ဂေါ်ရခါးစစ်သားတွေ လှုပ်လှုပ်ရွရွ ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ကုလားစစ်သားတွေရဲ့ ခေါင်းပေါင်းတွေကိုလည်း မြင်ရတယ်။ သူတို့ဟာ တစ်နေရာကနေ အပြေးသွားလိုက် ပြန်ဝပ်လိုက်လုပ်ရင်း သစ်ပင်တွေ ကြားမှာ တိုက်ပွဲစဖို့ အသင့်ပြင်နေကြတယ်။ ကျွန်တော်တို့ဟာ ပါးစပ်ကသာ "ရတနာရွှေအိုး"သီချင်းကို ဆိုနေရတာဖြစ်ပေမယ့် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်ပြီး တစ်ကိုယ်လုံး တုန်ယင်နေကြတယ်။ ကျွန်တော်တို့ဟာ အဲဒီ ဂန္ထဝင် အဆွေးသီချင်းကို ဘဝရဲ့ နောက်ဆုံးအမှတ်တရသီချင်းအဖြစ်နဲ့ စိတ်ပါ လက်ပါ ဆိုနေမိကြတော့တယ်။ အဲဒီအချိန်အတွင်းမှာ တပ်စိတ်မှူးဗိုလ်ကြီး ကတော့ အသံခပ်တိုးတိုးနဲ့ အမိန့်ပေးလိုက်၊ လူစုခွဲပြီး နေရာချလိုက်နဲ့ အတော့်ကို အလုပ်ရှုပ်နေတော့တယ်။ အဲသည်လို ညွှန်ကြားရင်းက သီချင်း ဆုံးခါနီးလည်း ရောက်ရော"လက်ခုပ်တီးကြ လိုက်ရယ်ကြ"လို့ အမိန့်ပေး ပြန်တယ်။ ကျွန်တော်တို့လည်း အမိန့်အတိုင်း လက်ခုပ် လက်ဝါးတီးပြီး တဟားဟား ရယ်မောလိုက်ကြတယ်။

တပ်စိတ်မှူး ဗိုလ်ကြီးက ဆက်ရှင်းပြတယ်။

"ဟုတ်ပြီလားဟေ့၊ ဘယ်အချိန်မှာ တစ်ဖက်က တို့ကို လှမ်းပြီးပစ်မယ် ဆိုတာ ခန့်မှန်းလို့ မရဘူး။ ဒါကြောင့်မို့ တို့ဘက်က တတ်နိုင်သလောက် အချိန်ကို ဆွဲထားရမယ်။ တတ်နိုင်သလောက် ကြိုးစားပြီး နှောင့်နှေးအောင် လုပ်ကြရမယ်။ ကဲ နောက်တစ်ခါ ထပ်ပြီး ရယ်လိုက်ကြဦးဟေ့"

ကျွန်တော်တို့လည်း နောက်တစ်ကြိမ် လက်ခုတ်လက်ဝါးတီးပြီး ရယ်လိုက်ကြပြန်တယ်။ အမိန့်ပေးလို့သာ လုပ်ရတယ် အတော့်ကို ပင်ပန်းတဲ့ အလုပ်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ဖက်တောအုပ်ထဲ စက်သေနတ်တွေက ကျွန်တော်တို့ကို အသင့်ချိန်ထားပြီးကြပြီလေ။ ဘယ်အချိန်မှာ မီးပွားတွေ ဖွာခနဲ ထွက်လာပြီး တဒက်ဒက်နဲ့ အပစ်ခံကြရမယ် မပြောတတ်ဘူး။

ဒီအချိန်အတောအတွင်းမှာ ကျွန်တော်တို့တပ်ဟာ ပြင်လို့ဆင်လို့ အတော် ခရီးပေါက်လိုက်တယ်။ လုပ်စရာဆိုလို့ သိပ်ပြီး အရေးကြီးတဲ့အလုပ် တစ်ခုပဲ ကျန်တော့တယ်။ အဲဒါက ပေါက်ကွဲစေတတ်တဲ့ ခဲယမ်းတွေတင်ထားတဲ့ သေတ္တာကြီးက ကွင်းပြင်ထဲမှာ ရပ်ထားတဲ့လှည်းပေါ်မှာ တင်ပြီး ကျန်ရစ်ခဲ့တယ်။ အဲဒီသေတ္တာကြီးကို စိတ်ချရပြီး လုံခြုံတဲ့နေရာကို ယူလာနိုင်ဖို့ သိပ်အရေးကြီးတယ်။ ပြီးတော့ တောထဲက မှန်ပြောင်းနဲ့ ကြည့်နေတဲ့ ရန်သူကို ပုံမှားရိုက်ပြီး သယ်လာနိုင်အောင် ကြိုးစားကြရမယ်။

ဘယ်လိုလုပ်ရပါ့မလဲ။ ကျွန်တော်တို့အားလုံး သီချင်းတွေ တကြော်ကြော်ဆိုရင်းက စဉ်းစားခန်း ထုတ်နေမိကြတယ်။ အဲဒီသေတ္တာကြီးကို ရန်သူရဲ့ကျည်ဆန်တစ်တောင့်ပဲထိဦး၊ အားလုံး ကိစ္စချောမှာ သေချာတယ်။ လှည်းပေါ်မှာ တင်ထားတဲ့ အခြားကျည်ဆန်တွေ ဗုံးတွေကို ကူးစက်သွားမှာ သေချာတယ်။ ကျွန်တော်တို့ဟာ ဒီလို အခက်အခဲကြုံတဲ့အခါမျိုးမှာ အားကိုးရတဲ့ တပ်ကြပ် မီဇူရီးမားကို ဝိုင်းပြီး ကြည့်လိုက်ကြတယ်။ သူကတော့ သီချင်းဆိုလိုက် ရယ်မောလိုက် စောင်းတီးလိုက်နဲ့ လုပ်နေရင်းက အကြိတ်အနယ် စဉ်းစားနေပုံရတယ်။ နောက်ဆုံးမှာ အကြံကောင်းတစ်ခုကို ရလာတဲ့အလား တပ်စိတ်မှူး ဗိုလ်ကြီးရဲ့ အနားကိုသွားပြီး တီးတိုးတိုင်ပင်နေတာကို တွေ့လိုက်ရတယ်။

တပ်စိတ်မှူး ဗိုလ်ကြီးနဲ့ မီဇူရီးမားတို့ဟာ အစီအစဉ်တစ်ခုကို လုပ်ဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်တော်တို့ တပ်သားတွေဟာ တန်းစီလိုက်ပြီး သီချင်းကို ရဲရဲအော်ဆိုကာ တဲအပြင်ဘက်ကို ထွက်လာခဲ့ကြတော့တယ်။

မီဇူရီးမားကတော့ ပခုံးမှာ လွယ်ထားတဲ့ စောင်းကို တီးခတ်ရင်း ရှေ့ဆုံးကနေ ထွက်သွားတယ်။ သူနောက်က လိုက်သွားတဲ့ တပ်သားတွေက စောစောက ကာလသားတွေ ပစ်ပေးသွားတဲ့ ပန်းကန်တွေကို စုစည်းပြီး ရင်ထဲမှာ ပွေ့ သွားကြတယ်။ တချို့ကလည်း အုတ်အော်သောင်းတင်း ရယ်မောကြပြီး တချို့ကတော့ မြန်မာလူမျိုးတွေရဲ့ အကကို အတုခိုးပြီး ခုန်ပေါက်မြူးထူးကာ လျှောက်သွားကြတယ်။ နောက်ဆုံးမှာ မီဇူရီးမားကို လှည်းပေါ်ရောက် အောင် တွန်းတင်လိုက်ကြတယ်။ မီဇူရီးမားဟာ ခဲယမ်း သေတ္တာကြီးပေါ်ကို ခြေထောက်ပြီး ရပ်လိုက်တယ်။ ပြီးတော့မှ သူ့ရဲ့စောင်းကို ဒူးပေါ်ထောင်ကာ မြူးမြူးကြွကြွ တေးသီချင်းကို စတီးတယ်။ လှည်းရဲ့ဘေးမှာ စုဝေးတုန်းက ကျွန်တော်တို့ဟာ ပန်းစည်းတွေကို ဝှေ့ယမ်းရင်း သီချင်းကို သံပြိုင် အော်ဟစ် သီဆိုကြတော့တယ်။

ကျွန်တော်တို့ရဲ့ အကြံက အခုလို ရှင်လောင်းလှည့်တဲ့ ပုံစံမျိုးနဲ့ ခဲယမ်း တွေ ပါတဲ့ လှည်းကို တခြားတစ်နေရာကို ရွှေ့သွားကြဖို့ပဲ။ ဒီလိုနဲ့ လှည်းကို ဆွဲရင်းကနေ သက်သောင့်သက်သာ သီဆိုနိုင်မယ့်သီချင်းကို စိတ်ထဲက ရွေးနေမိကြတယ်။ အဲသည်တုန်းက ကျွန်တော်တို့ဆိုခဲ့တဲ့သီချင်းတွေကို "နီဂနို့ကျိဂုဆန်" "ဟညုနောယဒို" သီချင်းနှစ်ပုဒ်ပဲ။

တောထဲကအခြေအနေကို လှမ်းပြီးအကဲခတ်ကြည့်လိုက်တော့ သူတို့ ဘက်ကလည်း နေရာယူလို့ ပြီးကုန်ကြပြီနဲ့ တူတယ်။ လှုပ်ရှားသွားလာ နေတဲ့ လူရိပ်လူခြေကို မတွေ့ရတော့ဘူး။ တစ်လောကလုံး အပ်ကျသံကို ကြားနိုင်လောက်အောင် ပြန်ပြီး ငြိမ်သက်သွားတယ်။

ကျွန်တော်တို့အားလုံးဟာ သီချင်းစာသားအတိုင်း မှန်အောင် ကြိုးစားပြီး အော်ဆိုနေကြရတယ်။ အခုအချိန်အထိ ဘယ်အချိန်မှာ တောအုပ်ထဲက ဒိုင်းဆိုတဲ့ အသံနဲ့အတူ မီးတန်းတွေ ထွက်လာမှာပါလိမ့်လို့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ လန့်နေတုန်းပဲ။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ဟာ ပြောင်သလို ပျက်သလို လုပ်ပြီး လေးလံလှတဲ့လှည်းကြီးကို အမြန်ဆုံး

ခပ်ဝေးဝေးရောက်အောင် အားစိုက် တွန်းနေကြရတယ်။ တကယ်လို့များ တောထဲက ကျည်ဆန်တစ်ခု ရှိခနဲ ထွက်လာပြီး ကျွန်တော်တို့လှည်းကို လာမှန်မယ်ဆိုရင်တော့ လှည်းပေါ်မှာရပ်နေတဲ့ မီဇူရီးမားတင်မကဘူး ကျွန်တော်တို့အားလုံး ကိစ္စတုံးကုန်ကြမှာ သေချာတယ်။

လှည်းကြီးတအိအိနဲ့ ရွေ့နေတယ်။ ကျွန်တော်တို့တစ်တွေဟာ လမ်းပေါ်မှာ ရှိတဲ့ ကျောက်ခဲတွေကို ဖယ်လိုက်၊ ချိုင့်ထဲကျသွားတဲ့အခါ လှည်းဘီးကို ပခုံးနဲ့ ပင့်တင်လိုက် လုပ်ရင်းနဲ့ "ဟညုနို့ယဒို"သီချင်းကို သံပြိုင်ဆိုနေမိကြတယ်။ အသက်ကို အောင့်ပြီး မျက်နှာတွေကို ရှုံ့ထားကြပေမယ့် သီချင်းကိုတော့ အသံညီနိုင်သမျှ ညီအောင်ထိန်းပြီး ဆိုကြရတယ်။ မီဇူရီးမားကတော့ သူ လက်အတွေ့ဆုံးဖြစ်တဲ့ ဒီ(ဟညုနို့ယဒို)သီချင်းကို ထုံးစံအတိုင်း အားစိုက်ပြီး တီးနေရှာတယ်။ ဒီသီချင်းက ခပ်ဖြည်းဖြည်း ခပ်မှန်မှန်နဲ့ဆွဲပြီး ဆိုမယ်ဆိုရင် အလွန်လွမ်းစရာကောင်းပြီး ကြားရသူတွေရဲ့စိတ်ကို ဆွဲဆောင်နိုင်တဲ့သီချင်းကောင်းတစ်ပုဒ်ပဲ။ ကျွန်တော်တို့ရဲ့ အသံတွေကလည်း နိမ့်လိုက်မြင့်လိုက် နေးလိုက်မြန်လိုက်နဲ့ သီချင်းထဲမှာ မျောပါနေကြတယ်။

နောက်ဆုံးတော့ ကျွန်တော်တို့တွန်းလာတဲ့ လှည်းကြီးဟာ ရည်မှန်းထားတဲ့နေရာနဲ့ လေးငါးမီတာအကွာကို ရောက်လာတော့တယ်။

အဲဒီအချိန်မှာပဲ ရုတ်တရက် ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက ဖုံးလာတော့တယ်။ အပူပိုင်းဒေသဆိုတော့ နေ့နဲ့ညက သိပ်သိသာတယ်။ နေဝင်ပြီဆိုတာနဲ့ ချက်ချင်း မှောင်လိုက်လာတော့တာပဲ။ ဒီလိုအခြေအနေမျိုးက ကျွန်တော်တို့အတွက် သိပ်ပြီး အသုံးဝင်တယ်လို့ ပြောရမယ်။ အခြားပြင်စရာရှိတဲ့အလုပ်တွေလည်း အကုန်ပြီးကုန်ပြီ။ ကျွန်တော်တို့ဟာ ဟိုဟိုသည်သည် နေရာတွေမှာ နှစ်ယောက်သုံးယောက်စီ နေရာဖြန့်ပြီး အသင့်ဝပ်ကာ သေနတ်ခလုတ်တွေပေါ်မှာ လက်ညှိုးတွေကို အသင့်ချိတ်ထားလိုက်ကြတော့တယ်။ တပ်စိတ်မှူးဗိုလ်ကြီးဟာလည်း ခါးမှာ ချိတ်ထားတဲ့ဆောင်ဓားရှည်ကြီးကို ကျစ်ကျစ်ပါအောင် ကိုင်ပြီး ဘယ်အချိန်မှာ"ပစ်"လို့ အမိန့်

ပေးရမလဲလို့ ချင့်ချိန်စဉ်းစားရင်း ရန်သူတွေရှိရာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတယ်။

လှည်းကြီးလည်း လုံခြုံတဲ့နေရာကိုရောက်ရော ကျွန်တော်တို့ဆိုလာတဲ့ "ဟညုနို့ယဒို"သီချင်းလည်း ဆုံးသွားတော့တယ်။ တပ်စိပ်မှူးက သူ့ဓားအိမ်ထဲက ဓားကို ဇတ်ခနဲ ဆွဲထုတ်လိုက်တယ်။ လှည်းကို တောက်လျှောက်တွန်းလာတဲ့ ကျွန်တော်တို့အားလုံးဟာလည်း သီချင်းအဆိုရပ်ပြီး သေနတ်တွေကို ဆွဲကိုင်လိုက်ကြတယ်။ အဲသလို ခဏတစ်ဖြုတ် ငြိမ်ကျသွားတဲ့အချိန်အတောအတွင်းမှာ ကျွန်တော်တို့တစ်တွေဟာ ဟိုးခပ်လှမ်းလှမ်းမှာရှိတဲ့ ချိုင့်ဝှမ်းဆီက ရေစီးသံတွေကို ပြတ်ပြတ်သားသား ကြားလာရတယ်။ စောစောက စိုးစိုးစိုးစိနဲ့ ဆူညံအောင် အော်မြည်နေတဲ့ ငှက်ကလေးတွေတောင် မောပန်းလို့ အိပ်တန်းဝင်သွားကြပြီလား မပြောတတ်ဘူး။

တစ်စိတ်မှူး ဗိုလ်ကြီးက သူ့ဓားကို မြှောက်လိုက်တယ်။ ကျွန်တော်တို့တပ်သားအားလုံးလည်း ညာသံပေးပြီး ချီတက်တိုက်ခိုက်ဖို့ ဟန်ပြင်လိုက်တယ်။ အဲဒီအချိန်မှာ တပ်စိတ်မှူးက လည်မျိုဝအထိ ရောက်နေပြီ ဖြစ်တဲ့အမိန့်သံကို မျိုသိပ်ဟန့်တားရင်း ရုတ်တရက်ငြိမ်ပြီး ရပ်နေတော့တယ်။

ထူးဆန်းတာက တောအုပ်တွင်းက သေနတ်သံမထွက်လာဘဲ သီချင်းဆိုသံတွေ ထွက်လာတာကို အတိုင်းသားကြားလာကြရတယ်။ အဲဒီ သီချင်းသံတွေဟာ ပြတ်ပြတ်သားသား အားရပါးရဆိုနေကြတဲ့ "ဟညုနိယဒို" သီချင်းသံတွေ ဖြစ်နေတယ်။

တပ်စိတ်မှူး ဗိုလ်ကြီးဟာ ရှေ့ကို တစ်ဖွတ်ထိုးပြေးသွားမယ့် စစ်သားတစ်ယောက်ကို ကုပ်ကနေ လှမ်းဆွဲပြီး နောက်ကဆက်ပြီး ချီတက်မယ့် ကျန်တဲ့ စစ်သားတွေကို လက်နှစ်ဖက်နဲ့ကာပြီး ဟန့်တားလိုက်တယ်။

"နေကြဦး"လို့ တပ်စိတ်မှူးဗိုလ်ကြီး ထအော်ပြီး အမိန့်ပေးတယ်။ "အဲသည် သီချင်းကို နားထောင်ကြစမ်း"

တောထဲက သီချင်းသံနဲ့အတူ ဟိုနေရာ သည်နေရာကပါ နှစ်ကျော့ သုံးကျော့ ဝိုင်းပြီး ဆိုလာကြတော့တယ်။ သူတို့ဆိုတဲ့ သီချင်းက ဟညုန့်ယဒိုကို အင်္ဂလိပ်လို ဆိုနေကြတာကိုး။

ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြတယ်။ ဒါက ဘာသဘောပါလိမ့်။ တောထဲမှာ ရှိနေကြတဲ့ သူတွေက ကျွန်တော်တို့အားလုံးကို ဇီဝိန်ချွေမယ့် ရန်သူတွေ ဟုတ်မှ ဟုတ်ပါလေစ။ ဒါမှ မဟုတ် ရွာသားတွေများ ဖြစ်နေကြမလား။ ဒါဆိုရင် စိုးရိမ်ဖို့ မလိုမှ မလိုဘဲ။ သည်လိုနဲ့ ကျွန်တော်တို့ဟာ သက်ပြင်းရှည်ကြီးတွေ ချပြီး လက်ထဲက သေနတ်တွေကို လွှတ်ချလိုက်ကြတော့တယ်။

တောတစ်ခုလုံး သီချင်းသံတွေနဲ့ လွှမ်းကုန်တော့တယ်။ ဟိုးအဝေးက မြစ်ဘေးမှာရှိတဲ့ ချောက်ကမ်းပါးကြီးရဲ့ ခြေရင်းကတောင် သီချင်းသံတွေ ထပ်လို့ ပေါ်ထွက်လာကြတယ်။ ကျွန်တော်တို့လည်း အဲဒီသီချင်းသံနဲ့အတူ လိုက်ဆိုကြတော့တယ်။

ဖိုးလမင်းကြီးလည်း ဝါးရုံပင်တွေကြားက ထွက်ပေါ်လာတယ်။ ပြီးတော့ ပတ်ဝန်းကျင်တစ်ခုလုံးကို သူ့ရဲ့ အေးမြတဲ့ လရောင်တွေနဲ့ဖြန့်ကြက်ပေးထားတယ်။ လရောင်ခြည်တန်းတွေဟာ သစ်ပင်တွေရဲ့ကြားမှာ တောက်ပတဲ့ ပယင်းဖန်တိုင်ကြီးတွေလို ထိုးကျနေကြတယ်။ အဲဒီတောတန်းထဲက လူရိပ်တွေဟာ ကျိုးကျဲကျိုးကျဲဆိုသလို ဟိုနေရာသည်နေရာကနေ ကွင်းပြင်ကြီးထဲကို ထွက်လာကြတော့တယ်။

သေသေချာချာကြည့်လိုက်တော့ အင်္ဂလိပ်စစ်သားတွေ ဟိုတစ်စု သည်တစ်စု အုပ်စုကလေးတွေ ဖွဲ့ပြီး သီချင်းတွေ အော်ဆိုနေကြတယ်။ "Sweet Home"နဲ့ "The Last Rose"သီချင်းတွေကို စိတ်ပါလက်ပါဆိုကြတယ်။ (ဟညုန့်ယဒို)နဲ့ (နိငနိကျဂုဆ) သီချင်းတွေကို ကျွန်တော်တို့က အရင်ကတည်းက ရှိခဲ့တဲ့ ဂျပန်သီချင်းဟောင်းတွေလို့ ထင်နေခဲ့ကြတယ်။ လက်စသတ်တော့ ဒါတွေက အင်္ဂလိပ် တေးသွားတွေ ဖြစ်နေတာကိုး။ ဒါတင်

ဘယ်ကသေးမလဲ။ ဟညုန္နီယဒိုဆိုတဲ့ သီချင်းဟာ အင်္ဂလိပ်တွေ အမြတ်တနိုး ဂုဏ်ယူပြီး ဆိုခဲ့တဲ့ မိသားစုအောက်မေ့ဖွယ်ရာ သီချင်း ဖြစ်နေလေတော့ ဒီသီချင်းကို ကြားလိုက်ရတယ်ဆိုရင်ပဲ သူတို့အားလုံး မိမိတို့ရဲ့ ကလေးဘဝ အတွေ့အကြုံတွေ၊ အမေနဲ့ မွေးရပ်မြေရဲ့ အကြောင်းတွေကို ပြန်ပြီး သတိရ လာကြတော့တာပဲပေါ့။ သည်လောက် လွမ်းဖို့ကောင်းတဲ့ သီချင်းကို မြန်မာ ပြည်ရဲ့ တောကြီးမျက်မည်းထဲမှာ မိမိတို့ဝိုင်းထားတဲ့ရန်သူ ဂျပန်စစ်သား တွေရဲ့ နှုတ်ဖျားက ထွက်လာတာကို ကြားရတော့ သူတို့အားလုံး အံ့အားသင့် သွားကုန်ကြတာပေါ့။

ဒီအခြေအနေမျိုး ရောက်လာတော့မှ ရန်သူမိတ်ဆွေရယ်လို့ ခွဲခြားလို့ မဖြစ်တော့ဘူးပေါ့။ တစ်ယောက်ကိုတစ်ယောက် တိုက်နေခိုက်နေဖို့လည်း မလို တော့ဘူး။ အင်္ဂလိပ်စစ်သားတွေကော ကျွန်တော်တို့ ဂျပန်စစ်သားတွေပါ သီချင်းပြိုင်တူဆိုမိလျက်သား ဖြစ်လာကြတော့တယ်။ နှစ်ဖက်တပ်က စစ်သားအချင်းချင်းဟာ တစ်ယောက်လက်ကို တစ်ယောက်ဆွဲလို့ ပျော်ပျော် ပါးပါး နှုတ်ဆက်လာကြတော့တယ်။ နောက်ဆုံးမှာတော့ ကျွန်တော်တို့ဟာ ရွာလယ်ကွင်းပြင်ကြီးထဲမှာ မီးပုံပြီး တပ်စိတ်မှူးရဲ့ ညွှန်ကြားမှုအောက်မှာ သီချင်းတွေ ပြိုင်တူ အော်ဆိုနေမိကြတော့တယ်။

အရပ်မြင့်မြင့် စစ်သားတစ်ယောက်က သူ့အိတ်ကပ်ထဲက မိသားစု ဓာတ်ပုံကို ထုတ်ပြီး မီးရောင်အောက်မှာ ငေးကြည့်နေရှာတယ်။ သူ့ပုံပန်းက ခေါင်းပေါင်းဖြူဖြူ မုတ်ဆိတ်မွေးထူထူနဲ့ အတော်ကြောက်စရာကောင်းတဲ့ ပုံပေါက်နေပေမယ့် သူ့မျက်လုံးတွေကတော့ သိုးငယ်တစ်ကောင်လိုပဲ အလွန် သိမ်မွေ့ပြီး ကြင်နာတတ်တဲ့သဘောကို ဆောင်နေကြတယ်။ သူက အဲသည် မိသားစုဓာတ်ပုံ ကျွန်တော်တို့ကိုလည်း လိုက်ပြတယ်။ ပုံထဲမှာတော့ သူ့မိန်းမ ရယ် ကလေးနှစ်ယောက်ရယ် အုန်းပင်တွေရဲ့အောက်မှာ တန်းစီရပ်ပြီး ပြုံး နေကြတယ်။ သူ စစ်ထဲမဝင်ခင်တုန်းက အိန္ဒိယပြည်၊ ကလကတ္တားမြို့မှာ ကုန်ရောင်းကုန်ဝယ်လုပ်ခဲ့တယ်လို့လည်း ရှင်းပြတယ်။

ဘယ်တိုင်းကမှန်းတော့ မသိဘူး။ နိုင်ငံခြားသားစစ်သားတစ်ယောက်က ကျွန်တော်တို့မှာပါတဲ့မိသားစုဓာတ်ပုံတွေကိုလည်းပြဖို့ တောင်းဆိုလာတယ်။ ကျွန်တော်တို့ ဂျပန်တပ်ထဲက စစ်သားတစ်ယောက်က သူ့အဘွားရဲ့ပုံကို ထုတ်ပြတဲ့အခါ အဲသည်စစ်သားဟာ ဓာတ်ပုံကို သူ့ပါးနဲ့ကပ်လိုက် ကစ်စ်ပေးလိုက် လုပ်နေရှာပြန်တယ်။

နောက်ပြီးတော့ မျက်နှာနီစပ်စပ်နဲ့ အင်္ဂလိပ်စစ်သားတစ်ယောက်ကလည်း If a body meet abody ဆိုတဲ့ အင်္ဂလိပ်သီချင်းကို စဆိုလိုက်တယ်။ ဒီအခါမှာ ကျွန်တော်တို့အထဲက ဂျပန်စစ်သားတစ်ယောက်ကလည်း သူ့တေးသွားနဲ့လိုက်ပြီး "ဟရုဆောရုဟာရဲတယ်"ဆိုတဲ့ သီချင်းကို ပြိုင်တူလိုက်ဆိုတယ်။ ဒီအခါမှာ အင်္ဂလိပ် စစ်သားကြီး အတော့ကို ပျော်သွားတဲ့ပုံစံနဲ့ ဂျပန်စစ်သားရဲ့ပခုံးကိုဖက်ပြီး ကခုန်နေတော့တယ်။ ဂျပန်စစ်သားကလည်း အသံကုန်ဟစ်ပြီး ဆိုတယ်။ ကျွန်တော်တို့ အားလုံးကလည်း ဝိုင်းပြီး ဆိုပေးကြတယ်။

မိဇူရှိမားကလည်း အဲဒီသီချင်းကို သူ့စောင်းနဲ့မီအောင် လိုက်ပြီး ကြိုးစားတီးရှာတယ်။ တခြားအင်္ဂလိပ်စစ်သားတွေကတောင် သဘောကျလွန်းလို့ လက်ခုပ် လက်ဝါးတီးပြီး သူ့ကို အားပေးကြတယ်။ သူ့ရဲ့ဘေးက ထင်ဟပ်လာတဲ့ မီးရောင်အောက်ကနေ သေသေချာချာ ကြည့်လိုက်တဲ့ အခါမှာတော့ သူ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ တတွေတွေ စီးကျနေတာကိုမြင်လိုက်ရတယ်။ သူ့ကိုကြည့်ပြီး တခြားစစ်သားအားလုံးဟာ လူမျိုးတိုင်းပြည် မခွဲခြားဘဲ အားလုံး မျက်ရည်တွေ စီးကျလာကြတော့တယ်။

အဲဒီနေ့ညမှာပဲ ကျွန်တော်တို့အားလုံးဟာ လွန်ခဲ့တဲ့သုံးရက်လောက်က စစ်ကြီးပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိလိုက်ရတော့တယ်။ အမှန်တော့ အလွန်ကြောက်စရာကောင်းတဲ့ရန်သူလို့ သတ်မှတ်ခြင်းခံရတဲ့ ကျွန်တော်တို့ ဂျပန်စစ်သားတွေကို ဒီအကြောင်း ရှင်းပြဖို့ သိပ်လွယ်လိမ့်မယ်လို့ သူတို့ အင်္ဂလိပ်စစ်သားတွေ မထင်ခဲ့ကြဘူး။ ဒါကြောင့်မို့ လက်ကျန်ဂျပန်စစ်သားတွေကို

လိုက်လံ ရှင်းလင်းပစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့ကြတာဖြစ်ပေမယ့် လက်တွေ့ကျတော့ အခြေအနေက တစ်မျိုးပြောင်းသွားခဲ့တယ်။

သည်လိုနဲ့ပဲ ကျွန်တော်တို့အားလုံး လက်နက်ချခဲ့ကြရတယ် ဆိုပါတော့။

❐

## ရှေ့ခရီးကြက်တူရွေး

ကျွန်တော်တို့အားလုံး လက်နက်တွေကို စွန့်ခဲ့ကြရပြီ။ ပြီးတော့ အဲသည်နေ့ကစပြီး ကျွန်တော်တို့ဟာ အင်္ဂလိပ်စစ်တပ်ရဲ့ သုံ့ပန်းဘဝကို ရောက်ခဲ့ကြရပြီ။

သေသေချာချာ စဉ်းစားကြည့်လိုက်ရင် ကျွန်တော်တို့ရဲ့ ဘဝအပြောင်းအလဲက အိပ်မက်လိုပဲ။ နောက်တစ်နေ့ ညရောက်တဲ့အခါမှာ တပ်စိတ်မှူးဗိုလ်ကြီးဟာ ကျွန်တော်တို့အားလုံးကို မျက်နှာချင်းဆိုင်ပြီး အခုလို မိန့်ကြားလာတယ်။

“ရဲဘော်တို့၊ ငါတို့အားလုံး လက်နက်ချလိုက်ကြရပြီ။ ငါတို့တစ်တွေသာမကဘဲ ငါတို့ရဲ့အမိတိုင်းပြည်လည်း လက်နက်ချလိုက်ရပြီ။ ဒီအကြောင်းတွေကို ဘယ်လို စဉ်းစားတွေးတောပြီး ဖြေသိမ့်ရမယ်ဆိုတာ ငါလည်း မသိဘူး။

အခုအချိန်ကစပြီး ရှေ့လျှောက် ဘာတွေ ဆက်ဖြစ်ကြဦးမယ် ဆိုတာကိုလည်း လုံးဝ မသိနိုင်ဘူး။ ငါတို့တစ်တွေကို ဘယ်အထိ ခေါ်သွားကြမယ် ဘာတွေလုပ်ကြဦးမယ်ဆိုတာကိုလည်း မသိတဲ့အပြင် ငါတို့ကို အခုလို အသက်ရှက်လျက်နဲ့ ဆက်ပြီး ထားဦးမလား၊ မထားဘူးလားဆိုတာကိုလည်း ခန့်မှန်းလို့ မရဘူး။

အခု ငါတို့ဂျပန်ပြည်မှာ ဘာတွေဖြစ်နေကြတယ်ဆိုတာကိုလည်း သည်လောက်ခေါင်တဲ့အရပ်ကို ရောက်နေမှတော့ အဆက်အသွယ်မရတာမရနဲ့ ဘယ်လိုမှသိခွင့်ရနိုင်မှာ မဟုတ်ဘူး။ တစ်ခါတလေ ကောင်းကင်က ရန်သူ့

လေယာဉ်တွေ ကြဲချတဲ့ ကြေညာစာတမ်းတွေ သတင်းစာတွေအရတော့ ငါတို့ဂျပန်ပြည်ဟာ တစ်ပြည်လုံးမှာ လေကြောင်းက တိုက်ခိုက်ခြင်းကို ခံရပြီး နေရာအနှံ့မှာ မီးလောင်ကျွမ်းခံရတယ်။ လူတွေအများကြီး သေကျေဒဏ်ရာရကြတယ်။ ဝတ်မွတ် ခေါင်းပါးတဲ့ ကပ်ဘေးဆိုက်နေကြတယ်ဆိုတာကို ဖတ်ကြရတယ်။ အဲဒီဝါဒဖြန့် သတင်းစကားအားလုံးကို မုသားပြောတာလို့တော့ မအောက်မေ့သင့်ဘူး။ ငါတို့ သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမတွေ မိဘဆွေမျိုးတွေဟာ သေချာပေါက် ဒုက္ခလှလှကြီး တွေ့နေကြရပြီလို့ ငါထင်တယ်။ ငါတို့ စဉ်းစားကြည့်လိုက်ရင် ငါတို့ရင်ထဲမှာ မီးစနဲ့အထိုးခံရသလို နာကျင်နေမိတယ်။ အမိတိုင်းပြည်က လုံးဝ ပျက်စီးသွားတဲ့အခါမှာ ငါတို့တစ်တွေဟာ ဝေးလံလှတဲ့ သူတစ်ပါးတိုင်းပြည်မှာ လာပြီး သုံ့ပန်းတွေ ဖြစ်နေကြရတယ်။ ဒါကို တွေးမိတိုင်း ဘယ်လိုဖြစ်ကုန်တာပါလိမ့်လို့ တွေးရင်း ကိုယ့်ကိုယ်ကို မယုံနိုင်အောင် ဖြစ်နေမိတယ်။ ထိတ်လန့်နေမိတယ်။

ပြီးတော ဒါတွေဟာ ငါတို့ရဲ့ရှေ့မှောက်မှာ တကယ်ဖြစ်နေတာပါလားလို့ ယုံရမှာတောင် ခက်နေတယ်။ ငါတို့အဖို့တော့ ခြေတွေလက်တွေ အကုန်လုံး အားယုတ်သွားကြသလို ခံစားနေရတယ်။

ဒီအတောအတွင်း ဒီထက် ဝမ်းနည်းကြေကွဲစရာတွေ ထပ်ပြီး တွေ့လာကြရဦးမှာပဲ။ ပြီးတော့ မျှော်လင့်ချက်ကုန်ဆုံးလို့ စိတ်ဓာတ်ကျတာတွေ အချင်းချင်း သံသယဝင်တာတွေ ဒေါသထွက်တာတွေ မုန်းတီးစရာတွေ တောက်လျှောက်တွေ့လာရဦးမှာပဲ။ ဒါတွေအားလုံးကို လက်တွေ့ကြုံလာတဲ့အခါကျတော့မှ သေသေချာချာ လေ့လာပြီး ရင်ဆိုင်ဖြေရှင်းသွားကြရုံပဲ ရှိမယ်။ စောစော ကတည်းက သည်လိုဖြစ်လာလိမ့်မယ်လို့ ငါ့ရင်ထဲမှာ သံသယ ဝင်နေခဲ့မိတယ်။ ငါထင်တဲ့အတိုင်းပဲဖြစ်လာတော့တာပဲ။ ဖြစ်လာမှတော့ ဘာမှမတတ်နိုင်တော့ဘူးပေါ့ကွာ။

အခုအခြေအနေကတော့ ရောက်လာမယ့် ဘေးအန္တရာယ်ကို စောင့်ကြည့်နေရုံပဲရှိတာပေါ့။ ကံတရားက တို့ဘက်ကို မျက်နှာသာ ပေးမလာခင် စပ်ကြားမှာ ငါတို့တစ်တွေဟာ ယောကျ်ားပီပီ ကြံ့ကြံ့ခံနိုင်ရမယ်။ တွေ့လာသမျှ အခက်အခဲတွေကို သတိတရားနဲ့ စောင့်ကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်သွားကြရမယ်။ သည်လို ရင်ဆိုင်နိုင်ဖို့ သတ္တိတွေ မွေးထားကြရမယ်။

အတိအကျမသိရပေမယ့် အခု ငါတို့တစ်တွေဟာ အရာရာကို ဆုံးရှုံးခဲ့ကြရပြီး ကျန်တာဆိုလို့ ဝမ်းနည်းကြေကွဲမှုပဲ ရှိတော့တယ်။ ငါတို့ လုပ်စရာဆိုလို့ကလည်း အချင်းချင်း ကြင်ကြင်နာနာ နေသွားကြဖို့ပဲ။ ဒါကို သံသယဝင်စရာ မလိုဘူး၊ ဒါပဲလုပ်ဖို့ ရှိတော့တယ်။

မင်းတို့ ငါတို့တစ်တွေဟာ အခုအချိန်ကစပြီး ဝမ်းနည်းစရာ ကြုံရင်လည်း အတူတူ၊ ဆင်းရဲဒုက္ခရောက်ရင်လည်း အတူတူ နေသွားကြရမယ်။ အခုအချိန်အထိ မင်းတို့ ငါတို့ဟာ အတူလက်တွဲပြီး သေမင်းနဲ့ အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ကြပြီ။ ရှေ့ဆက်ပြီးတော့လည်း အခုလိုပဲ အတူတူနေသွားကြတာပေါ့။ ကံတရားရဲ့ ဖိစီးမှုဒဏ်ကို အတူတူလက်တွဲပြီး ခါးစည်းခံသွားကြတာပေါ့။ အခုအချိန်ကစပြီး ဒုက္ခ၊ သုခတွေကို ရင်ဆိုင်သွားဖို့ ပြင်ဆင်ထားကြရမယ်။ တစ်နည်းအားဖြင့် ငါတို့တစ်တွေဟာ ဒီမြန်မာပြည်ရဲ့ မြေပြင်မှာ ရိုးမြေကျ ဖြစ်သွားနိုင်တယ်။ အဲဒီအခါကျရင် အတူတူပဲ အသေခံသွားကြတာပေါ့။ နောက်ဆုံးအချိန်ရောက်တဲ့အထိ စိတ်ကို လျှော့မပစ်ကြနဲ့၊ ဘယ်လိုဘေးဆိုးတွေနဲ့ ကြုံရပါစေ။ ကိုယ့်ရဲ့မျှော်လင့်ချက်ရောင်ခြည်ကိုတော့ မပျောက်ပျက်အောင် ထိန်းသွားကြရမယ်။

ပြီးတော့ တကယ်လို့များ ကံကောင်းထောက်မလို့ ငါတို့တစ်တွေဟာ ဂျပန်ပြည်ကို ပြန်ခွင့်ရခဲ့ရင်တော့ တို့အားလုံး တစ်ယောက်မကျန် ပြန်ကြပြီး ပြာပုံထဲက အမိနိုင်ငံကို အတူတကွ ပြန်ပြီး တည်ဆောက်ကြတာပေါ့ကွာ။ အခုနေမှာတော့ ငါပြောချင်တာ ဒီလောက်ပဲ”

တပ်စိတ်မှူးဗိုလ်ကြီးစကား ပြတ်တိပြတ်တောင်း အထစ်ထစ်အငေါ့ငေါ့နဲ့ အဲသည်လို ရှင်းပြတယ်။ တပ်သားအားလုံး တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ပြီး နားထောင်နေကြတယ်။ အားလုံး အကြောအခြင်တွေ ဆိုင်းကုန်ကြတဲ့အလား ငေးငိုင်နေတယ်။ ခေါင်းငိုက်စိုက်ချပြီး ဗိုလ်ကြီးပြောတဲ့အတိုင်းပါပဲလားလို့ တွေးနေမိကြတယ်။

ပြန်စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်က ထွက်လာတုန်းက အများတကာရဲ့ အားပေးကြွေးကြော်သံတွေကို ကြားခဲ့ရတာ မှန်ပေမယ့် အဲဒီအချိန်ကစပြီး ဂျပန်ပြည်တစ်ပြည်လုံးက ကံဆိုး မိုးမှောင်ကျခဲ့ရတာပဲ။ အဲဒီတုန်းက အဖြစ်အပျက်တွေကို ကွက်ကွက်ကွင်းကွင်း ပြန်ပြီး မြင်ယောင်လာမိတယ်။ လူတိုင်း လူတိုင်း စိတ်ကြီးဝင်ပြီး အော်ခဲ့ ပြောခဲ့ကြတဲ့ စကားလုံးတွေဟာ အဆန်မပါတဲ့ သကြန်အမြောက်လို ဖြစ်လာခဲ့ရတော့တာပဲ။ အရက်မူးပြီး ကမူးရှူးထိုး လျှောက်ပြောတဲ့စကားတွေနဲ့ ဘာမှ မခြားဘူး။ ဒါတွေကို ပြန်တွေးမိတဲ့အခါ ရင်ထဲ အသည်းထဲက နာကြည်းလာရသလို ရှက်တဲ့စိတ်ကြောင့် တစ်ကိုယ်လုံး ပူထူသွားရတော့တယ်။

အဲဒီအချိန်မှာ တပ်သားတစ်ယောက်ရဲ့ ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရတယ်။ ကျန်တဲ့ တပ်သားတွေလည်း ရင်ထဲမှာ မချိတင်ကဲ ခံစားလာရလို့လား မပြောတတ်ဘူး။ အားလုံး ငိုကြွေးကုန်ကြတော့တယ်။ သည်လို ငိုကြတာဟာ ဝမ်းနည်းကြေကွဲစရာ တစ်ခုကို တွေ့လိုက်ရလို့ မဟုတ်သလို၊ နာကြည်းစရာ အကြောင်းတစ်ခုခုကို သိလိုက်ရလို့လည်း မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြတော့ဘဲ အားငယ်တဲ့အတွက်ကြောင့် ခုလို ငိုကြွေးကြတာပဲ။

ခါတိုင်းဆိုရင် ခုလို အခက်အခဲမျိုးကြုံတွေ့တာနဲ့ ကျွန်တော်တို့ဟာ တပ်စိတ်မှူး ဗိုလ်ကြီးနဲ့အတူ သီချင်းတွေပြိုင်တူဆိုလေ့ရှိခဲ့တာ မှန်ပေမယ့် ဒီနေ့ညအဖို့တော့ ဘယ်လိုမှ သီချင်းဆိုချင်တဲ့စိတ်လည်း မရှိကြတော့ဘူး။ ကြမ်းပြင်ပေါ်မှာ ကျောပိုးအိတ်တွေကို ခေါင်းအုံးပြီး အိပ်လိုက်ကြတော့တယ်။

အခုချိန်အထိ အမြတ်တနိုး ကိုင်တွယ်ခဲ့တဲ့ လက်နက်တွေနဲ့ ကင်းကွာပြီး အိပ်ခဲ့ရတဲ့ညမို့ အဲဒီညဟာ ဆောက်တည်ရာမရဖြစ်ခဲ့ကြတဲ့ တိုတောင်းလွန်းတဲ့ ညတစ်ည ဖြစ်နေတော့တယ်။

အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့တစ်တွေဟာ နှလုံးသားထဲမှာ ဗလာကျင်းနေကြပေမယ့် ရုပ်ခန္ဓာပိုင်းကတော့ အတိုင်းထက်အလွန် အလုပ်ရှုပ်နေကြရတော့မယ်။ အဲဒီလိုထူးဆန်းတဲ့ နေ့တွေက တစ်နေ့ပြီးတစ်နေ့ ဆက်လာခဲ့ကြတယ်။ လက်နက်ကိရိယာတွေ ထုပ်ပိုးပြင်ဆင်တာတို့၊ နေရာတကျ ပြန်ထားတာတို့၊ သယ်ယူပို့ဆောင်တာတို့ လုပ်ရတဲ့အပြင် သတင်းပို့ကြရတယ်။ မှတ်တမ်းရေးကြရတယ်။ လေ့လာတင်ပြကြရတယ်။ ရိက္ခာတွေ စုဆောင်းကြရတယ်။ နေ့တိုင်း ဇယ်စက်သလို လုပ်နေတော့ စဉ်းစားချိန်တောင် မရအောင် ဖြစ်နေကြရတော့တယ်။

ဒီအချိန်က အကြောင်းကို ပြန်တွေးကြည့်တဲ့အခါ ကျွန်တော့်အတွက် အတော် ထူးဆန်းတဲ့ အတွေ့အကြုံကလေးကို ပြန်ပြီး သတိရလာမိတယ်။

အင်္ဂလိပ်စစ်တပ်က ဒီရွာကလေးမှာပဲ သုံးလေးရက်လောက် စခန်းချမယ်လို့ ဆိုလာတဲ့အတွက် သုံ့ပန်းဖြစ်သွားတဲ့ ဂျပန်စစ်သားတွေဟာ အောက်ခြေသိမ်း အလုပ်တွေကို လိုက်လုပ်ကြရတော့တယ်။ နံနက်ခင်းတစ်ခုမှာ ကျွန်တော်တို့ ဂျပန်စစ်သား လေးငါးယောက်ဟာ ထမင်းဟင်းချက်တဲ့အလုပ်ကို ကူကြရတယ်။ ရွာကပေးလာတဲ့ ကြက်တွေကို သတ်ပြီး အမွေးနုတ်တဲ့အလုပ်ကို ကျွန်တော်တို့က ဝိုင်းကူလုပ်ကြရတယ်။

ခြင်းကြားကြီးတွေထဲမှာ ကြက်တွေကို အပြည့်အသိပ် ထိုးထည့်ထားတော့ အထဲက ကြက်တွေဟာ ခြင်းပေါက်က ခေါင်းကလေးတွေ ပြူတစ်ပြူတစ်လုပ်ရင်း အမောက်ကလေးတွေ ဟိုယမ်း သည်ယမ်းနဲ့ စိုးရိမ်တကြီး ငေးစိုက်ကြည့်နေကြတယ်။ အဲသည်အခါမှာ မြန်မာလူမျိုးတစ်ယောက်က ကြက်တစ်ကောင်ပြီး တစ်ကောင် ဖမ်းပြီး စဉ်းတီတုံးပေါ်ကိုတင်ကာ သူ့ခါးကြားမှာ အမြဲထိုးထားလေ့ ရှိတဲ့ ဓားမတိုတစ်ချောင်းနဲ့ ခေါင်းတွေကို

ဖြတ်လိုက်တယ်။ မြန်မာထမင်းချက် အဘိုးကြီးကလည်း ကွမ်းဝါးရင်းက အနီရောင်ကွမ်းသွေးတွေကို တပျစ်ပျစ် ထွေးရင်း သူ့အလုပ်ကို လေးတိလေးကန် ဆက်လုပ်နေတယ်။ သူဝါးနေတဲ့ ကွမ်းယာဆိုတာက ကွမ်းသီးပင်က ကွမ်းသီးနဲ့ ကွမ်းရွက်၊ ထုံး၊ ဆေးတွေနဲ့ ရောထုပ်ထားတာပဲ။ ဒါကို အရှေ့တောင်အာရှတိုက်သားတွေဟာ ဝါးစရာပီကေ လို သဘောထားပြီး ဝါးကြတာဖြစ်ပေမယ့် အဲဒီကွမ်းယာက ထွက်လာတဲ့ ကွမ်းသွေးဆိုတဲ့ အရည်ဟာ သွေးတွေလိုပဲ နီပြီး သူတို့ရဲ့သွားနဲ့ ပါးစပ်တွေကို အကြည့်ရဆိုးအောင် စွဲနေတတ်တယ်။

ကျွန်တော်တို့က အမွေးနုတ်နေတဲ့ အတောအတွင်းမှာ အဲဒီမြန်မာကြီးဟာ ကြက်တွေကို တဒုံးဒုံးနဲ့ ဆက်ပြီး လည်းပင်းဖြတ်နေတယ်။

အဲဒီအချိန်မှာ ဘယ်လိုကြောင့်ရယ် မပြောတတ်ဘူး။ ခေါင်းဖြတ်ထားပြီးတဲ့ ကြက်တစ်ကောင်ရဲ့ ကိုယ်လုံးကြီးဟာ ထရပ်လိုက်ပြီး ဘေးဘက်ကို ကြက်မွေးတွေ လွင့်စင်သွားအောင် ခါလိုက်တယ်။ ပြီးတော့ ကမူးရှူးထိုး ပျံသွားတော့တယ်။ အမွေးနုတ်နေတဲ့ ကျွန်တော်တို့အားလုံးလည်း အထိတ်တလန့် ဖြစ်သွားကြပြီး လက်ထဲကအမွေး နုတ်လက်စကြက်တွေကို လွှတ်ချလိုက်ကြတယ်။ အဲသည်မှာ လွှတ်ချလိုက်တဲ့ ကြက်တွေဟာလည်း ခဏကြာတော့ လည်ပင်းတွေ ထောင်ပြီး ကျွန်တော်တို့အနားမှာ ပတ်ချာလည် ပြေးနေပြန်တယ်။

ဘေးပတ်ဝန်းကျင်မြေကြီးပေါ်မှာတော့ ကြက်ခေါင်းတစ်ဆယ့်နှစ်ခေါင်းလောက် ပြန့်ကျဲနေကြတယ်။ အဲဒီခေါင်းတွေ အားလုံးဟာ သွေးဆုတ်နေတဲ့ လူမမာတွေ လိုပဲ ဖြူဖတ်ဖြူရော် ဖြစ်နေတဲ့ မျက်လုံးတွေကို ပိတ်ထားပြီး နှုတ်သီးကလေးတွေ အဟသားနဲ့ ဖြစ်နေကြတယ်။ ဒါပေမဲ့ ဦးခေါင်းကင်းမဲ့နေကြပြီဖြစ်တဲ့ ကြက်ကိုယ်လုံးတွေကတော့ အသက်ဆက်ရှင်နေကြပြီး အရောင်တင်ဆီသုတ်ထားသလို ပြောင်လက်နေတဲ့ အတောင်ပံတွေကို

တဖျတ်ဖျတ် ရိုက်ခတ်ရင်း ဒယီးဒယိုင် ပြေးလွှားနေရာက အနီးမှာ ရှိတဲ့ ချုံပုတ်၊ မြက်ဖုတ်တွေထဲ ဝင်သွားကြတော့တယ်။

အဲဒီထူးဆန်းလှတဲ့မြင်ကွင်းကို ကျွန်တော်တို့အားလုံး ဝိုင်းအုံပြီး မျက်တောင်မခတ် စိုက်ကြည့်နေမိတယ်။ သဘောကျလို့ တဟားဟား ရယ်တဲ့ သူတွေရှိသလို တချို့ကတော့လည်း မျက်နှာကြီးတွေ ရှုံ့ပြီး ရွံရှာတဲ့ အကြည့်နဲ့ ကြည့်နေကြတယ်။

"ခေါင်းမပါဘဲ ဘယ်လိုအသက်ဝင်ပြီး ထပျံကြတာပါလိမ့်ကွာ" လို့ တစ်ယောက်ယောက်က တအံ့တဩ ပြောလိုက်တယ်။ အဲသည်လို စုဝေးစုဝေးဖြစ် နေတဲ့ နေရာကို တပ်စိတ်မှူးဗိုလ်မှူးကြီး ရောက်လာပြီး–

"မီဇူရှီးမား မရှိဘူးလားဟေ့။ မီဇူရှီးမား"လို့ အော်ပြီး ခေါ်လာတယ်။

မီဇူရှီးမားက အဝေးက ပြေးလာပြီး ဗိုလ်ကြီးရဲ့ ရှေ့မှာ ရပ်လိုက်တယ်။ ဗိုလ်ကြီးက အခုလို ပြောလိုက်တယ်။

"အခု သတင်းတစ်ခု ဝင်လာတယ်။ ဟိုမှာ တွေ့နေရတဲ့ တောင်ကြီးမှာ"လို့ ပြောပြီး တပ်စိတ်မှူးက အဝေးတစ်နေရာကို လက်ညှိုးနဲ့ ညွှန်ပြလိုက်တယ်။ သူညွှန်ပြတဲ့ဘက်မှာတော့ တောင်အထပ်ထပ် ဖြစ်နေတဲ့ နေရာတစ်နေရာမှာ တြိဂံပုံကျောက်တောင်ကြီးတစ်တောင်ကို တွေ့နေရတယ်။

"အဲဒီတောင်ပေါ်မှာ ငါတို့ဂျပန်တပ်သားတချို့ တပ်စွဲထားပြီး အခုအထိ လက်နက်မချသေးဘူးလို့ သိရတယ်။ သူတို့က ဘယ်လိုပဲ ဖြစ်ဖြစ် လက်နက်လုံးဝမချဘူးလို့ တင်းခံနေတယ်။ ဒါကြောင့်မို့ အင်္ဂလိပ်စစ်တပ်က လွှန်ခဲ့တဲ့ သုံးရက်ကတည်းက သူတို့ကို သွားတိုက်နေတာ ခုထက်ထိ တိုက်ပွဲမပြီးသေးဘူးတဲ့။ ဒီအတိုင်းသာ ဆက်တိုက်နေလို့ကတော့ သူတို့အားလုံး သေကုန်ကြတော့မှာပဲ။

ဒါနဲ့ ငါလည်း အင်္ဂလိပ်တပ်မှူးကို တောင်းပန်ကြည့်တယ်။ ကျွန်တော်တို့ သုံ့ပန်းတွေထဲက ဂျပန်တပ်သားတစ်ယောက်ယောက် အဲဒီရွာဘက်ဆီကို

သွားပြီး ဖျောင်းဖျကြည့်ပါရစေလို့ပေါ့ကွာ။ ငါအနေနဲ့ကတော့ ငါတို့ ဂျပန် တပ်သားတွေကို တစ်ယောက်မှ အကြောင်းမဲ့ အသက်မဆုံးရှုံးစေချင်ဘူး။ သည်လိုနဲ့ ငါက အမျိုးမျိုး တောင်းပန်တဲ့အခါ အင်္ဂလိပ်တပ်မှူးက ကြိုးစားဖို့ ခွင့်ပြုလာတယ်။

ဘယ်လိုလဲကွာ မိဇူရှီးမား မင်းသွားပြီး ဖျောင်းဖျကြည့်ပါလား။ တကယ်လို့ မိဇူရှီးမား မသွားနိုင်ရင်တော့ ငါပဲ သွားရမှာပေါ့ကွာ”

ကျွန်တော်တို့အားလုံး တြိဂံတောင်မကြီးဆီလို လှမ်းမျှော်ကြည့်လိုက်ကြတယ်။ ဒီကနေသွားရင် နေ့ဝက်ခရီးလောက်တော့ ကြာလိမ့်မယ်။ ယိုးဒယားနယ်စပ်နားမှာရှိပြီး ထူထပ်လှတဲ့ တောအုပ်ကြီးအပေါ်ကို မွဲပြာရောင် တောင်ကတုံးကြီး ပြူထွက်နေတာကို မြင်တွေ့လိုက်ကြတယ်။ သေသေချာချာနားစွင့်ပြီး နားထောင်တာတောင် အမြောက်သံတစ်ချက်တောင် မကြားကြရဘူး။ တောတန်း အသွယ်သွယ် လျှို့အထပ်ထပ်မှာ ရှိကြတဲ့ ရွာတွေဆီက မီးခိုးတန်းတွေ အမျှင်လိုက် အမျှင်လိုက် ထိုးတက်နေတာကိုပဲ မြင်ရတယ်။ အဲ– ဗိုလ်ကြီးညွှန်ပြတဲ့ဘက်ဆီကို သတိထားပြီး ကြည့်လိုက်တော့ စိတ်စွဲနေလို့လား မပြောတတ်ဘူး။ အဝါရောင်မီးညွန့်တွေ ဒယီးဒယိုင် ဖြစ်နေသလို မြင်ကြရတယ်။ အဲဒီ မီးညွန့်ရဲ့အောက်မှာ ငါတို့ ညီအစ်ကိုတစ်တွေ အကြောင်းမဲ့ သေကြရတော့မှာလားလို့ တွေးမိတဲ့အခါ ကျွန်တော်တို့တစ်တွေဟာ အဲသည်မီးညွန့်ရှိရာကို မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေမိကြတော့တယ်။

မိဇူရှီးမားက ခဏတစ်ဖြုတ် စဉ်းစားနေပြီးတဲ့နောက် အခုလို ပြတ်ပြတ်သားသား ပြောလာတယ်။

“ကျွန်တော်ပဲ သွားပါရစေ ဗိုလ်ကြီး”

သည်လိုနဲ့ ခဏကြာတော့ ဆက်ပြောပြန်တယ်။

“ဘယ်ကနေ ဘယ်လိုစလုပ်ရမှန်းတော့ မသိပါဘူးဗိုလ်ကြီး။ အခြေအနေ အရ မီးစင်ကြည့်ကရမှာပဲ”

ဗိုလ်ကြီးက “ကျေးဇူးပါပဲကွာ”လို့ ပြောပြီး ခုလိုဆက်ပြောပြန်တယ်။

“ငါတို့ တပ်သားအားလုံးကတော့ အခုအချိန်ကစပြီး မြန်မာပြည်ရဲ့ တောင်ဘက်ပိုင်း မုဒုံဆိုတဲ့ သုံ့ပန်းစခန်းမှာ နေကြရလိမ့်မယ်။ မင်း တာဝန် ပြီးဆုံးတဲ့အခါ အဲသည်ကို လိုက်ခဲ့ပေတော့။ ဒါက အင်္ဂလိပ်တပ်မျူးကလည်း သဘောတူပြီးပြီ။ မင်းပြန်လာတဲ့အခါ အချိန်မရွေး သူတို့ လက်ခံလိမ့်မယ်”

သူတို့နှစ်ယောက် အပြန်အလှန် အလေးပြုလိုက်ကြတယ်။ မီဇူရှီးမား သည် ချက်ချင်း အဝတ်အစား ကောက်လဲလိုက်တယ်။ ပခုံးပေါ်က ဘားကို ဖြုတ်ပြီး စစ်ဝတ်စုံကို ချွတ်လိုက်တယ်။ သူ့လက်ထဲက ဆောင်ဓားကို ထောင်ထားပစ်ခဲ့ပြီး အရပ်ဝတ်အရပ်စားကိုပဲ ဝတ်လိုက်တယ်။ တပ်စိတ်မျူး ဗိုလ်ကြီးက အလတ်ကြီးရှိသေးတဲ့ သူ့ရဲ့ဖိနပ်ကို ချွတ်ပြီး မီဇူရှီးမားနဲ့ လဲစီး တယ်။ ပြီးမှ မီဇူရှီးမားရဲ့ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်တယ်။ ကျွန်တော်တို့လည်း လက်ထဲမှာ ရှိတဲ့ ကြက်ပေါင်ကြော်တွေကို မီဇူရှီးမားရဲ့ အိတ်ထဲကို ထည့်ပေးလိုက်ကြတယ်။

ဆယ်မိနစ်လောက်ကြာတော့ မီဇူရှီးမားဟာ လမ်းပြအင်္ဂလိပ်စစ်သား တစ်ယောက်နဲ့အတူ ချောက်ကမ်းပါးကြီးရဲ့အောက်ခြေမှာ ရှိတဲ့ လမ်းကလေး အတိုင်း သွားနေတာကို တွေ့လိုက်ကြရတယ်။ မီဇူရှီးမားဟာ ရိက္ခာထုပ်ကို ခါးမှာ ချိတ်ပြီး သူ့စောင်းကလေးကို ပခုံးမှာ လွယ်သွားတယ်။

ဦးထုပ် ဝှေ့ယမ်းပြီး နှုတ်ဆက်နေတဲ့ ကျွန်တော့်ကို လှမ်းကြည့်ပြီး တစ်ချက် ပြုံးလိုက်တယ်။ အဲသည်နောက် သူ့လက်တစ်ဖက်ကို မြှောက်ပြီး စောင်းကြိုးတစ်ချောင်းကို “ဒင်”ခနဲ မြည်အောင် တီးခတ်လိုက်တယ်။

ကျွန်တော်တို့ဟာ သူထွက်သွားတာကို ငေးစိုက်ကြည့်ရင်းက မီးဇူရှီးမား ဆိုရင်တော့ ဒီတာဝန်ကို လုပ်နိုင်မှာပဲလို့ အောက်မေ့ပြီး သူငယ်ချင်း အောင်မြင်ပါစေကွာလို့ စိတ်ထဲက ကျိတ်ပြီးဆုတောင်းလိုက်ကြတော့တယ်။

*

(၂)

ကျွန်တော်တို့ရဲ့ တပ်ဟာ အင်္ဂလိပ်စစ်တပ်ရဲ့ အမိန့်အတိုင်း တောင်ပေါ်က ဆင်းလာပြီး မြေပြန့်လွင်ပြင်ကြီးကို ဖြတ်ကြတယ်။ ပြီးတော့ လှေတွေနဲ့ စစ်တောင်းမြစ်ကို ဖြတ်ကူးပြီး ရထားတစ်တန် ကားတစ်တန်နဲ့ လာလိုက်ကြတာ နောက်ဆုံးမှာ မုဒုံမြို့ကို ရောက်လာခဲ့ကြတယ်။ နောက်တော့ အဲသည်မြို့မှာ ရှိတဲ့ သုံ့ပန်းစခန်းမှာ နေကြရတယ်။

မုဒုံကို ရောက်တော့မှ စောစောက ကျွန်တော်တို့တစ်တွေ ခံစားနေရတဲ့ သေမလား ရှင်မလား မသေချာ မရေရာတဲ့ စိုးရိမ်သောကတွေ ပျောက်ကုန်ကြတယ်။ ပြီးတော့ ကျွန်တော်တို့တိုင်းပြည်ဟာ စစ်ရှုံးသွားတဲ့ အကြောင်း၊ အတော်များများ ပျက်စီးသွားပေမယ့် မပျက်စီးဘဲ ကျန်တဲ့ဒေသလည်း အတော် များများ ရှိသေးတဲ့အကြောင်း၊ တစ်နေ့မှာ ကျွန်တော်တို့ အားလုံးကို တိုင်းပြည်ကို ပြန်ပို့မယ့်အကြောင်း သိလာရတယ်။

သည်လိုနဲ့ မုဒုံမြို့မှာ တိုင်းပြည်ကို ပြန်ဖို့ စောင့်စားရင်း မပြန်မီစပ်ကြား ကျွန်တော်တို့ရဲ့ သုံ့ပန်းဘဝကို စကြရတယ်။ ကျွန်တော်တို့ နေရတာက တဲကြီးတစ်ခုတည်းမှာ။ ဝါးပိုးတိုင်တွေနဲ့ ကြမ်းပြင်ကို ခပ်မြင့်မြင့် ဆောက်ထားပြီး ဝါးထရံကာ၊ ဓနိမိုးထားတယ်။ ကြမ်းခင်းက နည်းနည်းမြင့်တော့ လေဝင် လေထွက် ကောင်းတယ်။ သိပ်ပြီး စိုထိုင်းမနေဘူး။ ရာသီဥတုက ပူပြင်းတာ မှန်ပေမယ့် အိပ်ရေးပျက်လောက်အောင်တော့ မဆိုးဝါးလှဘူး။ တဲကြီးရဲ့ ဘေးပတ်ဝန်းကျင်ကို အပြင်ကလူ အထဲမဝင်ရအောင် အထဲကလူ အပြင်မထွက်ရအောင် ဝါးဝင်းထရံ ထူထူခတ်ထားကြတယ်။ ဝင်းထရံအပြင်ဘက်မှာတော့ ကုလားစစ်သားတစ်ယောက်ကို အစောင့်ချထားပြီး တဲနားကို ဈေးရောင်းဖို့ လူတွေ လာတဲ့အခါ သူက အဆန်မပါတဲ့ သေနတ်နဲ့ ပစ်ဖောက်ပြီး ခြောက်လှန့်လေ့ရှိတယ်။ ကျွန်တော်တို့တဲလိုပဲ အခြားသုံ့ပန်းတဲတွေလည်း အများကြီး တန်းစီနေကြတာမှန်ပေမယ့် တစ်တဲနဲ့ တစ်တဲ ကူးလူးဆက်ဆံတာကို တင်းတင်းကျပ်ကျပ် တားမြစ်ထားတယ်။ ဒါကြောင့်

မို့ ကျွန်တော်တို့ဟာ အပြင်ဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာကို လုံးဝ သိခွင့်မရကြဘူး။ စည်းကမ်းတွေက တင်းကျပ်တာ မှန်ပေမယ့် အဲသည် စည်းကမ်းတွေကို မချိုးဖောက်သရွေ့တော့ ကျွန်တော်တို့ကို လေးလေးစား စားပဲ ဆက်ဆံကြတယ်။

တစ်ခါတလေ လမ်းပြင်ဖို့ မြေပေါက်တာတို့၊ ထင်းခွေတာတို့ စတဲ့ အလုပ်တွေ လုပ်ဖို့ အမိန့်ကျလာတတ်တာကလွဲလို့ တခြား ကြမ်းတမ်းတဲ့ အလုပ်တွေကို မလုပ်ရဘူး။ သည်လိုနဲ့ တစ်နေ့ပြီးတစ်နေ့ ဘာမှ ပြဿနာ မရှိဘဲ သက်သက်သာသာ နေခဲ့ကြရတယ်။

အမှန်တော့ ကျွန်တော်တို့တစ်တွေဟာ အချိန်အတော်များများအတွင်း မှာ အခုလို အေးအေးဆေးဆေး မနေခဲ့ရတာ များတယ်။ စဉ်းစားကြည့် လိုက်ရင် ကျီးလန့်စာ စား၊ ဟိုပြေးလိုက် ဒီပြေးလိုက်နဲ့ ဆူညံပွက်လောရိုက်ပြီး အလုပ်များနေခဲ့ကြတာက အကြာကြီးပဲ။ ဘယ်နေ့မှာ ဘာဖြစ်မှာပါလိမ့်မလဲ ဆိုတဲ့ ပူပင်သောကတွေ စိုးရိမ်စိတ်တွေနဲ့ပဲ တုန်လှုပ်ချောက်ချားနေခဲ့ကြရတာ များတယ်။ အထူးသဖြင့် ဒီတစ်နှစ်အတွင်းမှာ ဗုံးပေါက်ကွဲသံတွေကို နားပွင့် ထွက်သွားမတတ် ကြားနေခဲ့ကြတယ်။ မီးတောက်မီးပွားတွေကို မျက်စိကန်း မတတ်မြင်တွေ့နေခဲ့ကြရတယ်။ ခုတော့ အဲဒါတွေမရှိတော့ဘူး။ ဗုံးပေါက်ကွဲ သံတွေကို မကြားရတော့ဘူး။ တိုက်ဟဲ့ ခိုက်ဟဲ့ ပစ်ဟဲ့ ခတ်ဟဲ့ဆိုတဲ့အမိန့် ပေးသံတွေလည်း မပေါ်လာတော့ဘူး။ တောထဲမှာ ညကြီးမင်းကြီး မမြင် စမ်းစမ်းဝါးဝါးနဲ့ ခုန်ပေါက် ပြေးလွှားနေဖို့လည်း မလိုတော့ဘူး။ သည်လိုနဲ့ပဲ ကျွန်တော်တို့ဟာ တဲကျဉ်းကျဉ်းကလေးထဲမှာ အိပ်လိုက်၊ စားလိုက်၊ ထ ထိုင်လိုက်နဲ့ ရှေ့တည့်တည့်မှာ ရှိတဲ့ အုန်းတောကြီးကို ငေးကြည့်လိုက် လုပ်ရင်း အချိန်ကုန်ခဲ့ရတယ်။ ရင်ထဲမှာလည်း တစ်ခုခုကို စိုးရိမ်ထိတ်လန့် နေသလို ခံစားလာကြပြန်တယ်။ ခဏကြာတော့ အဲသည် ထိတ်လန့်တဲ့ စိတ်တွေပျောက်ကုန်ပြီး ဆိတ်ငြိမ်တဲ့ဘဝမှာ နေရာကျလာကြတော့တယ်။

အဲသည်လို စိတ်သက်သာရာရလို့မှ မကြာသေးဘူး။ ကျွန်တော်တို့ တစ်တွေမှာ နေ့ရက်တွေ ကြာညောင်းလာတာနဲ့ အမျှ ရင်လေးစရာ အတွေး အသစ်တစ်ခု က ပေါ်လာပြန်တယ်။ ဒါက အခုအချိန်အထိ မီဇူရှီးမား ကျွန်တော်တို့ဆီ ရောက်မလာသေးတာပဲ။ သူ့အတွက် ကျွန်တော်တို့ တစ်တွေ တဖြည်းဖြည်း ရင်လေးလာမိကြတယ်။

ကျွန်တော်တို့တစ်တွေဟာ အစပိုင်းတုန်းက ကျွန်တော်တို့ မှဒ်ကို ရောက်လို့ လေးငါးရက်ကြာတဲ့အခါ မီဇူရှီးမားလည်း ရောက်လာမှာပဲလို့ ပေါ့ပေါ့ဆဆ ထားခဲ့ကြတယ်။ အခုလည်းပဲ ကျွန်တော်တို့ တဲရဲ့ရှေ့က ဝင်းတံခါးကြီး ပွင့်လာပြီး မီဇူရှီးမားတစ်ယောက် ကျန်းကျန်းမာမာ ရွှင်ရွှင် လန်းလန်းနဲ့ ဘွားခနဲ ပေါ်လာလေမလားလို့ မျှော်မိကြတယ်။ ဒါကြောင့် တစ်ခါတလေ တံခါးဝကို လှမ်းလှမ်း ကြည့်နေမိတတ်တယ်။ တစ်ခါတလေ တော့ သူရဲ့ ဖိနပ်ခြေသံကို ကြားလာရသလို ခံစားရပြန်တယ်။

ဒါပေမဲ့ ကျွန်တော်တို့တစ်တွေက ဘယ်လောက်ပဲ မျှော်မျှော် သူက တော့ ပေါ်မလာနိုင်ခဲ့ဘူး။

"ဘယ်လိုများ ဖြစ်ပါလိမ့်ကွာ မီဇူရှီးမားတစ်ယောက်"

ကျွန်တော်တို့တစ်တွေ မကြာခဏ ညည်းတွားနေမိကြတယ်။

"သူ့စောင်းကလေး မရှိကတည်းက စောင်းသံလည်း မကြားရဘူး၊ သီချင်းလည်း မဆိုဖြစ်ကြဘူး"

"သီချင်း မဆိုရတာတင် ဘယ်ကပါ့မလဲကွာ၊ သူမရှိတော့ ငါတို့ တစ်တွေ အလုပ်လုပ်ရတာလည်း စိတ်မပါတော့ဘူး"

"သူမရှိတော့ မိုးလင်းလို့ မျက်လုံးဖွင့်လာပြီးတဲ့နောက် ဘာမှ အဓိပ္ပာယ် မရှိတော့သလိုပါပဲကွာ"

တစ်နေ့ပြီးတစ်နေ့ ရင်တမမနဲ့ မျှော်နေခဲ့ကြပေမယ့် မီဇူရှီးမားက ပေါ်မလာဘူး။ သူ့ရဲ့အရိပ်အယောင်တောင် မတွေ့ရဘူး။ သူတစ်ယောက်

တြိဂံတောင်မကြီးကို ရောက်မှ ရောက်ရဲ့လား။ ရောက်သည့်တိုင်အောင် အသေခံ တိုက်မယ်လို့ ပြင်ထားတဲ့ ခေါင်းမာလှတဲ့စစ်သားတွေကို ဖျောင်းဖျပြီး သူတို့အသက်တွေကို ကယ်မှ ကယ်နိုင်ရဲ့လား စတဲ့ သံသယအမျိုးမျိုး ဝင် လာမိကြတယ်။ ကျွန်တော်တို့တစ်တွေက မီဇူရီးမားဆိုရင်တော့ ဒီကိစ္စဖြစ် နိုင်တယ်လို့ လွယ်လွယ်တွေးခဲ့ကြပေမယ့် လက်တွေ့ကျတော့ အလွန်ခဲယဉ်း တဲ့ကိစ္စပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးအချိန်အထိ ခုခံတိုက်ခိုက်သွား မယ်လို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားတဲ့သူတွေရဲ့ရှေ့ကို သွားပြီး လက်နက်ချဖို့ သွားပြောနေမှတော့ ကြာရင် သူ့ကိုပါ မုန်းလာပြီး သတ်ပစ်နိုင် တာပဲ။

ကျွန်တော်တို့ကသာ အမျှော်ကြီး မျှော်နေကြပေမယ့် ပေါ်မလာတဲ့ နေ့တွေက ထပ်လာတော့ သူ့အတွက် စိုးရိမ်လာကြတော့တယ်။ သူ့ကို ပေးလိုက်တဲ့တာဝန် မကျေပွန်သည်ပဲထား၊ အသက်မသေဘဲ ကျွန်တော်တို့ ဆီကို ပြန်လာနိုင်ရင် တော်လှပြီလို့ တွေးနေမိကြတယ်။

တပ်စိတ်မှူး ဗိုလ်ကြီးလည်း စိတ်ထိခိုက်ပြီး မျက်နှာမသာမယာနဲ့ ခုလို ပြောလာတယ်။

"ငါတော့ မီဇူရီးမား မသေသေးဘူးလို့ ထင်နေတယ်။ အဲဒီရွာတွေဆီမှာ တိုက်ပွဲတွေ သိပ်ပြင်းထန်နေကြတော့ သေနတ်မှန်ပြီး ဒဏ်ရာရတာ ဖြစ် နိုင်တယ်။ ပြီးတော့ သူ့ကို တစ်ယောက်ယောက်က တွေ့သွားပြီး ဆေးကုပေး နေတာ ဖြစ်လိမ့်မယ်။ အင်း– သူ့ကို တွေ့နိုင်မယ့်နည်းလမ်းတွေ ရှိရင် အကောင်းသားကွာ။ တစ်ယောက်ယောက်ကို စေလွှတ်ပြီး မင်းပြန်လာခဲ့လို့ ခေါ်ရင်လိုက်လာမှာ သေချာတယ်။ သိပ်ပြီး ကြီးမားတဲ့ ဒဏ်ရာမျိုးတော့ မရနိုင်ကောင်းပါဘူးကွာ"

သည်လို စိုးရိမ်နေကြပေမယ့် သူ့ရဲ့သတင်းအစအနတောင် ပေါ်မလာ ဘူး။ အားလုံးက မီဇူရီးမား၊ မီဇူရီးမားနဲ့ တဖွဖွပြောပြီး တမ်းတနေကြပေမယ့် ကျွန်တော်တို့ဟာ အဖမ်းခံရထားတဲ့ သုံ့ပန်းစစ်သားတွေဆိုတော့ အပြင်ဘက်

ကို ထွက်ပြီး ရှာဖွေထောက်လှမ်းနိုင်ဖို့ လူတစ်ယောက်တလေမှ လွှတ်ခိုင်းလို့ မရကြဘူး။ သည်လိုနဲ့ပဲ ရက်တွေကြာညောင်းလို့ တစ်လနှစ်လတိုင်ခဲ့ရတော့တယ်။

ထင်းခွေတဲ့အလုပ် တဲဆောက်ရတဲ့အလုပ်တွေ မရှိတဲ့နေ့တွေမှာဆိုရင် ကျွန်တော်တို့ဟာ မီဇူရီးမားအကြောင်းကိုပဲ တဖွဖွ ပြောဖြစ်ကြတယ်။ ပြီးတော့ ကျွန်တော်တို့တဲရဲ့ နောက်မှာရှိတဲ့ အုန်းခြံထဲကို သွားပြီး လေပြင်းတိုက်လို့ မိုးသည်းလို့ ပျက်စီးသွားတဲ့ တဲတွေကို ပြင်ဆင်ဖို့ ပစ္စည်းတွေ လိုက်ရှာကြရတယ်။ တောထဲကို တစ်နေ့သွားရှာလိုက်ရုံနဲ့ ကျွန်တော်တို့ လိုချင်တာတွေ အကုန်ရတော့တာပဲ။ အုန်းပင်ရဲ့ ပင်စည်ဟာ ရှည်လျားပြီး မာကျောတဲ့အတွက် အိမ်တိုင်တို့ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့ ပြုလုပ်ရာမှာ အတော့ကို အသုံးဝင်တယ်။ အုန်းရွက်က အိမ်မိုးမိုးလို့ရတယ်။ အုန်းသီးရဲ့ အခွံမှာပါတဲ့အုန်းဆံမျှင်တွေဟာ မိုးစိုခံပြီး ကျစ်လျစ်တဲ့အတွက် အလွန်ခိုင်ခံ့တဲ့ အုန်းဆံကြိုးတွေ ကျစ်ယူလို့ရတယ်။ အုန်းပင်သာ ရှိမယ်ဆိုရင် အိမ်တွေ တဲတွေ ဘယ်လိုပဲ ပျက်သွားပါစေ ချက်ချင်း ပြင်ဆင်နိုင်ပါတယ်။

ဒါတင် ဘယ်ကသေးမလဲ။ အုန်းပင်တစ်ပင်လုံးမှာ ဘယ်အပိုင်းမဆို အသုံးကျတယ်။ စွန့်ပစ်ရတဲ့အပိုင်း ဆိုလို့ ဘာမှ မရှိဘူး။ အုန်းပင်ကနေ လူသုံးပစ္စည်းတွေ အမျိုးမျိုး ထုတ်လုပ်နိုင်တယ်။ အုန်းသီးရဲ့ အပြင်ခွံကို ကြမ်းတိုက်လို့ ရတယ်။ အတွင်းခွံအမာကို နှစ်ခြမ်းခွဲလိုက်ရင် ရေခွက်နှစ်ခွက် ရတာပဲ။ အဲသည်ရေခွက်တွေကို လက်တံတပ်လိုက်ရင်တော့ ဟင်းခတ်တဲ့ ယောက်ချိုဖြစ်လာရော။ အုန်းမှုတ်ခွံက မာပြီး လုံးနေတဲ့အတွက် လက်မှုကျွမ်းကျင်တဲ့သူတွေအတွက် ပစ္စည်းအမျိုးမျိုး ထွင်းလို့ ရတယ်။ အုန်းမျှင်တွေကိုတော့ ကြိုးကျစ်ပြီး လက်ဆွဲအိတ်၊ ကျောပိုးအိတ် အဖြစ်သုံးတဲ့သူတွေ ရှိတယ်။ သေသေချာချာ စဉ်းစားလိုက်ရင် အုန်းပင်ဟာ မီးဖိုချောင်သုံးပစ္စည်းတွေ စုပေါင်းပြီး သစ်ပင်အဖြစ်နဲ့ တိုးထွက်လာတာ ကျနေတာပဲ။ အုန်းပင်တွေမှာ တစ်လကို တစ်ရွက် ထွက်နေပြီး အရွက်အရေအတွက် သတ်မှတ်

ထားတဲ့အတွက် အရွက်ဟောင်းတွေက တစ်လကို တစ်ရွက်ကြွေပေးရတယ်။ တစ်နည်းအားဖြင့် လူသားတွေ သုံးဖို့အတွက် အုန်းပင်တွေက တစ်လကို တံမြက်စည်းတစ်ချောင်း ရှာချပေးနေကြသလိုပဲ။

အုန်းသီးဟာ အဖိုးတန်တဲ့အာဟာရအဖြစ် အလွန်ကျော်ကြားတယ်။ အုန်းသီးထဲမှာ အေးမြတဲ့ ရေရှိတယ်။ အုန်းရည်ဟာ စိမ်းရွှေရွှေအနံ့ နည်းနည်းနံတာကလွဲလို့ အလွန်သောက်လို့ကောင်းတယ်။ အင်္ဂလိပ်လူမျိုးတွေကတော့ အဲဒီအရည်ကို Milk လို့ ခေါ်ကြတယ်။ အဲဒီအုန်းရည်ကို ဝန်းရံထားတဲ့ အဖြူရောင်အုန်းသီးဆန်ကိုတော့ Copra လို့ခေါ်ပြီး ဆီထုတ်လို့ရတယ်။ အဲဒီအုန်းဆီနဲ့ လူတွေစားသုံးနေတဲ့ မာဂျရင်းထောပတ်တို့ ဆပ်ပြာတို့အပြင် အခြားပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်တယ်။ အုန်းသီးဆန်မှာ အာဟာရဓာတ်တွေ အများကြီးပါတဲ့အတွက် ဘယ်လိုမှ မပြုပြင်ဘဲ အစိမ်းလိုက် ဝါးစားလို့လည်း ရတယ်။ ဒေသခံ လူတွေကတော့ အုန်းသီးဆန်ကိုခြစ်ပြီး အခြားမုန့်တွေပေါ်မှာ ဖြူးစားကြတယ်။ ပြီးတော့ မုန့်ဖက်ထုပ်တွေထဲမှာ အဆာသိပ်ပြီး စားကြတယ်။

အုန်းညွန့်က စိမ့်ကျလာတဲ့အချိုရည်ကနေ သကြားချက်လို့ ရတယ်။ တချို့အုန်းပင်တွေရဲ့ ပင်စည်တွေကနေ ကော်ရည်ချက်ယူလို့လည်း ရတယ်။

ကုန်ကုန်ပြောရရင် အုန်းပင်က အရက်တောင် ချက်ယူလို့ ရတယ်။ ပထမဆုံး အုန်းဖူးရဲ့အညှာကို ဓားနဲ့ မွှန်းပြီး ဖြစ်လာတဲ့ ဒဏ်ရာတွေက စိမ့်ထွက်လာတဲ့ အရည်တွေကို ဝါးကျည်တောက်နဲ့ ခံပြီး စုဆောင်းရတယ်။ အပူပိုင်းဒေသက ဝါးတွေဟာ အလွန်တုတ်တဲ့အတွက် သည်အတိုင်း လွှနဲ့ ဖြတ်ပြီး သုံးရင်တောင် ရေခွက်ကောင်းကောင်းတစ်ခွက်ရတယ်။ အဲသည်လို ဝါးကျည်တောက်ထဲကို စိမ့်ကျလာတဲ့ အရည်တွေဟာ သူ့သဘာဝအတိုင်း ကစော်ပေါက်ပြီး အရက်ဖြစ်လာတော့တာပဲ။ ဒါပေမဲ့ မြန်မာလူမျိုးတွေဟာ အရက်သောက်လေ့မရှိတဲ့အတွက် မြန်မာပြည်မှာ အုန်းပင်က အရက်ထုတ်တာကို မတွေ့ဖူးသလောက်ပဲ။ ဒတ်ချ်လူမျိုးတွေ ပိုင်တဲ့ အရှေ့အိန္ဒိယဒေသ

မှာတော့ အုန်းပင်ကနေ အရက်ကောင်းကောင်းထုတ်တတ်တဲ့အတွက် ဂျပန်စစ်သား တော်တော်များများက လေ့လာပြီး မြိန်ရေရှက်ရေ သောက်တတ်ကြတယ်။ ကျွန်တော်တို့ တပ်ထဲမှာက အဲသည်တုန်းက အရက်ကို သိပ်ကြိုက်တဲ့ တပ်သားတစ်ယောက် ပါလာတယ်။ သူက ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး ဝါးကျည်တောက် တက်ချိတ်ထားတတ်တယ်။ အဲ မုန်တိုင်းကျလို့ တဲခေါင်မိုးတွေ လန်လာရင်တော့ သူ့အဖို့တော့ ပျော်လို့မဆုံးတော့ဘူး။ အိမ်ခေါင်မိုးတွေ ပြင်ကြရမယ်ဆိုတဲ့ အမိန့်များ ကျလာပြီဆိုရင် သူ့အတွက် သဘောတွေ့ မနောခွေ့ ဆိုသလို ဖြစ်နေတော့တာပဲ။

အုန်းပင်တွေက တကယ့်ကို အဖိုးထိုက်တန်တဲ့ အပင်တွေပါပဲဗျာ။ အနောက်ဥရောပက လယ်သမားတွေရဲ့ အဆိုအရ နွားမတစ်ကောင်ရှိရင် အစစ အရာရာ ပြည့်စုံတယ်ဆိုတဲ့ စကား ရှိတယ်။ တောင်ဘက်ပိုင်းက အပူပိုင်းနိုင်ငံတွေမှာတော့ အုန်းပင်တွေဟာ နွားမတစ်ကောင်လိုပဲ အစစ အရာရာ အသုံးဝင်တယ်လို့ ဆိုရမယ်။

တစ်နေ့တော့ အဲသည် အုန်းတောထဲက အုန်းပင်ကြီးတစ်ပင် လဲကျသွားတာနဲ့ အဲသည်အုန်းပင်ကြီးဆီသွားပြီး အရွက်တွေ ခြွေကြတယ်။ တချို့ကလည်း ကြိုးနဲ့ချည်တဲ့သူက ချည်၊ အသီးတွေမှာ အပေါက်တွေ ဖောက်တဲ့သူဖောက်နဲ့ အလုပ်များနေကြတယ်။ အဲဒီအချိန်မှာ အရက်အင်မတန် ကြိုက်တဲ့ ဂျပန်စစ်သားတစ်ယောက်ဟာ သူခိုးသွားနေကျ အုန်းပင်ကနေ မျက်နှာကြီးနီပြီး ပြန်လာတာကို တွေ့လိုက်ရတယ်။ ပါးစပ်ကလည်း သီချင်းတစ်ပုဒ်ကို တိုးတိုးလေး ညည်းတွားပြီး ဆိုလာတယ်။ သူဆိုလာတဲ့ သီချင်းက မြန်မာလူမျိုးတွေ ဆိုနေကျ သီချင်းဖြစ်နေတယ်။ ခါတိုင်းဆိုလို့ရှိရင် သီချင်းစဆိုလိုက်တာနဲ့ အားလုံး ဝိုင်းဆိုကြတော့တာပဲ။ ခုတော့ ကျွန်တော်တို့အားလုံးဟာ တိတ်ဆိတ်နေကြပြီး လက်တွေကသာလျှင် လှုပ်ရှားနေကြတယ်။

အဲသည်သီချင်းက မီဇူရှီးမား ကင်းလှည့်တဲ့အခါ ဆိုနေကျသီချင်းပဲ။ ပြီးတော့ “ရန်သူတွေ မရှိဘူး။ စိတ်ချရပြီဟေ့ ထွက်ခဲ့ကြတော့”လို့ အချက်

ပေးတဲ့ သီချင်းလည်း ဖြစ်နေတယ်။ ဆိုတဲ့သူက ခပ်မူးမူးနဲ့ ပါးစပ်ထဲရှိတာ ဆိုနေတာမှန်ပေမယ့် နားထောင်ရတဲ့သူအဖို့ သူ့သီချင်းသံနဲ့အတူ တောအုပ်ရဲ့ခပ်ဝေးဝေးဆီက စောင်းသံလိုလို ကြားယောင်လာကြတယ်။ ကျွန်တော်တို့ မျက်စိရှေ့မှာရှိတဲ့ တောနက်ကြီးထဲမှာတော့ ကျေးငှက်ကလေးတွေ တစ်ပင်ကနေတစ်ပင် ကူးလူးပျံသန်းနေကြတာနဲ့ အတူ လုံချည်ဝတ်ထားတဲ့ မီဇူရီးမားဟာ သူ့စောင်းကလေးကို ပိုက်ပြီးတော့ တောထဲကို ဝင်ရောက်သွားသလိုလို မြင်ယောင်နေမိတော့တယ်။

တပ်စိတ်မှူး ဗိုလ်မှူးကြီးဟာ သူ့နံရံမှာ ချိတ်ဆွဲဖို့ အုန်းရွက်တွေကို ရက်နေရင်းက တစ်ယောက်တည်း ညည်းတွားလိုက်တယ်။

"ငါ့ဘာသာ သွားခဲ့ရရင် အကောင်းသားကွာ"

ပြီးတော့ ခေါင်းတယမ်းယမ်းလုပ်ပြီး အောက်နှုတ်ခမ်းကို ကိုက်လိုက်တယ်။

ဘေးမှာ နားထောင်နေတဲ့ တပ်သားနှစ်ယောက်၊ သုံးယောက်က ဗိုလ်ကြီး ဘာကိုဆိုလိုတယ်ဆိုတာကို သဘောပေါက်နေကြတယ်။ ဗိုလ်ကြီးဟာ သည်လောက်အန္တရာယ်များပြားတဲ့တာဝန်ကို မိမိ လက်အောက်က တပ်သားကို ပေးမိခဲ့တဲ့အတွက် နောင်တရနေတဲ့ပုံပဲ။

ပြီးတော့ နောက်တစ်ညမှာလည်း လေပြင်းကျခဲ့ပြန်တယ်။ အုန်းတောတစ်ခုလုံး အုန်းရွက်တွေ တရှဲရှဲအော်မြည်နေကြပြီး မိုးကလည်း တဖြည်းဖြည်းသည်းလာတယ်။ အုန်းတောထဲမှာတော့ မြေကြီးပေါ်ကို ဗုန်းခနဲဗုန်းခနဲ တစ်ခုခု ကြွေကျတဲ့အသံတွေ ကြားနေရတယ်။ ဒါက အုန်းသီးတွေပဲ ဖြစ်လိမ့်မယ်။ ဒီအသံတွေက နောက်တစ်နေ့ မိုးလင်းတဲ့အထိ ဆက်တိုက်မြည်ဟီးနေတဲ့အတွက် ကျွန်တော်တို့ဟာ တစ်ညလုံး အိပ်လို့ မရကြတော့ဘူး။

"ဟာ တစ်လုံး ထပ်ပြီး ကြွေပြန်ပြီဟေ့"

"အင်း ဟိုအုန်းပင်ကတော့ အုန်းရည်တွေက စိမ့်စိမ့်ကျနေတော့မှာပဲ"

အဲသည်နောက် စစ်သားတစ်ယောက်က ထပြီး သီချင်း ဆိုပြန်တယ်။

"ဟိုးအဝေးက ကျွန်းကလေးပေါ်ဝယ်

စီတန်းနေတဲ့ အုန်းပင်ကလေးတွေရယ်

ညကြီးမင်းကြီး အချိန်အခါမယ်

ဘာလို့များ မအိပ်ကြသေးတာလဲကွယ်"

သူက သီချင်းရေးဆရာကြီး ဟခုရှူးရဲ့ ကျော်ကြားတဲ့ တေးတစ်ပုဒ်ကို ခပ်တိုးတိုးကလေး ညည်းနေရှာတယ်။

အဲသည်အချိန်မှာ ဝေါခနဲ လေပြင်းတစ်ချက် တိုက်လိုက်တယ်။

"ဟော ကြွေပြန်ပြီကွ နောက်တစ်လုံး"

စစ်သားတစ်ယောက်က ပြောပြောဆိုဆိုနဲ့ အိပ်ရာကနေ ခေါင်းထောင်ပြီး ထလိုက်တယ်။ ပြီးတော့ ဆက်ပြောပြန်တယ်။

"အဲ– အဲဒီ သီချင်းကို မီဇူရှီးမားက သိပ်ကြိုက်တာကွ"

သည်အခါမှာ ခပ်လှမ်းလှမ်းက ခပ်ဆတ်ဆတ်အသံတစ်သံကို ကြားလာရတယ်။

"ကဲ ကဲ တော်ကြပါတော့ကွာ။ မနက်ဖြန် အလုပ်လုပ်ဖို့ ရှိသေးတယ်ကွ ရနိုင်သမျှ အချိန်ကလေးမှာ ကြိုးစားပြီး အိပ်လိုက်ကြပါဦးကွာ"

အဲသည်လောက်တောင် ကျွန်တော်တို့ တပ်သားအားလုံး မီဇူရှီးမားကို စွဲနေလို့လား မပြောတတ်ဘူး။ တစ်နေ့တော့ ထူးဆန်းတဲ့အဖြစ်အပျက် တစ်ခုနဲ့ ကြုံလာရတော့တယ်။

မုဒုံမြို့ကိုရောက်ကြီး သုံးလလောက်အကြာမှာ ကျွန်တော်တို့တပ်စုဟာ မြို့ပြင်မှာရှိတဲ့ တံတားတွေကို ပြင်ဖို့ တာဝန်ကျလာတယ်။ တံတားတွေက ချောင်းငယ်မြောင်းငယ်ကလေးတွေကိုဖြတ်ပြီး ပျဉ်ပြားရှည်နှစ်ချပ် သုံးချပ် ခင်းထားတဲ့ ခပ်ကြမ်းကြမ်းသစ်သားတံတားကလေးတွေပဲ။ သည်လိုနဲ့ရွှံ့တွေ

ဗွက်တွေထဲ ဆင်းပြီး ရက်အနည်းငယ် လုပ်လိုက်တာနဲ့ တံတားအားလုံးကို ပြင်ဆင်လို့ ပြီးသွားတယ်။ လုပ်ငန်းအားလုံးကို နောက်ဆုံးပိတ် အပြီးသတ် ပြီးတဲ့နေ့မှာတော့ ကျွန်တော်တို့ဟာ မွန်းလွဲပိုင်းလောက်မှာ တံတားကို ဖြတ်ပြီး မုဒုံမြို့ဘက်ကို ပြန်လာခဲ့ကြတော့တယ်။

အဲသည်အချိန်မှာ တံတားရဲ့ တစ်ဖက်ကနေ မြန်မာဘုန်းတော်ကြီး တစ်ပါးဟာ သင်္ကန်းကိုရုံပြီး မြို့ထဲကနေ ကျွန်တော်တို့ဘက်ဆီကို လျှောက် လှမ်းလာတာကို တွေ့လိုက်ရတယ်။ အဲသည် ဘုန်းတော်ကြီးနဲ့ မျက်နှာချင်း ဆိုင်လိုက်မိလိုက်တာနဲ့ ကျွန်တော်တို့အားလုံး "ဟင်"ခနဲ ဖြစ်သွားကြတော့ တယ်။

အဲသည် ဘုန်းတော်ကြီးဟာ အသက်ငယ်ငယ်နဲ့ ခေါင်းကို ပြောင်နေ အောင် တုံးထားတယ်။ လက်ထဲမှာတော့ သပိတ်ကို ပိုက်ထားတယ်။ သင်္ကန်း အသစ်တစ်ထည်ကို ရုံထားပြီး သူ့ပခုံးပေါ်မှာ အစိမ်းရောင်ကြက်တူရွေး ကလေးတစ်ကောင် တင်ထားတယ်။ ဒီအနီးအနားတစ်ဝိုက်မှာရှိတဲ့ ရွာ တစ်ရွာက ဘုန်းကြီးတစ်ပါးပဲ ဖြစ်လိမ့်မယ်။

အဲသည်ဘုန်းကြီးကလေးက တပ်ကြပ် မီဇူရှီးမားနဲ့ အံ့သြလောက်အောင် တူနေတယ်။ အရပ်အနိမ့်မမြင့်၊ ခန္ဓာတောင့်တောင့်တင်းတင်းနဲ့ ဝန်းဝိုင်း ပြူးကျယ်တဲ့မျက်လုံးနဲ့ နှုတ်ခမ်းပါးတွေကအစ မီဇူရှီးမားနဲ့ အမြွာမွေးလာ သလားလို့ တောင် အောက်မေ့ရတယ်။ သပိတ်တစ်လုံးနဲ့ နေ့တိုင်း နေပူထဲမှာ ဆွမ်းခံထွက်နေလို့နဲ့ တူတယ်။ အသားကတော့ အတော်ကလေး ညိုနေ တယ်။ တကယ်လို့များ ကျွန်တော်တို့ ဂျပန်စစ်သားတွေ ဆောင်းတဲ့ ဦးထုပ် ကို သူ့ခေါင်းပေါ်တင်လိုက်ရင် ဘယ်သူမှ မီဇူရှီးမားနဲ့ ခွဲလို့ရမှာ မဟုတ်တော့ ဘူး။ သူ့ကိုကြည့်ရတာ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေတဲ့ပုံကို မြင်ရတယ်။ ကျွန်တော်တို့ ဂျပန် စစ်သုံ့ပန်းတွေကလည်း တစ်ယောက်ပြီး တစ်ယောက်

သူ့ကို စိုက်ကြည့်သွားကြတာကိုး။ ပြီးတော့ ဒေါသနည်းနည်းထွက်နေတဲ့ အမူအရာမျိုးကိုလည်း တွေ့ရတယ်။ အဲဒီအမူအရာကလည်း မီဇူရီးမားနဲ့ တစ်ထပ်တည်းပဲ။

ကျွန်တော်တို့ စစ်သားတွေက ကျဉ်းမြောင်းတဲ့ တံတားပေါ်မှာ တန်းစီပြီး အဲသည်အုန်းတော်ကြီးလေးနဲ့ မျက်နှာချင်းဆိုင် ဖြတ်ရတယ်။ သူ့ကို ကြည့်မိတဲ့ တပ်သားတိုင်းဟာ ဝမ်းသာလွန်းလို့ ပြုံးစိစိ ဖြစ်လာပြီး ရယ်ကြတယ်။

"လူတူမရှား နာမည်တူမရှား ဆိုတာလိုပဲ၊ သိပ်တူတာပဲကွာ"

နောက်တော့ ဘုန်းကြီးလေးဟာ ကျွန်တော်တို့ကို လျစ်လျူရှုတဲ့အနေနဲ့ သူ့ပခုံးပေါ်က ကြက်တူရွေးကလေးကို လက်နဲ့ကိုင်ကာ မျက်လွှာချပြီး လျှောက်သွားတော့တယ်။ တံတားဆုံးလို့ လှည့်ကြည့်လိုက်တော့ အဲသည် ဘုန်းကြီးလေးဟာ ချောင်းရဲ့ တစ်ဖက်ကမ်းကို ရောက်နေပြီ။ ခြေလှမ်း ခပ်သွက်သွက်လှမ်းပြီး မြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ တောအုပ်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။

အဲသည်ညမှာ ကျွန်တော်တို့ဟာ အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း အဲသည် ဘုန်းကြီးလေးအကြောင်းကို ပြောနေမိကြတယ်။

"မီဇူရီးမား ကင်းလှည့်ထွက်တဲ့အခါ အဲသည်ပုံစံမျိုးနဲ့ ဝတ်ပြီး ထွက်တာများတယ်ကွ"

"အဲသည် ဘုန်းကြီးလေးကို ဒီအထိ ပင့်ပြီး စောင်းတီးခိုင်းချင်လိုက်တာကွာ။ အဲသည် အခါကျမှ တို့တစ်တွေ သီချင်းတွေ တဝကြီး ဆိုရမှာ"

"မင်း သေလို့ မသာချမှပဲ အဲသည်ဘုန်းကြီးကို ပင့်လို့ရမှာ"

"မနောက်စမ်းပါနဲ့ကွာ။ အင်း မီဇူရီးမားတစ်ယောက် ဘယ်ကိုများ ရောက်နေပါလိမ့်နော်"

(၃)

ဘုန်းကြီးလေးဟာ မုဒုံမြို့ထဲကို မကြာခဏ ရောက်နေတတ်တဲ့ပုံပဲ။ တစ်ခါ တလေ ကျွန်တော်တို့တောင် သူ့ကိုတွေ့တွေ့နေကြရတယ်။ သူ့ကို တွေ့လေ ကျွန်တော်တို့က မီဇူရှီးမားကို အောက်မေ့လေ ဖြစ်နေရတော့တယ်။ တစ်နေ့ တော့ ကျွန်တော်တို့က အလုပ်ကိုအသွား လမ်းပေါ်မှာ အဲသည်ဘုန်းကြီးလေး နဲ့ ပက်ပင်းတိုးပါလေရော။ ဒါနဲ့ ကျွန်တော်တို့ထဲက စစ်သားတစ်ယောက်က

"ဟေ့ မီဇူရှီးမား"

လို့ လှမ်းအော်လိုက်တယ်။ အဲသည်အခါမှာ ဘုန်းတော်ကြီးလေးဟာ ရုတ်တရက်လန့်သွားသလား မပြောတတ်ဘူး။ ခြေထောက်ကို စုံရပ်ပြီး ခေါင်းငိုက်စိုက်ချကာ ကျွန်တော်တို့ ဖြတ်အသွားကို စောင့်နေရှာတယ်။ သူ့ကိုကြည့်ပြီး ကျွန်တော်တို့အဖို့ အတော့်ကို ထူးဆန်းနေတယ်။ ထူးဆန်း တယ်ဆိုတာထက် ပိုပြီး ဝမ်းနည်းလာကြတယ်။

"သိပ်မနောက်ကြပါနဲ့ကွာ။ သနားစရာကောင်းပါတယ်။ သူ့ခမျာ လန့်နေရှာမှာပေါ့"

တပ်စိတ်မှူး ဗိုလ်ကြီးက သတိပေးလိုက်တယ်။

သည်လိုနဲ့ ကျွန်တော်တို့တစ်တွေ စိတ်အေးခဲ့ရတာ မှန်ပေမယ့် မီဇူရှီးမား ကတော့ ကျွန်တော်တို့ မျှော်လင့်ထားသလို ပြန်ရောက်မလာခဲ့ဘူး။ ကြာတော့ ကျွန်တော်တို့အားလုံး စိတ်ဓာတ်ကျလာတယ်။ ပျင်းစရာကောင်းလှတဲ့ သုံ့ပန်း ဘဝအပေါ်မှာလည်း ငြီးငွေ့လာကြတော့တယ်။ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုတဲ့ စကားအတိုင်း နေ့စဉ်နဲ့အမျှ မိုးတွေက ဆက်တိုက် ရွာပြီး အိုက်စပ်စပ်ကြီး ခံစားကြရတယ်။ ရေနွေးငွေ့လို ပူနွေးနေတဲ့ မိုးပေါက် တွေလည်း ရက်ပေါင်းများစွာ မနားတမ်း ဆက်တိုက်ရွာချနေကြတယ်။ ကျွန်တော်တို့နေတဲ့ တဲရဲ့ တံစက်မြိတ်တွေဆီက မိုးရေတွေဟာ တသွင်သွင် စီးကျနေကြတယ်။ ကျွန်တော်တို့ရှေ့မှာရှိတဲ့ အုန်းပင်တန်းဟာ ရေဆေးပန်းချီ

ကားတစ်ချပ်လို မှုန်ဝါးဝါးသာ မြင်ရတော့တယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ အဲသည့် ရေဆေးပန်းချီကားအပေါ်မှ မင်နှိပ်စက္ကူနှင့် ဖိပစ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်။

ကျွန်တော်တို့တစ်တွေဟာ ပျင်းရိငြီးငွေ့စွာနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ ကုန်သွားတော့တယ်။ သီချင်းလည်း မဆိုဖြစ်ကြတော့ဘူး။ ခွင့်ပြုလို့ ယူလာတဲ့ တူရိယာပစ္စည်းတွေလည်း ဖုန်အလိမ်းလိမ်းနဲ့ တဖြည်းဖြည်း ပျက်စီးစပြုလာကြပြီး တချို့က တင်ပလ္လင်ချိတ်ထိုင်ပြီး ကောင်းကင်ကြီးကို ကြည့်နေကြတယ်။ အချို့ကျတော့ အိပ်ရာထဲမှာပဲ တစ်နေ့လုံး လှဲနေကြတော့တယ်။ စစ်သားတစ်ယောက်ဆိုရင် စောင်ကြီးခြုံပြီး ကွေးကွေးနေလို့ စောင်ကို လှပ်ကြည့်လိုက်တဲ့အခါ မျက်ရည်တွေ တတွေတွေ စီးကျနေတာကို တွေ့လိုက်ရတယ်။ ပြီးတော့ အရင်က တစ်ခါမှ မကြားဖူးတဲ့ အချင်းချင်း ငြင်းခုံသံ ရန်ဖြစ်သံတွေကိုပါ ကြားလာရတယ်။

"ဘယ်လိုဖြစ်တာလဲကွ ငါ့မျောက်ကလေးကို ကျွေးဖို့ ချန်ထားတဲ့ ထမင်းတွေ ဘယ်ရောက်ကုန်ပြီလဲ"

စစ်သားတစ်ယောက်က သူရဲ့ ဗလာကျင်းထားနေတဲ့ ဟန်းကောချိုင့်ကို ဝှေ့ယမ်းရင်း မြည်တွန်တောက်တီးနေတယ်။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မျောက်ကလေးကို ငါ့ဝေစုထဲက ၂–ရက် ၃–ရက်ရှိပြီ ကျွေးနေတာ"

တစ်စိတ်မှူးဗိုလ်ကြီးက ကျွန်တော်တို့တပ်သားအားလုံး စိတ်ပြေလက်ပျောက် ရှိအောင်လို့ဆိုပြီး မျောက်ကလေးတစ်ကောင် မွေးထားခဲ့တယ်။ ခုတော့ မျောက်ကလေးက ကျွန်တော်တို့အချင်းချင်း ရန်ဖြစ်ဖို့ တရားခံ ဖြစ်ခဲ့ရပြီ။

ဒီအတိုင်း ဆက်ထားလို့ မဖြစ်တော့ဘူးလို့ တပ်စိတ်မှူး ဗိုလ်ကြီးက တွေးမိလာတော့တယ်။ သီချင်းဆိုတဲ့ လေ့ကျင့်ခန်းကို ပြန်စလာတယ်။

မိုးစဲတာနဲ့ ကျွန်တော်တို့ဟာ တဲရှေ့ပန်းခြံထဲကို ထွက်ပြီး သီချင်းတွေကို ဝိုင်းဆိုကြရတော့တယ်။

သီချင်းတွေကို ပြန်ဆိုမိတဲ့အခါ ကျွန်တော်တို့အားလုံးဟာ အသက်ကို အားရပါးရ ရှူရှိုက်ကြပြီး အသက်တွေ ပြန်ဝင်လာသလို ခံစားလာရတယ်။

ကျွန်တော်တို့စလုပ်လိုက်တာနဲ့ ဘေးချင်းကပ်တဲတွေကလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့တယ်။ တချို့တပ်ဖွဲ့တွေက ပြဇာတ်တွေ ခင်းလာကြတယ်။ တချို့ကျတော့ အားကစားပြိုင်ပွဲတွေ ကျင်းပကြသလို တချို့ကျတော့ စာသင်ခန်းတွေဖွင့်ပြီး စာသင်ပေးကြတယ်။

အဲသည်လိုလှုပ်ရှားမှုတွေ တပ်ဖွဲ့အသီးသီးက ကျင်းပလာကြတဲ့အခါ မြို့သူမြို့သားတွေဟာ ဝါးခြံစည်းရိုးနား ကပ်လာပြီး ဝိုင်းအုံကြည့်ရှုလာကြတယ်။ ကျွန်တော်တို့ကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ဝိုင်းပြီး ရယ်မောလာတတ်ကြတယ်။

သည်အထဲမှာ ကျွန်တော်တို့ရဲ့သီချင်းက လူကြိုက်အများဆုံးပဲ။ ကျွန်တော်တို့ကလည်း လူတွေ အုံလာလေလေ အားရပါးရ ဆိုလေပဲ။ ပြီးတော့ သည်နေ့ ကျွန်တော်တို့ကို လူဆယ့်နှစ်ယောက် လာကြည့်တယ်။ ဘယ်သူကဖြင့် လာကြည့်တာ ဘယ်နှခါရှိပြီ၊ ကျွန်တော်တို့ သီချင်းဆိုပွဲက ဟိုဘက်က ပြဇာတ်ထက် ဘယ်လိုသာသွားတယ် စလို့ ပြောမဆုံးအောင် ရှိနေကြတော့တယ်။

ဝါးခြံစည်းရိုးရဲ့ အပြင်ဘက်မှာတော့ မြို့ထဲက လူအမျိုးမျိုး ရောက်ရှိနေကြတယ်။ ပူအိုက်တဲ့တောင်ပိုင်းနိုင်ငံတွေဆိုတော့ သူတို့မှာ အချိန်အားတွေ အများကြီး ရှိနေကြတယ်။ တချို့က ခြံစည်းရိုးကိုမှီပြီး တချို့က သစ်ပင်တွေကို ကျောနဲ့ကပ်ပြီး မိုးလင်းမိုးချုပ် ကျွန်တော်တို့ သီချင်းဆိုနေတာကို စောင့်ကြည့်နေကြတယ်။

သီချင်းတစ်ပုဒ်ပြီးတာနဲ့ အားလုံးက ဝိုင်းပြီး လက်ခုပ်တီးပြီး ဩဘာပေးကြတယ်။ အဲသည် လူအုပ်ကြီးထဲက ကလေးအချို့ဆိုရင် ကျွန်တော်တို့သီချင်းတွေကို အလွတ်နီးပါး ရနေကြလို့ သူတို့အချင်းချင်း အုပ်စုဖွဲ့ကာ ကျွန်တော်တို့လို လိုက်ဆိုနေကြတယ်။ အနီရောင် အပြာရောင် တောက်ပတဲ့ အင်္ကျီတွေကို ဝတ်ထားတဲ့ မိန်းမပျိုကလေးအချို့ကဆိုရင် ကျွန်တော်တို့အဆိုနဲ့လိုက်ပြီး သူတို့ရိုးရာအကကို ကနေကြတော့တယ်။ သိပ်ပျော်စရာကောင်းတာပဲ။ လူအုပ်ထဲက သက်ကြီးရွယ်အိုတွေကတော့ စားစရာတွေ ငွေအကြွေစေ့တွေကို စက္ကူနဲ့ထုပ်ပြီး ကျွန်တော်တို့ဆီကို လှမ်းပစ်ကြတယ်။

အစောင့်စစ်သားတွေကတော့ ကျွန်တော်တို့ ကခုန်သီဆိုနေကြတာကို သိလျက်နဲ့ မသိချင်ယောင်ဆောင်နေကြတယ်။ ကျွန်တော်တို့ ဆိုနေတဲ့ သီချင်းထဲ သူတို့ရတဲ့ သီချင်းများ ပါလာရင် ပါးစပ်က တိုးတိုးကလေး လိုက်ဆိုကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ “နိဝန်ကျိဂုဆ”နဲ့ “ဟညုနို့ယဒို”သီချင်း နှစ်ပုဒ်ကိုတော့ စိတ်မကောင်းစရာတွေ ပြန်ပြီးသတိရလာမှာမို့ မဆိုဘဲ ချန်ထားခဲ့ကြတယ်။

တစ်နေ့မှာတော့ ကျွန်တော်တို့ ထုံးစံအတိုင်း သီချင်းတွေ အော်ဆိုနေတုန်း တပ်သားတစ်ယောက်က သူ့ဘေးနားက တပ်သားတွေကို တံတောင်ဆစ်နဲ့ တွက်ပြီး နားထောင်နေတဲ့ လူအုပ်ကြီးဆီကို လက်ညှိုးနဲ့ ထိုးပြလိုက်တယ်။ သူ ညွှန်ပြရာကို ကြည့်လိုက်တော့ တိုးဝှေ့ပြီးနားထောင်နေတဲ့ လူအုပ်ကြီးရဲ့နောက်မှာ မြန်မာဘုန်းတော်ကြီးတစ်ပါး ရပ်နေတာကို တွေ့လိုက်ကြရတယ်။ တစ်ခါတုန်းက ကျွန်တော်တို့တစ်တွေ တံတားပေါ်မှာ တွေ့လိုက်ရတဲ့ ဘုန်းကြီးလေးပဲ။ မီဇူရှိုးမားနဲ့ ခွဲမရအောင် တူတဲ့ဘုန်းကြီးလေးပဲ။ အဲသည် ဘုန်းကြီးလေးဟာ အရောင်တဖျတ်ဖျတ် တောက်ပနေတဲ့ အစိမ်းရောင် ကြက်တူရွေးကလေးကို ပခုံးပေါ်မှာ တင်ရင်း ကျွန်တော်တို့ဆီကို သူ့ရဲ့ပြုံးကျယ်ဝိုင်းစက်တဲ့မျက်လုံးတွေနဲ့ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရှာတယ်။ သီချင်းလည်း ဆုံးရော ကျွန်တော်တို့အားလုံးဟာ ခြေဖျားထောက်ပြီး အဲသည်ဘုန်းကြီးလေးကို ဝိုင်းကြည့်ကြတယ်။

"တူလိုက်တာကွာ။ တူသမှ ခွဲမရအောင် တူနေတော့တာပဲ"

"မဟုတ်တာ အဲသည်ဘုန်းကြီးက အသက်ကြီးပါတယ်ကွ"

ကျွန်တော်တို့ထဲက စစ်သားတစ်ယောက်ဟာ သူရငွေ အကြွေထုပ်ကလေးကို အဲသည်ဘုန်းကြီးလေးဆီကို လှမ်းပစ်ပေးလိုက်တယ်။ ပိုက်ဆံထုပ်ကလေးက ဘုန်းကြီးလေးရဲ့ ခြေဖျားနားကို ကျသွားတယ်။ သည်အခါ ဘေးမှာရှိတဲ့ ကလေးတစ်ယောက်က ကောက်ပြီး ဘုန်းကြီးလေးကို ရိုရိုသေသေ ကပ်လှူလိုက်တယ်။ ဘုန်းကြီးလေးလည်း ကျွန်တော်တို့ဘက်ကို မျက်နှာမူပြီး လက်နှစ်ဖက်ကို လက်အုပ်ချီကာ ဆုတောင်းပေးရှာတယ်။ တကယ့်ကို တည်ငြိမ်အေးချမ်းတဲ့ အမူအရာပဲ။ ကျွန်တော်တို့လဲ အမှတ်မထင် ပြိုင်တူ ဦးညွတ်လိုက်ကြတယ်။

ဒီတိုင်းပြည်က လူတွေဟာ ဘုန်းတော်ကြီးတွေ ရဟန်းသံဃာတွေကို အရိုအသေပေးတဲ့ နေရာမှာတော့ အံ့သြလောက်ပါတယ်။ သူတို့တစ်တွေဟာ ဘုန်းတော်ကြီးတွေကို ပေးလှူကြတာဟာ သာမာန်သဒ္ဓါတရားထက် အများကြီးပိုတယ်။ လောကီသားတွေ လွတ်မြောက်ဖို့အတွက် ဒုက္ခခံကာ ကျင့်ကြံအားထုတ်နေတဲ့ သူတော်စင်တွေကို ကျေးဇူးတင်တဲ့သဘောကို ဆောင်နေတယ်။ လှူတဲ့ ပစ္စည်းတွေကို သာမန်ကာလျှံကာ လက်ကမ်းပေးလိုက်တာမျိုး မဟုတ်ဘဲ ဒူးထောက်ပြီး ရိုရိုသေသေ လေးလေးစား ကပ်လှူကြတယ်။ အစတုန်းက အဲသည် ဓလေ့ထုံးစံကို မသိခဲ့ကြတဲ့အတွက် ကျွန်တော်တို့ ပေးကမ်းလှူဒါန်းတဲ့အမူအရာတွေဟာ သူတို့အမြင်မှာတော့ အတော်ရိုင်းပျနေလိမ့်မယ်။

အဲသည် ဘုန်းကြီးလေးဟာ နောက်ပိုင်းမှာလည်း ကျွန်တော်တို့ သီချင်းဆိုတဲ့နေရာကို ခဏခဏ လာကြည့်နေခဲ့တယ်။ အမြဲဆိုသလို လူအုပ်ရဲ့နောက်မှာ ရပ်နေပြီး တုတ်တုတ်မျှမလှုပ်ဘဲ စိုက်ကြည့်နေတတ်တယ်။ ကျွန်တော်တို့ကလည်း ရထားတဲ့ ပိုက်ဆံအကြွေတွေနဲ့ စားစရာတွေကို ဘုန်းကြီးလေးကို အမြဲပစ်ပေးနေခဲ့ကြတယ်။

"ဟာ လာနေပြန်ပြီဟေ့"

စစ်သားတစ်ယောက်က ပြောလိုက်တယ်။

"ဒီဘုန်းကြီး ရမ္မန်းသိလို့ ခဏခဏလာနေသလား မပြောတတ်ပါဘူး ကွာ"

နောက်ထပ်တပ်သားတစ်ယောက်က မကောင်းတဲ့အမြင်နဲ့ ပြောလာပြန်တယ်။

"မင်းတို့ကသာ တူတယ် တူတယ်နဲ့ ပြောနေကြတာ။ သေသေချာချာ ကြည့်ရင် မိဇူရှီးမားနဲ့ သိပ်ကွာပါတယ်ကွာ"

အခြား စစ်သားတစ်ယောက်က ဝေဖန်လိုက်ပြန်တယ်။

"မိဇူရှီးမားက အေးဆေးတည်ငြိမ်တယ်ဆိုပေမယ့် ဒီဘုန်းကြီးလိုတော့ ငေးကြောင်ကြောင် ဖြစ်မနေပါဘူးကွာ။ လက်နက်ခဲယမ်းတင်တဲ့လှည်းပေါ်မှာ မတ်မတ်ကြီး ရပ်နေတဲ့ မိဇူရှီးမားပုံစံက သိပ်စမတ်ကျတာပဲကွာ"

အဲသည်နေ့က ဘုန်းကြီးလေးဟာ တစ်နေရာရာကို ခရီးရှည်ထွက်ပြီး ပြန်လာတာနဲ့တူတယ်။ သင်္ကန်းတွေက ညစ်နွမ်းနေပြီး ဆံပင်လည်း အတော်ရှည်နေတယ်။ ခြေထောက်မှာလည်း ပတ်တီးစီးထားပြန်တော့ အတော်ကြည့်ရဆိုးနေတယ်။ သာသနာ့ဝန်ထမ်း ဘုန်းတော်ကြီးဆိုတော့ အရပ်တကာ လှည့်ပြီး ဘုရားဖူးကာ သာသနာပြုနေရလို့နေမှာပေါ့။

မြန်မာပြည်ဆိုတာက ဗုဒ္ဓသာသနာ အလွန်ထွန်းကားတဲ့ တိုင်းပြည်ပဲ။ ယောကျ်ားကလေးတွေဟာ အရွယ်ရောက်စပြုလာတာနဲ့ သင်္ကန်းစီးပြီး သာသနာ့ဘောင်ကို ဝင်ကြတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အရွယ် ရဟန်းပျိုတွေကို နေရာတကာမှာ တွေ့နိုင်တာပဲ ဖြစ်လိမ့်မယ်။

ကျွန်တော်တို့ တိုင်းပြည်နဲ့တော့ အတော်ကြီးကွာတယ်။ ကျွန်တော်တို့ဆီက အရွယ်ရောက်သူတိုင်း စစ်ယူနီဖောင်းဝတ်ပြီး စစ်သင်တန်း တက်ရတယ်။ သူတို့ဆီက သင်္ကန်းစည်းပြီး တရားဘာဝနာ ပွားများရတယ်။

ကျွန်တော်တို့တစ်တွေဟာ သုံ့ပန်းစခန်းကို ရောက်စကတည်းက ဒီကိစ္စနဲ့ ပတ်သက်ပြီး အတော့်ကို အငြင်းအခုံ ဖြစ်ခဲ့ကြတယ်။ တစ်ဘဝမှာ တစ်ခါ စစ်မှုထမ်းရတာနဲ့ တစ်ခါ သက်နဲ့စည်းရတာ ဘယ်ဟာက ပိုမြတ်သလဲ၊ ဘယ်ဟာက ပိုပြီး တိုးတက်သလဲ။ ပြည်သူပြည်သားတစ်ယောက် လူတစ်ယောက်အနေနဲ့ ဘယ်လမ်းကို ရွေးသင့်သလဲလို့ အချေအတင် ပြောနေခဲ့ကြမိတယ်။

အတော်ဆန်းတာက အဲသလို ငြင်းခုံမိတဲ့အခါ ဘယ်သူကသာတယ် ဆိုတာကို ဆုံးဖြတ်ချက် မချနိုင်ကြတာပဲ။ ပထမဆုံး အယူအဆနှစ်ခုရဲ့ ခြားနားမှုကို အခုလို ဆန်းစစ်ကြည့်မိကြတယ်။ ငယ်ငယ်ကတည်းက စစ်ယူနီဖောင်းကိုဝတ်ပြီး လေ့ကျင့်တဲ့ တိုင်းပြည်တွေမှာ လူငယ်တွေဟာ သန်မာဖျတ်လတ်ပြီး ကြီးလာတဲ့အခါ စွမ်းအားထက်မြက်တဲ့ လုပ်သားတွေ ဖြစ်လာနိုင်ကြတယ်။ အလုပ်ကို သွက်သွက်လက်လက် လုပ်နိုင်ဖို့အတွက် ယူနီဖောင်းတွေ ဝတ်ကြရတယ်။ သင်္ကန်းစည်းတဲ့အလုပ်ကတော့ အေးချမ်းတဲ့ဘဝကို ဦးတည်စေတာပဲ။ အင်အားသုံးပြီး အနိုင်ယူတာတို့ စစ်မက်တို့ ဆိုတာ သူတို့ဘဝမှာ မလိုအပ်တော့ဘူး။ ငယ်ငယ်ကတည်းက သင်္ကန်းစည်းခဲ့ဖူးတဲ့ သူတွေဟာ ကြီးလာတဲ့အခါကျရင် စိတ်နှလုံး နူးညံ့သိမ်မွေ့ လာကြကြီး သဘာဝတရားနဲ့ ဖြစ်ဖြစ် သူသားအချင်းချင်းဖြစ်ဖြစ် သင့်တင့်မျှတအောင် နေတတ်လာတယ်။ သူတို့ရဲ့ နှလုံးသားထဲမှာ စစ်မက်တိုက်ခိုက်တာတို့ အင်အားသုံး အကြမ်းဖက်ပြီး အနိုင်ယူတာတို့ ကင်းဝေးကုန်ကြတယ်။

ကျွန်တော်တို့ ဂျပန်လူမျိုးတွေကလည်း ရှေးရှေးကဆိုရင် မြန်မာတွေ ဝတ်တဲ့သင်္ကန်းနဲ့ ဆင်တူတဲ့ ကီမိုနိုတွေကို ဝတ်ခဲ့ကြတာပဲ။ အခုတော့ စစ်သားယူနီဖောင်းတွေနဲ့တူတဲ့ အနောက်တိုင်းဝတ်စုံတွေကို ဝတ်လာခဲ့ကြပြီ။ ဒါကြောင့်လည်း ကျွန်တော်တို့ ဂျပန်ပြည်ဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး နိုးကြားတက်ကြွတဲ့ ရှေ့တန်းရောက်တဲ့ တိုင်းပြည်တစ်ပြည် ဖြစ်လာခဲ့ရတယ်။ အေးချမ်းသာယာပြီး သဘာဝနဲ့ လိုက်လျောညီထွေနေတတ်တဲ့

အတွေးအခေါ်တွေကတော့ အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ အဲသည်တော့ အခြေခံကျကျ တွေးကြည့်မယ်ဆိုရင် မြန်မာတွေလို ကမ္ဘာလောကကြီးကို အရှိအတိုင်း လက်ခံနေကြမလား။ ဒါမှမဟုတ် ကျွန်တော်တို့လို ကမ္ဘာကြီးကို ကိုယ့်ဆန္ဒအရ ပြောင်းလဲဖို့ ကြိုးစားသွားကြမလားဆိုတဲ့ ပြဿနာက ပေါ်လာတော့တယ်။

မြန်မာပြည်မှာက ဘယ်လောက်ပဲ မြို့ကြီးတွေမှာ နေတဲ့သူ ဖြစ်ပါစေ၊ အနောက်တိုင်းဝတ်စုံကို မဝတ်ကြတာများတယ်။ သူတို့ရဲ့ ရိုးရာ အဝတ်အစားတွေကိုပဲ ချောင်ချောင်ချိချိ ဝတ်ဆင်ကြတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး လှုပ်ရှားနေကြတဲ့ နိုင်ငံရေးသမားတွေတောင် ပြည်သူလူထု မနှစ်မြို့မှာစိုးတဲ့အတွက် အနောက်တိုင်းဝတ်စုံတွေကို မဝတ်ဘဲ ရိုးရာဝတ်စုံကိုပဲ အမြတ်တနိုး ဝတ်ဆင်ကြတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ မြန်မာလူမျိုးတွေဟာ ရိုးရာဓလေ့ကို ထိန်းသိမ်းပြီး ဂျပန်လူမျိုးလို အပြောင်းအလဲ မမြန်ကြလို့ဘဲ ဖြစ်တယ်။ မြန်မာလူမျိုးတွေဟာ မိမိတို့မှာရှိတဲ့ ဓနဥစ္စာ၊ ဉာဏ်ပညာတွေ အားကိုးနဲ့ တခြားလူမျိုးတွေအပေါ်မှာ လွှမ်းမိုးလိုစိတ် ကင်းကြပြီး အဲသည် အားတွေထက် ပုထုဇဉ်တွေခံစားနေရတဲ့ ဒုက္ခဘောင်အတွင်းက လွတ်မြောက်စေနိုင်တဲ့ စွမ်းပကားကို ပိုပြီး အားကိုးကြတယ်။ ဒါကြောင့်မို့ မိမိတို့ တွေးပုံခေါ်ပုံ ခံယူပုံက အစ ခြားနားတဲ့ အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားတဲ့ သူတွေအပေါ်မှာ ယုံကြည်ကိုးစားလေ့ မရှိကြဘူး။

ကျွန်တော်တို့တစ်တွေဟာ အချေအတင် ငြင်းခုံတဲ့နောက်မှာ သဘာဝတရားကို မိမိဆန္ဒအရ ပြုပြင်ထိန်းကျောင်းသွားတဲ့ လမ်းနဲ့ လူသားတွေဟာ မိမိကိုယ်ကို အနစ်နာခံစွန့်ပယ်ပြီး သည်ထက်မြင့်မြတ်တဲ့ လောကကြီးကို ဦးတည်သွားမယ့်လမ်းဆိုပြီး လမ်းကြီးနှစ်လမ်း ကွဲလာတော့တယ်။ သည်တော့ နိုင်ငံသားတစ်ဦးအနေနဲ့ဖြစ်စေ လူသားတစ်ဦးအနေနဲ့ဖြစ်စေ ဘယ်လမ်းကို ရွေးမလဲဆိုတဲ့ ပြဿနာက ပေါ်လာတော့တယ်။

အမြဲတမ်း မြန်မာတွေကို အဆိုးမြင်တဲ့သူတွေကတော့ ခုလို ပြောကြတယ်။ မြန်မာတွေလောက် အင်အားချည့်နဲ့ပြီး ပျင်းရိတဲ့လူတွေ တစ်ခါမှ မတွေ့ဖူးဘူး။ လျှပ်စစ်မီးသီးတွေ ရထားတွေကအစ နိုင်ငံခြားလုပ်တာတွေကိုပဲ အားကိုးနေကြတယ်။ သူတို့အနေနဲ့ လုံချည်တွေကို စွန့်ပစ်ပြီး ဘောင်းဘီဝတ်ကာ ခေတ်မီအောင် လုပ်သွားဖို့ လိုအပ်တယ်။ ကျောင်းတွေကိုကြည့်လိုက်ရင် အဆိုအက သင်တဲ့ကျောင်းတွေက များပြီး ကုန်သွယ်ရေးပညာ၊ အင်ဂျင်နီယာပညာတွေကို သင်တဲ့ကျောင်းတွေက မရှိသလောက်ဘဲ။ သူတို့ကိုယ် သူတို့ ပညာရေး အဆင့် အတန်း မြင့်မားတယ် ဂုဏ်ယူနေကြပေမယ့် ဒါက တောင်ပိုင်းအာရှတိုင်းပြည်ကြားထဲမှာ ယှဉ်ကြည့်တာကိုး။ သူတို့အဆင့်က ဘုန်းတော်ကြီးပညာသင်ကျောင်းတွေမှာ ပရိတ်ကြီးနဲ့ ပါဠိတွေ သင်တဲ့ အဆင့်လောက်ပဲ ရှိသေးတယ်။ သည်အတိုင်းသာ ဆက်သွားနေရင် ဘယ်လိုမှ မတိုးတက်ဘဲ သူများကျွန် ကိုလိုနီပဲ ဖြစ်နေဦးမှာပဲလို့ ဝေဖန်ကြတယ်။

အဲသည် အယူအဆနဲ့ ဆန့်ကျင်တဲ့လူတွေကတော့ ခုလိုပြောကြတယ်။ မဟုတ်တာကွာ။ လုံချည်တွေ ချွတ်ပြီး ဘောင်းဘီဝတ်လိုက်လို့ ချမ်းသာသုခရမယ်လို့ ဘယ်သူပြောလို့ရပါ့မလဲ။ ကဲ မင်းတို့ ဂျပန်ပြည်ရဲ့ အဖြစ်ကိုပဲ ကြည့်စမ်း။ ဂျပန်ပြည်တင်မကဘူး။ တိုးတက်ပါတယ်ဆိုတဲ့ အခြားတိုင်းပြည်တွေကိုကော ကြည့်လိုက်စမ်း။ လူတွေဟာ ကိုယ့်စိတ်ထင်တိုင်း လိုက်လုပ်ကြလို့ ဘာတွေများ ကောင်းလာလို့လဲ။ ပိုပြီးတောင် ဆိုးဝါးလာတယ် မဟုတ်လားလို့ ချေပကြပြန်တယ်။

ပထမလူက ဆက်ငြင်းပြန်တယ်။

"ဒါဆို အမြဲတမ်း မြန်မာလူမျိုးတွေလို မယဉ်ကျေးတဲ့ အခြေအနေမှာပဲ နေသွားရမယ်ဆိုတဲ့ သဘောလား"

ဒီတော့ နောက်လူက ဆက်ပြီး ပြောတယ်။

မြန်မာလူမျိုးတွေကို မယဉ်ကျေးဘူးလို့ မောင်ရင် ဆိုလိုတာလား။ ငါတို့ ဂျပန်လူမျိုးတွေမှာလည်း ပိုပြီး အရိုင်းအစိုင်းဆန်တာတွေ အများကြီး ရှိတာပဲ"

"ရှုးပေါပေါစကားတွေ ပြောမနေစမ်းပါနဲ့ ကိုယ့်လူရာ။ သည်လောက်တောင် ညစ်ထေးပြီး ခေတ်နောက်ပြန်နေတဲ့ လူမျိုး၊ ပညာမကြိုးစားဘဲ အလုပ်မလုပ်ချင်တဲ့ လူမျိုး ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်တဲ့ လူမျိုးထက်ပဲ ငါတို့က ပိုပြီး အရိုင်းအစိုင်း ဆန်သတဲ့လား"

"ထားပါတော့ကွာ။ ငါတို့ ဂျပန်တွေက ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ပစ္စည်းကိရိယာတွေ သူတို့ထက် ပေါများတယ်ဆိုပါတော့။ ဒါပေမဲ့ နှလုံးသားပိုင်းမှာတော့ အရိုင်းအစိုင်းဆန်နေကြတုန်းပဲ။ အဲသည် ပစ္စည်းကိရိယာတွေကို ဘယ်လိုအကျိုးရှိအောင် သုံးရမယ်ဆိုတာကို မသိကြဘူး။ တို့ ဘယ်လိုသုံးကြသလဲဆိုတော့ ကမ္ဘာစစ်ကြီးဖြစ်အောင် ဖန်တီးပြီး ဒီမြန်မာ့မြေပေါ်အထိ လာရောက် ကျူးကျော်ကြတာပဲ မဟုတ်လား။ ပြီးတော့ အေးအေးချမ်းချမ်းနေတဲ့ မြန်မာလူမျိုးတွေကို လာပြီးဒုက္ခပေးကြတယ်။ ဒါပေမဲ့ သူတို့သည်းခံကြပါတယ်။ ဘယ်သူ့ကိုမှ ဒုက္ခပြန်မပေးဘဲ ငြိမ်းငြိမ်းချမ်းချမ်း နေသွားကြတယ်။ ငါတို့လို တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်သတ်ဖြတ်နေတဲ့ အလုပ်မျိုးကို မြန်မာလူမျိုးတွေက စိတ်ကူးထဲမှာတောင် မထည့်ကြဘူး။ မင်းက သူတို့ကို ပညာမကြိုးစားဘူးလို့ ပြောတယ် မဟုတ်လား။ အမှန်တော့ သူတို့တစ်တွေ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည်သွားကြတာပဲ မဟုတ်လား။ ဗုဒ္ဓရဲ့အဆုံးအမအတိုင်း ဘဝကို ထိန်းကျောင်းသွားကြတာပဲ မဟုတ်လား။ ပြီးတော့ သူတို့ဟာ ငယ်စဉ်ကတည်းက သင်္ကန်းတွေစည်းပြီး ဗုဒ္ဓရဲ့တရားဓမ္မကို စွဲစွဲမြဲမြဲ လိုက်နာခဲ့ကြတယ် မဟုတ်လား။ ဒီနည်းနဲ့ပဲ သူတို့ဟာ စိတ်နှလုံးရဲ့သိမ်မွေ့မှုကို ရယူခဲ့တယ်။ လောကမှာ အေးအေးချမ်းချမ်းအသက်ရှင်သန်ခဲ့ကြတယ်။ ဒါတွေက တို့ထက်အများကြီး အဆင့်မြင့်မားနေတဲ့ ပညာအရည်အချင်းတွေပဲ မဟုတ်လား"

"သည်လူမျိုးရဲ့ လူနေမှုဘဝ နိမ့်ကျနေတာကျတော့ ဘာပြောမလဲကွာ ဒါတွေကို လူသားဆန်တဲ့နေထိုင်မှုလို့ ပြောနိုင်ပါ့မလား။ ပထမဆုံးသူတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာကိုက တစ်မျိုးကြီးပဲ။ ဒုက္ခတွေ ပွန်းတီးတဲ့ လောကီဘဝကို စွန့်လွှတ်ကြ။ ကာမဂုဏ်အာရုံတွေကို စွန့်ပယ်ပြီး ကိုယ့်စိတ်

ကို မွန်မြတ်အောင် ကျင့်ကြံကြ။ လူတွေဟာ ဘုန်းကြီးဝတ်ပြီး လောကကြီးနဲ့ ခပ်ကင်းကင်းနေနိုင်ကြမှသာ စိတ်ဒုက္ခတွေက လွတ်မြောက်ရာ ရနိုင်တယ်။ ဒါတွေက ဂေါတမဗုဒ္ဓ ဟောကြားခဲ့တာတွေကို စာသဘောအရက တစ်သဝေ မတိမ်း ဘာသာပြန်ထားတဲ့ ဟီနယာန ဗုဒ္ဓဘာသာပဲ။ သည်အတိုင်းသာဆိုရင် သူတို့အားလုံး ဘုန်းကြီးဝတ်တာမှ တန်ကာ ကျလိမ့်မယ်။ ပကတိ လောက ကြီးရဲ့ အကြောင်းကိုတော့ ခေါင်းထဲမှာထည့်ပြီး စဉ်းစားကြမှာ မဟုတ်ဘူး။ ဘဝမှာ ဘာကိုမှ မက်မောတွယ်တာစရာ မရှိတော့တဲ့ သူတွေဟာ ဘယ်လို ပစ္စည်းအသစ်အဆန်းကိုမှ တီထွင်ချင်စိတ်လည်း မရှိကြတော့ဘူး။ သူတို့ရဲ့ ဘဝအခြေအနေကို သည်ထက် ကောင်းမွန်တိုးတက်လာအောင်လည်း မကြိုးစားကြတော့ဘူး။ လူတိုင်းလူတိုင်း လွတ်လွတ်လပ်လပ်ရှင်သန်နိုင်မယ့် လူနေမှုစနစ်မျိုးကိုလည်း သူတို့ အလိုမရှိကြဘူး။ ဒါကိုက တကယ့် ပျော်ရွှင် ချမ်းသာမှုလို့ ဘယ်လိုပြောလို့ ဖြစ်နိုင်ပါ့မလဲ။ သည်အတိုင်းသာ ဆက်သွား နေလို့ကတော့ ဘယ်နည်းနဲ့မှ တိုးတက်မှာ မဟုတ်ဘူး။

"မင်းပြောတဲ့ တိုးတက်မှုတွေ ချမ်းသာမှုတွေဟာ ဘယ်လိုအရာမျိုးတွေ ဖြစ်တယ်။ နောက်ဆုံးကျတော့ ဘာတွေဖြစ်ကုန်ကြတယ်ဆိုတာတွေကို ဂေါတမ မြတ်စွာဘုရားဟာ ဟိုးနှစ်ပေါင်းများစွာကတည်းက ခွဲခြားသိမြင် တော်မူခဲ့ပြီးပြီကွ။ အဲသည် ရုပ်ဝတ္ထုတွေရဲ့ တိုးတက်မှု၊ ပေါများချမ်းသာမှု တွေရဲ့ လမ်းကြောင်းဆိုတာတွေဟာ တစ်နေ့ကျတော့ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ် တိုက်ခိုက်တဲ့ စစ်ပွဲကြီးတွေ ဖြစ်ပွားကာ လူပေါင်းထောင်သောင်းများစွာဟာ စစ်မီးရဲ့ လောင်မြိုက်မှုနဲ့ အဆုံးသတ်ကြရမှာပဲလို့ ကြိုပြီး မြင်တော်မူခဲ့တယ်ကွ။ ဒါကြောင့်မို့ ကာမဂုဏ်အာရုံတွေကို စွန့်ပယ်ကြလို့ ဟောကြားတော်မူခဲ့တာ ပေါ့။ အဲသည် ဗုဒ္ဓရဲ့ အဆုံးအမကို မြန်မာလူမျိုးတွေက အခုအထိ ထိန်းသိမ်း လိုက်နာနေကြတယ်။ ဒါကြောင့်မို့ ဟောသည်လောကကြီးဟာ တကယ့်ကို အေးချမ်းသာယာပြီး ယဉ်ကျေးသိမ်မွေ့တဲ့ လူ့ဘောင်ကြီးကို တည်ဆောက်နိုင် ဖို့ဆိုရင် ငါတို့တစ်တွေက မြန်မာလူမျိုးတွေရဲ့ အတုကို ယူရတာက မြန်မာ

တွေက ငါတို့ရဲ့ အတုယူတာထက် ပိုပြီး အကျိုးရှိတဲ့အပြင် အခြေခံလည်း ကျတယ်ကွ "

"ဒါတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်ကွာ။ အခုလို အဏုမြူဗုံးတွေကို တောင် တီထွင်လာနိုင်တဲ့ ခေတ်ကြီးမှာ ဒီဗုံးတွေကိုပြုလုပ်နေတဲ့ လူတွေက ခပ်ပေါ့ပေါ့နေတဲ့ မြန်မာတွေလို ဘယ်နေလို့ ဖြစ်ပါ့မလဲ "

"အေး အဏုမြူဗုံးတွေ တီထွင်လာတဲ့ ခေတ်မျိုးကို ရောက်လာလေလေ လူတွေဟာ ပိုပြီး စိတ်တည်ငြိမ်အောင် လေးလေးနက်နက် စဉ်းစားတွေးခေါ် တတ်ဖို့ လိုလေပဲကွ။ သည်လောက်တောင် အန္တရာယ်များတဲ့ အနုမြူဗုံး ဆိုတာမျိုးတွေကို မြန်မာဘုန်းတော်ကြီးတွေဆီမှာ လျှုပစ်တာကမှ ပိုကောင်းဦး မယ် "

ငယ်ရွယ်စဉ်မှာ စစ်ယူနီဖောင်း ဝတ်သင့်သလား၊ သင်္ကန်းရုံသင့်သလား ဆိုတဲ့ စကားအချေအတင် ငြင်းခုံမှုတွေဟာ အခုလိုပဲ နောက်ဆုံးကျတော့ ဖြေရှင်းလို့ မရအောင် ရှုပ်ထွေးသွားတတ်ကြတယ်။

မြန်မာလူမျိုးတွေဟာ ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း အေးချမ်းစွာ နေထိုင်ပြီး လေးနက်စွာ စဉ်းစားကျင့်ကြံတတ်ကြတယ်။ ဒါကို မယဉ်ကျေးဘူးလို့ မပြောအပ်ဘူး။ ငါတို့ဂျပန်တွေသိတာကို မြန်မာတွေ မသိတာနဲ့ အရိုင်းအစိုင်း လို့ စွပ်စွဲတာဟာ အလွန်မှားတယ်။ သူတို့ရဲ့ ကိုယ်မှာက ငါတို့တစ်တွေ သိနားလည်နိုင်စွမ်းမရှိတဲ့ ထူးမြတ်တဲ့ သီလတရားတွေ ရှိနေကြတယ်။ ငါတို့လို ကျူးကျော်လာတဲ့သူတွေကို မခုခံတာကလွဲလို့ သူတို့ဟာ လောက ကြီးကို ငါတို့ထက် နက်ရှိုင်းတဲ့အမြင်နဲ့ ရှုမြင်သုံးသပ်ကြပြီး အေးချမ်းစွာ အသက်ရှင်နေထိုင်ခြင်းကို သူတို့လိုပဲ တန်ဖိုးထားတတ်ဖို့ သိပ်အရေးကြီး တယ်။

အဲသည်နောက် ကျွန်တော်တို့က ငြင်းခုံခြင်းကို ရပ်စဲလိုက်ကြပြီးတဲ့ နောက် တဲအပြင်ဘက်ကို ထွက်ကာ တတ်နိုင်သလောက် သီချင်းဆိုနိုင်ဖို့ပဲ

ကြိုးစားကြတော့တယ်။ တစ်ခါတော့ မြန်မာ့ရိုးရာသီချင်းတွေထဲက နှစ်ပိုဒ်လောက်သာ ရှိတဲ့ ဆိုလို့လွယ်မယ့် သီချင်းတစ်ပုဒ်ကို ရွေးပြီးဆိုမိကြတယ်။ အဲသည်သီချင်းက ခါတိုင်း မီဖူရှီးမားက "အန္တရာယ်ရှိတယ်။ မလာခဲ့ကြနဲ့ဦး"လို့ အချက်ပေးတဲ့အခါ ဆိုလေ့ရှိတဲ့ သီချင်းပဲ။

အဲသည်သီချင်းကိုလည်း စဆိုလိုက်ရော ခြံစည်းရိုးအပြင်ဘက်မှာ နားထောင်နေကြတဲ့ ပရိသတ်ကြီးဟာ ဝေးခနဲ အားရပါးရ သြဘာပေးလိုက်ကြတယ်။ အဘိုးကြီးတွေ အဘွားကြီးတွေတောင် တစ်ယောက်ကို တစ်ယောက် တွဲပြီး လိုက်ဆို ကြသလို ကလေးတွေကလည်း ခြံစည်းရိုးပေါ် ဆွဲတက်ကာ လိုက်ဆိုနေကြတော့တယ်။

အဲသည်အချိန်မှာ ခါတိုင်းလာနေကျ ဘုန်းကြီးလေးလည်း ရောက်လာနေတယ်။ ကျွန်တော်တို့လည်း အဲသည်ဘုန်းကြီးကလေးကိုပါ အတူလိုက်ဆိုစေချင်တာနဲ့ လက်တွေမြှောက်ပြီး လိုက်ဆိုဖို့ တိုက်တွန်းကြည့်ကြတယ်။ ဒါပေမဲ့ ဘုန်းကြီးလေးဟာ မျက်လွှာချရင်း မတုန်မလှုပ် ကျောက်ရုပ်ကြီးလို ငြိမ်ပြီး ရပ်နေတော့တယ်။ ကျွန်တော်တို့ သီချင်းဆုံးသွားတဲ့အထိ တစ်စက်ကလေးမှ လိုက်မဆိုဘူး။ ဒါနဲ့ ကျွန်တော်တို့လည်း သည်ဘုန်းကြီးလေးက သီချင်းဝါသနာ မပါလို့နေမှာပါလို့ အောက်မေ့လိုက်သည်။

သည်လိုနဲ့ပဲ ကြာလာတော့ အဲသည်ဘုန်းကြီးလေးလာပြီး နားထောင်ပေးမယ့် အမူမဲ့ အမှတ်မဲ့နေလိုက်ကြတော့တယ်။ အဲသည်အတောအတွင်းမှာပဲ သုံ့ပန်း စစ်သားတွေနဲ့ ပြင်ပလူတွေ နီးလွန်းတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ အတွင်းဘက်မှ နောက်ထပ်ဝါးထရံတစ်ခုကို ကာလိုက်ကြတဲ့အတွက် ကျွန်တော်တို့နဲ့ လာကြည့်တဲ့ လူတွေအကြားမှာ ပိုပြီး ဝေးကွာသွားခဲ့ကြရတော့တယ်။ မြန်မာဘုန်းကြီးလေး လာရောက်တဲ့တိုင်အောင် ကျွန်တော်တို့ အရင်ကလို လှုံချင်တာတွေ လှုံလို့မရနိုင်ကြတော့ဘူး။ ဒါကြောင့်လား မပြောတတ်ဘူး။ နောက်ပိုင်းမှာ ဘုန်းကြီးလေးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ကြရတော့ဘူး။

(၄)

အကြောင်းကြောင်းကို တွက်ချင့်ပြီး မီဇူရီးမားတစ်ယောက်တော့ ဆုံးရှာပြီ ထင်ပါရဲ့ဆိုတဲ့အတွေးဟာ နေ့တွေရက်တွေပြောင်းလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ ရင်ထဲမှာ ပိုပြီး စွဲလာကြတော့တယ်။ အားလုံးနှုတ်ဆိတ်နေကြပြီး သူ့အကြောင်းကို မစဖြစ်အောင် နေလာကြတော့တယ်။ တစ်ယောက်မှ ပါးစပ် မဟကြတော့ဘူး။ အဲသည်အတောအတွင်း မီဇူရီးမားနဲ့ ပတ်သက်တဲ့ သတင်းအစအနကို ကြားလာရ တယ်။ အဲသည်သတင်းအရ ဆုံးသွားပြီဆိုတဲ့ အယူအဆက ပိုပြီး ခိုင်မာလာခဲ့ပြန်တော့တယ်။

အဲသည်သတင်းကို သယ်လာတဲ့သူကတော့ ကျွန်တော်တို့ရဲ့ သုံ့ပန်းစခန်းကို ဝင်ထွက်သွားလာနေတဲ့ အဘွားကြီးတစ်ယောက်ပဲ။ အဘွားကြီးဟာ ဂျပန်စစ်တပ် သည်မြို့မှာ ကြီးစိုးနေခဲ့တုန်းက ပစ္စည်းတွေ လာလာရောင်းနေခဲ့တတ်တယ်။ ဂျပန်စစ်တပ်ထဲမှာတော့ "ဂျပန်ဘွားဘွား"ဆိုတဲ့ နာမည်နဲ့ လူသိများခဲ့တယ်။ အဘွားကြီးကလည်း ဂျပန်စစ်သားတွေကို ကိုယ့်သားသမီးအရင်းလို ချစ်ခင်တဲ့အတွက် အဝတ်လျှော်ပေးတယ်။ အစုတ်အပြဲတွေရှိရင်လည်း ချုပ်ပေးတယ်။ တစ်ခါတစ်ခါ ဂျပန်စစ်သားတွေကို သူ့အိမ်အထိ ဖိတ်ပြီး စားကောင်း သောက်ဖွယ်တွေနဲ့ ကျွေးမွေးဧည့်ခံတတ်တယ်။

သည်အဘွားကြီးဟာ မြန်မာလူမျိုးပီပီ ဘာသာတရား အလွန်ကိုင်းရှိုင်းတယ်။ ဂျပန်စစ်တပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ငွေကြေးအမြတ်အစွန်း အများကြီး ရလာပေမယ့် အဲသည်ပိုက်ဆံတွေကို ဘုရားမှာ လှူပစ်တာ များတယ်။ သူကိုယ်တိုင်ကတော့ အမြဲတမ်း ဆင်းဆင်းရဲရဲပဲ နေရှာတယ်။ အခု ကျွန်တော်တို့ဂျပန်စစ်သားတွေ စစ်ရှုံးလို့ စစ်သုံ့ပန်းဘဝ ရောက်ခဲ့ရတဲ့ တိုင်အောင်လည်း ကျွန်တော်တို့အပေါ်မှာ အရင်တုန်းကလိုပဲ မေတ္တာမပျက် ဆက်ဆံပြီး ပြုစုပေးနေခဲ့ရှာတယ်။ သူ့ကိုယ်ခန္ဓာ ဝတုတ်တုတ်ကြီးနဲ့ ခြေကားရားလက်ကားရား လမ်းလျှောက်ရင်း ပါးစပ်ကလည်း တဟဲဟဲ

ရယ်မောနေတတ်တယ်။ တွေ့တဲ့သူတိုင်းကို ဖော်ဖော်ရွေရွေ နှုတ်ဆက်တယ်။ အဲသည်အဘွားကြီးရဲ့ ရယ်သံကို အဝေးကကြားရတာနဲ့ ကျွန်တော်တို့လည်း ပြုံးစိစိဖြစ်ကာ ရယ်ချင်လာတော့တယ်။ သည်လိုနဲ့ အဘွားကြီး ရောက်လာတဲ့ နေ့ဆိုရင် ကျွန်တော်တို့ ဂျပန်စစ်သားတွေ စိတ်အားတက်လာကြတော့တယ်။ အစောင့်စစ်သားတွေကလည်း အဘွားကြီးတစ်ယောက် ဝင်ထွက်သွားလာနေတာကို မသိကျိုးကျွန်ပြုပြီး ခွင့်ပြုထားကြတယ်။

အရောင်းအဝယ်ဆိုပေမယ့် အဘွားကြီးမှာက ပြောပလောက်အောင် ပစ္စည်းများများစားစား ပါလာတာ မဟုတ်ဘူး။ ပြီးတော့ သူ့ပစ္စည်းတွေကို ပိုက်ဆံနဲ့ ရောင်းတာမဟုတ်ဘဲ ပစ္စည်းချင်း အလဲအလှယ်လုပ်တာလောက်ပဲ ရှိမယ်။ ဂျပန်စစ်သားတွေဟာ အခုလို သုံ့ပန်းဘဝ ရောက်ခဲ့ကြတဲ့တိုင်အောင် အနည်းနဲ့ အများဆိုသလို ကိုယ်ပိုင်ပစ္စည်းတွေတော့ ကျန်နေတတ်ကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဝတ်အစားကအစ အခြားအသုံးအဆောင်ပစ္စည်းတွေ ပျောက်ဆုံးပျက်စီးသွားရင် သည်လိုနေရာမျိုးမှာက အစားပြန်မရနိုင်တဲ့အတွက် ရနိုင်သမျှပစ္စည်းတွေကို ကျောပိုးအိတ်ထဲမှာ ထည့်သယ်လာခဲ့ကြလို့ပဲ။

တစ်နေ့တော့ အဘွားကြီးက ပစ္စည်းတွေ အများကြီး ခေါင်းပေါ်မှာ ရွက်ပြီး ကျွန်တော်တို့ဆီကို ရောက်လာတယ်။ ဂိတ်ဝမှာ ရပ်စောင့်နေတဲ့ စစ်သားကို ပြုံးပြုံးကြီးလုပ်ပြပြီး အထဲကိုဝင်လာခဲ့တယ်။ မကြာခင်မှာပဲ ကျွန်တော်တို့ ဂျပန်စစ်သားတွေဟာ အဘွားကြီးရဲ့အနီးမှာ ဝိုင်းအုံလာခဲ့ကြတယ်။

"ဒီမှာ အဘွား ဟောဒီရှပ်အင်္ကျီနဲ့ ငှက်ပျောသီး လဲပါလားဟင်"

"ဟိုက် အိအိယော" "*ရပါတယ်ကွယ် ယူပါ*"

အဘွားကြီးက ဂျပန်လို ကျွမ်းကျွမ်းကျင်ကျင် ပြောပြီး လဲပေးရှာတယ်။

"အဘွား ဒီပလွေကလေးက မနေ့ကမှ ကျွန်တော် ဝါးနဲ့လုပ်ထားတာ အသံသိပ်ကောင်းတယ်။ ဒါလေးကို ကြံသကာနဲ့ လဲပါလား"

ကြံသကာဆိုတာက ကြံကချက်တဲ့ အညိုရောင်သကြားပြားတွေဖြစ်ပြီး မြန်မာလူမျိုးတွေက ကြံသကာကို အရက်ချက်တဲ့နေရာမှာ သုံးကြတယ်။

"ဟိုက် ကောကန်း"

"ကောကန်း (လဲမယ်)ဆိုတဲ့ စကားဟာ မြန်မာပြည်ရဲ့ ဘယ်နေရာမှာ ဖြစ်ဖြစ် ကလေးတွေတောင် နားလည်နိုင်တဲ့ဂျပန်စကားပဲ"

"သည်မယ်အဘွား အရင်တစ်ခါ ကျွန်တော်တို့ဝယ်တဲ့ မျောက်ကလေး ကို ငါးပိနဲ့ လဲပါလားဟင်"

ငါးပိဆိုတာ ငါးကို ဆားနဲ့နယ်ပြီး လုပ်ထားတဲ့ စားစရာတစ်မျိုးဖြစ်ပြီး မြန်မာလူမျိုးတွေ ဟင်းချက်တဲ့အခါ အရသာရှိအောင် ငါးပိကို ထည့်ချက်လေ့ ရှိတယ်။

"အကန်း အကန်း ခိုနိဆရုဝ အိတဇုရ ဝေ့ဆုဂုယော့တယ် ယောဟီတိ ကော်ရန်းဝ"

"*မရဘူး မရဘူး။ အဲဒီမျောက်က သိပ်ဆော့တယ်၊ ပြန်ယူသွားလို့ မဖြစ်ဘူး*"

အဘွားကြီးက အိုဆာကာ လေသံဝဲဝဲနဲ့ ပြန်ပြောလိုက်တယ်။ အရင် တုန်းက ဒီမြို့မှာ စခန်းချသွားတဲ့ ဂျပန်တွေဟာ အိုဆာကာကန်ဆိုင်းဘက်က ဖြစ်ဖို့ များတယ်။

"ဆား မိုးခိုနိုဂပိ ဝေ့ ဟောရှိအိဟီတို ဝအာရဟဲန်းက"

"ကဲ ကဲ ငါးပိယူကြဦးမလားတော်ရေ့"

အဲသည်လို ဈေးရောင်းဝယ်ပြီးတဲ့အခါ အဘွားကြီးရဲ့ အင်္ကျီလက်မောင်း စ အောက်မှာ လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့အရာတစ်ခုကို ဆွဲထုတ်လိုက်တဲ့အခါမှာ အသက် ရှင်နေတဲ့ ငှက်ကလေးတစ်ကောင် ထွက်လာတယ်။ အစိမ်းရောင် ကြက်တူရွေးပေါက်စကလေးတစ်ကောင်ပဲ။ ကြက်တူရွေးကလေးဟာ

အဘွားကြီးရဲ့ လက်ပေါ်မှာ နားနေပြီး ဝိုင်းစက်ပြူးကျယ်တဲ့ မျက်လုံးတွေနဲ့ ဟိုကြည့် သည်ကြည့်လုပ်ရင်း တောင်ပံကလေးကို တဖျတ်တဖျတ် ခတ်လိုက်တယ်။ ပြီးတော့ နှုတ်သီးနီနီလေးကိုဟပြီး လျှာမည်းမည်းလေး ထုတ်ပြရင်း "ဂီး ဂီး"လို့ အော်ပြတယ်။

"ကဲ ကဲ ဒီကြက်တူရွေးကလေးကိုကော မလိုချင်ကြဘူးလား"

ကျွန်တော်တို့အားလုံး အဲသည် ကြက်တူရွေးကလေးကို အငမ်းမရ ဝိုင်းကြည့်ကြတယ်။

"ဒီငှက်ကလေးက မြန်မာစကားပဲဖြစ်ဖြစ် ဂျပန်စကားပဲဖြစ်ဖြစ် သင်ပေးရင် စကားပြောတတ်တယ်"

"ဟယ် ဟိုဘုန်းကြီးလေး ပခုံးပေါ်မှာ အမြဲတင်တင်လာတဲ့ ကြက်တူရွေးလေးနဲ့ တူလိုက်တာ"

တစ်ယောက်ယောက်က ထပြောလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ် ဒီကောင်လေးကို အခုလို ပခုံးပေါ်မှာတင်ပြီး ထားတာကွ"

တခြားစစ်သားတစ်ယောက်က အဘွားကြီးလက်ထဲက ကြက်တူရွေးလေးကို သူ့ပခုံးပေါ်မှာ တင်ပြီး ပြောပြရင်း သေသေချာချာ စိုက်ကြည့်နေတယ်။ သူ့စကားကို ကြားတဲ့အခါ အဘွားကြီးက အခုလို ရှင်းပြတယ်။ ပြောရင်းပြောရင်း အဘွားကြီးရဲ့ စကားတွေက နားထောင်လို့ ကောင်းလာတယ်။

"ဟယ် မာစတာတို့လည်း ကြက်တူရွေးကို ပခုံးပေါ်တင်ပြီးသွားနေတဲ့ ဘုန်းကြီးလေးကို တွေ့ခဲ့ကြတယ်။ ဟုတ်စ ဒီကြက်တူရွေးကလေးက အဲဒီဘုန်းကြီးလေးရဲ့ ကြက်တူရွေးနဲ့ ညီတော်တယ်။ သူတို့ကို အဘွားရဲ့ အိမ်နီးချင်း တစ်ယောက်က ဖမ်းလာခဲ့တာပဲ။ ဒီကြက်တူရွေးလေး၊ ငါးကောင်နေတဲ့ အသိုက်ကို တွေ့တဲ့အတွက် သူက အဲဒီသစ်ပင်ကို ခုတ်လှဲပြီး ယူလာခဲ့ရတာ။

ဒီငှက်ကလေးတွေကို ရောင်းလိုက်ရင် သုံးရက်လောက် အလုပ်မလုပ်ဘဲ ထိုင်စားနိုင်တယ်လို့ ပြောပြီး ပျော်နေရှာလေရဲ့။ အဲ အဲ ဒီလူက ကြက်တူရွေး လေးတွေကို ဖမ်းအမိမှာ ဘုန်းတော်ကြီး တစ်ပါးက သူ့နားရောက်လာပြီး လှမ်းမေးသတဲ့။ အဲဒီအခါမှာ အဲဒီလူက သူ့လက် ထဲက အလှဆုံးအရောင် အတောက်ဆုံး ကြက်တူရွေးကလေးကို ရွေးပြီး သံသရာအတွက် ဘုန်းတော် ကြီးကို လှူခဲ့သတဲ့။ ဒီအချိန်ကစပြီး ဘုန်းကြီးလေးဟာ အဲဒီ ကြက်တူရွေး ကလေးကို သူသွားလေရာမှာ ပခုံးပေါ်တင်ပြီး ခေါ်သွားနေခဲ့တာပဲ။ ဒီအကောင်က ဘုန်းတော်ကြီး ပခုံးပေါ်က ကြက်တူရွေးရဲ့ ညီပဲ။ အရောင် တော့ သိပ်မတောက်လှပေမယ့် ချစ်စရာ အလွန်ကောင်းတယ်။

တပ်စိတ်မှူး ဗိုလ်ကြီးဟာ အဘွားကြီး ရှင်းပြနေတာကို နားထောင်နေ ရင်းက အဲဒီကြက်တူရွေးကလေးဟာ မြန်မာဘုန်းကြီးလေးရဲ့ ပခုံးပေါ်က ကြက်တူရွေးကလေးနဲ့ ညီအစ်ကိုတော်တဲ့အကြောင်းကိုလည်းကြားရော ချက်ချင်း စိတ်ဝင်စားသွားတယ်။ ဒါနဲ့ သူ့ရဲ့ စီးကရက်ထည့်တဲ့ ဘူးကလေးနဲ့ ကြက်တူရွေးကလေးကို လဲယူလိုက်တယ်။

ဒီအချိန်ကစပြီး အဲသည် ကြက်တူရွေးကလေးဟာ စစ်သားတိုင်းရဲ့ အချစ်တော်ကလေး ဖြစ်လာတယ်။ အားလုံးက သူ့ကို ဝိုင်းပြီး စကားသင် ပေးကြတယ်။ ကြက်တူရွေးကလေးကလည်း သိပ်တော်တယ်။ မြန်မာစကား ပဲ သင်သင် ဂျပန်စကားပဲသင်သင် ချက်ချင်းတတ်တယ်။ သူပြောတာကို ကြားရတဲ့အခါ ရင်ထဲမှာ တစ်မျိုးကြီး ခံစားကြရတယ်။ ကျွန်တော်တို့ အထဲက တစ်ယောက်ကတော့ သူ့ကို သီချင်းဆိုတတ်အောင် သင်ပေးတယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး။

တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ဟာ အဲသည်အဘွားကြီးဆီက ကောလာဟလ သတင်းတစ်ခုကို ကြားလိုက်ရတယ်။

နည်းနည်းကြာသွားပြီ ဖြစ်ပေမယ့် မုဒုံမြို့ကို တခြားတစ်နေရာကနေ ဂျပန်တပ်သားတချို့ ထပ်မံရောက်ရှိလာတဲ့အကြောင်း၊ အဲဒီစစ်သားတွေဟာ

နယ်စပ်က ကျောက်ဆောင်တစ်ခုကို သိမ်းပိုက်ထားပြီး နောက်ဆုံးအချိန်အထိ အသက်စွန့် တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ အဲဒီစစ်ပွဲမှာ ဂျပန်စစ်သားအတော်များများ ကျဆုံးခဲ့ကြပြီး ဒဏ်ရာရသူတွေလည်း အများကြီးရှိခဲ့ကြောင်း၊ သူတို့ကို ကြည့်ရတာ အလွန်သနားဖို့ကောင်းတဲ့အကြောင်း၊ ကျန်တဲ့ဂျပန်စစ်သားတွေကို အင်္ဂလိပ်တွေအုပ်ချုပ်တဲ့ ဆေးရုံကိုတင်ပြီး၊ ကုသပေးပေမယ့် အတော်များများ ဆေးရုံမှာထပ်ပြီး သေဆုံးကုန်ကြကြောင်း၊ အဲဒီ သေသွားတဲ့ အလောင်းတွေကို ဆေးရုံဝင်းထဲက သင်္ချိုင်းမှာပဲ မြှုပ်ပစ်ရတဲ့အကြောင်း၊ ဂျပန်စစ်တပ်ထဲမှာ လူငယ်လူရွယ်ကလေးတွေ အများကြီး ပါတဲ့အတွက် မြို့သူမြို့သားအားလုံးက သူတို့ကို ဝိုင်းပြီးသနားနေကြကြောင်း စတဲ့ ကောလာဟလသတင်းကို အဘွားကြီးက အသေးစိတ် ရှင်းပြတယ်။

အဘွားကြီး ပြောပြတာကို ငြိမ်ပြီးနားထောင်ရင်းက တပ်သားအားလုံးဟာ တပ်စိတ်မှူးဗိုလ်ကြီးရဲ့ မျက်နှာကို လှမ်းကြည့်လိုက်ကြတယ်။

စစ်ကြီးပြီးသွားပေမယ့် လက်နက်မချဘဲ ဆက်ခုခံနေတဲ့ ဂျပန်စစ်သားတွေ အများကြီး ကျန်သေးတယ်။ အခုအဘွားကြီးရှင်းပြနေတဲ့ ဂျပန်စစ်တပ်ဆိုတာ မိဇူရှီးမားကို ဖျောင်းဖျဖို့တာဝန်ပေးလိုက်တဲ့ တြိဂံတောင်မကြီးက စစ်တပ်ဖြစ်ဖို့ များနေတယ်။

တပ်စိတ်မှူးက ရုတ်တရက် ဖြတ်ပြီး အရေးတကြီး ပြောလိုက်တယ်။

"အဘွားကို ကျွန်တော် တစ်ခု တောင်းပန်ပါရစေ။ အဲဒီ စစ်တပ်အကြောင်းကို ဒီထက် အသေးစိတ်သိရအောင် ထပ်ပြီး စုံစမ်းခဲ့ပါဦး။ ပြီးတော့ အဲဒီလို တိုက်ပွဲတွေ ဖြစ်နေတဲ့အခါ အခြားတစ်နေရာက ဂျပန်စစ်သားတစ်ယောက် တပ်သားအဖြစ် ရောက်လာသေးလားလို့လဲ မေးကြည့်ပါဦး။ တကယ်လို့ ရောက်လာခဲ့လို့ရှိရင် အဲဒီဂျပန်စစ်သားကလေးဟာ ဘယ်လိုဖြစ်သွားသလဲ၊ အခု မုဒုံကို သယ်လာတဲ့ စစ်သားတွေထဲမှာ ပါလာသလား၊

ဒဏ်ရာကော ရသေးလား၊ ဒါမှ မဟုတ် တခြားတစ်နေရာကို ခေါ်သွား သလားဆိုတာတွေကို စုံစမ်းပေးပါဦး အဘွား။ ကျွန်တော် တတ်နိုင် သလောက် ကျေးဇူးဆပ်ပါမယ်”

သည်လိုနဲ့ ဆယ်ရက်လောက်ကြာတော့ အဲဒီအဘွားကြီး နောက် တစ်ခေါက် ဈေးရောင်းဖို့ရောက်လာပြန်တယ်။ ကျွန်တော်တို့က ဈေးဝယ်ဖို့ ထက် စောစောက မေးထားတဲ့အကြောင်းကို ပြောပြဖို့ ပူဆာတဲ့အတွက် အဘွားကြီးက အခုလို ရှင်းပြတယ်။

ထင်တဲ့အတိုင်းပဲ။ ပြင်ပက ဂျပန်စစ်သားတစ်ယောက် တိုက်ပွဲတွေ ပြင်းထန်တဲ့အချိန်မှာ ရောက်လာခဲ့တဲ့အကြောင်း၊ အခုလို အားလုံးမကျဆုံးခင် စစ်ပွဲမြန်မြန်ဆန်ဆန်ပြီးသွားရတာဟာလည်း အဲဒီစစ်သားလေးရဲ့ ကျေးဇူး ကြောင့်ဖြစ်ကြောင်း၊ ဒါပေမဲ့ အဲဒီစစ်သားလေးရဲ့ ကံကြမ္မာကိုတော့ ဘယ်သူ မှ မသိခဲ့ကြကြောင်း၊ ကျည်ဆန်တွေ ပလူပျံအောင် ဝဲနေတဲ့ကြားထဲကို ဝင်ပြီး ဟိုပြေး သည်ပြေးလုပ်နေမှတော့ ကျည်ဆန်ထိမှန်ပြီး တောင်ကြား တစ်ခုခုထဲမှာ သေဆုံးသွားတာဖြစ်နိုင်ကြောင်း၊ ကျန်တဲ့စစ်သားတွေဟာ ဒဏ်ရာရပြီး လိုဏ်ဂူကြီးတစ်ခုထဲမှာ အပိတ်ခံထားရလို့ အပြင်က အခြေအနေ ကို မသိနိုင်ပေမယ့် သူတို့မျက်စိအောက်မှာ အဲဒီစစ်သားလေး ကျည်ဆန် ထိမှန်ပြီး လဲကျသွားတာကို မြင်ခဲ့တဲ့ တပ်သားတွေလည်း ရှိတဲ့အကြောင်း ရှင်းပြတယ်။

အဘွားကြီးရဲ့စကားကို နားထောင်ရင်း တပ်စိပ်မှူးဗိုလ်ကြီးက မိုက်ခနဲ ဖြစ်ကာ ယိမ်းယိုင်သွားရှာတော့တယ်။ ကျွန်တော်တို့အားလုံးလည်း ဟာကွာ လို့ ညည်းလိုက်ကြတယ်။ “ထင်တဲ့အတိုင်း သေသွားပြီထင်ပါရဲ့ကွာ” တစ်ယောက် က ထအော်လိုက်တယ်။

တပ်စိတ်မှူး ဗိုလ်ကြီးဟာ တုန်ယင်နေတဲ့ လက်တွေနဲ့ စာတစ်စောင်ကို ကောက်ရေးလိုက်တယ်။ စာထဲမှာက အဲဒီအသစ်ရောက်လာတဲ့ တပ်စိတ်ကို မိဇူရှီးမားရဲ့အကြောင်းနဲ့ ပတ်သက်လို့ အသေးစိတ်ရှင်းပြဖို့ တောင်းပန်ထား

တယ်။ အဲဒီစာကို သေသေချာချာရောက်အောင်သွားပေးဖို့ အဘွားကြီးကို လည်း တောင်းပန်လိုက်တယ်။ ဒါပေမဲ့ နောက်ပိုင်းအဘွားကြီးရဲ့ ပြောစကား အရ အဲဒီစာကို အစောင့်စစ်သားတွေက တွေ့သွားလို့ သူ့ကိုပါ အကြိမ်းခံရတဲ့ အကြောင်း၊ နောက်တစ်ခါ ဒီလိုလုပ်ရင် အဘွားကြီးကိုပါ သုံ့ပန်းစခန်းအနီး ကို လာခွင့်ပြုမှာ မဟုတ်ဘူးလို့ သတိပေးခံရတဲ့အကြောင်း သိလာရတယ်။ ပြီးတော့ ဒီဒဏ်ရာရနေတဲ့ ဂျပန် စစ်သားတွေကိုလည်း မုဒုံဆေးရုံကနေ တခြားမြို့ကို ပြောင်းပစ်တဲ့အကြောင်းကို သိလာရတယ်။

ကျွန်တော်တို့ဟာ အဲဒီသတင်းကလွဲလို့ ဘာမှဆက်မကြားရတော့ဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် မီဇူရီးမားကတော့ သူ့တာဝန်ကို သူ ကျေပွန်အောင် ထမ်းရွက်သွားတယ်လို့ အသိအမှတ်ပြုလိုက်ကြတယ်။

ပြီးတော့ ဒီမုဒုံမြို့ကို သယ်လာတဲ့ ဂျပန်စစ်သားလူနာတွေထဲမှာ မီဇူရီးမား မပါဘူးဆိုတာက ထင်ရှားနေတယ်။ နောက်ဆုံးမှာတော့ မီဇူရီးမား တစ်ယောက် အသက်ရှင်ပြီး ရှိချင်မှရှိနေဦးမှာပဲဆိုတဲ့ မျှော်လင့်ချက်တွေ ဟာလည်း လွင့်ပါးပျောက်ကွယ်ခဲ့ကြတော့တယ်။

အနည်းဆုံးတော့ မီဇူရီးမားရဲ့ အရိုးစတို့ ဆံပင်ပဲဖြစ်ဖြစ် ရှာလို့ရလေ မလားဆိုတဲ့ အတွေးတွေဟာလည်း ခုတော့ မဖြစ်နိုင်မှန်း သိလာရသည်။ သူ့ အလောင်းလည်း တခြားညီနောင် ဂျပန်စစ်သားတွေလို တစ်နေရာရာမှာ ပုပ်သိုးပျက်စီးသွားခဲ့ပုံရတယ်။ ဒါကို တွေးမိတဲ့အခါ ကျွန်တော်တို့တစ်တွေ ဟာ မချိတင်ကဲ ခံစားရတော့တယ်။ မီဇူရီးမားဟာ တခြားဂျပန်စစ်သားတွေ လိုပဲ တိုက်ပွဲကြားမှာ သေဆုံး ပျောက်ကွယ်သွားပြီလို့ မှတ်သားလိုက်ရုံပဲ ရှိတော့တယ်။

တပ်စိတ်မှူး ဗိုလ်ကြီးကတော့ အကြောင်းအမျိုးမျိုးပြပြီး တောင်တွေး မြောက်တွေး တွေးကာ စိတ်မကုန်သေးတဲ့ပုံစံမျိုး မကြာခဏပြောနေပေမယ့် သူကိုယ်၌က မျှော်လင့်ချက်မထားတော့တဲ့အကြောင်းကို သူ့အမူအရာတွေက

ပြနေတယ်။ သူဟာ တစ်ခါတစ်ခါ မဲ့ပြုံးပြုံးနေတတ်သလို တစ်ခါတစ်ခါကျ တော့လည်း သက်ပြင်းရှည်ကြီးတွေ ချနေတတ်တယ်။

ပြန်စဉ်းစားကြည့်လိုက်ရင် ကျွန်တော်တို့ဟာ အကြိမ်ကြိမ် စိတ်ဓာတ်ကျ နေခဲ့ကြတာမှန်ပေမယ့် ဒီတစ်ခါတော့ တကယ့်ကို စိတ်ဒုန်းဒုန်းချလိုက်ရတဲ့ အခြေအနေမျိုးကို ဆိုက်လာခဲ့ရတော့တယ်။ ကျွန်တော်တို့ အားလုံးဟာ ပူဆွေးတဲ့ စိတ်တွေနဲ့ပဲ သုံ့ပန်းဘဝကို ဆက်ပြီးရင်ဆိုင်နေခဲ့ရတော့တယ်။ တစ်နေ့ပြီး တစ်နေ့ပျင်းရိပျင်းတွဲနဲ့ပဲ ကံစီမံရာကို နာခံနေကြရတယ်။

သည်လိုနဲ့ မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီကို ရောက်လာခဲ့တယ်။ ကျွန်တော်တို့ရဲ့ စိတ်တွေကတော့ ပြန်ပြီးလန်းမလာနိုင်ကြတော့ဘူး။ မျှော်လင့် ချက်တွေ ကင်းခဲ့ရတယ်။ ရည်မှန်းချက်တွေ ပျောက်ဆုံးခဲ့ရတယ်။ အင်အား တွေ ကုန်ခန်းလာခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုလည်း စိတ်သွားတိုင်း ကိုယ်မပါတဲ့ သူတစ်ပါးရဲ့ အချုပ်အနှောင်ခံ သုံ့ပန်းဘဝပါလားလို့ ဝမ်းနည်းပက်လက် မြင် လာရတယ်။ သီချင်းတွေ ဆိုကြည့်ပေမယ့် အရင်ကလောက် စိတ်မပါကြ တော့ဘူး။ အဲဒီအချိန်တုန်းကဆိုရင် ဘယ်ဂျပန်စစ်သားကိုပဲ ကြည့်လိုက် ကြည့်လိုက် စိတ်ဓာတ်တွေ အကြီးအကျယ်ကျဆင်းနေတဲ့ စိတ်ရောဂါသည် တွေလို ဖြစ်နေတော့တယ်။ အမြတ်တနိုးဝယ်ထားခဲ့တဲ့ ကြက်တူရွေးကလေး ကိုတောင် ဘယ်သူမှ ဂရုစိုက်ဖော်မရတော့ဘဲ လျစ်လျူရှုထားကြတဲ့အတွက် ခေါင်းမိုးထုပ်တန်းတစ်နေရာမှာ ငြိမ်ငြိမ်ကလေး တစ်ကောင်တည်း ကုပ်နေရ တော့တယ်။ တစ်ခါတစ်ခါ သူတစ်ကောင်တည်း တဂီးဂီးအော်နေတတ်ပြီး တပ်သားတချို့က သင်ထားတဲ့ မကောင်းတဲ့ ဂျပန်စကားတွေကို ထထပြော နေတတ်တယ်။ တစ်ခါတစ်ခါတော့လည်း ကြွက်တွေကို အရဖမ်းပြီး ထုပ်တန်းပေါ်မှာ ကိုက်သတ်နေတာကို တွေ့ရတယ်။

သည်လိုနဲ့ပဲ သုံ့ပန်းစစ်သားဘဝကို ဖြတ်ကျော်ခဲ့ရာက နှစ်ဝက်ကျော် ကျော်ကာလကို ဆိုက်လာခဲ့ရတော့တယ်။ အဲဒီအတောအတွင်း ကျွန်တော်တို့

ဟာ မကြာခဏဆိုသလို စိုးရိမ်စရာတွေ ထိတ်လန့်စရာတွေ အားငယ်စရာတွေကိုသာ မြည်တွန် တောက်တီးနေခဲ့ကြရတော့တယ်။

၅

အခုတစ်လော ကျွန်တော်တို့ ဂျပန်တပ်သားတွေဟာ နေ့စဉ်နဲ့အမျှ အလုပ်ဆင်းနေခဲ့ကြရတယ်။ ကျွန်တော်တို့အလုပ်က ဒီမြို့မှာရှိတဲ့ ရှေးဟောင်းစေတီကြီးရဲ့ နောက်က ဇရပ်ပျက်ကြီးကို ပြင်ကြရတာပဲ။ မကြာခင် ဒီနေရာမှာ အင်္ဂလိပ်စစ်သာတွေရဲ့ အရိုးအိုးအမြောက်အမြားကို ဒီဇရပ်ထဲမှာ လာထားမှာမို့ အဲဒီ အရိုးအိုးရောက်မလာခင် ဇရပ်ကို အပြီးပြင်ကြဖို့ အမိန့်ပေးလာတော့တယ်။

တစ်နေ့မှာ ဘုရားပွဲတစ်ခု ကျင်းပနေချိန် ကျွန်တော်တို့ကို အလုပ်အားတဲ့အချိန်မှာ အဲဒီစေတီရဲ့ အနီးတစ်ဝိုက် သွားကြည့်နိုင်တယ်လို့ အခွင့်ပေးလာခဲ့တယ်။

ဘုရားဝင်းထဲမှာက လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေတယ်။ အဝတ်အစား တောက်တောက်ပြောင်ပြောင်တွေကို ဝတ်ထားကြတဲ့ လူအုပ်ကြီးဟာ တစ်ခါမှ မတွေ့ဖူးလောက်အောင် စုဝေးရောက်ရှိနေကြသည်။ ရွှေရောင် တဝင်းဝင်းနဲ့ ထိုးထွက်နေတဲ့ စုလစ်မွမ်းချွန်တွေ၊ အဆန်းတကြယ် ခြယ်သထားတဲ့ ကျောင်းကန်တန်ဆောင်း ပြာသာဒ်တွေရဲ့အပေါ်မှာ ခိုငှက်တွေက ပျံဝဲနေကြတယ်။ စကျင်ကျောက်ခင်းလမ်းနဲ့ အုတ်လှေကား တစ်ဖက်တစ်ချက်မှာ ရောင်စုံဖူးပွင့် နေအောင် စိုက်ထားတဲ့ ပန်းပင်တွေကလည်း အတော့်ကို ဆန်းပြားလှပနေကြတယ်။ တစ်ခုထူးခြားတာက ဒီလောက်တောင် လူအုပ်ကြီးက ကြီးမားများပြားနေတာတောင် အတော့်ကို ငြိမ်သက်နေတဲ့ အချက်ပဲ။ မြန်မာလူမျိုးတွေဟာ ဘုရားဝင်းထဲမှာ ဖိနပ်ချွတ်ပြီး လမ်းလျှောက်နေကြတော့ အသံတစ်စက်မှ မထွက်ဘူး။ အရိပ်တွေများ လျှောက်နေသလား အောက်မေ့ရတယ်။

ကျွန်တော်တို့လည်း ဘုရားဝင်းထဲမှာတော့ ဖိနပ်ချွတ်ပြီး လျှောက်ကြရတယ်။ ဘုရားဖူးလာတဲ့လူတွေဟာ ကျွန်တော်တို့ကို တွေ့တဲ့အခါ မတ်တတ် ရပ်ပြီး ငေးကြည့်ကြတယ်။ အရင်တုန်းက တန်ခိုးကြီးထွားခဲ့တဲ့ ကျွန်တော်တို့ ဂျပန်လူမျိုးတွေဟာ အခုလို သုံ့ပန်းတွေအဖြစ် မြင်ကြရတဲ့အခါ သူတို့စိတ်ထဲမှာ သနားသွားကြတယ် ထင်ပါရဲ့။ ကျွန်တော်တို့ကို အသာအယာပဲ လမ်း ဖယ်ပေးကြတယ်။

ဘုရားပရိဝုဏ်ရဲ့ အဝင်ပေါက်မှာတော့ ပါးစပ်ကြီးဟထားတဲ့ ခြသေ့ ရုပ်ကြီးရဲ့အောက်မှာ လူငယ်တစ်ယောက်ဟာ စောင်းတီးနေတာကိုလည်း တွေ့ကြရတယ်။ ဖြတ်သွားဖြတ်လာလူတွေက အဲသည်သူငယ်လေးကို ပိုက်ဆံ အကြွေစေ့တွေ ပစ်ပေးကြတယ်။

မြန်မာတွေ တီးခတ်တဲ့စောင်းရဲ့အိုးက ခရမ်းသီးနဲ့ တူတယ်။ စောင်းအိုးကို ပြောင်လက်နေအောင် တိုက်ထားပြီး အဲဒီအပေါ်မှာ ရွှေကနုတ် ငွေကနုတ်တွေ ရေးဆွဲထားတဲ့အတွက် အတော်ကြည့်လို့ကောင်းတယ်။ မြန်မာတွေရဲ့ ဂီတသံဟာ မိုးသီးမိုးပေါက်တွေ ကြွေကျတဲ့အသံကို အတုယူပြီး ဖန်တီးလာခဲ့ကြတယ်လို့ ကြားဖူးပေမယ့် သူတို့ရဲ့ ရိုးရာဂီတသမိုင်းက သိပ်ရှေးကျတယ်။ တိုင်းသူပြည်သား အားလုံးက ဂီတကို မြတ်နိုးတဲ့စိတ် ရှိကြတယ်။ ဂီတတူရိယာအမျိုးမျိုးကို အသုံးပြုကြပြီး သံစဉ်အမျိုးမျိုး ထွက်အောင် တီးနိုင်ကြတဲ့အတွက် သူတို့ရဲ့ ဂီတအဆင့်အတန်းဟာ အတော့်ကို မြင့်မားကြတယ်။

အရင်တုန်းကဆိုရင်တော့ အခုလို လမ်းမှာ စောင်းတီးသံကြားလိုက်ရရင် ထိတ်ခနဲ အံ့သြခဲ့ကြရတယ်။ ပြီးတော့ ကွယ်လွန်သွားသူကို အမှတ်ရလာကြတယ်။ ဒါပေမဲ့ ခုတစ်လောမှာတော့ နေသားကျလာကြပြီး မအံ့သြကြတော့တဲ့အပြင် အထူးအထွေ လွမ်းဆွေးနေတာမျိုးလည်း မရှိကြတော့ဘူး။ ခြသေ့ရုပ်ကြီးရဲ့ အောက်က သူငယ်ဟာ လမ်းသွားလမ်းလာတွေ သဘောကျအောင် သူ့ရဲ့စောင်းကို ပညာစွမ်းပြပြီး တေးသွားအမျိုးမျိုးကို တီးပြနေတယ်။

သည်လိုနဲ့ ကျွန်တော်တို့ ဂျပန်စစ်သားတွေကိုလည်းတွေ့ရော သူတတ်သမျှ မှတ်သမျှ ဂျပန်သီချင်းတွေကို တီးပြတော့တယ်။ ဒါပေမဲ့ ကျွန်တော်တို့လက်ထဲမှာ ပေးစရာ ပိုက်ဆံတစ်ပြားမှ မကျန်ကြတော့ဘူး။

ကျွန်တော်တို့ဟာ လှေကားပေါ်တက်ပြီး ကျောင်းဝင်းထဲဝင်လာခဲ့ကြတော့တယ်။ မြန်မာလူမျိုးတွေဟာ ငွေကြေးဥစ္စာအပေါ်မှာ နှမြောတွန့်တိုခြင်း မရှိကြတော့ဘူး။ ဘုရားကျောင်းကန်တွေမှာ ရက်ရက်ရောရော လှူပစ်လေ့ရှိကြလို့ သူတို့အိမ်တွေဟာ စုတ်ချာနေကြပေမယ့် စေတီပုထိုးတွေ ဘုရားကျောင်းကန်တွေကတော့ ဝင်းပြောင်ပြီး ခံ့ညားသပ္ပါယ်နေကြတယ်။ စကျင်ကျောက်နဲ့ ထွင်းထားတဲ့ ဌာပနာတိုက်ကြီးဟာလည်း အထူးတလည် ပြင်ဆင်ထားပြီး နေရာတိုင်းမှာဆိုသလို ဗုဒ္ဓဆင်းတုတော်တွေရဲ့ ရှေ့မှာတော့ မြန်မာလူမျိုးတွေဟာ ကျုံ့ကျုံ့ကလေးထိုင်ပြီး လက်အုပ်ချီကာ ဝတ်ပြုဆုတောင်းနေကြတယ်။ ဟိုထောင့်သည်ထောင့်က ဘုရားရှိခိုးသံတွေကိုလည်း စီစီညံအောင် ကြားနေရတယ်။ အမွှေးတိုင်က မီးတွေကလည်း တထောင်းထောင်းထနေကြတယ်။ ကြာတော့ ကျွန်တော်တို့တစ်တွေဟာ မူးနောက်နောက်ဖြစ်လာကြတော့တယ်။ ဘုရားကျောင်းကန်တွေမှာက မိန်းမသားတွေက များပြီး သူတို့အားလုံးဟာ နောက်ဘဝမှာ ဘုရားဆုပန် မင်းယောကျ်ားဖြစ်ရပါစေလို့ ဆုတောင်းနေကြတယ်လို့ သိရတယ်။ ပြီးတော့ သူတို့ရဲ့ ဒူးရှေ့မှာလည်း သနပ်ဖက်ဆေးလိပ်တွေ မီးခြစ်တွေကို ချထားကြတယ်။ မြန်မာလူမျိုးတွေဟာ ကလေးကအစ ဆေးလိပ်တွေ သောက်တတ်ကြတယ်။ ဒါကြောင့်မို့ အဲဒီ မိန်းမတွေဟာလည်း ဘုရားဝတ်ပြုပြီးတဲ့အခါ အသင့် သောက်နိုင်ဖို့ ချထားကြတာဖြစ်မယ်။ ဘုရားဝတ်ပြုပြီးတဲ့အခါမှာလည်း သူတို့ဟာ ချက်ချင်းနေရာက ထမသွားကြသေးဘဲ ဘုရားရှေ့မှာ ကုပ်ကုပ်ကလေး ထိုင်ကာ မိမိတို့ကောင်းမှုအတွက် နိဗ္ဗာန်အတွက် ရည်စူးပြီး အာရုံပြုနေကြသေးတယ်။

ထောင့်ကွေးတစ်နေရာမှာတော့ မိန်းမပျိုကလေးတစ်ယောက်ဟာ ဖြူဖွေးနေတဲ့ ကြာပန်းကလေးကို လက်နှစ်ဖက်ကြားမှာ ညှပ်ပြီး ကျောက်သမံတလင်းပေါ်မှာ ကျုံ့ကျုံ့ကလေး ထိုင်နေတယ်။ မိန်းမပျိုရဲ့ရှေ့ အရိပ်ကျနေတဲ့ နံရံမှာတော့ တင်ပလ္လင်ခွေ စံပယ်ပြီး ပြုံးနေတဲ့ဆင်းတုတော်တစ်ဆူဟာ ပခုံးကတစ်ဆင့် ဖြူဖွေးသွယ်ပျောင်းနေတဲ့ လက်မောင်းတော်ကို ချထားတယ်။ ဆင်းတုတော်ရဲ့ လက်မောင်းဟာ လှုပ်ရှားတော့မယောင် မြင်နေရတယ်။

အဲသည်ဘေးမှာတော့ အဘိုးအိုတစ်ယောက်ထိုင်ပြီး ကမ္ဗဋ္ဌာန်းစီးဖြန်းနေတာကို တွေ့ရတယ်။ အသားမွဲခြောက်ခြောက်နဲ့ ပိန်လှီနေတဲ့အတွက် အရိုးစုကြီး လာထိုင်နေသလား အောက်မေ့ရတယ်။

အဲ လွန်ခဲ့တဲ့ နှစ်ပေါင်းရှစ်ဆယ်လောက်ကစပြီး ဂျပန်ပြည်ဟာ ခပ်မြန်မြန်ကြီး ပြောင်းလဲခေတ်မီလာခဲ့တယ်။ အချိန်တိုတိုအတွင်းမှာ အပြောင်းအလဲက သိပ်မြန်လွန်းတော့ ဗရမ်းဗတာဖြစ်ကုန်ပြီး အခုလိုပဲ ကျွန်တော်တို့တစ်တွေဟာလည်း ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့လာခဲ့ကြရတော့တယ်။ ကျွန်တော်တို့တစ်တွေ သင်္ဘောကြီးနဲ့ နိုင်ငံရပ်ခြားကို ထွက်လာကတည်းက ကျွန်တော်တို့တိုင်းပြည်မှာ ကျန်ရစ်ခဲ့ကြတဲ့ ဂျပန်လူမျိုးအားလုံးဟာ နေ့စဉ်နဲ့အမျှ ထိတ်လန့်တကြားဖြစ်ကာ ရင်တမမ ဖြစ်နေခဲ့ကြရတယ်။ အစားအစာငတ်မွတ်ခေါင်းပါးပြီး လူတွေဟာလည်း ကျွန်တွေလိုပဲ ခိုင်းသမျှကို လုပ်နေခဲ့ကြရတယ်။ ဂျပန်ပြည်က စစ်နိုင်မလား၊ ရှုံးမလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ လူတွေဟာလည်း အားလုံးမျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေကြတယ်။

ကျွန်တော်တို့နဲ့ နှိုင်းစာကြည့်ရင် ဒီတိုင်းပြည်က လူတွေကျတော့ ပြောင်းပြန်ပဲ။ မြန်မာလူမျိုးတွေဟာ ယဉ်ကျေးသိမ်မွေ့ကြတယ်။ ဆင်းရဲအားနည်းကြတာ မှန်ပေမယ့် သူတို့ရဲ့ ငြိမ်းချမ်းတဲ့ဘဝမှာ ပျော်ပျော်ပါးပါး နေနိုင်ကြတယ်။ ပြီးတော့ စိတ်နှလုံးရဲ့ အေးချမ်းလွတ်မြောက်ဖို့ အရေးကိုပဲ ရှာဖွေနေကြတယ်။

အဲဒီအချိန်မှာ အင်္ဂလိပ်စစ်သားတစ်ယောက်ဟာ ဘုရားဝင်းထဲကို ဝင်ပြီး စိတ်ဝင်တစားလှေ့လာကြည့်ရှုနေတာကို တွေ့လိုက်ရတယ်။ သူလည်း ဒီတိုင်းပြည် ဓလေ့ထုံးစံကို လိုက်နာတဲ့အနေနဲ့ ဖိနပ်ချွတ်ပြီး လိုက်ကြည့်နေခဲ့တယ်။

အင်္ဂလိပ်စစ်သား ထွက်သွားပြီး မကြာခင်မှာ ကျောင်းဝင်းအဝင်ဝက စောင်းသံတွေ ကြားလာရတယ်။ စောစောက ဘုရားပရိဝုဏ်အဝက ခြသေ့်ကြီးအောက်မှာ တွေ့ခဲ့ရတဲ့ကောင်လေး ရောက်လာပြီး တီးနေတယ်လို့ ထင်ရတယ်။ သူတီးနေတဲ့ တေးသွားက "ဟညုနို့ယဒို" တေးသွားဖြစ်နေတယ်။ စောစောက ထွက်သွားတဲ့ အင်္ဂလိပ်စစ်သားကြီးအကြိုက်ကို လိုက်ပြီး တီးနေတာလည်း ဖြစ်နိုင်တယ်။

မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ရင်ထဲမှာ အလွမ်းဓာတ်တွေ ထိန်းမနိုင်သိမ်းမရ ကြီးစိုးလာကြပြန်တယ်။

တို့ခေါ်တဲ့ ဟောဒီ "ဟညုနို့ယဒို" သီးချင်းကို စောင်းနဲ့ တီးခတ်တဲ့အသံက သိပ်ကြားရခဲတယ်။ မကြားခဲ့ရတာလည်း အတော်ကြီး ကြာသွားပြီ ကျွန်တော်တို့အားလုံး ခေါင်းငုံ့ပြီး နားထောင်နေမိကြတယ်။ ကျွန်တော်တို့ အနီးတစ်ဝိုက် ဟိုနေရာ ဒီနေရာမှာ တွေ့ရတဲ့ ဆင်းတုတော်တွေတောင်မှ မျက်လွှာချပြီး အဲဒီစောင်းသံကို နားဆင်တော်မူနေကြသယောင် ထင်လာရတယ်။ အဲဒီသာယာငြိမ့်ညောင်းလှတဲ့စောင်းသံဟာ အပူပိုင်းဒေသမှာ ဖူးပွင့်နေကြတဲ့ ရောင်စုံပန်းကလေးတွေအပေါ် တဖွဲဖွဲ ရွာချနေတဲ့ မိုးသံကလေးတွေနဲ့ ဆင်နေတယ်။

ကျွန်တော်တို့ဟာ တစ်ချိန်က အတူတူနေလာခဲ့တဲ့ သူငယ်ချင်း မီဇူရှီးမားရဲ့ ရုပ်ပုံလွှာကို မျက်စိထဲ မြင်ယောင်လာခဲ့ကြတော့တယ်။ သူငယ်ချင်း မီဇူရှီးမားတစ်ယောက် ကောင်းရာသုဂတိကိုလားပြီး အေးချမ်းစွာ အနားယူနိုင်ပါစေလို့လည်း တခြားမြန်မာလူမျိုးတွေလို ဘုရားရှေ့မှာ ဒူးတုပ်ထိုင်ရှိခိုးရင်း ဆုတောင်းမိကြတယ်။

စောင်းသံက အပြင်ဘက်ကလာနေတာဆိုတော့ သိပ်ပြီး ပီပီသသ မကြားရဘူး။ စောင်းကြိုးခတ်သံက တစ်ခါတစ်ခါ မြင့်တက်လာလိုက်၊ နိမ့်ဆင်းသွားလိုက်၊ တစ်ခါတစ်ခါ ဟိန်းထွက်လာလိုက် တိုးသွားလိုက်နဲ့ ကောင်းကင်ကို လွင့်တက်သွားတဲ့ ဝိညာဉ်ရဲ့ ရှုရှိုက်သံလို သိပ်ပြီး ညင်သာ ပျော့ပျောင်းနေတယ်။ ကျွန်တော်တို့ဟာ

"ဟင် မိဇူရှီးမားရဲ့ ဝိညာဉ်များလားပဲ"လို့ အောက်မေ့ရင်း မျက်စိမှိတ်ရင်း ဆက်ပြီးနားထောင်နေမိကြတယ်။ တပ်သားအချို့ကလည်း သမံတလင်းပေါ်မှာ ထိုင်ရင်း လက်အုပ်ချီလိုက်ကြတယ်။

အဲဒီအချိန်မှာ တစ်ချိန်လုံး တောင့်တောင့်ကြီးရပ်နေတဲ့ တပ်စိတ်မှူး ဗိုလ်ကြီးရဲ့ ခန္ဓာကိုယ်ဟာ ရုတ်တရက် လှုပ်ရှားလာတယ်။ "ဘာသံလဲကွ" လို့ပြောပြီး အသံလာရာဆီသို့ နားစိုက်နေလိုက်တယ်။ ပြီးမှ ချောင်းတစ်ချက်ဟန့်လိုက်ပြီး "ဒါ ဂျပန်စောင်းသံမဟုတ်လား"လို့ မေးလာတယ်။

"ဘယ်က ဂျပန်စောင်းသံလဲ ဗိုလ်ကြီး"

တပ်သားတစ်ယောက်က စိတ်လှုပ်ရှားသွားတဲ့ တပ်စိတ်မှူးရဲ့မျက်နှာကို ကြည့်ပြီး မေးလိုက်တယ်။

တပ်စိပ်မှူးက သတိပေးလိုက်ပြီး ဆက်နားထောင်ကြည့်ပေမယ့် စောင်းသံက တဖြည်းဖြည်း ဝေးသည်ထက်ဝေးသွားတော့တယ်။

"သွားကြစို့" ဗိုလ်ကြီးက အမိန့်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ အားလုံး ဘုရားကျောင်းဝင်းထဲက ထွက်လာခဲ့ကြတော့တယ်။

တပ်စိပ်မှူးဗိုလ်ကြီးက ခပ်သွက်သွက်ကလေး လျှောက်သွားတယ်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ကပ်ထဲမှာ ကျန်သေးတဲ့ အကြွေစေ့တွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ကျွန်တော်တို့ ဂျပန်စစ်သည်တွေက လူအုပ်ကြီးကို ချဲ့ပြီး ရေးကြီးသုတ်ပြာထွက်သွားနေကြတာကို ဘေးက လူအုပ်ကြီးက တအံ့တသြဝိုင်းပြီး ကြည့်ကြတယ်။ ပရိဂုဏ်မုခ်နားကို ရောက်တဲ့အခါ

စောစောက စောင်းတီးနေတဲ့ သူငယ်ကို လူအုပ်ကြားထဲမှာ တွေ့လိုက်ရတယ်။ တပ်စိတ်မှူး ဗိုလ်ကြီးဟာ သူရဲ့ လက်ထဲမှာပါတဲ့ ပိုက်ဆံအကြွေအကုန်လုံးကို ပေးပြီး စောင်းတီးဖို့ လက်ဟန်ခြေဟန်လုပ်ပြတယ်။ အသားညိုတိုတိုကောင်လေးဟာ သူ့နဖူးပေါ်မှာ ဝဲကျနေတဲ့ ဆံစတွေရဲ့ အောက်ကနေပြူးကျယ်တဲ့ မျက်လုံးကြီးတွေနဲ့ ဗိုလ်ကြီးကို တအံ့တသြ စိုက်ကြည့်လိုက်တယ်။ ပြီးမှ စောင်းကို ကောက်ကိုင်ပြီး ဝတ္တရားအတိုင်း တီးပြတယ်။ သူ့တေးသံကိုလိုက်ပြီး ဗိုလ်ကြီးက "ဟညုနို့ယဒို"သီချင်းကို လိုက်ဆိုတော့တယ်။

အဲသည်အချိန်မှာပဲ လူစုတဲ့ ဝီစီသံကို ကြားလာရတယ်။ ကျွန်တော်တို့ကို ကြီးကြပ်အုပ်ချုပ်လာတဲ့ ကုလားစစ်သားကြီးက ကျွန်တော်တို့ရှိရာကို လှမ်းကြည့်ပြီး အော်လိုက်တယ်။

"သုံ့ပန်းစစ်သား အားလုံးတန်းစီ"

ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်ကြတော့ဘဲ အမိန့်ပေးတဲ့အတိုင်း သူတို့ချီတက်သွားတဲ့နေရာကို ဗိုလ်ကြီးရဲ့နောက်က တန်းစီပြီး လိုက်လာခဲ့ရတော့တယ်။ ကျွန်တော်တို့ရဲ့ နောက်မှာတော့ စောစောက သူငယ်ကလေးဟာ ခေတ်စားနေတဲ့ မြန်မာသီချင်းတစ်ပုဒ် ဆက်တီးပြီး ကျန်ရစ်ခဲ့ရှာတယ်။

အဲဒီညမှာ တပ်စိတ်မှူးဟာ မမျှော်လင့်တဲ့စကားတစ်ခွန်းကို ပြောလာတယ်။

"မင်းတို့ ဘယ်လိုထင်ကြသလဲ၊ နေ့ခင်းကတွေ့ခဲ့ရတဲ့ကောင်လေးဟာ အဲဒီတေးသွားကို ဘယ်သူ့ဆီက သင်ယူခဲ့ကြတယ်လို့ ထင်ကြသလဲ"

တပ်သားအားလုံးဟာ ဘာကြောင့်များ ဗိုလ်ကြီးက အဲဒီသူငယ်ရဲ့ စောင်းသံကို ဒီလောက် စိတ်ဝင်စားနေရပါလိမ့်လို့ အံ့သြရင်း တစ်ယောက်မှ ပြန်မပြောဘဲ ငြိမ်နေကြတယ်။

ခဏကြာမှ စစ်သားတစ်ယောက်က ပြောသည်။ "ဟညုနို့ယဒို"သီချင်းက နာမည်ကြီးပဲ။ ဒီမြို့တစ်ဝိုက်မှာ ရှိတဲ့ အင်္ဂလိပ်စစ်သားတွေ ဆိုနေတာကို ကြားရဖန် များလို့ ဖြစ်မှာပေါ့ ဗိုလ်ကြီး"

"မဟုတ်ဘူးကွ။ အဲဒီစောင်းသံကို မင်းတို့အားလုံး နားယဉ်နေကြပြီးသား မဟုတ်လား။ မင်းတို့ အဲဒီအသံကို ကြားရတော့ နည်းနည်းကလေးမှ မအံ့သြကြဘူးလား"

"ကျွန်တော်တို့လည်း ကြားကြားချင်းတော့ ထူးဆန်းသလို ခံစားမိကြပါတယ်။ ဒါပေမဲ့ ဘာမှ လေးလေးနက်နက် ထူးခြားတယ်လို့ မခံစားမိကြဘူး"

"အဲဒီတေးသွား ဖွဲ့စည်းပုံက သာမန်မြန်မာတွေတီးတဲ့ စောင်းသံနဲ့ တူတယ်လို့ မင်းတို့ထင်နေကြသလား"

"ဒါတော့ ဟုတ်သားပဲ"

ကျွန်တော်တို့အားလုံး တွေဝေကုန်ကြတယ်။ "'ဟညုနို့ယဒို"သီချင်းက မိဇူ ရှီးမားတီးတာကို နားထောင်ဖူးကြတဲ့ ကျွန်တော်တို့ဟာ တခြားမြန်မာတွေကလည်း မိဇူးရှီးမားလိုပဲ တီးကြမှာပဲလို့ အောက်မေ့ထားခဲ့ကြတယ်။ ပြီးတော့ ဘုရားကျောင်းဝင်းထဲမှာကလည်း တစ်ပုဒ်ခွဲလောက်ပဲ နားထောင်ခဲ့ရတာဆိုတော့ ဝေခွဲဖို့ အတော်ခက်တယ်။

"ဒီလိုကွ၊ တေးသွားတစ်ပုဒ်ကို တီးတဲ့အခါ ဘယ်တေးသွားမှာမဆို တီးခတ်သူရဲ့ စရိုက်လက္ခဏာဆိုတာ ပါစမြဲပဲ။ ဒီနေ့ တို့ ကြားခဲ့ရတဲ့ စောင်းသံထဲမှာ မိဇူရှီးမားရဲ့ စရိုက်လက္ခဏာတွေ အရိပ်အငွေ့တွေ ရောပြွန်းနေတယ်လို့ ငါ သတိထားမိလိုက်တယ်။ မင်းတို့ကော ငါ့လို သတိမပြုမိကြဘူးလား"

"ဟယ်"

တပ်သားအားလုံး အံ့သြကုန်ကြတယ်။ ပြီးမှ တပ်သားတစ်ယောက် ဆက်မေးလိုက်တယ်"

"ဒါပေမဲ့ ဗိုလ်ကြီး အဲဒီလောက်ဝေးတဲ့နေရာကတီးတဲ့စောင်းသံကို ဘယ်လို လုပ်ပြီး ခွဲခြားလို့ ရနိုင်မှာလဲ"

"အင်း ဟုတ်ပေသားပဲ"

ဗိုလ်ကြီးဟာ ခေါင်းငိုက်စိုက်ချရင်း ခုလိုဆက်ပြောပြန်တယ်။

''ငါ''

"ငါနားကြားလွဲတာလည်း ဖြစ်နိုင်ပါတယ်လေ"

ကျွန်တော်တို့အားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။ ဒီအဖြစ် အပျက်က တကယ့်ကို မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရတာပဲ။ ဒါကြောင့် အဲဒီညတစ်ညလုံး တစ်ယောက်တစ်ပေါက်နဲ့ ငြင်းခုံလို့မဆုံးအောင် ဖြစ်ခဲ့ကြ တော့တယ်။

တပ်စိတ်မှူးဗိုလ်ကြီးက တက္ကသိုလ်မှာ ဂီတပညာကို အဓိကဘာသာ အဖြစ် လေ့လာခဲ့တာဆိုတော့ အဲဒီတေးသွားကို ကြားလိုက်ရုံနဲ့ ဒါဟာ မြန်မာလူမျိုးတွေ တီးခတ်တဲ့တေးသွားမဟုတ်ဘူးဆိုတာကို ချက်ချင်း သဘောပေါက်သွားမှာ သေချာတယ်။ ဗိုလ်ကြီးရဲ့နားအကင်းပါးမှုကို ယုံမှား သံသယဖြစ်စရာ မလိုဘူး။

တကယ်လို့ အဲဒီတေးသွားဟာ မီဇူရှီးမားရဲ့တေးသွားပဲ ထားပါတော့။ ဒါကို တီးတတ်အောင် အဲဒီသူငယ်လေးက ဘယ်သူ့ဆီက လေ့လာခဲ့တာလဲ။ ဘယ်သူကများ သူ့ကို လာသင်ပေးခဲ့တာလဲ။ အဲဒီသူငယ်လေးကို ဖမ်းပြီး သူ့ကို စောင်း ဘယ်သူသင်ပေးခဲ့တာလဲလို့ မေးရင်းက ခြေရာခံပြီး စုံစမ်း ကြည့်မယ် ဆိုရင်တော့ မီဇူရှီးမားရဲ့ ဇာတ်သိမ်းခန်းကို သိဖို့အလားအလာ ရှိတယ်။ မီဇူရှီးမားက သူ မသေခင်ကလေးမှာ အဲဒီတေးသွားကို တစ်ယောက် ယောက်ကိုများ သင်သွားခဲ့လေသလား။ ရှေးတုန်းကပုံပြင်ထဲမှာပါတဲ့ ရှင်

ရဆာဖူးရောလိုပဲ နောက်တစ်နေ့တိုက်ပွဲမကျမီ တစ်ညအလိုမှာ မိမိ တတ်ကျွမ်းတဲ့ တေးသွားကို ချန်ထားခဲ့ချင်တဲ့အတွက် မြန်မာတစ်ယောက်ယောက်ကို ရှာပြီး သင်သွားခဲ့တာပဲ ဖြစ်ရမယ်။ ကျွန်တော်တို့သာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့်ရမယ်ဆိုရင် အပြင်ဘက်ကိုထွက်ပြီး အဲဒီသူငယ်ကို ရှာဖွေကြမှာပဲ။ ပြီးတော့ မီဇူရှိုးမားတစ်ယောက် ဘယ်ပုံဘယ်နည်းနဲ့ ကျဆုံးသွားတယ်ဆိုတာကို မေးကြည့်ကြမှာပဲ။

ကျွန်တော်တို့တစ်တွေဟာ ဒီလိုနဲ့ပဲ စကားအချေအတင်ပြောရင်း ပိုပြီး ညံ့စီ လာခဲ့ကြတယ်။ အဲဒီလို ငြင်းခုံကြရင်းကနေ ဦးတည်ချက်ဟာ တခြားဘက်ကို ပြောင်းသွားပြန်တယ်။

ဒါပေမဲ့ ဘယ်လိုရယ်မှန်းမသိဘူး။ အဲဒီတြိဂံတောင်မကြီးပေါ်မှာ ဒီလောက်တောင် တိုက်ပွဲတွေ ပြင်းထန်နေမှတော့ သူမသေခင်မှာ ဒီတေးသွားကို သင်ပေးဖို့ အချိန်ကော ရနိုင်ပါ့မလား။ စစ်မီးတွေ တဟုန်းဟုန်းတောက်နေတာပဲ မဟုတ်လား။ ဟို ဒဏ်ရာရလို့ မုဒုံဆေးရုံမှာ ဆေးကုခံသွားတဲ့ စစ်သားကြီးတွေပြောသလို ကျည်ဆန်တွေ ပလူပျံအောင် ဝဲနေတဲ့နေရာမှာ ဟိုပြေးဒီပြေးလုပ်နေခဲ့ရရှာတာပဲ။ တကယ်လို့ သူရဲ့တေးသွားကို သင်သွားဖြစ်ခဲ့တယ်ဆိုရင် တြိဂံတောင်မကြီးမှာ နေရာယူထားတဲ့ စစ်သားတွေ လက်နက်ချပြီးမှ သင်ပေးတာပဲဖြစ်နိုင်တယ်။ ဒါဆိုရင် တြိဂံတောင်မကြီးရဲ့ တိုက်ပွဲမှာ မီဇူရှိုးမားမသေခဲ့ဘူးလို့ ယူဆရတော့မလိုဖြစ်နေပြီး အခုထက်ထိ အသက်ရှင်နေသေးတယ်လို့ ယူဆရမှာပဲ။

ကျွန်တော်တို့ရဲ့ စကားအချေအတင်ငြင်းခုံမှုက ဒီသဘောကို ဆောင်လာတဲ့အခါ ပိုပြီး စိတ်လှုပ်ရှားတက်ကြွလာခဲ့ကြရတော့တယ်။

ဘယ်လိုပဲ စိတ်တက်ကြွလာသည်ပဲ ထားဦး။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ဒါက မသေချာမရေရာတဲ့ကိစ္စပဲ။ အဲဒီသူငယ်တီးတဲ့ တေးသွားလက်ကွက်တွေဟာ မီဇူရှိုးမားရဲ့ လက်ကွက်ဖြစ်နေမလားဆိုတဲ့ အတွေးလောက်ကိုသာ အားလုံးက သံသယဝင်နေကြတာ ဖြစ်ပေမယ့် လူအုပ်

ကြီးကြားထဲမှာ ပြတ်တိပြတ်တောင်းကြားခဲ့ရတဲ့ စောင်းသံကလေး တစ်ပိုင်း တစ်စလောက်နဲ့ကတော့ ခိုင်မာတဲ့သက်သေအထောက်အထား ဖြစ်မလာနိုင်ဘူး။ တပ်စိတ်မှူးဗိုလ်ကြီးက မီဇူရှီးမားကို သူ့ညီကလေးအရင်း တစ်ယောက်လို ချစ်တာက တစ်ပိုင်းပဲ။ ပြီးတော့ အဲဒီလိုမီဇူရှီးမားကို သေမင်းနိုင်ငံကို ပို့လိုက်တာ သူ့မှာ တာဝန်မကင်းဘူးလို့ ယူဆနေတာက တစ်ပိုင်းကြောင့် ခုလို ကြံဖန်ပြီး မဖြစ်စလောက် သံလွန်စကလေးပေါ် အကြီးအကျယ် မျှော်လင့်နေခဲ့တာပဲ ဖြစ်မယ်။

အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့ဟာ အဲဒီစောင်းတီးတဲ့ သူငယ်ကလေးရဲ့ အရိပ်အယောင်ကိုတောင် မမြင်ကြရတော့ဘူး။ နေ့တွေ ရက်တွေ ပြောင်းလာတာနဲ့အမျှ အဲဒီအခြေအမြစ် ကင်းမဲ့လှတဲ့ သံသယဟာလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားတော့တယ်။

ဒီအဖြစ်အပျက်တွေ ပြီးသွားတဲ့နောက် အချိန်တော်တော်လေး ကြာတဲ့အခါ ကျွန်တော်တို့ဟာ ဘုရားကျောင်းဝင်းရဲ့ ဘေးမှာရှိတဲ့ တောထဲက သစ်ပင်တွေကို ခုတ်လှဲကြရတယ်။ ရလာတဲ့သစ်သားတိုင်တွေ ပျဉ်ပြားတွေနဲ့ အရိုးအိုးစုဆောင်းသိမ်းဆည်းထားတဲ့ ဇရပ်ထဲမှာ အရိုးအိုးတင်ဖို့ စင်တွေ လုပ်ကြဖို့ ဖြစ်တယ်။

မိုးပြတ်သွားတာ တော်တော်ကြာသွားပြီဆိုတော့ နေ့တိုင်းဆိုသလို ကြည်လင်ဝင်းပနေပြီး တောထဲမှာ အလုပ်လုပ်ရတာလည်း အတော့်ကို အဆင်ပြေတယ်။ ဘယ်သူမဆို ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းနဲ့ လုပ်နိုင်ကိုင်နိုင်ကြတယ်။ ဒီအခြေအနေရောက်လာတော့ ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ စစ်ပြီးတဲ့နောက် ခံစားနေရတဲ့ ထိတ်လန့်အားငယ်တွေမှုတွေ ပူအိုက်ပြင်းပြတဲ့ ရာသီဥတုဒဏ်ကြောင့် ဖြစ်ပေါ်လာနဲ့ နွမ်းဟိုက်မှုတွေဟာ ပျောက်ကွယ်ကုန်ကြတော့တယ်။

သစ်ပင်ကြီးတွေရဲ့ ပင်စည်အရင်းကို ရဲတင်းနဲ့ခုတ်လိုက်တဲ့အခါ ရေဝနေတဲ့ သစ်စကလေးတွေဟာ နှင်းမှုန်တွေလိုပဲ ဖွာခနဲ ဖွာခနဲ လွင့်ထွက်

သွားကြတယ်။ ပင်စည်ရဲ့ တစ်ဖက်မှာ ခပ်နက်နက်ကလေး ခုတ်ပြီးတဲ့အခါ ဆန့်ကျင်ဘက်နေရာကနေ ခပ်မြင့်မြင့်နားမှာထပ်ပြီး ခုတ်ချလိုက်တဲ့အခါ သစ်ပင်ထိပ်ဖျားဟာ ဟိုယိမ်းဒီယိမ်း ယိမ်းလာပြီး ရေမှော်ပင်တွေ သစ်ကပ် ပင်တွေ ကပ်တွယ်ပြီး ပေါက်နေတဲ့ သစ်ပင် ပင်စည်ကြီးဟာလည်း အသက် ရှင်နေတဲ့ သတ္တဝါကြီးတစ်ကောင်လို လှုပ်ရှားလာတယ်။

ခဏတစ်ဖြုတ်တော့ သစ်ပင်ကြီးဟာ သူ့ရဲ့လေးလံတဲ့ ပင်စည်ကြီးကို ထိန်းထားသေးတယ်။ ဒါပေမဲ့ နောက်ဆုံးတစ်ချက်လည်း ခုတ်လိုက်ရော "ဝုန်း"ဆိုတဲ့ အသံကြီးနဲ့ ဘေးဘက်ကို ယိုင်လဲသွားတော့တယ်။ လေးလံလှ တဲ့ ပင်စည်ကြီးဟာလည်း အမြစ်ကနေ လွင့်ထွက်သွားတယ်။ သစ်ပင်လှဲနေ တဲ့လူတွေလည်း တစ်ခါတည်း ဝေးရာကို ထွက်ပြေးကုန်ကြတော့တယ်။ လွင့်ထွက်လာတဲ့ သစ်ရွက်တွေကလည်း သူတို့ခေါင်းပေါ်ကို မိုးရွာသလို တဖွဲဖွဲကျလာကြတယ်။ သစ်ပင်ပေါ်မှာ စောစောက နားနေတဲ့ငှက်ကလေး တွေဟာလည်း အသံတစာစာအော်ပြီး ကောင်းကင်ပေါ်မှာ ပျံဝဲနေကြတယ်။

အဲသည်နောက် တုံးလုံးလဲနေတဲ့ ပင်စည်ကြီးရဲ့ အကိုင်းအခက်တွေကို ရှင်းကြရတယ်။ အသက်ရှင်နေတဲ့ သားရဲတိရစ္ဆာန်ကောင်ကြီးကို ခုတ်ထွင်နေ ရသလိုပဲ ရဲတင်းနဲ့ ခုတ်တဲ့နေရာက အငွေ့တထောင်းထောင်းထွက်နေကြ တယ်။

ကျွန်တော်တို့က သစ်ပင်တစ်ပင်ကို ခုတ်လှဲလိုက်တိုင်း အစောင့်ကုလား စစ်သားကြီး။ "အားပါး ဂျပန်တွေ အများကြီးတော်တယ်"လို့ တဖွဖွချီးကျူး နေရှာတယ်။

တစ်နေ့မှာ ကျွန်တော်တို့ဟာ ကြီးမားတုတ်ခိုင်လှတဲ့ သစ်ပင်ကြီး တစ်ပင်ကို ခုတ်လှဲဖြတ်တောက်ကြပြီးတဲ့နောက် အနားယူရင်း ချွေးသုတ်နေ ခဲ့ကြတယ်။ နေခြည်နုထွေးက တောအုပ်ကြီးရဲ့ သစ်ရွက်တွေကြားကို စိမ့်ဝင် ကျဆင်းနေတယ်။ ကျွန်တော်တို့ ရှူရှိုက်ရတဲ့ လေးနုအေးကလေးတောင် စိမ်းဖန့်ဖန့်အရောင် သမ်းနေသယောင် မြင်နေကြရတယ်။ ကျွန်တော်တို့ရဲ့

ခြေအောက်မှာတော့ ထူထဲ လှတဲ့ ရေမှော်ပင်တွေ မြက်တွေဟာ အလွန်နူးညံ့နေပြီး ကူရှင်တွေအပေါ် တက်နင်းနေရသလား အောက်မေ့ကြရတယ်။ တောတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေတော့တယ်။ တစ်နေရာရာက ရေစီးသံကလေးသဲ့သဲ့လောက်သာ ကြားနေရတယ်။ ရေမှော်ပင်အောက်မှာ ဖြတ်စီးတဲ့ရေသံတွေပဲ ဖြစ်လိမ့်မယ်။

အစောင့်ကုလား စစ်သားကြီးကတော့ ကျွန်တော်တို့ကို လုံးဝယုံကြည်သွားလို့လား မပြောတတ်ဘူး။ ဒီလိုအချိန်မျိုးမှာဆိုရင် မြက်ခင်းပေါ်မှာ တုံးလုံးလဲရင်း ရေမှော်တွေပေါက်နေတဲ့ သစ်မြစ်ဆုံကြီးကို ခေါင်းအုံးအုံးပြီး တစ်ရေးတစ်မော အိပ်နေတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ထဲက စစ်သားတစ်ယောက်ဟာ ခပ်လှမ်းလှမ်းမှာရှိတဲ့ သစ်ပင်တွေကြားမှာ သင်္ကန်းဝတ်ပုဂ္ဂိုလ်တစ်ဦးရဲ့ အရိပ်အယောင်ကို သတိထားလိုက်မိတယ်။ သေသေချာချာကြည့်လိုက်တော့ သင်္ကန်းကို ဖရိုဖရဲဝတ်ထားပြီး လိုက်လံတောင်းစားနေပုံရတဲ့ မြန်မာဘုန်းကြီးတစ်ပါးကို တွေ့လိုက်ရတယ်။

အဲဒီမြန်မာဘုန်းကြီးဟာ ကျွန်တော်တို့ဆီကို ငေးစိုက်ကြည့်နေပြီး ဘောပတ်ဝန်းကျင်ကို သတိထားရင်းက ကျွန်တော်တို့ကို ခြေဟန်လက်ဟန်လုပ်ပြတယ်။ ကျွန်တော်တို့အထဲက တစ်ယောက်က ဘာများပြောတာပါလိမ့်လို့ သိချင်တာနဲ့ သူရှိတဲ့နေရာကို ထသွားတယ်။ အဲဒီဘုန်းကြီးက ပုပုဝဝ၊ မျက်လုံးစွေစောင်းစောင်းနဲ့ နှုတ်ခမ်းတွေလည်း ခြောက်သွေ့ပြီး အက်ကွဲနေတယ်။ ခေါင်းပေါ်ကဆံပင်တွေက မရိတ်ရတာ အတော်ကြာနေပုံရပေမယ့် မျက်နှာမှာရှိတဲ့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကိုတော့ ပြောင်နေအောင်ရိတ်ထားတယ်။ ကျွန်တော်တို့ တပ်သားအားလုံး အနားရောက်သွားရော အဲဒီဘုန်းကြီးက မြက်တွေနဲ့ သူ့ကိုယ်ကို ကွယ်သွားမတတ် ဝပ်ချလိုက်ပြီး ရယ်ကျဲကျဲနဲ့ ချီတုံချတုံ ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော်တို့တပ်သားလည်း တစ်ခုခုကိုလိုချင်လို့ အလှူခံနေတာပဲ ဖြစ်မှာပါလေလို့ တွေးမိပြီး စားလက်စ

ယိုဘူးတစ်ဘူးကို ပေးလိုက်တယ်။ မြန်မာဘုန်းကြီးဟာ အဲဒီယိုဘူးထဲ လက်ညှိုးနဲ့ နှုက်ရင်း ယိုတွေကို ငုံ့စားနေရာက ကျွန်တော်တို့ တပ်သားက ပြန်လှည့်လာတာကိုလည်း တွေ့လိုက်ရရော ခုလို နောက်ကနေ လှမ်းပြော လိုက်တယ်။

"အို မအဲဆန်းတာကျို ဝ အိစုကရ ခိုနိုးမကျို နီကိတနောကိုင်"

"*မင်းတို့တစ်တွေ ဘယ်တုန်းက ဒီမြို့ကို ရောက်နေကြတာလဲကွ။*"

"ပြီးခဲ့တဲ့နှစ် စက်တင်ဘာလလောက်က"

ကျွန်တော်တို့ တပ်သားက ပြန်ဖြေတယ်။

"ဟယ်"

ဘုန်းကြီးက ခဏစဉ်းစားနေပြီးမှ ဆက်မေးပြန်တယ်။

"ဒါဖြင့် ဘယ်တော့ ဂျပန်ပြည်ပြန်ကြရမှာလဲ"

"ဘယ်သိမလဲ"

"ဘယ်လိုလဲကွ ကိုယ့်ပြန်ကိုယ်ပြန်တော့ကောကွာ။ အလုပ်ကောင်း ကောင်း ရှာလို့ ရပ့်မလား။ အင်း–အခု ဂျပန်ပြည်ရဲ့ အခြေအနေက ဘယ်လို ဖြစ်နေမလဲ မသိဘူးနော်"

ဘုန်းကြီးက အဲဒီလိုပြောလိုက်ပြီးတဲ့နောက် မျက်လုံးနီကြီးနဲ့ ကျွန်တော် တို့ဘက်ကို စူးစမ်းသလို စိုက်ကြည့်နေပြန်တယ်။

ကျွန်တော်တို့ သူငယ်ချင်း ဂျပန်စစ်သားက ရုတ်တရက် "ဟိုက်"ခနဲ အော်ပြီး သတိပြုမိသွားတယ်။ ဒီမြန်မာဘုန်းကြီးဟာ စောစောကတည်းက ဂျပန်စကားကို ပီပီသသကြီးပြောနေတာပဲ။ ပြီးတော့ ကုပ်တိုတို၊ ပခုံးကျယ် ကျယ် ပြောပုံဆိုပုံက ခပ်ရိုင်းရိုင်းဆိုတော့ ရှေးတုန်းက ဂျပန်လူမျိုး ကလေ ကလွင့်တွေရဲ့ပုံစံမျိုး ပေါက်နေပြန်တယ်။ တစ်ကိုယ်လုံး မသပ်မရပ်နဲ့ ညစ်ပတ်နေတာတောင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကို ပြောင်နေအောင်

ရိုက်ထားကာ အမွေးပါးတဲ့မြန်မာလူမျိုးတွေနဲ့ မတူတူအောင် လုပ်ထားတာပဲ ဖြစ်မယ်။

"အား အား မောင်ရင် ဂျပန်လူမျိုး မဟုတ်ဘူးလား"

သူငယ်ချင်းက လှမ်းပြီး အော်မေးလိုက်တယ်။

"ရှီး"

ဘုန်းကြီးက လက်မြှောက်ပြီး ခပ်တိုးတိုးပြောဖို့ ဟန့်တားရင်း ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တယ်။

"ဟဲ ဟဲ မင်း ခုမှသဘောပေါက်တယ် မဟုတ်လား။ ကိုယ် ဘယ်လောက် ရုပ်ဖျက်ကောင်းတယ်ဆိုတာ နားလည်ပြီးလားကွ"

"နေစမ်းပါဦး မောင်ရင် ဘယ်အချိန်ကတည်းက အခုပုံစံဖြစ်နေတာလဲ"

"တစ်နှစ်လောက်တော့ ရှိပြီကွ"

"ဟယ် ဒါဆို စစ်မပြီးခင်ကတည်းကပေါ့။ အစတုန်းက မောင်ရင်ကိုယ်တို့လို စစ်သားပဲ မဟုတ်လား"

"ဒါပေါ့ကွ"

"ဘာကြောင့်များ ဒီလိုလုပ်ရတာလဲကွာ"

"ဘာကြောင့် ဒီလိုလုပ်ရတာဟုတ်စ။ မင်းကလည်းကွာ ငါတပ်ထဲပြန်သွားလို့ကော ဘာထူးမှာလဲ၊ ကွာတားကျရုံပဲ ရှိမှာပေါ့။ ဒါကြောင့်မို့ တပ်ပြေးဘဝနဲ့ပဲ လွတ်ရာကျွတ်ရာကို ရှောင်နေရတာပေါ့။ ခုတော့ ငါက မြန်မာဘုန်းကြီးဖြစ်နေပြီလေကွာ"

အဲဒီအချိန်မှာ တပ်စိတ်မှူးဗိုလ်ကြီးလည်း သတိပြုမိလာပြီး သူတို့ဆီကို ထသွားတယ်။ အဲဒီစစ်ပြေးဟာ ရုတ်တရက် ထပြေးတော့မလိုလုပ်ပြီးမှ စိတ်ပြောင်းသွားပြီး ဆက်ထိုင်နေတယ်။ ဗိုလ်ကြီးလည်း ရှေ့ရောက်သွားရော

ဦးထုပ်မပါတဲ့ သူ့ဦးခေါင်းပေါ်ကို လက်တင်ပြီး စစ်သားတွေ အလေးပြုတဲ့ ပုံစံနဲ့ အရိုအသေပေးလိုက်တယ်။

"ဟယ် ဒါ ဒါ ဗိုလ်ကြီး မဟုတ်လား။ ကျွန်တော်က အခု စစ်ပြေး တစ်ယောက် ဖြစ်နေရပါတယ် ဗိုလ်ကြီး။ စစ်တပ်ထဲကိုပြန်ရမှာ ကြောက်တာ နဲ့ မြန်မာဘုန်းကြီး လုပ်နေရတာပါ။ အခုဟာက ကျွန်တော့်သူငယ်ချင်း စစ်သားတွေ ဘယ်အခြေနေဆိုက်နေပြီဆိုတာ သိချင်တာနဲ့ စကားလာပြောပြီး စုံစမ်းတာပါ။ ကွာတားတော့ မချပါနဲ့ ဗိုလ်ကြီးရယ် ဟဲဟဲဟဲ"

ဗိုလ်ကြီးက ဖြစ်ကြောင်းကုန်စင်ကို သေသေချာချာမေးပြီးတဲ့အခါ လက်ရှိအခြေအနေအရ တပ်ပြေးဘဝရောက်နေတယ်ဆိုတာဟာ သိပ်ပြီး အပြစ် မကြီးတော့တဲ့အတွက် စိတ်ပူစရာမလိုတော့ဘဲ ကိုယ့်တိုင်းပြည်ကို ကိုယ်ပြန်နိုင်ဖို့ ကြိုးစားစေလိုကြောင်း၊ ဒါကြောင့် တပ်ထဲကို ပြန်သွားပြီး ပေးလာမယ့်အပြစ်ဒဏ်ကို သတ္တိရှိရှိခံယူသွားပြီးတဲ့နောက် အများနဲ့အတူ ဂျပန်ပြည်ကို ပြန်သွားပြီး တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင် သွားစေလိုကြောင်း၊ ကိုယ် တစ်ယောက်တည်း ဒီတိုင်းပြည်မှာ ကျန်ရစ်ပြီး ဘုန်းကြီး အယောင်ဆောင်ကာ တစ်သက်လုံး ပျောက်သွားမနေသင့်ကြောင်း အေးအေးဆေးဆေး နားချတော့တယ်။ ဒါပေမဲ့ အဲဒီတပ်ပြေးက ဗိုလ်ကြီးရဲ့ စကားကို နားမထောင်ဘူး။

"ကျွန်တော်တော့ ဘယ်အပြစ်မျိုးကိုမှ လက်မခံချင်တော့ဘူး ဗိုလ်ကြီး ရယ်။ အပြစ်ဒဏ်မခံရဘဲ ကိုယ့်တိုင်းပြည်ကိုယ့်ပြည်ကို ပြန်နိုင်မယ့် တခြား နည်းလမ်း မရှိတော့ဘူးလားဗျာ။ ဒါကိုပဲ ကျွန်တော်စဉ်းစားနေတာ၊ အလား လား---"

ပြောရင်းဆိုရင်း သူ့ဇက်ပိုးကို လက်နဲ့ဖိလိုက်တယ်။ သေသေချာချာ ကြည့်လိုက်တော့ သူ့လည်ပင်းမှာ ဘယ်အချိန်က တွယ်နေမှန်းမသိတဲ့ ကျွတ်ကြီး တစ်ကောင် သွေးတွေဝအောင် စုပ်နေတာကို တွေ့လိုက်ရတယ်။ မြန်မာပြည်က တောတွေထဲမှာက ကျွတ်တွေ အတော် သောင်းကျန်းကြ

တယ်။ ကျွန်တော်တို့ တောတွေထဲမှာ ပြေးလွှားရှောင်ပုန်းနေကြစဉ်မှာ အကြောက်ဆုံးက ဒီကျွတ်ကောင်တွေပဲ။ အင်္ကျီလက်မောင်းအောက်နဲ့ ဘောင်းဘီတွေကြားထဲကို ဘယ်အချိန်က ရောက်နေမှန်းမသိ ရောက်နေတတ်ကြပြီး တော်တော်နဲ့ ခွာထုတ်လို့မရဘူး။ သားရေအပျော့စားလိုပဲ။ ပျော့တိပျော့ချွဲနဲ့ ခွာလိုက်တဲ့အခါမှာလည်း လက်ကို ကပ်ပြီး ပါလာတတ်ကြပြန်တယ်။

ဘုန်းကြီးဟာ အဲဒီကျွတ်ကို မရအရခွာထုတ်ပြီး ဘေးမှာရှိတဲ့ သစ်ပင်ပေါ်မှာ ကပ်တင်ထားလိုက်တယ်။

ဗိုလ်ကြီးက ဆက်မေးပြန်တယ်။

“ဒါနဲ့ မောင်ရင် အခုအချိန်အထိ ဘယ်လိုနေပြီး ဘယ်လိုစားနေလဲ”

“ဘယ်လိုစားနေခဲ့လဲ ဟုတ်စဗိုလ်ကြီး။ ဟဲ ဟဲ ဒီမြန်မာပြည်မှာက ဘုန်းကြီးသာ ဝတ်လိုက်မယ်ဆိုရင် စားရေးသောက်ရေးက ဘယ်လိုမှပူစရာမလိုတော့ဘူးဗျ။ ဘာသာတရား ကိုင်းရှိုင်းလှတဲ့ ဒီတိုင်းပြည်က လူတွေဟာ စားစရာ သောက်စရာတွေကို လိုတာထက်တောင် ပိုပြီးလှူဒါန်းကြတယ်။ ကျွန်တော်သာ ကောင်းကောင်းမွန်မွန်နေမယ်ဆိုရင် ခုလိုဆင်းဆင်းရဲရဲ စုတ်စုတ်ပဲ့ပဲ့နဲ့ ဘယ်တွေ့ရပါ့မလဲ”

အဲဒီတပ်ပြေးက ခုလိုရှင်းပြတယ်။

သူ့အပြင် တခြားမှာလည်း တပ်ပြေးတွေ အများကြီးရှိတဲ့အကြောင်း ဥပမာ အားဖြင့် ဂျပန်ပြည်ကိုပြန်သည့်တိုင် အိုးမရှိအိမ်မရှိ ဆွေမျိုးမရှိကြတဲ့သူတွေ၊ မဆင်မခြင်ထင်ရာကျဲပြီး နေခဲ့ကြလို့ ဂျပန်လူမျိုးအသိုင်းအဝိုင်းထဲမှာ မျက်နှာမပြရဲကြတဲ့သူတွေ တစ်နည်းအားဖြင့် မြန်မာအမျိုးသမီးတွေနဲ့ အိမ်ထောင်ကျခဲ့ကြတဲ့သူတွေဟာ တပ်ပြေးဘဝကို ရောက်ကုန်ကြပြီး များသောအားဖြင့် မြန်မာဘုန်းကြီး ယောင်ဆောင်နေကြကြောင်း၊ မြန်မာလူမျိုးတွေဟာ သံဃာတွေအပေါ်မှာ အလွန်ရက်ရောကြတဲ့အတွက် ဘုန်းကြီးသာ ဝတ်ရင် အစစအရာရာ အဆင်ပြေတဲ့အကြောင်း ရှင်းပြတယ်။

ဒါပေမဲ့ ဂျပန်လူမျိုးဟာ ဂျပန်လူမျိုးအဖြစ်ကို တပ်မက်ခုံမင်ကြတယ်။ ဒါကြောင့် စစ်အတွင်းမှာ အတူတိုက်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွကိုတော့ သူတို့ မမေ့နိုင်ကြောင်း၊ တိုင်းတစ်ပါးက သူတွေကြားထဲမှာနေရင်း နေရင်းက ကိုယ်နဲ့ လက်တွဲလာခဲ့ကြတဲ့ ရဲဘော်တွေ၊ သုံ့ပန်းဘဝရောက်နေတာကို သွားကြည့်ချင်စိတ် ပေါက်လာကြကြောင်း၊ မီးအလင်းရောင်ရှိတဲ့ နေရာကို ပိုးကောင်တွေ ဝိုင်းလာချင်ကြသလို ဖြစ်ကြောင်း၊ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေ ဘယ်တော့များ ဂျပန်ပြည်ကို ပြန်ခွင့်ရကြမှာလဲ အဲဒီအခါ ကိုယ်လည်း သူတို့နဲ့ အတူလိုက်သွားရကောင်းမလား။ ဒီတိုင်းပဲ မြန်မာ ပြည်မှာ နေရခဲ့ရင် ကောင်းမလားလို့ သုံ့ပန်း စစ်သားတွေကို ေးကြည့်ရင်း နေခဲ့ကြရကြောင်း၊ မိမိလည်း သူငယ်ချင်းများ ဘယ်လိုအခြေအနေမှာ ရှိနေသည်ကို သိချင်ပေမယ့် သူတို့တစ်တွေ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို မသိရကြောင်း၊ မြန်မာပြည်တစ်ပြည်လုံးမှာရှိတဲ့ ဂျပန်စစ်သုံ့ပန်းစခန်း အတော်များများကို လှည့်ပတ်ကြည့်ရှုနေခဲ့ကြောင်း၊ ဒီမုဒုံမြို့မှာလည်း ရှိမယ်လို့ မထင်တော့တဲ့အကြောင်း၊ ဒါကြောင့် ခင်ဗျားတို့ ဂျပန်ပြည်ပြန်ရောက်သွားရင် သူမသေဘဲ အသက်ရှင် ကျန်ရစ်နေတာကို သူ့မိသားစုကို ပြောပြစေချင်တဲ့အကြောင်း သူ့လိပ်စာက ဘယ်ခရိုင်၊ ဘယ်မြို့နယ်၊ ဘယ်ရွာက ဖြစ်ကြောင်း၊ ဒီတပ်ထဲမှာ အဲဒီရွာသားတွေ ပါမပါ သိလိုကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြနေတယ်။

ဒီတပ်ပြေးဟာ ပြောရင်းဆိုရင်းက ဗိုလ်ကြီးဟာ သနားတတ်သူဖြစ်တဲ့အတွက် မိမိကို ဘယ်လိုမှ ဒုက္ခပေးမယ့် သူမဟုတ်မှန်း သဘောပေါက်သွားလို့လား မသိဘူး ပိုပြီးတည်ငြိမ်လာတယ်။ ပြီးမှ အဲဒီလိုယဉ်ယဉ်ကျေးကျေး တောင်းပန်လာတယ်။

ဗိုလ်ကြီးဟာ သူ့စကားတွေကို ကျောက်ရုပ်ကြီးတစ်ရုပ်လို တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်ပြီး နားထောင်နေတယ်။ အဲဒီနောက် တပ်ပြေးကတော့ တဲကို ပြန်ဝင်သွားတော့မယ်လုပ်တဲ့အခါ သူ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း

“ကျန်းမာရေးကိုတော့ ဂရုစိုက်ပါကွာ”လို့ပဲ မှာလိုက်ရတယ်။

တပ်ပြေးဟာ တွေ့စကလို ရန်လိုတဲ့သဘောနဲ့ မှုန်တေတေ ဖြစ်မနေတော့ပါဘူး။ ဗိုလ်ကြီးကို ရိုးရိုးသေသေအလေးပြုလိုက်ပြီး နောက်ဘက်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ တောထဲကို ဝင်ရောက် ပျောက်ကွယ်သွားတော့တယ်။

အဲဒီညသုံ့ပန်းစခန်းကို ပြန်ရောက်ကြတဲ့အခါ ဗိုလ်ကြီးဟာ တစ်ယောက်တည်း အကြာကြီးငိုင်ပြီး စဉ်းစားနေခဲ့တယ်။ ပြီးမှ သူတွေ့ခဲ့သမျှတွေကို ခရေစေ့တွင်းကျ ရှင်းပြနေပြန်တယ်။

ကျွန်တော်တို့အားလုံး အံ့အားသင့်ကုန်ကြတယ်။ ပြီးတော့ “ဒါဆိုရင်” ဆိုတဲ့သဘောနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ဝိုင်းကြည့်လိုက်ကြတယ်။

“ဂျပန်စစ်သားအတော်များများဟာ မြန်မာဘုန်းကြီးဝတ်ကြပြီး သုံ့ပန်းစခန်းတွေကို လာလာကြည့်တတ်တယ်ဆိုပါလား။ “ဒါဆိုရင်” ငါတို့သီချင်းတွေ ဆိုနေတုန်း လူအုပ်ကြီးရဲ့နောက်က မျက်လုံးအဝိုင်းသားနဲ့ တို့ကို စိုက်ကြည့်နေတဲ့ဘုန်းကြီးကလေးဟာ သာမန်မျက်နှာနဲ့တူတဲ့ မြန်မာဘုန်းကြီးလေးတော့ မဖြစ်တန်ရာဘူး။ မီဇူရှီးမားအစစ်များလား မပြောတတ်ဘူး။ ဒီလောက်တောင် တူတဲ့လူသားမျိုး ရှိနိုင်ပါ့မလား။ မီဇူရှီးမားဟာ အသက်ရှင်တုန်းပဲလား။ တပ်ပြေးဘဝနဲ့ ရွှေဝါရောင်သင်္ကန်းကို ဆင်မြန်းပြီး ကြက်တူရွေးကလေးတစ်ကောင်ကို ပခုံးပေါ်တင်ကာ ဖိနပ်မပါဘဲ တစ်ကိုယ်တည်း ဟိုဟိုသည်သည် လျှောက်သွားနေတာများလား။ ပြီးတော့ ငါတို့စစ်သုံ့ပန်းစခန်းနားကို ကပ်လာတဲ့တိုင်အောင် ကြည့်ရုံပဲ ကြည့်နေရှာတယ်။ ဘယ်လိုမှ အရိပ်လက္ခဏာ မပြဘူး။ ဘာရည်ရွယ်ချက်နဲ့ သူ လာနေတာလဲ။ ဘယ်လိုအကြောင်းကြောင့် တို့ကို စပြီး နှုတ်မဆက်နိုင်ရတာလဲ။

တပ်စိတ်မှူးဗိုလ်ကြီးရဲ့စကားတွေက သိပ်ထူးဆန်းနေလေတော့ ဘယ်သူမှ ပြန်မငြင်းဝံ့ကြဘူး။ ဗိုလ်ကြီးက ဆက်မေးပြန်တယ်။

"ဘယ်လိုလဲကွ တကယ်လို့ မီဇူရှီးမားသာ အသက်ရှင်ကျန်ရစ်နေဦး မယ်ဆိုရင် အကြောင်းတစ်ခုခုကြောင့် တို့တပ်ဆီကို ပြန်မလာနိုင်တာ၊ ပြန်မလာချင်တာပဲ ဖြစ်မယ်"

ဒါပေမဲ့ မဖြစ်နိုင်ဘူး။ ဗိုလ်ကြီး ဒီလိုတွေးလို့ မရနိုင်ပါဘူး။ အဲဒီညက ကျွန်တော်တို့ရဲ့ စကားဟာ အဲဒီမှာပဲ အဆုံးသတ်ခဲ့ကြတယ်။

ဗိုလ်ကြီးကတော့ နောက်တစ်နေ့မှာကော နောက်နေ့တွေမှာပါ အတွေး နယ်ချဲ့ နေခဲ့ပြီး ထမင်းတောင် သိပ်မစားနိုင်အောင် ဖြစ်နေရှာတော့တယ်။

ဒီလိုနဲ့ ရက်တွေကြာလာတော့ ဆက်ပြီး မကြည့်ရက်တော့တဲ့ စစ်သား ကြီးတစ်ယောက်က ခုလိုပြောလာတော့တယ်။

"ဗိုလ်ကြီး ကျွန်တော့်စကားထဲမှာ အမှားပါရင် ခွင့်လွှတ်ပါ။ အခု အချိန်ကစပြီး မီဇူရှီးမားရဲ့အကြောင်းကို ရပ်တန်းက ရပ်ဖို့ ကောင်းပါပြီ။ သူအသက်ရှင်ဖို့ ဆိုတာ လုံးဝမဖြစ်နိုင်တော့ပါဘူး။ မီဇူရှီးမားဟာ တြိဂံ တောင်မကြီးမှာ ကျဆုံးခဲ့ပါပြီ။ သူဟာ ကိုယ့်အသက်ကို စွန့်ပြီး ကျန်တဲ့ ရဲဘော် ရဲဘက်တွေ မသေသင့်ဘဲ မသေအောင် သူ့တာဝန်ကို ကျေပွန်အောင် ထမ်းရွက်သွားခဲ့ပြီးပါပြီ။ မွန်မြတ်တဲ့ စွန့်လွှတ်စွန့်စားမှုတွေကို လုပ်သွားခဲ့ ပြီးပါပြီ။ ဗိုလ်ကြီးအပါအဝင် ကျွန်တော်တို့အားလုံးက မီဇူရှီးမားကို ရှင်နေ စေချင်သေးတဲ့စိတ်ကြောင့် သူနဲ့တူတဲ့သူတွေကို တွေ့လေတိုင်း မီဇူရှီးမားများ ဖြစ်လေမလားလို့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ တွေးနေမိခဲ့ကြတာ မှန်ပါ တယ်။ ဒါပေမဲ့ အဲဒီလိုတွေးတာဟာ ဘာမှအရာရောက်လာမှာ မဟုတ်ပါဘူး။

"မီဇူရှီးမားက မြန်မာအဝတ်အစား ဝတ်လိုက်ရင် မြန်မာလူမျိုးနဲ့ ခွဲမရ အောင် တူနေလေတော့ ဟိုနေရာ ဒီနေရာမှာ မီဇူရှီးမားနဲ့တူတဲ့ မြန်မာလူမျိုး တွေကို တွေ့တွေ့နေရတာ မဆန်းပါဘူး။ နောက်ဆုံး စောင်းသံကို ကြား ရင်တောင်မှ ကျွန်တော်တို့ဟာ မီဇူရှီးမားရဲ့စောင်းသံနဲ့ တူလိုက်တာလို့ စွဲနေမိကြတာပါပဲ။ ကိုယ့်လက်အောက်ငယ်သားတွေကို ချစ်တတ်တဲ့ ဗိုလ်ကြီးရဲ့သဘောထားကို ကျွန်တော်တို့အားလုံး လေးစားပါတယ်။ ဒါပေမဲ့

အဲဒီစိတ်ဓါတ်ကြောင့် ဗိုလ်ကြီးရဲ့ ကျန်းမာရေးချို့ယွင်းလာအောင် ဖြစ်ရတာကတော့ ကျွန်တော်တို့ တစ်တပ်စုလုံးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုပဲ ဖြစ်ပါတယ် ဗိုလ်ကြီး။ ဒါကြောင့် ခုလို တမှိုင်မှိုင် တတွေတွေ ဖြစ်မနေဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်"

အဲဒီစစ်သားကြီးဟာ ကျွန်တော်တို့တပ်ထဲမှာ အတော့်ကို ရိုးဖြောင့်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ သူဟာ ဗိုလ်ကြီးရဲ့ရှေ့တည့်တည့်မှာ ထိုင်ပြီး ဒူးနှစ်ဖက်ပေါ်မှာ လက်တင်ရင်း လေးလေးနက်နက် ပြောလိုက်တယ်။

သူ့စကားကို နားထောင်နေရင်း အကြာကြီး စဉ်းစားနေရာက နောက်မှ ဗိုလ်ကြီးက

"အင်း–ခင်ဗျားပြောတဲ့အတိုင်းပဲ ဖြစ်မှာပါလေ"

လို့ ပြောပြီး ခေါင်းတဆတ်ဆတ်ညိတ်နေရှာတယ်။ ကျွန်တော်တို့ဟာ ဗိုလ်ကြီးကို ကြည့်ပြီး အတော်ကြီး ဝမ်းနည်းပက်လက်ဖြစ်ကြရတယ်။ ဗိုလ်ကြီးကို ဖျောင်းဖျပြောနေတဲ့ စစ်သားကြီးရဲ့ မျက်ဝန်းအစုံမှာလည်း မျက်ရည်တွေ ပြည့်လျှံနေတော့တယ်။

(၇)

နောက်ဆုံးမှာတော့ အရိုးအိုးတင်တဲ့စင်တွေ ဆောက်တဲ့အလုပ်က ပြီးသွားတော့တယ်။ ဆောက်လုပ်ပြီးစီးတဲ့အခါ ကျဆုံးသွားတဲ့ အင်္ဂလိပ်စစ်သားတွေရဲ့ အရိုးအိုးတွေကို စင်တွေပေါ်မှာ နေရာတကျတင်ထားလိုက်ကြတယ်။

ဂျပန်စစ်တပ်ဟာ စစ်ဆင်ရေးလိုအပ်ချက်အရ မြန်မာနိုင်ငံနဲ့ ယိုးဒယားနိုင်ငံတွေကို ဆက်သွယ်နိုင်ဖို့ မြေပုံပေါ်မှာတောင် ရှာမရအောင် ပျောက်ကွယ်ကုန်ပြီ ဖြစ်တဲ့ တောတောင်လျှိုမြောင်တွေကို ဖြတ်ပြီး "ယိုးဒယား (ထိုင်း) မြန်မာလမ်းမကြီး" လို့ ခေါ်တဲ့ မီးရထားလမ်းကို ဖောက်ခဲ့ကြရတယ်။ အဲဒီလိုဖောက်တဲ့အခါ စစ်အတွင်းမှာ ဖမ်းဆီးရမိတဲ့ အင်္ဂလိပ်သုံ့ပန်း စစ်သား

အတော်များများကို အသုံးပြုခဲ့ကြရတယ်။ မမြင်နိုင်လောက်အောင် ခက်ခဲကြမ်းတမ်းတဲ့အလုပ်ကို ရေးကြီးသုတ်ပြာ လုပ်နေကြတဲ့အချိန်မှာ ကံမကောင်းချင်တော့ ကာလဝမ်းရောဂါဆိုတဲ့ ကပ်ကြီးက ဝင်လာတယ်။ အကူအညီအထောက်အပံ့တွေက မပြည့်စုံတဲ့အပြင် ဆရာဝန်ဆိုတာကလည်း လုံးလုံးမရှိဘူး။ အစားအသောက် ပစ္စည်းပစ္စယတွေကလည်း မလုံမလောက်ဖြစ်နေတဲ့ တောကြီးမျက်မည်းထဲမှာဆိုတော့ မီးရထားလမ်းဖောက်ဖို့ အသုံးပြုခဲ့တဲ့ အလုပ်သမားတွေဟာ ထောင်နဲ့သောင်းနဲ့ချီပြီး သေဆုံးခဲ့ကြရရှာတယ်။ ပါးစပ်က ထုတ်မပြောနိုင်လောက်အောင် ကြောက်စရာကောင်းတဲ့အဖြစ်အပျက်ပါပဲ။ အဲဒီအလောင်းတွေကို ပြန်ဖော်ထုတ်ပြီး သူတို့ရဲ့မိခင်နိုင်ငံကို ပြန်ပို့နိုင်ဖို့အတွက် ဒီဇရပ်ထဲမှာ လာပြီး ခဏတစ်ဖြုတ် သိမ်းထားကြတာပဲ။

သည်လိုနဲ့ အဲသည်လို ခဏတစ်ဖြုတ်သိမ်းထားတဲ့ အရိုးအိုးတွေကို အခမ်းအနားကျင်းပပြီး သင်္ဂြိုဟ်ရမယ့်နေ့ကို ရောက်လာတော့တယ်။

ကျွန်တော်တို့တပ်စုက အရိုးအိုးဇရပ်ထဲမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြတဲ့အတွက် အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ဘုရားလမ်းတစ်လျှောက်မှာ စီတန်းလှည့်လည်ပွဲကို စောင့်ကြည့်ခွင့်ရခဲ့ကြတယ်။

ဘုရားတည်ထားတဲ့ကုန်းရဲ့ အောက်နားမှာက ကွင်းအကျယ်ကြီးတစ်ခု ရှိတယ်။ အဲဒီကွင်းထဲမှာတော့ ဆိုင်တန်းကလေးတွေ၊ ဆိုင်ခန်းကလေးတွေဟာ အစီအရီတန်းစီနေကြတယ်။ ဖုန်တထောင်းထောင်းထနေကြတဲ့အထဲမှာ ဈေးသည်တွေဟာ ဗန်းကလေးတွေကို ရွက်ပြီး စီစီညံနေအောင် အော်ရောင်းနေကြတော့တယ်။ ဟင်းရွက်ဟင်းသီး၊ အသားငါး၊ ဘုရားပန်း၊ မုန့်မျိုးစုံနဲ့ အလှကုန်စလို့ ရောင်းကုန်ပစ္စည်းတွေကလည်း အတော့်ကို စုံတယ်။ အဲဒီအထဲမှာ ဂျပန်စစ်သားတွေ စစ်ရှုံးလို့ ထွက်ပြေးရတုန်းက အလစ်သုတ်သွားတဲ့ စစ်ယူနီဖောင်းတွေ၊ ကျောပိုးအိတ်တွေ၊ ဟန်းကောချိုင့်တွေ၊ လမ်းညွှန်အိမ်မြှောင်တွေ စတဲ့ စစ်သုံးပစ္စည်းအရောင်းဆိုင်တွေကိုလည်း တွေ့ရတယ်။ တချို့ဆိုင်တွေမှာကျတော့ လူတွေဟာ မတ်တတ်ရပ်ရင်း အစားအသောက်

တွေ ဝယ်စားနေကြတယ်။ တချို့ဆိုင်တွေမှာကျတော့ အမျိုးသမီးတော်တော် များများဟာ ခုံတန်းလျားရှည်ကြီးတွေပေါ်မှာ တန်းစီထိုင်ပြီး စကားတပြော ပြောနဲ့ထိုင်စားနေကြတာကို တွေ့ရတယ်။ သူတို့ကို ကြည့်ရတာ ကြေးနန်း ကြိုးတွေပေါ်မှာ ငှက်တွေတန်းစီနားနေကြတာနဲ့ အတော်တူတယ်။

ယောကျ်ားမိန်းမအရွယ်အမျိုးမျိုး အဆင့်အတန်းအမျိုးမျိုးဟာ နေပူထဲမှာ ထီးတွေဆောင်းပြီး လျှောက်သွားနေကြတယ်။ နွားလှည်းတွေက လည်း အိပုံ့ အိပုံ့နဲ့ ရွေ့လျားနေကြတယ်။ လှည်းတွေကလည်း အမျိုးမျိုးပဲ နွားတစ်ကောင် ဆွဲတဲ့လှည်းရှိသလို နှစ်ကောင်သုံးကောင် ဆွဲတဲ့ လှည်းတွေ လည်း ရှိတယ်။ နွားတွေကို ကြည့်လိုက်တော့ မျက်လုံးတွေ ပြူးကျယ် မည်းနက်နေပြီး သူတို့ရဲ့ဦးချိုတွေက ဘေးဘက်ကိုရှည်ပြီး ကွေးကောက်နေ တယ်။ ခန္ဓာကိုယ်ကြီးတွေက တုတ်ခိုင်သလောက် ခြေထောက်တွေက သေး ကြတယ်။ လှည်းတွေကျတော့လည်း မြန်မာဆန်ဆန် ငှက်တွေမြွေတွေ ကနေသလို ကော့ပျံနေကြတယ်။ လူတွေကို တင်သွားတဲ့ လှည်းတွေကိုလည်း တွေ့ရတယ်။ လှည်းယာဉ်ပေါင်းမိုး ပြတင်းပေါက်က တွေ့ရတဲ့ မိန်းမတွေ ဟာ အထက်တန်းစားတွေ ဖြစ်ပုံရကြတယ်။ ခေါင်းပေါ်မှာ ပန်းတွေ ဝေနေ အောင် ပန်ထားကြသလို နားတောင်းတွေ လက်ကောက်တွေ ဆွဲကြိုးတွေ ဟာ ဝင်းဝင်းလက်နေတဲ့ စိန်တွေ ရွှေတွေ ကျောက်သံပတ္တမြားတွေနဲ့ အပြည့် ဆင်သွားကြတာကို တွေ့ရတယ်။ သူတို့လိမ်းတဲ့ သနပ်ခါးလို့ခေါ်တဲ့ မိတ်ကပ်ကတော့ အတော်ဆန်းတယ်။ သူတို့ရဲ့ပါးပြင်တွေပေါ်မှာ အဝါ ရောင်ပါးကွက်တွေကို ကွက်ထားကြတယ်။

ကျွန်တော်တို့ ဂျပန်စစ်သားတွေဟာ အဲဒီကွင်းကျယ်ကြီးရဲ့ တစ်ဖက်မှာ တန်းစီ ရပ်နေကြတယ်။ မွန်းတည့်ချိန်လည်း နီးရော အင်္ဂလိပ်စစ်တပ်ရဲ့ အရှုံးအိုးတန်းကြီး ရောက်လာတော့တယ်။ လူတွေ လှည်းတွေက ဘေးဘက် ကိုကပ်ပြီး လမ်းဖယ်ပေးလိုက်ကြတယ်။ စောစောက ဆူညံနေအောင် သွား လာလှုပ်ရှားရတဲ့ သူတွေဟာ ခဏတစ်ဖြုတ်ဆိုသလို ငြိမ်ကျသွားတော့တယ်။

ပထမဆုံး လမ်းပြမြင်းစီးပုလိပ်တွေက ဝတ်စုံပြည့်အဝတ်အစားတွေနဲ့ လမ်းပေါ်ကလူတွေကို ဘေးဖယ်ခိုင်းပြီး ခပ်မြန်မြန်ကလေး ရောက်လာကြတယ်။ မြင်းစီးပုလိပ်တွေဟာ ခါတိုင်းတုန်းကဆိုရင် ပြုံးစိစိလုပ်နေတတ်ကြပေမယ့် ဒီနေ့တော့ အတော့ကို တည်နေကြရတယ်။ ဦးထုပ်အောက်ကနေ မေးသိုင်းကြိုးကို အောက်နှုတ်ခမ်းရဲ့ အောက်နားမှာ တင်းနေအောင် စည်းထားကြတယ်။ သူတို့ စီးလာတဲ့ မြင်းကြီးတွေမှာလည်း ပြောင်လက်သစ်လွင်နေတဲ့ အခင်းတွေ ကုန်းနှီးတွေ ဆင်ထားတဲ့အတွက် ပြေးလွှားတဲ့အခါတိုင်း အဲဒီခင်းတွေရဲ့ အောက်က ကြွက်သားတွေ လှိုင်းထနေတာကို တွေ့ကြရတယ်။ သူတို့ဟာ ဟိုဟိုသည်သည်ကို လျင်မြန်စွာ ပြေးလွှားရင်းက ဒီအခမ်းအနားမှာ သိပ်ပြီး အရေးကြီးတဲ့တာဝန်ကို ထမ်းဆောင်နေရသူများအဖြစ် ကျေနပ်ဂုဏ်ယူနေကြသလို အခမ်းအနားအတွက် လူတွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ လမ်းရှင်းပေးနိုင်တဲ့အတွက် ပျော်နေပုံရကြတယ်။

သည်လိုနဲ့ အရိုးအိုးလှည်းတန်းကြီးက ကျွန်တော်တို့နားကို ရောက်လာတော့တယ်။ အဲသည်အရိုးအိုးလှည်းတန်းနဲ့အတူ ဂုဏ်ပြုတပ်ဖွဲ့ဝင်တွေဟာ တပ်ခွဲတစ်ခွဲလောက်ပါလာကြတယ်။ သူတို့ရဲ့ ပခုံးပေါ်မှာ ရိုင်ဖယ်သေနတ်တွေကို မြေစိုက်ပြီး လွယ်လာကြတယ်။ သူတို့အားလုံးဟာ အံ့သြလောက်အောင် သန့်မာဖျတ်လတ်ကြပြီး မျက်နှာတွေ နီမြန်းနေကြတယ်။ ဝတ်ထားတဲ့ ယူနီဖောင်းတွေကလည်း သူတို့ကိုယ်ခန္ဓာနဲ့ တစ်ထပ်တည်း ပုံလောင်းထားသလား အောက်မေ့ရအောင် ချပ်ချပ်ရပ်ရပ်ရှိနေကြပြီး အားလုံးရင်ကော့ထားကြတယ်။ သူတို့ကို ကြည့်ရတာ ကုန်တိုက်ကစင်တွေပေါ်မှာ တန်းစီပြီး တင်ထားတဲ့ တန်ဖိုးကြီးအရုပ်တွေနဲ့ တူနေကြတယ်။ သူတို့ရဲ့ခြေလှမ်းတွေက သိပ်ညီလွန်းနေတော့ ချီတက်သွားကြတဲ့အခါ ခေါင်းဘီးနှစ်ချပ်ကို တစ်လှည့်ပြီး တစ်လှည့်လုပ်နေတာနဲ့ အတော့ကို တူနေတော့တယ်။

သူတို့ရဲ့နောက်မှာတော့ သရဏဂုံတင်မယ့် ခရစ်ယာန်ဘုန်းကြီးအဖွဲ့တစ်ဖွဲ့ ပါလာတယ်။ ဘုန်းတော်ကြီးတွေဟာ အနက်ရောင်ဝတ်ရုံကြီးတွေကို

ဝတ်ဆင်ထားကြပြီး လည်ပင်းမှာလည်း ငွေလက်ဝါးကပ်တိုင်ကြီးတွေကို ချိတ်ဆွဲလာကြတယ်။ သူတို့အထဲမှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ အဘိုးအိုကြီးတွေလည်း ပါလာတယ်။ သူတို့ရဲ့မျက်နှာတွေဟာ တစ်ခါကြည့်ရုံနဲ့ ဘယ်တော့မှ မမေ့နိုင်တဲ့ ရုပ်မျိုးတွေ ဖြစ်နေတယ်။ လက်ဝါးကပ်တိုင်များသာမကဘဲ သူတို့ရဲ့ဆံပင်တွေကလည်း ငွေရောင်တောက်နေကြတယ်။

ဘုန်းကြီးတွေရဲ့နောက်ပိုင်းမှာတော့ ဆင်ဆွဲတဲ့ အရိုးအိုးလှည်းကြီးတွေ အတော်များများဟာ လှလှပပဆင်ယင်ပြီး လိုက်ပါလာကြတယ်။ ဆင်ကြီးတွေရဲ့ ကျောပေါ်မှာ ပုခက်ကြီးတွေတင်ထားပြီး အလွန်လှပတဲ့ ကော်ဇောကြီးတွေ ခင်းထားကြတယ်။ ပုခက်ပေါ်မှာတော့ ခေါင်းပေါင်းပေါင်းထားတဲ့ ဆင်ဦးစီးတွေက ထိုင်နေကြပြီး လက်ထဲမှာကိုင်ထားတဲ့ ချွန်းတွေ ကျာပွတ်တွေနဲ့ ကျွမ်းကျင်စွာ မောင်းနှင်သွားကြတယ်။ ဆင်ကြီးတွေဟာ ရှိခိုးတဲ့ပုံစံမျိုးနဲ့ သူတို့ရဲ့ သေးငယ်လှတဲ့ မျက်လုံးတွေကို ပေကလပ် ပေကလပ်လုပ်ရင်းက ရှည်လျားလှတဲ့ သူတို့နှာမောင်းကြီးတွေကို ကွေးလိုက်ဆန့်လိုက်လုပ်နေကြတယ်။ သူတို့နှာမောင်းထိပ်ကလည်း တရှူးရှူးနဲ့ သက်ပြင်းကြီးတွေကို ရှူပြီး အိပ့်အိပ့်နဲ့ လျှောက်သွားကြတယ်။ အရေးအတွန့်ထပ်နေတဲ့ မွဲပြာရောင်ခန္ဓာကိုယ်ကြီးတွေမှာ ချပ်ဝတ်တန်ဆာ အမျိုးမျိုးဆင်ယင်ထားကြတဲ့အတွက် ကျွန်တော်တို့ရဲ့ မျက်စိအောက်မှာတော့ ရောင်စုံနံရံကားချပ်ကြီးတွေ တစ်ချပ်ပြီးတစ်ချပ် ရွေ့လျားနေသလို မြင်နေကြရတယ်။

အရိုးအိုးတင်တဲ့လှည်းကြီးတွေကိုတော့ ပြောင်လက်တဲ့ သစ်ကနက်သား ကျွန်းသားတွေနဲ့ ပြုလုပ်ထားပြီး ရောင်စုံပန်းကုံးတွေနဲ့ ချိတ်ဆွဲထားကာ အပေါ်ဆုံးက အင်္ဂလိပ်အလံကြီးတွေနဲ့ ဖုံးထားကြတယ်။ အဲဒီအရိုးလှည်းကြီးတွေ ဖြည်းဖြည်းချင်း ရွေ့လျားသွားနေတဲ့အချိန်မှာ ကျွန်တော်တို့အားလုံးဟာ လက်ကို နဖူးပေါ်တင်ပြီး ငြိမ်သက်စွာ အလေးပြုနေမိကြတယ်။ ဒီလှည်းကြီးတွေထဲမှာတော့ မိဝေး ဘဝေးတိုင်းတစ်ပါးမှာ ကျဆုံးခဲ့ကြရတဲ့ ရဲဘော်တွေ လဲလျောင်းအိပ်စက်ရင်း ပါသွားကြပြီ။ အခုအချိန်မှာ သူတို့တစ်တွေဟာ ထာဝရအနားယူဖို့အတွက် အခမ်းအနားနဲ့ ပို့ဆောင်ခြင်းခံနေကြရပြီပေါ့။

ကျွန်တော်တို့တစ်တွေဟာ ရှေ့မှာ ဖြတ်သန်းသွားတဲ့ လှည်းတန်းကြီးကို လေးလေးစားစား ငေးငိုင်စိုက်ကြည့်နေမိကြတယ်။

အရှိုးအိုးလှည်းတန်းကြီးရဲ့ နောက်မှာတော့ ဂုဏ်ပြုတပ်ဖွဲ့က ကပ်ပါလာတယ်။ ဂုဏ်ပြုတပ်သားတွေဟာ စကော့တလန်တပ်သားတွေဖြစ်ပြီး ထူးခြားတဲ့ဝတ်စုံတွေကို ဝတ်ဆင်ထားကြတယ်။ စကတ်နဲ့တူတဲ့ အစင်းကြားဘောင်းဘီကို ဝတ်ဆင်ထားတဲ့အတွက် ဒူးတွေပေါ်နေပြီး အမြိတ်ချထားတဲ့ ဦးထုပ်တွေကို ဆောင်းထားကြတယ်။

အဲသည်နောက် စစ်ဘက်အရာရှိတွေ အရပ်ဘက်အရာရှိတွေနဲ့ လူထုလူတန်းစားအမျိုးမျိုး လိုက်လာကြတယ်။ အဲသည်အထဲမှာ သူနာပြုတွေလို့ ထင်မှတ်ရတဲ့ အမျိုးသမီးငယ်တစ်စုလည်း လိုက်ပါလာကြတယ်။ သူတို့တစ်တွေဟာ စိတ်ဓာတ်ခိုင်မာပြီး ဘာသာတရားကို နက်နက်ရှိုင်းရှိုင်းယုံကြည်နေကြတဲ့ပုံ ရတယ်။ နောက်ဆုံးမှာတော့ မြန်မာလူမျိုးတွေ လိုက်လာတယ်။ အားလုံးပဲ သားသားနားနား ဝတ်စားလာကြတယ်။ ခေါင်းပေါင်းတွေ ကိုယ်စီပေါင်းလာကြပြီး ရှည်လျားတဲ့လုံချည်တွေကိုလည်း သပ်သပ်ရပ်ရပ် ဝတ်လာကြတယ်။ သာမန်လူတွေပါသလို ဘုန်းတော်ကြီးတွေလည်း ရောပါလာကြတယ်။ ဘုန်းကြီးတွေထဲမှာလည်း ဝါတော် သိက္ခာတော် ရင့်ကျက်တဲ့ ဆရာတော်ဘုရားကြီးတွေ ပါသလို လမ်းပေါ်မှာ နေ့စဉ်နဲ့ အမျှ သွားလာနေတဲ့ သာမန်ဘုန်းကြီးတွေလည်း ပါကြတယ်။

မြန်မာပြည်မှာက အချို့တတ်နိုင်တဲ့သူတွေဆိုရင် အသုဘအခမ်းအနားမှာ ဘုန်းကြီးတွေကို သင်္ချိုင်းအရေးအတွက်ပင့်တဲ့ အလေ့အထ ရှိတယ်။ အခု အခြေအနေမှာတော့ ကျဆုံးထားတဲ့ စစ်သားတွေရဲ့ အသက်နဲ့လိုက်အောင် ဘုန်းကြီးတွေကို မပင့်နိုင်ပေမယ့် များတော့ အတော်ကိုများတယ်။

အဲသည် ဘုန်းကြီးတွေ လျှောက်လှမ်းနေတာကို စောင့်ကြည့်နေရင်းက ကျွန်တော်တို့အားလုံးဟာ ထိတ်ခနဲ အံ့သြကုန်ကြတယ်။ အဲသည် ဘုန်းကြီး

တွေရဲ့ အလယ်မှာ မိဇူရှီးမားနဲ့ အလွန်တူတဲ့ ဘုန်းကြီးလေးကို တွေ့လိုက်ကြရလို့ပဲ။

သည်ဘုန်းကြီးလေးဟာ ဣန္ဒြေအပြည့်နဲ့ မျက်လွှာကိုချပြီး ရှေ့တည့်တည့်ကြည့်ရင်း တစ်လှမ်းချင်းမှန်မှန်ကြီး လျှောက်လှမ်းနေတယ်။ ဆင်မြန်းထားတဲ့သင်္ကန်းဟာလည်း ဝိနည်းတော်နဲ့အညီ သပ်သပ်ရပ်ရပ် ရှိလှပြီး ဦးခေါင်းကိုလည်း စိမ်းပြီးပြောင်နေအောင် တုံးထားတယ်။ အသက်ကငယ်ပေမယ့် ပုံပန်းက ဝါတော် လေးငါးဆယ်ရ ပုဂ္ဂိုလ်ကြီးလို ဖြစ်နေတယ်။ ဟိုအရင်တစ်ခါ တံတားပေါ်မှာ တွေ့ခဲ့တုန်းကထက်ပိုပြီး ရင့်ကျက်နေတဲ့ပုံရပေမယ့် သူ့မျက်နှာမှာ ဝမ်းနည်းကြေကွဲတဲ့အရိပ်တွေက လွှမ်းနေတယ်။

မျက်နှာကတော့ မိဇူရှီးမားနဲ့ ချွတ်စွပ်ပဲ။ ဒါပေမဲ့ အမြဲတမ်း တက်ကြွလန်းဆန်းပြီး ရဲတင်းလှတဲ့ မိဇူရှီးမားရဲ့ စရိုက်နဲ့ကတော့ တခြားစီပဲ။ မိဇူရှီးမားရဲ့မျက်နှာပေါ်မှာက တစ်ခုခုဆုံးဖြတ်ပြီးရင် ပြတ်ပြတ်သားသား လုပ်မယ်ဆိုတဲ့ အရေးအကြောင်းတွေ ထင်ဟပ်နေပေမယ့် ဒီဘုန်းကြီးလေးကျတော့ ပိုပြီးပျော့ပျောင်းတဲ့ အေးချမ်းတဲ့ အရိပ်လက္ခဏာတွေက လွှမ်းနေတယ်။

သည်လိုမျက်နှာပုံပန်းကို အကဲခတ်ရုံလောက်နဲ့ဆိုရင် ဘာမှ ပြောစရာမရှိပေမယ့် ဒီဘုန်းကြီးလေးမှာက တခြားမြန်မာဘုန်းကြီးတွေနဲ့ အတော်ကြီးခြားနားနေတဲ့ အချက်က ရှိနေပြန်တယ်။

သူက လေးထောင့်စပ်စပ်သေတ္တာကလေးကို ပိတ်ဖြူနဲ့ပတ်ပြီး လည်ပင်းမှာ ချိတ်ဆွဲထားတယ်။ ပြီးတော့ အဲဒီသေတ္တာကလေးကို လက်နှစ်ဖက်နဲ့ ညင်ညင်သာသာ မပြီး လျှောက်လှမ်းနေပြန်တယ်။ သူ့နှလုံးသားထဲမှာ မချိတင်ကဲ ခံစားနေရပေမယ့် အပြင်ဘက်ကို ထုတ်ဖော်မပြလိုဘဲ မျိုသိပ်နေတဲ့ပုံစံမျိုးပဲ။ ဒီဟန်ပန်မျိုးက ကျွန်တော်တို့ဂျပန်လူမျိုးတွေရဲ့ အသုဘအခမ်းအနားမှာ အရိုးအိုးကို သယ်ကြတဲ့အခါ အမြဲမြင်တွေ့နေရတဲ့ ဟန်ပန်မျိုးဖြစ်နေတယ်။ တခြားပုဂ္ဂိုလ်တွေထဲမှာ သူ့လို ပုံစံမျိုးတစ်ယောက်မှ မတွေ့ကြ

ရဘူး။ တစ်ခုပဲ ရှိတယ်။ သူ အမြဲတမ်း ပခုံးပေါ်တင်ပြီး ခေါ်လာနေကျ ကြက်တူရွေးကလေးကိုတော့ မတွေ့ရဘူး။ သူဟာ ခါတိုင်းလိုပဲ မျက်လွှာကို ချပြီး ကျွန်တော်တို့ရှေ့က ဖြတ်လျှောက်သွားတယ်။

တပ်စိတ်မှူးဗိုလ်ကြီးက “ဟယ်”လို့ တိုးတိုးလေး ရေရွတ်လိုက်တယ်။ ကျွန်တော်တို့အားလုံးဟာလည်း သတိအနေအထားကို မေ့လျော့သွားပြီး ပါးစပ်အဟောင်းသားနဲ့ လက်တွေကို ရှေ့ကိုကမ်းထုတ်ရင်း ငေးမောကြည့်ရှု နေမိကြတယ်။

သူ့ပုံစံက မီဇူရှီးမားလိုလို တခြားလူလိုလို ဂျပန်လူမျိုးလိုလို မြန်မာလူမျိုး လိုလိုဖြစ်နေတယ်။ တခြားမြန်မာဘုန်းတော်ကြီးတွေရဲ့ အသွင်အပြင်တူနေ တာ ဖြစ်ပေမယ့် သူ့ရဲ့ပြုမူနေတဲ့အမူအရာက တခြားစီဖြစ်နေတယ်။ သည်လိုနဲ့ ခမ်းနားသိုက်မြိုက်လှတဲ့ လူတန်းကြီးထဲမှာ လေးထောင့်သေတ္တာကို ပိတ်ဖြူနဲ့ လည်ပင်းမှာ လွယ်သွားတဲ့ ဘုန်းကြီးလေးရဲ့ အသွင်သဏ္ဍာန်ဟာ ကျွန်တော် တို့ရဲ့ မြင်ကွင်းအောက်မှာပဲ တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်သွားတော့ တယ်။

အဲသည်နောက်တော့ မြန်မာလူအုပ်ကြီးတွေက လှူဖွယ်ပစ္စည်းတွေ တင် ဆောင်လာတဲ့လှည်းတန်းကြီးတွေ ရောက်လာကြတယ်။ သည်လိုနဲ့ပဲ ခမ်းနား ကြီးကျယ်လှတဲ့ အသုဘလှည့်လည်တဲ့အခမ်းအနားကြီးဟာ ပြီးဆုံးသွား တော့တယ်။ လမ်းပေါ်မှာ စောင့်ကြည့်နေကြတဲ့ လူအုပ်ကြီးလည်း ပြိုကွဲသွား ပြီး စောစောကလိုပဲ ဆူညံနေတဲ့ပွဲဈေးခင်းကလေး ပြန်ဖြစ်လာတော့တယ်။ စီတန်း လှည့်လည်နေတဲ့လူတန်းကြီးဟာလည်း တောင်ကုန်းတစ်ခုပေါ်က ဘုရားဝင်းအတွင်းကို ဝင်သွားနေတာကို လှမ်းမြင်လိုက်ကြရတယ်။

အဲသည်နောက် သုံ့ပန်းစခန်းကို ပြန်ရောက်တဲ့အခါ ကျွန်တော်တို့ တစ်တွေဟာ ညလုံးပေါက်ငြင်းခုံရင်း စကားအချေအတင် ပြောနေမိကြပြန် တယ်။

"ကြည့်စမ်း၊ ဒီကောင်မီဇူရီးမားပဲ မဟုတ်လား၊ သူအသက်ရှင်နေသေးတာပဲ မဟုတ်လား။ အခု တပ်ပြေးဘဝနဲ့ ဘုန်းကြီးဝတ်နေတာပဲ မဟုတ်လား"

အဲသည်လို ခိုင်ခိုင်မာမာ ယုံနေတဲ့လူတွေလည်း ရှိသလို–

"ဒါဆိုရင် ငါတို့ရှိရက်သားနဲ့ မီဇူရီးမားက ဘာဖြစ်လို့ တပ်ပြေးလုပ်သွားရတာလဲ"လို့ ပြန်မေးလာတဲ့ လူတွေလည်း ရှိတယ်။

"ဒါတော့ ဘယ်သိမလဲ"

လို့ ပြောပြီး ကျွန်တော်တို့အားလုံး ပါးစပ်ပိတ်သွားကြပြန်တယ်။

"အဲဒါ မီဇူရီးမား မဖြစ်နိုင်ပါဘူးကွာ။ သူက သေတာ တစ်နှစ်လောက်တောင် ကြာသွားပြီပဲ။ တစ်လောက ဒဏ်ရာရပြီး ဆေးရုံကို ရောက်လာတဲ့လူတွေကတောင် သူ့ကို တွေ့ခဲ့ရတဲ့အကြောင်းတွေကို ပြောပြခဲ့သေးတာပဲ မဟုတ်လား"

"ဒါဖြင့် တစ်လောက ဗိုလ်ကြီးကြားခဲ့ရတဲ့ စောင်းသံကကော ဘာ အဓိပ္ပာယ်လဲ"

"အဲသည့်စောင်းသံလား။ ဒါကော မီဇူရီးမားရဲ့စောင်းသံလို့ မင်းအတပ်ပြောနိုင်လို့လား"

တချို့ဟာ အဲသည်လိုပြောရင်း တပ်စိတ်မှူးဗိုလ်ကြီးရဲ့ မျက်နှာကို အကဲခတ် ကြည့်လိုက်ကြတယ်။

အဲသည့်ဘုန်းကြီးကလေးဟာ မီဇူရီးမားလို့ ယုံကြည်တဲ့လူတွေအတွက်ကတော့ သူ့လည်ပင်းမှာလွယ်ထားတဲ့ လေးထောင့်ပုံသေတ္တာကလေးနဲ့ ထောက်ပြကြတယ်။ သူတို့က အခုလို ရှင်းပြကြတယ်။

ဒါက ဂျပန်တွေသာ လုပ်တဲ့အလုပ်ပဲ။ ငါတို့တိုင်းပြည်က ထွက်လာခါစတုန်းက အဲဒီပုံသဏ္ဌာန်မျိုးနဲ့ ပြန်လာတဲ့ဝိညာဉ်အရိုးအိုးတွေကို အများကြီး တွေ့ခဲ့ရတာပဲ။ ဒါတင်ဘယ်ကသေးမလဲ ငါတို့ငယ်ငယ်ကတည်းက

အဲသည်လို ပိတ်ဖြူပတ်ထားတဲ့ ဝမ်းနည်းဖို့ကောင်းတဲ့ အရိုးသေတ္တာကို အများကြီးတွေ့ခဲ့ရတာပဲ မဟုတ်ဘူးလား။ အာရှတိုက်ကုန်းမကြီးနဲ့တောင် ဘက်ပိုင်းတိုင်းပြည်တွေက အဲဒီအရိုးသေတ္တာတွေကို လည်ပင်းမှာလွယ်ပြီး ပြန်လာခဲ့ကြတဲ့ စစ်သားတွေ ဖခင်ဖြစ်သူတွေ ကလေးသူငယ်လူမမယ်တွေကို အများကြီးတွေ့ခဲ့ရတာပဲ မဟုတ်ဘူးလား။ ဒီလိုပစ္စည်းမျိုးကို လွယ်ကတည်းက အဲဒီဘုန်းကြီးဟာ ဂျပန်လူမျိုးပဲ ဖြစ်ရမယ်၊ တခြားဘယ်သူမှ သူ့လို လွယ်ထားတာ မတွေ့ရဘူး။

အဲသည်အယူအဆနဲ့ ဆန့်ကျင်ဘက် လူတွေကတော့ ခုလိုပြောကြပြန်တယ်။

အဲသည်ပစ္စည်းကိုကြည့်ပြီး ဘယ်လိုတိကျတဲ့အထောက်အထားလို့ ပြောနိုင်မှာလဲ။ ထားပါတော့လေ သူက ဂျပန်လူမျိုးဖြစ်လို့ဆိုရင်တောင် ဘာဖြစ်လို့ အင်္ဂလိပ်စစ်သားတွေရဲ့ အသုဘအခမ်းအနားမှာ ဝင်ပါနေရတာလဲ။ ဘာဖြစ်လို့ ဒီလိုသေတ္တာမျိုးကို အဲဒီနေရာမှာ ယူလာရတာလဲ။ ပြီးတော့ အင်္ဂလိပ်စစ်သားတွေရဲ့ အရိုးကို ဘာဖြစ်လို့ အဲဒီသေတ္တာထဲထည့်ပြီး သယ်ရမှာလဲ။ အင်္ဂလိပ်စစ်သားတွေရဲ့ အရိုးအိုးတွေက ခမ်းခမ်းနားနားအလှဆင်ထားတဲ့ ဆင်ဆွဲရထားတွေပေါ်မှာ တင်ပြီး ဆွဲလာတာပဲ မဟုတ်လား။

ပြီးတော့ အဲဒီလေးထောင့်သေတ္တာကို ဘာကြောင့် ဂျပန်ပုံစံသေတ္တာလို့ ပြောနိုင်တာလဲ။ မြန်မာလူမျိုးတွေလည်း အရိုးသေတ္တာလေးထောင့်တွေကို သုံးကြတယ်။ ပိတ်ဖြူတွေနဲ့စည်းပြီး လည်ပင်းမှာလွယ်သွားတဲ့ လူတွေရှိကြတာပဲ။ ဘာဆန်းလို့လဲ။ အဲဒီဘုန်းကြီးက သူ့အတွက် အသုံးကျမယ့် ပစ္စည်းတွေကို သေတ္တာထဲ ထည့်ပြီး သယ်သွားတာလည်း ဖြစ်နိုင်တာပဲ။ မီဇူရှိမား နဲ့တူတဲ့ မြန်မာလူမျိုး တစ်ယောက်က ဂျပန်ပုံစံသေတ္တာကလေးသယ်သွားတာကို တွေ့ရရုံလောက်နဲ့ သရဲတစ္ဆေကို တွေ့ရသလို အော်ဟစ်ဆူညံနေဖို့တော့ မသင့်ပါဘူး။

အဲသည်လို တစ်ဖက်နဲ့ တစ်ဖက် အနိုင်မခံ အရှုံးမပေးဘဲ ငြင်းခုံနေကြတဲ့ အချိန်မှာ တပ်သားတစ်ယောက် မရဲတရဲနဲ့ အခုလို ဝင်ပြောလိုက်တယ်။

"မင်းတို့အားလုံး စစ်ပွဲတွေကြောင့် ဦးနှောက်တွေ ချောင်ကုန်ကြပြီ။ အာရုံကြောတွေ အားနည်းပြီး စိတ်မမှန်ကြတော့ဘူး။ လင်တရူး စုန်းပူးနေတဲ့ မိန်းမတွေလို ပေါက်တတ်ကရတွေ လျှောက်ပြောကုန်ကြပြီ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ဆက်မပြောကြပါနဲ့တော့ကွာ"

သူ့အသံက ဒေါသထွက်နေပုံ ရသလို ဝမ်းနည်းကြေကွဲတဲ့ အရိပ်အယောင်တွေ လွှမ်းနေတယ်။

"အခု သေသွားပြီ အခုမသေသေးဘူး ငြင်းခုံနေကြတာ သူ့အသက်နဲ့ ခန္ဓာကို စတေးပြီး အပေါင်းအသင်းရဲဘော်ရဲဘက်တွေကို ကယ်သွားတဲ့ မိဇူရှီးမားအပေါ် စော်ကားနေတာနဲ့အတူတူပဲ။ ပြီးတော့ မိဇူရှီးမားဟာ မင်းတို့ထင်နေသလို တပ်ပြေးဘဝကို ပြောင်းသွားပြီး ရဟန်းဘဝနဲ့ ဟိုဟိုသည်သည် သွားနေရလောက်အောင် သတ္တိကြောင်တဲ့လူစား မဟုတ်ဘူးကွ"

တပ်စိတ်မှူးဗိုလ်ကြီးဟာ အဲသည်ညက တစ်ခွန်းမှ ဝင်မပြောခဲ့ဘူး။ အများ ပြောတာကိုပဲ ငြိမ်ပြီး နားထောင်နေခဲ့ရှာတယ်။

ဒါပေမဲ့ ဗိုလ်ကြီးဟာ နောက်တစ်နေ့ကစပြီး ပြောင်းလဲလာတော့တယ်။

အချိန်အကြာကြီး ဂရုမစိုက်ဘဲ စွန့်ပစ်ခဲ့လို့ အမွေးအမှင်တွေတောင် မွဲခြောက်နေပြီဖြစ်တဲ့ ကြက်တူရွေးကလေးကို ပြန်ဖမ်းပြီး သူ့ပခုံးပေါ်မှာ တောက်လျှောက်တင်ထားတော့တယ်။ ပြီး လက်နဲ့ ပွတ်သတ်ပြီး ခုလို ပြောတယ်။ "ရွှေခဲ ဟေ့ ရွှေခဲ ရွှေခဲကို ဘယ်သူကမှ ဂရုမစိုက်ဘဲနော်၊ ဗိုလ်ကြီး စိတ်မကောင်းပါဘူးကွာ နောက်ဆို ဗိုလ်ကြီးပဲ ဂရုစိုက်ပါတော့မယ်။ ပြီးတော့ ဂျပန်စကားသင်ပေးမယ်။ ကောင်းကောင်းလိုက်မှတ်နော်"

အဲသည်အခါ ကြက်တူရွေးကလေးဟာ ပျော်သွားတဲ့အလား သူ့ကိုယ်လေးကို သူ တုန်ခါပြရှာတယ်။ ပြီးတော့ မာကြောလှတဲ့ သူ့ရဲ့နှုတ်သီး

ကလေးကို ဟပြီး ရာဘာတုံးလို အေးစက်နေတဲ့အမည်းရောင် လျှာကလေးကို ပြူတစ်ပြူတစ် လုပ်ရင်း ဗိုလ်ကြီးရဲ့လက်ကို ဆိတ်နေပြန်တယ်။

ဗိုလ်ကြီး အခုလိုစိတ်ရှည်လက်ရှည်နဲ့ ဂရုစိုက်နေတာမျိုးကို သိပ်ပြီး တွေ့ရခဲတယ်။ ဒါတင်မကသေးဘူး သူ့ခွဲတမ်းရတဲ့ ထမင်းထဲက ခွဲပြီး တစ်နေ့ကို ၃ကြိမ်ကျွေးရှာတယ်။ ပြီးတော့

"အော်အိ၊ မီဇူရီးမား *"ဟော့ မီဇူရီးမား"*

လို့ပြောပြီး ကြက်တူရွေးကလေးက လိုက်ပြောရင်း ထမင်းတစ်ကြိမ် ခွံ့ကျွေးတယ်။ နောက်တစ်ခါ အိရှိုးနီ (အတူတူ)လို့ လိုက်ဆိုနိုင်ရင် ထမင်း ပန်းကန်ထဲက ဟင်းကို ဖဲ့ကြွေးပြန်တယ်။ ဆက်ပြီး "နိပ္ပန်းနိခအဲရော (ဂျပန်ကို ပြန်ကြရအောင်)"လို့ သင်ပေးပြီး လိုက်ဆိုနိုင်တဲ့အခါ ငါးပိ တစ်တုံးကို ထပ်ကျွေးပြန်တယ်။ သည်လိုနဲ့ အဲဒီစကားကို အပြန်ပြန် အလှန်လှန် လေ့ကျင့်ပေးနေတော့တယ်။ ဝါကျတစ်ခုလုံး အပြည့်ပြောနိုင် အောင် လေ့ကျင့်တော့တယ်။ ၁၀ရက်လောက်လည်း ကြာရော ဗိုလ်ကြီးက ထမင်းအုပ်ဆောင်းအဖုံးကို ဖွင့်လိုက်တာနဲ့ ကြက်တူရွေးကလေးဟာ သင် ထားတဲ့စကားလုံးကို အကျယ်ကြီး အော်ပြောတော့တာပဲ။ ဗိုလ်ကြီးက ဘာဖြစ်လို့ လုပ်နေတာလဲ ဆိုတာကို ကျွန်တော်တို့အားလုံး နားမလည် နိုင်အောင် ဖြစ်နေကြတော့တယ်။

သူ သည်လိုလုပ်နေတာကို မြင်ရတိုင်း ကျွန်တော်တို့ဟာ တစ်ယောက် ကို တစ်ယောက် ကြည့်လိုက်ကြရင်း ဗိုလ်ကြီးတစ်ယောက်တော့ မီဇူရီးမား ဆုံးတာကို သိသွားတဲ့အတွက် စိတ်ထိခိုက်ပြီး ရူးကြောင်ကြောင်များ ဖြစ်သွား လေပြီလားလို့ တွေးမိကာ သူ့အတွက် စိုးရိမ်မှုဖြစ်သလို တစ်ခါတစ်ခါ ကျတော့လည်း စိတ်မရှည်နိုင်ဘဲ ဒေါပွမိကြရတယ်။ ခက်တာက ဒီကြက် တူရွေးက ညကြီးသန်းခေါင် သူများတွေ အိပ်ကောင်းတုန်း–

"အော်အိ မီဇူရီးမား၊ အော်အိ မီဇူရီးမား၊ အစ်ရှိုးနိ နိပ္ပန်း နီခအဲရော"

"*ဟေ့ မီဇူရီးမား ဟေ့ မီဇူရီးမား တို့အတူတူ ဂျပန်ကို ပြန်ကြရအောင်*"လို့ ပီပီသသကြီး အော်လိုက်တဲ့အခါ အားလုံးနိုးကုန်ကြပြီး ဝမ်းနည်းပက်လက် ခံစားကြရတယ်။

"ဗိုလ်ကြီး"

စောစောပိုင်းက စစ်သားအိုကြီးက ပြောလာတော့တယ်။

"ဗိုလ်ကြီး ခုလိုကြက်တူရွေးကို သင်ပေးနေလိုတော့ ဘာများပိုထူးလာမှာမို့လဲ။ အခုထက်ထိ မီဇူရီးမားသေသွားတဲ့အပေါ် အစွဲအလမ်းဖြစ်နေတုန်းဆိုရင်တော့ ဗိုလ်ကြီးကို ယောက်ျားမပီသဘူးလို့ ဝေဖန်ရမှာပဲ။ ဗိုလ်ကြီးက သူ့ကို တြိဂံတောင်မကြီးဆီသွားဖို့ တာဝန်ပေးခဲ့တာ တမင်ရည်ရွယ်ပြီး သေခိုင်းတာမှ မဟုတ်ဘဲ။ မီဇူရီးမားက သူ့တာဝန်ကို သူ ကျေပွန်အောင်ထမ်းဆောင်ပြီး သေသွားရတာမို့ ကျေနပ်နေမှာပါ။ အခုလို ဗိုလ်ကြီးက အမြဲတမ်း ယူကျုံးမရဖြစ်နေပြီး ကြက်တူရွေးကလည်း နေ့ညမရှောင်တစာစာ အော်ပြောနေမယ်ဆိုရင်တော့ ကျွန်တော်တို့အားလုံး ပိုပြီး စိတ်ဓာတ်ကျစရာတွေ ဖြစ်ကုန်ပါလိမ့်မယ်။ စိတ်ပျက် အားငယ်ဖို့ အလွန်ကောင်းတဲ့သုံ့ပန်းဘဝမှာ စိတ်ဓာတ်ဟာ သိပ်အရေးကြီးပါ တယ် ဗိုလ်ကြီး။ အားလုံးက ကိုယ့်တိုင်းပြည် ပြန်ဖို့အရေးအတွက် ရတက်မအေး ဖြစ်နေချိန်မို့ ဗိုလ်ကြီးလည်း စိတ်ဓာတ်ကို ခိုင်ခိုင်ထားစေချင်ပါတယ်။ ကျွန်တော်တို့အားလုံးတောင်းပန်ပါတယ်ဗိုလ်ကြီး"

စစ်သားအိုကြီးက အဲသည်လို ပြင်းထန်တဲ့ စကားတွေနဲ့ အပြောခံလိုက်ရတဲ့အခါ ဗိုလ်ကြီးဟာ အခံရခက်တဲ့ မျက်နှာမျိုးနဲ့ငြိမ်ပြီး နားထောင်နေရှာတယ်။ ခဏကြာတော့ အခုလို အထစ်ထစ်အငေါ့ငေါ့နဲ့ ပြောလာတယ်။

"အမှန်တော့ ကျုပ် ကျုပ် ခုလိုလုပ်နေတာဟာ ရူးကြောင်ကြောင်နိုင်နေမလား မပြောတတ်ဘူး။ ဒါပေမဲ့ ကျုပ်ရဲ့ ယုံကြည်ထားတဲ့ အချက်ကို မစွန့်လွှတ်နိုင်သေးဘူးလေ။ ဘယ်လိုဖြစ်ဖြစ် ဒီဘုန်းကြီးလေးရဲ့ သရုပ်မှန်ကို ကျုပ်သိချင်နေသေးတယ်။ စုံစမ်းကြည့်လို့ ကျုပ်မှားခဲ့ရင်တော့ ဘယ်တတ်နိုင်

မလဲ။ အဲ အဖြစ်မှန်ကို မသိလိုက်ရဘဲ ပြန်သွားရတာမျိုးကိုတော့ ကျုပ် လက်မခံနိုင်ဘူး။

သည်လို ပြောလို့သာ ပြောရတယ်။ ကျုပ်မှာ သူနဲ့ ဆက်သွယ်စရာ နည်းလမ်းက လုံးလုံးမရှိဘူး။ နောက်ဆုံးမှာတော့ သိပ်မျှော်လင့်ချက် မရှိပေမယ့် ဟောသည် ကြက်တူရွေးကလေးကိုပဲ တပ်သားအဖြစ် အားကိုးရတော့မှာပဲ။ သူ့ကို ဂျပန်စကားတွေသင်ပေးပြီး ကျုပ်အနေနဲ့ မီဇူရှီးမားကို ကျုပ် ပြောချင်တာတွေကို အသိပေးချင်တယ်။ အခုလောက် ဂျပန်စကားတတ်ပြီ ဆိုမှတော့ လမ်းမှာ အဲဒီဘုန်းကြီးလေးနဲ့ ကြုံကြိုက်တဲ့အခါ သူ့ပခုံးပေါ်ကို တင်ပေးလိုက်မယ်လို့ စိတ်ကူးထားမိတယ်။ ဘုန်းကြီးလေးရဲ့ ပခုံးပေါ်မှာ ကြက်တူရွေးကလေးရဲ့ အစ်ကို ရှိနေလေတော့ ခပ်လှမ်းလှမ်းက လွှတ်လိုက်ရင်တောင် ဘုန်းကြီးလေးဆီကို ရောက်အောင် သွားလိမ့်မယ်လို့ ထင်တယ်။

ကျုပ်အတွက် အားလုံး စိတ်အနှောင့်အယှက် ဖြစ်ရတာကို စိတ်မကောင်းပါဘူး။ ခဏတစ်ဖြုတ် အောင့်အည်းသည်းခံကြဖို့ တောင်းပန်ချင်တယ်။ ကျုပ်ရဲ့ နောက်ဆုံးကြိုးပမ်းချက်က အောင်မအောင် အဖြေထွက်တဲ့ အထိ စောင့်ကြည့်ကြစေချင်ပါတယ်"

ကျွန်တော်တို့အားလုံး ဗိုလ်ကြီးရဲ့ ဖွဲလုံ့လကို ချီးကျူးမိလိုက်ကြတယ်။ အဲသည်နောက်မှာတော့ ကျွန်တော်တို့တစ်တွေဟာ ကြက်တူရွေးကလေးကို အလုည့်ကျ အစာကျွေးပြီး ဂျပန်စကားတွေကိုလည်း ပိုပြီး သင်ပေးကြတယ်။

ဒါပေမဲ့ စစ်သားအိုကြီးကတော့ ဗိုလ်ကြီးကို သနားတဲ့ မျက်နှာနဲ့ ကြည့်နေတယ်။ ကြက်တူရွေးကိုလည်း ဒေါသထွက်ပြီး စိတ်ပျက်လက်ပျက် စိုက်ကြည့်နေတယ်။ ပြီးမှ ခေါင်းတွင်တွင်ယမ်းရင်း သက်ပြင်းရှည်ကြီးကို ချနေတော့တယ်။

သည်လိုနဲ့ ဗိုလ်ကြီးဟာ မီဇူရှီးမားရဲ့ သတင်း အစအနကို ကြားနိုင်ဖို့ အတွက် ဆတက်ထမ်းပိုး ကြိုးစားတော့တယ်။ ဒါပေမဲ့ သူ့ရဲ့ကြိုးစားမှု အားလုံးဟာ ဘယ်လိုမှအရာမရောက်အောင် ဖြစ်နေတော့တယ်။

လွန်ခဲ့တဲ့အချိန် ခပ်စောစောပိုင်းကတည်းက သူကိုယ်တိုင် အင်္ဂလိပ်တပ်မှူးဆီကို သွားပြီး အခြေအနေကို ရှင်းပြရင်း မီဇူရီးမားရဲ့ သတင်းကို စုံစမ်းထောက်လှမ်းပေးဖို့ မေတ္တာရပ်ခံခဲ့တယ်။ အင်္ဂလိပ်တပ်မှူးလည်း ဗိုလ်ကြီးအပေါ်မှာ အလွန်သနားသွားပြီး အကြိမ်ကြိမ် ထောက်လှမ်းပေးခဲ့ပေမယ့် ဘာသတင်းအစအနကိုမှ မရခဲ့ဘူး။ စောစောပိုင်း တြိဂံတောင်ပိုင်းမှာ တိုက်ပွဲဆင်နွှဲခဲ့ကြတဲ့ ဂျပန်စစ်သားတွေဟာလည်း မိခင်တပ်ရင်းဆီကို ပြန်ကုန်ကြပြီး။ ဒဏ်ရာရလို့ မုဒုံဆေးရုံမှာ ခေတ္တခဏတင်ထားတဲ့ တပ်သားတွေလည်း သူတို့ဒဏ်ရာအခြေအနေကို လိုက်ပြီး တခြားသင့်တော်တဲ့ ဆေးရုံတွေကို ပို့လိုက်ကြပြီ။ သူတို့ ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်ပြီဆိုတာ ဘယ်သူမှ မသိကြတော့ဘူး။ သူတို့ဘယ်မှာရှိတယ် ဆိုတာကို သိရရင်တောင်မှ သုံ့ပန်းအခြေအနေရောက်နေတဲ့ ကျွန်တော်တို့အတွက် အဲသည်ကို သွားပြီး စုံစမ်းခွင့်ရဖို့က အတော်ကြီးကို ခဲယဉ်းတယ်။ နောက်ဆုံးအင်္ဂလိပ်စစ်တပ်ရဲ့ ပြန်ကြားချက်တော့ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး မီဇူရီးမားဟာ ကျဆုံးခဲ့ပြီးပြီလို့ ကောက်ချက်ချလာကြတော့တယ်။

ဒါပေမဲ့ ဗိုလ်ကြီးက လက်မလျှော့သေးဘဲ ဘုန်းကြီးကလေးကို ပေးဖို့ဆိုပြီး စာတစ်စောင် ရေးပြန်တယ်။ စာထဲမှာ ပါတဲ့အကြောင်းအရာတွေကတော့ "အကယ်၍ ဘုန်းကြီးလေးဟာ မီဇူရီးမားဖြစ်နေခဲ့ရင် ကျွန်တော်တို့ရှိတဲ့နေရာကို မပျက်မကွက် ပြန်လာစေချင်တဲ့အကြောင်း၊ ကျွန်တော်တို့က မီဇူရီးမားအပေါ် ဘယ်လောက် လွမ်းဆွတ်တမ်းတနေတယ်ဆိုတာကို နားလည်စေချင်ကြောင်း၊ တကယ်လို့ ပြန်လာဖို့ ပြဿနာ အခက်အခဲတွေ ရင်ဆိုင်နေရတယ်ဆိုရင်လည်း ဘယ်လိုကြီးမားတဲ့ ပြဿနာမျိုးဖြစ်ဖြစ် ဖြေရှင်းသွားမှာဖြစ်ကြောင်း၊ ဘာကြောင့် ခုလို ရဟန်းဝတ်အသွင်နဲ့ လျှောက်သွားနေရတယ်ဆိုတာကိုလည်း လာရှင်းပြစေလိုကြောင်း"စလို့ စုံနေအောင် ရေးထားတယ်။

အသုဘလှည့်လည်ပွဲအခမ်းအနားပြီးလို့ မကြာခင် ကြက်တူရွေးကို စကား သင်လို့ ကောင်းနေတုန်းမှာ ခါတိုင်းလာနေကျ ဈေးသည် အဘွားကြီး

ရောက်လာတယ်။ အဲသည်အခါမှာ ဗိုလ်ကြီးက ဒီစာကလေးကို ဘုန်းကြီးကလေးဆီကို ပို့ပေးပါလားလို့ တောင်းပန်ကြည့်တဲ့အခါ အဘွားကြီးဟာ မီးစကို ကိုင်မိတဲ့အတိုင်း လန့်ဖျပ်သွားပြီး စာကိုလွှင့်ပစ်တယ်။ ပြီးမှ လက်ကို ယမ်းရင်း ခုလို အော်ပြောတယ်။

"မလုပ်ပါနဲ့ မာစတာရယ်။ သိကြားမင်းက လာခိုင်းရင်တောင် စာပို့ပေးဖို့ဆိုရင် ကြောက်လှပါပြီ"

အဘွားကြီးက အရင်တစ်ခါတုန်းက ခုလို စာပို့လို့ ကုလားစစ်သားတွေရဲ့ အကြီးအကျယ် ကြိမ်းမောင်းတာကို ခံခဲ့ရဖူးလေတော့ တစ်ခါသေဖူး ပျဉ်ဖိုး နားလည်ဆိုတာလို အကြောက်ကြီး ကြောက်နေရှာတယ်။

မတတ်သာတဲ့အဆုံး ဗိုလ်ကြီးဟာ အဲဒီကြက်တူရွေးကလေး ပခုံးပေါ်တင်ပြီး လျှောက်သွားနေတဲ့ ဘုန်းကြီးလေးဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာကို စုံစမ်းပေးဖို့ အဘွားကြီးကို ထပ်ပြီး တောင်းပန်တော့တယ်။ ဒါပေမဲ့ အဘွားကြီးဟာ အဲဒီအကြံကိုလည်း တော်တော်နဲ့ လက်မခံအောင် ဖြစ်နေတယ်။ ဗိုလ်ကြီးကတော့ အချိုသာဆုံး စကားတွေနဲ့ အနူးအညွတ် တောင်းပန်ရှာတယ်။ ပြီးတော့ အဘွားရဲ့ သားအတွက်ဆိုပြီး သူ့လက်က လက်ပတ်နာရီကို ချွတ်ပေးလိုက်တယ်။ နောက်ဆုံးတော့ အဘွားကြီးလည်း စိတ်မပျော်တပါနဲ့ပဲ ဒါဆိုရင်လည်း မေးခဲ့ပါမယ်လို့ ပြောလာတယ်။

"သူ ဘယ်တုန်းက စပြီး မြို့ကို ရောက်နေခဲ့တယ်ဆိုတာကို ပထမဆုံး မေးပေးပါ အဘွား"

ဗိုလ်ကြီးက ဆက်ပြီး တောင်းပန်တယ်။

နောက်ပြီးတော့ အဲဒီဘုန်းကြီးကလေးဟာ စောင်းတီးတတ်သလား။ တစ်နေ့တုန်းက အင်္ဂလိပ်စစ်သားတွေရဲ့သင်္ချိုင်းပွဲမှာ သူ့လည်ပင်းမှာ ချိတ်လာတဲ့သေတ္တာက ဘာသေတ္တာလဲဆိုတာကို သေသေချာချာမေးပေးခဲ့ပါ အဘွား"

အဘွားကြီးက မတ်တတ်ရပ်ပြီး လက်နှစ်ဖက်ကို တင်ပါးပေါ်မှာ ထောက်ရင်း နားထောင်နေရာက ခဏကြာတော့ စိတ်ဓာတ်ကျသွားတဲ့ ပုံစံမျိုးနဲ့ ဆိုလာတယ်။

"မောင်ရင်တို့ ရူးများနေကြသလားကွယ်။ အဲဒီလို မဟုတ်မဟတ်တွေကို လျှောက်မေးပြီး ဘာလုပ်ကြမလို့လဲ။ မြန်မာပြည်မှာက ဘုန်းကြီးတွေက မရေမတွက်နိုင်အောင်ရှိပြီး ဟိုဟိုသည်သည် သွားနေကြတာပဲ။ ပြီးတော့ ဘုန်းကြီးကို စောင်းတီးသလားလို့ မေးရင် ဘယ်ကောင်းပါ့မလဲ။ သူ့လည်ပင်းမှာ ဆွဲထားတဲ့ သေတ္တာထဲမှာ ဘာတွေထည့်ထားတယ်ဆိုတာက သူ့ကိုယ်ရေးကိုယ်တာကိစ္စပဲ။ မောင်ရင်တို့ ဂျပန်တွေဟာ အဲဒီ အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေကို စိတ်ဝင်စားမယ့်အစား ဘာသာတရားလေး ဘာလေး လိုက်စားကြပါလား"

"ဟုတ်ပါတယ် အဘွားရယ်။ အဘွားပြောတာကိုလည်း ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကျွန်တော်တို့ မေးခိုင်းတဲ့ မေးခွန်းကလေးတွေကိုသာ မေးပေးပါ။ တကယ်လို့ အဲဒီဘုန်းကြီးကလေးက ကြည်ညိုဖို့ကောင်းတယ်ဆိုရင် ကျွန်တော်တို့လည်း ကိုးကွယ်ပါမယ်"အားလုံးက အဲသည်လို တောင်းပန်ပြီးတဲ့ နောက်မှာတော့ အဘွားကြီးလည်း စုံစမ်းပေးဖို့ သဘောတူလိုက်တယ်။

အဘွားကြီးဆီက ဘာမှအကြောင်းမပြန်ခင်ကြားထဲမှာလည်း ဗိုလ်ကြီးဟာ အောင့်အည်းမနေနိုင်တဲ့အတွက် အင်္ဂလိပ်တပ်မှူးဆီ တစ်ခေါက် ထပ်သွားပြီး နောက်တစ်ကြိမ် စုံစမ်းပေးဖို့ ခယဝပ်သွားပြီး တောင်းပန်ပြန်တယ်။

ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ အင်္ဂလိပ်တပ်မှူးက အရင်ကလို အရေးတယူ လုပ်ပြီး နားမထောင်တော့ဘူး။ ဗိုလ်ကြီး ပြောတဲ့ စကားတွေကို အင်္ဂလိပ်တပ်မှူးက အရူးချေးပန်း ပေါက်တတ်ကရ လျှောက်ပြောနေတာလို့ ယူဆသွားပုံရတယ်။ အင်္ဂလိပ်တပ်မှူးကြီးက ပထမပိုင်းမှာ သူ့ပခုံးကျယ်ကြီး

နဲ့ ကုလားထိုင်ပေါ်မှာ မိန့်မိန့်ကြီး မှီထိုင်ပြီး နားထောင်နေတယ်။ ခဏကြာတော့ ဗိုလ်ကြီးရဲ့မျက်နှာကို စူးစိုက်ကြည့်ပြီး သူ့ရဲ့အဝါရောင်မုတ်ဆိတ်တွေကို ပွတ်သပ်ရင်း တဟားဟား ရယ်မောတော့တယ်။

"မောင်ရင့်စကားတွေက လေထဲမှာ မျောပါနေတဲ့ စောင်းသံလိုပဲ သေသွားတဲ့လူကိုမှ ရှင်တယ်လို့ ယုံနေတယ်။ မောင်ရင် သိပ်ကဗျာဆန်တယ်။ ပြီးတော့ စိတ်ကူးယဉ် အိပ်မက်တွေကို လျှောက်မက်နေတယ်"

အဲသည်လို အပြောခံလိုက်ရတော့ ဗိုလ်ကြီးလည်း ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ခေါင်းငုံ့ပြန်ခဲ့ရရှာတယ်။

အဲသည် အတောအတွင်းမှာ ကျွန်တော်တို့ရဲ့ ကြက်တူရွေးကလေးဟာ စကားတွေ ပီပီသသ ပြောနိုင်လာတော့တယ်။ ဈေးသည်အဘွားကြီးလည်း နောက်တစ်ခေါက် ရောက်လာပြန်တယ်။ ထုံးစံအတိုင်း အဘွားကြီးကတော့ ဟိုဟာ ဝယ်မလား၊ ဒီဟာ ဝယ်မလားနဲ့ အော်ကြီးဟစ်ကျယ် လျှောက်ပြောနေလို့ လိုရင်းကို အတင်းမေးနေတဲ့အတွက် နောက်ဆုံးမှာ အခုလို သတင်းပေးလာတယ်။

"အဲ အဲဒီ ဘုန်းတော်ကြီးဟာ အတော့်ကို ချီးကျူးဖို့ ကောင်းတယ်။ သာမန်သူလိုငါလို ဘုန်းကြီးမျိုး မဟုတ်ဘူး။ ဣန္ဒြေသိက္ခာ အတော်ကြီးတယ်။ မြန်မာပြည်က ဘယ်ဘုန်းကြီးကျောင်းကိုပဲ သွားသွား ဒီကိုယ်တော်က အမြဲတမ်း မြင့်မြတ်တဲ့နေရာမှာပဲ ထိုင်ရတယ်။ လှူလိုက်ကြတဲ့ လှူဖွယ်ပစ္စည်းတွေလည်း မနည်းဘူး။ ငယ်ငယ်ကလေးကတည်းက ကြိုးစားကျင့်ကြံလာလို့နဲ့ တူပါတယ်။ လက်မောင်းမှာလည်း ဘွဲ့တံဆိပ်တော် ပတ်ထားတယ်။ ဒီတံဆိပ်မျိုးပိုင်တဲ့ ဘုန်းတော်ကြီးဟာ မြန်မာပြည်မှာဆိုရင် ဘယ်နေရာကိုပဲ ရောက်ရောက် ထိပ်တန်းက နေရတဲ့ စာချပုဂ္ဂိုလ်မျိုးပဲ။ အဲဒီတံဆိပ်က ငွေဖြူပေါ်မှာ ဘုရားဟောတဲ့ နှုတ်ကပါဌ်တော်တွေကို နှိပ်ထားပြီး လက်မဲ့ကြိုးနဲ့ လက်မောင်းမှာ ပတ်ထားရတယ်။ ဒီတံဆိပ်မျိုးက စာပေကျမ်းဂန်မှာ ထူးချွန်ပြီး ဝါတော်သိက္ခာတော် ရင့်ကျက်တဲ့ ရဟန်းတွေမှ ဆင်မြန်းနိုင်တာ။

ဒီတံဆိပ်ကို တွေ့ရင် တခြား ဘုန်းတော်ကြီးတွေက အမြဲတမ်း ခေါင်းငုံ့ပြီး အရိုအသေ ပေးကြရတယ်။

အဲ– မောင်ရင်တို့ အားလုံး စိတ်ဝင်စားနေတဲ့ သူ့လည်ပင်းမှာ အမြဲ လွယ်ထားတဲ့ သေတ္တာကလေးအကြောင်း ပြောရဦးမယ်။ အဘွားကလည်း တခြားဘုန်းကြီးတွေကတစ်ဆင့် အဲဒီသေတ္တာထဲမှာ ဘာတွေ ရှိသလဲလို့ စုံစမ်းကြည့်မိတယ်။ အဲဒီဘုန်းကြီးတွေကလည်း ဘာတွေများ ရှိပါလိမ့်လို့ သိချင်တာနဲ့ ကောက်မကြည့်တဲ့အခါ ပေါ့ပေါ့လေးဖြစ်နေတယ်လို့ ဆိုကြတယ်။ ဒါပေမဲ့ အဲဒီသေတ္တာထဲမှာပဲ ပတ္တမြားလုံးကြီးတစ်လုံး ထည့်ထားတယ်လို့လဲ ဆိုကြတယ်ကွယ့်"

ပတ္တမြားဆိုတာက အဘွားတို့ မြန်မာပြည်ရဲ့ ထူးခြားတဲ့ ထွက်ကုန်ဖြစ်ပေမယ့် ဒီဘုန်းကြီးလေး ပိုင်ထားတဲ့ ပတ္တမြားလို အလုံးကြီးပြီး နီရဲအောင် တောက်ပနေတဲ့ ပတ္တမြားမျိုးက အတော့်ကို ရှားတယ်။ ဘုန်းကြီးလေးဟာ အဲဒီပတ္တမြားကို ကျဆုံးသွားတဲ့ အင်္ဂလိပ်တွေအတွက် ဘုရားမှာ သွားလှူတယ်လို့ တခြားဘုန်းကြီး တွေက ပြောကြတာပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဘုန်းကြီးကလေးက အတော့်ကို အသက်ငယ်သေးတာ မှန်ပေမယ့် မျက်ရည်ကျလောက်အောင် ကြည်ညိုဖို့ ကောင်းတယ်။ အခုတော့ သူ့ကို မုဒုံမြို့မှာ တွေ့နေရသေးတာ မှန်ပေမယ့် များသောအားဖြင့် မြန်မာပြည်အနှံ့က တောတွေ၊ တောင်တွေ လျှိုမြောင်တွေကို သွားပြီး တရားကျင့်ကြံနေတယ်လို့ သိခဲ့ရတာပါပဲကွယ်"

အဲသည်လို ပြောပြီးတဲ့နောက် အဘွားကြီးဟာ ပါးစပ်က တုတ်ပွ တုတ်ပွနဲ့ ဘုရားစာတွေကို ရွတ်နေတော့တယ်။

အဘွားကြီးရဲ့ စကားတွေကို ကြားရတော့ ကျွန်တော်တို့ အားလုံး မျှော်လင့်ချက်တွေ ကုန်ဆုံးသွားရတော့တယ်။ အဲဒီဘုန်းကြီးလေးမှာ အဘွားကြီးပြောတဲ့ဘွဲ့တံဆိပ်တော်တွေ ပိုင်ဆိုင်နေတယ်ဆိုရင်တော့ သူဟာ

ဘယ်နည်းနဲ့မှ တပ်ပြေးတစ်ယောက် မဖြစ်နိုင်ဘူး။ ပြီးတော့ သေတ္တာထဲမှာ ပတ္တမြားကိုထည့်ပြီး လှည့်လည်သွားလာနေတယ်ဆိုတာကလည်း ဂျပန်တွေရဲ့ ဓလေ့စရိုက် မဟုတ်တဲ့အပြင် ဘုန်းကြီးလေးဟာလည်း ဂျပန်လူမျိုး ဖြစ်နိုင်စရာ အလားအလာ မရှိတော့ဘူး။ အခုအချိန်အထိ မျှော်လင့်ချက် တစ်ခုခုတော့ ရှိကောင်းလေရဲ့လို့ အောက်မေ့ထားတဲ့သူတွေအတွက် သဲထဲ ရေသွန်သလို ဘာမှ အရာမထင်အောင် ဖြစ်ကြရတော့တယ်။

အခုအချိန်အထိ ဂျပန်စကားတွေကို ကြိုးစားပြီး သင်ပေးခဲ့တဲ့ ကြက်တူရွေးကလေးကို အဘွားကြီးကတစ်ဆင့် ဘုန်းကြီးလေးကို ပေးပြီး သတင်းပို့ဖို့ စီမံထားတဲ့ အစီအစဉ်ဟာလည်း ဘာမှ အသုံးမကျတော့တဲ့ အတွက် ရပ်တန်းက ရပ်ခဲ့ကြရပြီ။

အဲသည်ည ညစာစားဖို့ ကျွန်တော်တို့ တစ်တွေက ဟန်းကော ထမင်းဘူးကို ဖွင့်လိုက်ကြတဲ့အခါ ထမင်းဘူးဖွင့်သံကို ကြားလိုက်ရတဲ့ ထုပ်တန်းပေါ်က ကြက်တူရွေးကလေးက ရုတ်တရက်ထအော်လိုက်တယ်။

"အော်–အီ မီဇူရှီးမား အစ်ရှိုး နိ နိပွန်း အနီခအဲစရာ"

အဲသည်အခါ တပ်သားတစ်ယောက်က ထုပ်တန်းပေါ်ကို မော့ကြည့်ပြီး–

"နားညည်းလိုက်တာ ရွှေခဲရာ၊ မီဇူရှီးမား တစ်ယောက်တည်းသာ မဟုတ်ပါဘူးကွာ။ ငါတို့အားလုံးတောင် ဘယ်တော့မှ ပြန်ရမယ်မှန်း မသိဘဲနဲ့"

ဗိုလ်ကြီးလည်း စိတ်ပျက်အားငယ်သွားပုံရတယ်။ ပြီးတော့ အချိန်အကြာကြီးကြိုးစားခဲ့ရလို့ ပင်ပန်းသွားပုံလည်းရတယ်။ ခုတစ်လော ညညဆိုရင် မအိပ်သလောက်ပဲ။ သက်ပြင်းတွေ တဟင်းဟင်းချနေရှာတယ်။ စစ်သား အိုကြီးကတော့ ဗိုလ်ကြီးရဲ့စိတ်တွေပြန်ပြီး လန်းဆန်းလာအောင် ဖျောင်းဖျ အားပေးရှာပါတယ်။ နောက်ဆုံးမှာ

စစ်သားအိုကြီးက ကြက်တူရွေးကလေးကို တောထဲမှာ လွှတ်ပစ်လိုက်တယ်။ ဒါပေမဲ့ ကြက်တူရွေးကလေးဟာ တစ်ချိန်ချိန်မှာ အမွေးအတောင်တွေ ညစ်ပေပြီး ကျွန်တော်တို့သုံ့ပန်းစခန်းကို ပြန်ရောက်လာပြန်တယ်။ ပြီးမှ တံစက်မြိတ်အောက်က ထုပ်တန်းပေါ်မှာ ဝင်ပြီးနားနေတော့တယ်။

(၉)

ရက်အတော်များများ ယူပြီး ကျင်းပခဲ့တဲ့ အင်္ဂလိပ်စစ်တပ် အသုဘအခမ်းအနားလည်း ပြီးဆုံးသွားတော့တယ်။ အခမ်းအနား ကျင်းပနေစဉ် အတောအတွင်းမှာတော့ ကျွန်တော်တို့အားလုံး အနားရခဲ့ကြတာမှန်ပေမယ့် အခမ်းအနားလည်း ပြီးသွားရော ကျွန်တော်တို့ဟာ ပစ္စည်းတွေ ပြန်သိမ်းတဲ့အလုပ်ကို လုပ်ကြရတယ်။

အရိုးအိုးဇရပ်က အတော်ကြီးမားတဲ့ အဆောက်အအုံကြီးပဲ။

အဲသည် အဆောက်အအုံကြီးထဲက ပြည့်ညှပ်နေတဲ့ စင်တွေကို ကျွန်တော်တို့ပဲ ဆောက်ပေးခဲ့ရတယ်။ အထပ်ထပ်ဆောက်ထားတဲ့ စင်တွေမှာတော့ အရိုး အိုးတွေဟာ ကြည့်လို့မဆုံးအောင် ငြိမ်သက်စွာ တန်းစီနေကြတယ်။ ဒီဇရပ်ထဲမှာ ရှိတဲ့ အရိုးအိုးတွေက ကျဆုံးသွားခဲ့ရသူတွေရဲ့ တစ်စိတ်တစ်ပိုင်းလောက်သာ ရှိသေးတယ်လို့ ဆိုကြပေမယ့် နည်းတဲ့အရိုးအိုးတွေ မဟုတ်ဘူး။ အတော့်ကို အံ့သြလောက်တယ်။

ဒါတွေကို ကြည့်ပြီး ကျွန်တော်တို့ ဂျပန်ပြည်ကရွာမှာတုန်းက စင်တွေပေါ်မှာ ပိုးချည်မျှင်ထုတ်ပိုးတုံးလုံးတွေ စုပြုံပြီး ထပ်နေသလို ဖြစ်နေတယ်။

ကျွန်တော်တို့အားလုံးဟာ အဲဒီ အရိုးအိုးတွေကို လေးလေးစားစားပဲ အရိုအသေပေးလိုက်ကြတယ်။ အခုအခါ အရိုးတွေအဖြစ် ရောက်နေကြပြီဖြစ်တဲ့ အဲဒီရဲဘော်အားလုံးမှာ အသီးသီး အသက အသက မိဘဆွေမျိုး၊ မိသားစုအသိုင်းအဝိုင်းတွေ ရှိကြမှာပဲ။ အလုပ်အကိုင်တွေ ရှိခဲ့ကြမှာပဲ။

မျှော်လင့်ချက် ရည်မှန်းချက်ဆိုတာတွေ ရှိခဲ့ကြမှာပဲ။ သူတို့အားလုံးဟာ ကမ္ဘာမှာ မထင်မရှား လူသိနည်းလှတဲ့ ဟောဒီ မြန်မာပြည်ရဲ့ တောတောင်တွေထဲမှာ လာပြီး ဆိုးဝါးပြင်းထန်လှတဲ့ အလုပ်တွေကို လုပ်ကိုင်ရင်း ကြောက်စရာကောင်းတဲ့ ကူးစက်ရောဂါတွေရဲ့ ဖိစီးနှိပ်စက်မှုကို ခံခဲ့ကြရလို့ ခုလို သေဆုံးခဲ့ကြရရှာတယ်။

သူတို့အတွက် ကံကောင်းတယ်လို့ ပြောရမလားပဲ။ ခုတော့ ခမ်းခမ်းနားနား သင်္ဂြိုဟ်ပေးခြင်းခံလိုက်ကြရတယ်။ ဒီလို အရိုးဘဝနဲ့ပဲ မကြာခင်မှာ သူတို့ရဲ့တိုင်းပြည်ကိုပြန်ပြီး မွေးဌာနီရဲ့ မြေကြီးထဲမှာ ငြိမ်းချမ်းစွာ အနား ယူကြရပေတော့မယ်။ ဒါဟာ သူတို့အတွက် အတတ်နိုင်ဆုံး နှစ်သိမ့်မှုကို ပေးလိုက်တာပဲ။ တကယ်လို့သာ အခုလို အပေါင်းအသင်း သူငယ်ချင်းတွေက ခမ်းခမ်းနားနား သင်္ဂြိုဟ်မပေးဘဲ ဒီတိုင်းပြည်ရဲ့ တောတွေ တောင်တွေထဲမှာ ဟိုတစ်စ ဒီတစ်စ ပစ်သွားခဲ့ကြမယ်ဆိုရင် ကျန်ရစ်ခဲ့တဲ့ ဝိညာဉ်တွေအဖို့ စိတ်နာလို့ ဆုံးမှာ မဟုတ်တော့ဘူး။ အသက်ရှင်ပြီး ကျန်ရစ်ခဲ့ကြတဲ့သူတွေအဖို့လည်း မချိတင်ကဲ ဝမ်းနည်းပက်လက်ဖြစ်နေကြမှာပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေဟာ ဒီလိုမွန်မြတ်တဲ့ အသုဘအခမ်းအနားမျိုးမှာ ဝိုင်းဝန်းကူညီခွင့်ရတာကိုပဲ ပျော်လို့မဆုံးအောင် ဖြစ်နေကြသည်။

ကျွန်တော်တို့ဟာ ကံကောင်းထောက်မလို့ အသက်မသေဘဲ ရှင်ပြီး ကျန်ရစ်ခဲ့ကြရတယ်။ အခုအခါ သုံ့ပန်းစစ်သားဘဝရောက်နေကြပေမယ့် ကျဆုံးသွားတဲ့ ရဲဘော်တွေလောက်တော့ ကံဆိုး မိုးမှောင်မကျခဲ့ကြဘူး။ တစ်ချိန်ကျရင် ကိုယ့်တိုင်းပြည် ကိုယ်ပြန်ပြီး အလုပ်လုပ်ကြရမှာပဲ။ ဒါတွေကို တွေးမိတဲ့အခါ ကျွန်တော်တို့အားလုံးဟာ ခေါင်းငိုက်စိုက်ချပြီး ဝမ်းနည်းကြေကွဲလို့မဆုံးအောင် ခံစားကြရတယ်။ သည်လိုနဲ့ ကျွန်တော်တို့ဟာ ခဏတစ်ဖြုတ်ငြိမ်ပြီး စိတ်ထဲက ဝတ်ပြုဆုတောင်းနေကြရင်း ဟိုဟိုသည်သည် လိုက်ကြည့်နေတုန်းမှာ

"ကြည့်စမ်း ဟိုမှာကွ ဟိုမှာ တင်ထားတယ်"

လို့ တစ်ယောက်က ထအော်လိုက်တယ်။ အော်လိုက်တဲ့သူက စစ်သား အိုကြီးပဲ။ ကြည့်လိုက်တော့ ခန်းမကြီးရဲ့ထောင့်ကွေးက တိုင်မကြီးရဲ့ အရင်း အောက်ဆုံးအဆင့်မှာ လေးထောင့်သစ်သားသေတ္တာကလေးကို တွေ့လိုက် ကြရတယ်။ မြန်မာဘုန်းကြီးကလေးက ပိတ်ဖြူနဲ့ လည်ပင်းမှာ လွယ်ရင်း လက်နဲ့ ဖွဖွကလေး မ,သွားတဲ့ သေတ္တာကလေး ဖြစ်နေတယ်။ တကယ်လို့ ဒီအဆောက်အအုံကြီးသာ ဂျပန်လူမျိုးတွေရဲ့ အရိုးအိုးတိုက်ဖြစ်နေရင် ဒီ သေတ္တာထဲမှာ ကျဆုံးသွားတဲ့ ဂျပန်စစ်သားတစ်ဦးရဲ့ အရိုးပြာတွေ ရှိတယ်လို့ တပ်အပ်ပြောနိုင်မှာပဲ။ ဒါပေမဲ့ ထူးဆန်းတာက အဲဒီသေတ္တာထဲမှာက အနီ ရောင် ပတ္တမြားတစ်လုံးကိုပဲ ထည့်ထားတယ်။ ဗိုလ်ကြီးဟာ သေတ္တာထဲကို ငုံ့ကြည့်ရင်း အံ့အားသင့်သွားတဲ့အတွက် "ဟိုက်"ခနဲ ယောင်အော်လိုက် တယ်။ ပြီးတော့ သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးတွဲ့တွဲ့ ချလိုက် ပြန်တယ်။ ကျွန်တော်တို့အားလုံးဟာ သူ့ကိုကြည့်ပြီး ဘာများဖြစ်တာပါလိမ့် လို့ သံသယဖြစ်နေမိကြတယ်။ သက်ပြင်းရှည်ကြီးတွေ ချရင်းက ငန်းဖမ်းနေ တဲ့ လူတစ်ယောက်လို လက်နှစ်ဖက်ကို ရှေ့ကိုဆန့်ထုတ်ပြီး တွေတွေကြီး ငေးနေပြန်တယ်။

ဒါပေမဲ့ ခဏကြာတော့ ပြန်ပြီး အသက်ဝင်လာသလို လှုပ်ရှားလာ တယ်။ အင်္ကျီကော်လာကို ပြင်ဝတ်လိုက်ပြီး သတိအနေအထားနဲ့ မတ်မတ် ရပ်ရင်း အဲဒီသေတ္တာကလေးကို အကြာကြီး အလေးပြုနေပြန်တယ်။

တကယ့်ကို အခုတလော ဗိုလ်ကြီးရဲ့ လှုပ်ရှားဟန်တွေက ထူးခြားနေ တယ်။ စစ်သားအိုကြီးကတော့ ဗိုလ်ကြီးရဲ့အဖြစ်ကို ကြည့်ရင်း ရင်ထုမနာ ဖြစ်နေတဲ့မျက်နှာမျိုးနဲ့ တခြားစစ်သားတွေကို မပြောဖို့ တောင်းပန်ရင်း အဆောက်အအုံထဲက ထွက်သွားတယ်။

ကျွန်တော်တို့လည်း အဲဒီဇရပ်ထဲက ထွက်ပြီး နောက်ဘက်ကိုပြန်လှည့် ကြည့်လိုက်တဲ့အခါ ဘာမှ မဆင်မပြင်ဘဲထားတဲ့ သေတ္တာကလေးဟာ ထောင့်ကွေး တစ်နေရာမှာ မထင်မရှား တင်ထားတာ တွေ့လိုက်ကြရတယ်။

အဲဒီနောက် ကျွန်တော်တို့ဟာ အနီးအနားမှာရှိတဲ့ တောထဲက ကွင်းပြင် တစ်ခုကို သွားပြီး ထိုင်လိုက်ကြတယ်။ အဲဒီအတောအတွင်း ဗိုလ်ကြီးကို ကြည့်ရတာ တစ်ခုခု ထူးခြားနေသလို ဖြစ်နေတယ်။ သူ့မျက်နှာက ဝင်းလဲ့ တောက်ပနေပြီး ပျော်မြူးနေတဲ့ပုံရတယ်။ မမြင်ရတာကြာပြီဖြစ်တဲ့ အပြုံးတွေ ကို သူ့မျက်နှာမှာ ပြန်မြင်လာရပြီ။ တစ်ခါတလေ သူတစ်ယောက်တည်း စကားပြောနေတတ်ပြန်တယ်။ သေသေချာချာ ဂရုစိုက်ပြီး ကြည့်လိုက်တဲ့ အခါ လက်ခုပ်လက်ဝါးတီးပြီး ကောင်းကင်ကြီးထဲက တိမ်တိုက်တွေကို မော့်ကြည့်ကာ "ဒါပဲ ဖြစ်မယ်၊ သေချာတယ်။ သေချာပေါက် ဒါပဲ ဖြစ်မယ်" လို့ပြောပြီး တစ်ယောက်တည်း ရယ်နေတယ်။

"ဟေ့ကောင် ဟိုမှာကြည့်စမ်း"

တပ်သားတစ်ယောက်က တံတောင်နဲ့ တွက်ပြီး သူ့သူငယ်ချင်းကို ပြတယ်။

"အင်း ခုတစ်လော ဗိုလ်ကြီးလည်း ခပ်ကြောင်ကြောင်ဖြစ်နေပြီ ထင်ပါရဲ့ ကွာ"

"မင်းပြောသလို ကြောင်များသွားပြီလား မပြောတတ်ပါဘူးကွာ။ တစ်ခုခု အပေါ်မှာ အူမြူးပြီး လာနေသလိုပဲ"

တခြားစစ်သားတစ်ယောက်က ခေါင်းညိတ်ရင်း ထောက်ခံလိုက်တယ်။

အဲသည်နေ့က အတော့ကို ပူအိုက်ခဲ့တယ်။ ပတ်ဝန်းကျင်တစ်ခုလုံးဟာ လည်း မှုန်မှိုင်းပြီး အားလုံးဟာ ထိုင်းမှိုင်းလေးလံနေကြတော့တယ်။ တောက်ပ စူးရှတဲ့ အလင်းရောင်ဟာ အပူပိုင်းဒေသမှာ နှစ်ဝက်လောက် မပြောင်းမလဲဘဲ ပျင်းရိဖွယ် ကောင်းလောက်အောင် ဆက်ပြီး ရှိနေခဲ့တယ်။ တစ်သက်လုံး သည်လို အခြေအနေမျိုးအတိုင်း ဆက်ပြီး ဖြစ်သွားမလားလို့ တောင် အောက်မေ့ရတယ်။ အခုလည်း နေမင်းကြီးက ဝင်းနေအောင် တောက်ပနေပြန်တယ်။ ခိုနားဖို့ အရိပ်နည်းပါးရတဲ့အထဲမှာ ဗုဒ္ဓသရဏံ

ပန်းပွင့် နီစွေးစွေးအရောင်တွေက မျက်စိထဲကို စူးဝင်သွားမတတ် တောက်ပနေကြပြန်သေးတယ်။

ပြီးတော့ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်ဘက်ဆီမှာက အတော့်ကိုကြီးမားတဲ့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး ရှိနေတယ်။ ရုပ်ပွားတော်ကြီးရဲ့နောက်မှာတော့ ကျောက်ဆောင်ကြီးတစ်ခုဟာ ကြီးမားတဲ့ နံရံကြီးလိုဖြစ်နေပြီး အဲဒီနံရံကြီးရဲ့ပတ်ဝန်းကျင်မှာ ပေါက်နေတဲ့ သစ်ကိုင်းသစ်ခက်တွေဟာ ရုပ်ပွားတော်ကြီးရဲ့အပေါ်မှာ မိုးကျနေကြတယ်။ အဲဒီ သစ်ကိုင်းတွေအပေါ်မှာ မျောက်တွေဟာ တစ်ပင်ကနေ တစ်ပင်ကို ခုန်ကူးနေကြသလိုကျေးငှက်သာရကာတွေကလည်း သံစုံ ဟစ်ကြွေးနေကြတယ်။ တကယ့်ကိုမြန်မာဆန်တဲ့ ရှုခင်းပါပဲ။

သည်တိုင်းပြည်က ဗုဒ္ဓရုပ်ပွားတော်တွေက ဂျပန်ပြည်က ရုပ်ပွားတော်တွေနဲ့ သိပ်ပြီး ကွာခြားကြတယ်။ ဒီမှာက လျောင်းတော်မူ ကိုယ်တော်တွေကသိပ်များလွန်းတယ်။ တချို့ဆိုရင် ၁၀ မီတာ(ပေ ၃၀)လောက်တောင် မြင့်ကြပြီး ကိုယ်တစ်ပိုင်းလောက်ပဲ ထောင်မတ်နေကြတယ်။

အဲသည်လို ထိုင်နေကြတုန်း တပ်စိတ်မှူး ဗိုလ်ကြီးဟာ ပေါ့ပါးဖျတ်လတ်တဲ့ အသွင်မျိုးနဲ့ ထရပ်လိုက်ပြီး “ကဲ သီချင်းဆိုကြစို့လား”လို့ ဆိုလာတယ်။ အမှန်တော့ ဗိုလ်ကြီး ဒီလိုအမိန့်မပေးတာ အတော်ကြာသွားပြီ။ ကျွန်တော်တို့လည်း ဝမ်းသာအားရ ဆိုလိုက်ကြတယ်။

သီချင်းလည်း စဆိုမိရော ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုတောင်မေ့လျော့သွားကြတော့တယ်။ ကျွန်တော်တို့ရဲ့ သီချင်းသံတွေဟာ ရှေ့မှာရှိနေတဲ့ ကျောက်ဆောင်တွေကို ရိုက်ခတ်ပြီး ပဲ့တင်ထပ်လာတော့ နှစ်ခါသုံးခါပြန်ဆိုနေကြသလို ကြားလာရတယ်။ ရှေ့မှာ လဲလျောင်းနေတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတောင် ကိုယ်တစ်ဝက် မတ်ပြီး ကျွန်တော်တို့ရဲ့ သီချင်းသံကိုနားထောင်နေသလားလို့ အောက်မေ့ရတယ်။

အဲသည်လို ခဏတစ်ဖြုတ်ကြာအောင် သီချင်းတွေ ဆိုနေကြပြီးတဲ့ နောက်ပိုင်းမှာတော့ ရုတ်တရက် ကျွန်တော်တို့ရဲ့ သီချင်းအသွားနဲ့ လိုက်ပြီး အလွန်ချိုသာလှတဲ့ တေးသံတစ်ခုဟာ လွင့်မျောလာတာကို ကြားလိုက်ရတယ်။

ဘယ်ဆီကများ ဒီတေးသံ ထွက်လာတယ် မပြောတတ်ဘူး။ ဘေးပတ်ဝန်းကျင်မှာ ပေါက်နေတဲ့ သစ်ပင်ကြီးတွေရဲ့ ထိပ်ဖျားဆီက ဆင်းလာသံလိုလို ဟိုးမြေကြီးအောက်က အန်ထွက်လာသလိုလို ခံစားကြရတယ်။

ပြီးတော့ အဲဒီ စောင်းသံက ကျွန်တော်တို့ အမြဲလွမ်းနေရတဲ့ သူငယ်ချင်း မီဇူရှီးမားတီးနေကျ စောင်းသံနဲ့ ချွတ်စွတ်တူနေပြန်တယ်။ အားလုံး အံ့အားသင့်ကုန်ကြပြီး သီချင်းဆိုရင်းက ဘေးဘယ်ညာကို လှည့်ပတ် ရှာဖွေကြည့်ကြတယ်။ ဗိုလ်ကြီးတစ်ယောက်တည်းကသာ ကိုယ်ကို မတ်မတ်ထားပြီး တေးသွားစည်းချက်တွေကိုသာ အာရုံစိုက်ညွှန်ကြားပေးနေရှာတယ်။ စောင်းသံနဲ့ သီချင်းသံတွေ အကြိတ်အနယ် ပြိုင်ဆိုင်နေကြသလိုပဲ။

ကျွန်တော်တို့နဲ့ သိပ်မဝေးလှတဲ့နေရာမှာ စေတီတစ်ဆူ ရှိတယ်။ စေတီအနီးမှာရှိတဲ့ သိမ်ကျောင်းဇရပ်တွေရဲ့ အမိုးတွေမှာက အတွန့်အခက်တွေ ရှိပြီး အဖျားမှာ ခေါင်းလောင်းတွေ တပ်ထားတယ်။ အစပိုင်းတုန်းက အဲဒီအသံဟာ စေတီကြီးရဲ့ ခေါင်းလောင်းတွေ၊ ဆည်းလည်းတွေကလာတာပဲလို့ ကျွန်တော်တို့အားလုံး ထင်ခဲ့မိကြတယ်။ ဒါပေမဲ့ လေက တစ်စက်မှမတိုက်တဲ့အတွက် ဒါလည်း မဖြစ်နိုင်ဘူး။ အဲဒီအသံကို သေသေချာချာ ဂရုစိုက်ပြီး နားထောင်လေလေ ဟိုးလွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ကျွန်တော်တို့ တောတောင်တွေကို ဖြတ်ကျော်ပြေးရင်း ကြားနေကျ စောင်းသံဆိုတာကို သဘောပေါက်လာကြတော့တယ်။

ကျွန်တော်တို့သီချင်းက ဆုံးသွားတဲ့တိုင်အောင် စောင်းသံက ခဏတစ်ဖြုတ် ဆက်ပြီးပေါ်နေသေးတယ်။ နောက်မှ ရပ်သွားတယ်။ အဲဒီတေး

သွားဟာ တဖြည်းဖြည်း မှန်မှန်သွားလိုက်တာ ကျွန်တော်တို့ရဲ့ ခြေထောက်အောက်က မြေကြီးထဲကို ငုံ့လျှိုး ပျောက်ကွယ်သွားသလိုပဲ ခံစားကြရတယ်။

ကျွန်တော်တို့ရဲ့ ရှေ့မှာ ပြိုးစစနဲ့ လျောင်းတော်မူနေတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး။ စောစောက စောင်းသံဟာ ဗုဒ္ဓရုပ်ပွားတော်ရဲ့နှုတ်ခမ်းလွှာတစ်ဝိုက်မှာ လွင့်မျောနေရင်း ဝမ်းတိုက်တော်ထဲကို ဝင်ရောက်ပုန်းကွယ်သွားတယ်လို့လည်း ထင်မိကြတယ်။

ကျွန်တော်တို့ တပ်သားအားလုံးဟာ ရှေ့ကို ပြေးထွက်ပြီး ဟိုဟိုသည်သည်မှာ လိုက်ရှာကြတယ်။ စစ်သားအိုကြီးကတော့ ရုပ်ပွားတော်ရဲ့အနောက်ဘက်ကိုပတ်ပြီး တောတန်းကလေးထဲမှာ သွားရှာတယ်။ ချုံပုတ်တစ်နေရာကို ရောက်တော့ ဒေါင်းငှက်တစ်ကောင်ဟာ ဖလပ် ဖလပ်နဲ့ထပြီး ပျံသွားတာကို တွေ့လိုက်ကြရတယ်။ အဲဒီဒေါင်းဟာ စောစောပိုင်းက သူ့အမြီးကလေးကို တန်းလန်းချပြီး ခပ်နိမ့်နိမ့် လှည့်ပတ်ပျံနေသေးပေမယ့် နောက်ဆုံးတော့ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ကျောဘက်မှာ သွားနားတယ်။

"ဟေ့ ဟောသည်မှာ ဝင်ပေါက်တွေ့ပြီဟေ့"

အဲသည်လို ဒေါင်းကြီးပျံသွားတာကို လိုက်ကြည့်နေတဲ့ စစ်သားအိုကြီးက အော်လိုက်တဲ့အတွက် ကျွန်တော်တို့အားလုံး သွားကြည့်တဲ့အခါ ရုပ်ပွားတော်ကြီးရဲ့ ကျောဘက်မှာ ကြီးမားတဲ့ ဝင်ပေါက်တစ်ပေါက်ကို တွေ့လိုက်ရတယ်။ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့အတွင်းပိုင်းမှာ လိုဏ်ခေါင်းကြီး ရှိပုံရတယ်။ အဲဒီလိုဏ်ခေါင်းထဲကို ဒီအပေါက်က ဝင်ရတဲ့ပုံစံမျိုးပဲ။ အဝင်ဝတစ်ဝိုက်မှာတော့ အုတ်ချပ်တွေ၊ အင်္ဂတေနဲ့ သရိုးကိုင်ထားပြီး ဟိုတစ်စ သည်တစ်စ ရွှေ့ထားတာကို တွေ့ရတယ်။ အဝင်ဝကနေ အောက်ဘက်ကို ခွဲဆင်းသွားတဲ့နေရာမှာတော့ အမိုးဝိုင်းပုံသဏ္ဍာန်မျိုး မြင်နေရပြီး မျက်နှာကြက်ကနေ ညောင်မြစ်တွေဟာ ရှုပ်ပွနေအောင် တွဲလောင်းကျနေကြတယ်။

လေ့ကားအရင်းမှာရှိတဲ့ တံခါးဟာ သံချေးတွေ တက်နေပြီး ဘယ်လောက်ပဲ အားစိုက်ပြီး ဖွင့်ပေမယ့် ပွင့်မလာဘူး။ တံခါးက နှစ်ပေါင်း

အတော်ကြာကြာ ပိတ်ထားခဲ့ပုံရတယ်။ လတ်တလော ဘယ်သူမှ ဒီဘုရား ဝမ်းတိုက်ထဲကို ဝင်ဖူးတဲ့ လက္ခဏာကို မတွေ့ရဘူး။ ဒါပေမဲ့ စောစောက ထွက်ပေါ်လာတဲ့ စောင်းသံဟာ ဒီအခန်းထဲကပဲ ထွက်လာတာ ဖြစ်ရမယ်။

ကျွန်တော်တို့အားလုံး လက်သီးတွေ နာကုန်တဲ့အထိ တံခါးကို တဒုန်း ဒုန်းနဲ့ ထုကြည့်ကြတယ်။

အဲဒီအချိန်မှာ အစောင့်ကုလားစစ်သားဟာ ဒေါဖောင်းနေတဲ့ မျက်နှာ ကြီးနဲ့ ကျွန်တော်တို့ဆီကို အပြေးရောက်လာပြီး ပြင်းပြင်းထန်ထန် ကြိမ်း မောင်း တော့တယ်။ ကျွန်တော်တို့အားလုံး အလုပ်ပြန်ဝင်ရမယ့် အချိန်ကို လုံးဝ သတိမရခဲ့ကြဘူး။ သည်လိုနဲ့ ညနေပိုင်းမှာ အလုပ်ဆက်လုပ်ပြီး သုံ့ပန်းစခန်းကို နောက်ကျပြီးမှ ပြန်ရောက်လာခဲ့ကြတော့တယ်။

ညရောက်သော် ကျွန်တော်တို့အားလုံး မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်ကုန် ပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ငြိမ်နေကြတော့တယ်။ ခါတိုင်း လို တစ်ယောက်တစ်ပေါက် ငြင်းတာမျိုးလည်း မရှိကြတော့ဘူး။

“မီဇူရှီးမားက သရဲဖြစ်ပြီး ငါတို့ကို လာခြောက်တာများလားပဲ”

တစ်ယောက်က အဲသည်လို ပြောလိုက်တယ်။

“မဟုတ်မဟတ်တွေ လျှောက်မပြောနဲ့ကွာ”

အားလုံး ငြိမ်ကျသွားပြန်တယ်။

ဗိုလ်ကြီးကတော့ တစ်ယောက်တည်း ခပ်လှမ်းလှမ်းက ထောင့်ကွေး တစ်နေရာမှာ ထိုင်ပြီး တပ်သားတစ်ယောက် မသုံးတော့ဘဲ ပစ်ထားတဲ့ ဂီတာကြီးကို တီးနေတယ်။

“သြော် သည်လိုကိုး၊ ဒီလက်သံပဲကိုး၊ သူအမြဲတမ်းတီးနေကျ လက်သံပဲ ကိုး”လို့ တစ်ယောက်တည်း ပြောနေတယ်။

စစ်သားအိုကြီးကတော့ ထုပ်တန်းပေါ်က ကြက်တူရွေးကလေးကို ဖမ်း လာပြီး အမွေးကလေးတွေကို ပွတ်သပ်ပေးကာ ငေးစိုက်ကြည့်နေတယ်။

အဲဒီအခါ ငယ်ရွယ်တဲ့ တပ်သားတစ်ယောက်က အနားကပ်သွားပြီး သူ မစားဘဲ ချန်ထားတဲ့ အသားဟင်းတစ်ဖက်ကို ကျွေးရင်း “အော်အိ မီဇူ ရှီးမား”(ဟော့ မီဇူရှီးမား)လို့ အော်ပြောလိုက်တယ်။

အဲဒီအခါ ကြက်တူရွေးကလေးရဲ့ ကိုယ်ဟာ တဆတ်ဆတ်တုန်လာပြီး အသံကွဲကြီးနဲ့ “ဂီ ဂီ”လို့ အော်မြည်ရင်းက “အော်အိ၊ မီဇူရှီးမား”လို့ လိုက်ဆိုတယ်။

စစ်သားအိုကြီးကလည်း သူ့လက်ဖဝါးပေါ်မှာ ပေါင်မုန့်တစ်စကို တင်ရင်း အစ်ရှိုးနီ (*အတူတူ*)လို့ ပြောတယ်။ ကြက်တူရွေကလေးဟာ မပီ ကလာ ပီကလာနဲ့ “အီ ရှုး နီ”လို့ လိုက်ပြောပြန်တယ်။

တပ်သားအားလုံးက “နီ ပွန်း နီ ခ အဲ ရော”(*ဂျပန်ကို ပြန်ကြစို့ကွာ*) လို့ ပြောလိုက်တဲ့အခါ ကြက်တူရွေးလေးကလည်း ပီပီသသကြီး “နီ ပွန်း နီ ခ အဲ ရော”လို့ ပြောချလိုက်တော့တယ်။

တကယ်တော့ ကြက်တူရွေးကလေးဟာ အဲဒီစကားတွေကို လုံးလုံး မေ့သွားတာတော့ မဟုတ်သေးဘူး။ ဒါနဲ့ တစ်ယောက်ပြီး တစ်ယောက် ကြက်တူရွေး ကလေးကို အလှည့်ကျ စကားသင်နေမိခဲ့ကြတယ်။

ကြက်တူရွေးကလေးလည်း ကြာတော့ ဗိုလ်ပြည့်ပြီး မောလာဟန် တူပါ တယ်။ ဘာတစ်ခွန်းမှ မပြောတော့ဘူး။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ အဲဒီ စကားတွေကို ကောင်းကောင်း မှတ်မိသွားပုံရတယ်။

စစ်သားအိုကြီးဟာ တင်ပလ္လင်ခွေထိုင်ရင်း သူ့ပခုံးပေါ်မှာ ကြက်တူရွေး ကလေးကို တင်ထားတယ်။ သူ့ရဲ့ တုတ်ခိုင်လှတဲ့ လက်မောင်းကြီးတွေကို ပိုက်ရင်း လေးလေးနက်နက် စဉ်းစားနေရာက–

“အင်း အခုအချိန်ကစပြီး ဒီငှက်ကလေးကို ဟို မြန်မာဘုန်းကြီးလေးရဲ့ ပခုံးပေါ်ကို ရောက်အောင် ဘယ်လိုလုပ်ရပါ့မလဲနော်”

လို့ ညည်းတွားလိုက်တယ်။

အဲဒီအချိန်မှာ တပ်သားတစ်ယောက်ဟာ မောကြီးပန်းကြီးနဲ့ ကျွန်တော်တို့ရဲ့ တဲထဲကို ဝင်လာတယ်။ ပြီးတော့ ခုလို အော်ပြောလိုက်တယ်။

"ရဲဘော်တို့ ကျုပ်တို့အားလုံး ဂျပန်ပြည်ကို ပြန်ကြရတော့မယ်။ မုဒုံမှာ ရှိတဲ့ သုံ့ပန်းစစ်သားအားလုံးကို ပြန်ပို့ဖို့ အမိန့်ကျလာပြီ။ ကျုပ်တို့ ပြန်ရဖို့ ငါးရက်ပဲ ကျန်တော့တယ်"

အဲသည်က တပ်သားအားလုံး ထိုင်နေရာကနေ ထခုန်ကြတော့တယ်။ ကြက်တူရွေးကလေးက လန့်ဖျပ်ပြီး စစ်သားအိုကြီးရဲ့ ပခုံးထက်ကနေ ထုပ်တန်းပေါ်ကို ပျံတက်သွားတယ်။

"ဘာတဲ့ မင်းပြောတာ ဟုတ်ရဲ့လားကွာ"

"ဘန်ဇိုင်း"

"သေချာပါတယ်ဗျာ၊ ကဲ ကဲ ခုချက်ချင်း ပြင်ဆင်ထုပ်ပိုးကြစို့"

"ပြင်ဆင် ထုပ်ပိုးဖို့ တို့မှာ ဘာကျန်တော့လို့လဲကွာ"

(၁၀)

နောက်တစ်နေ့ နံနက်စောစောမှာ ဈေးသည်အဘွားကြီး ရောက်လာတယ်။

"ဂုဏ်ယူပါတယ်ကွယ်။ ဂုဏ်ယူပါတယ်။ အဘွားတကယ့်ကို ဝမ်းသာပါတယ်"

အဘွားကြီးဟာ ဝမ်းသာလွန်းလို့ မျက်ရည်တလည်လည်နဲ့ပြုံးပြီး ပြောနေရှာတယ်။

"အဘွား အစစအရာရာ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်ခဲ့တာ အဘွားရဲ့ ကျေးဇူးကို ကျွန်တော်တို့ တစ်သက်မမေ့ပါဘူးဗျာ။ ဂျပန်ပြည်ရောက်ရင် အဘွားရဲ့အကြောင်းတွေကို ကျွန်တော့အမေကို ပြောပြရဦးမယ်"

အဲသည်လို ပြောကြပြီးတဲ့နောက် တပ်သားတွေဟာ သူတို့လက်ထဲမှာ ကျန်ခဲ့တဲ့ မဖြစ်စလောက်ပစ္စည်းလေးတွေကို အမှတ်တရ လက်ဆောင်ပေးကြတယ်။ နောက်ဆုံးမှာ ကြက်တူရွေးကလေးကို ပေးလိုက်ကြတယ်။

စစ်သားအိုကြီးအပါအဝင် တပ်သားအားလုံးက အဘွားကြီးကို အခုလို တညီတညွတ်တည်း "ဘယ်လိုပဲဖြစ်ဖြစ် အမြန်ဆုံး ဘုန်းကြီးလေးကို ရှာပေးစေလိုကြောင်း၊ တွေ့တဲ့အခါ ဒီကြက်တူရွေးကလေးကို ပခုံးပေါ်မှာ တင်ပေးရင်း ကျွန်တော်တို့ ဂျပန်စစ်သားအားလုံး သည်နေ့ကစပြီး နောက်လေးရက်အကြာမှာ ဂျပန်ပြည်ကို ပြန်ကြတော့မှာလို့ ပြောပေးစေချင်ကြောင်း၊ ဒါဟာ ကျွန်တော်တို့ တစ်သက်မှာ တစ်ခါဆိုသလို အရေးကြီးတဲ့ ဆန္ဒဖြစ်တဲ့အကြောင်း" ဝိုင်းပြီး တောင်းပန်ကြတော့တယ်။

အဘွားကြီးကတော့ ခဏတစ်ဖြုတ်ဆိုသလို ငိုင်နေသေးတယ်။ ပြီးမှ ခွဲရတော့မယ်ဆိုတဲ့အသိကြောင့်လား မပြောတတ်ဘူး။ ကျွန်တော်တို့ ပြောတဲ့ စကားတွေကို သေသေချာချာ နားထောင်ပေးရှာတယ်။ ပြီးတော့ ကြက်တူရွေးကလေးကို သူ့ပါးနဲ့ ပွတ်သပ်ရင်း အခုလို ပြောလာတယ်။

"ကောင်းပါပြီတဲ့တော် ကောင်းပါပြီ။ ဒီငှက်ကလေးကို ရောက်အောင် ပို့လိုက်ပါ့မယ်။ ကဲ ကဲ မင်းကလည်း အဲဒီဘုန်းကြီးလေးရဲ့ ပခုံးပေါ်မှာနားပြီး မင်းအစ်ကိုနဲ့အတူ ဗုဒ္ဓဘုရားရဲ့ သာသနာပြုလုပ်ငန်းတွေ လိုက်လုပ်ပေါ့ကွယ် မဟုတ်ဘူးလား"

အဲသည်လို ပြောပြီးတဲ့နောက်မှာ အဘွားကြီးဟာ ကျွန်တော်တို့အားလုံးကို ဆာယိုနာရာ ဆာယိုနာရာနဲ့ တဖွဖွလိုက်ပြီး နှုတ်ဆက်နေရှာတယ်။ ကျွန်တော်တို့ကတော့ အဘွားကြီးကိုပြန်ပြီး နှုတ်မဆက်အားဘဲ ဘုန်းကြီးကလေးကို မြန်မြန်ရှာတွေ့ဖို့ တောင်းပန်နေကြတယ်။

နောက်ဆုံးမှာတော့ အဘွားကြီးဟာ

"ဒါဆို မာစတာတို့အားလုံး မပြန်ခင် တစ်ရက်လောက်တော့ ပြန်လာခဲ့ ပါဦးမယ်ကွယ်"လို့ပြောပြီး ဟင်းသီးဟင်းရွက်နဲ့ တခြားလူသုံးပစ္စည်းတွေကို ထည့်ထားတဲ့တောင်းကြီးကို ခေါင်းပေါ်ရွက်ကာ တင်ပါးကြီးတွေ အိပဲ့အိပဲ့နဲ့ ထွက်သွားတော့တယ်။ ကျွန်တော်တို့လည်း အဘွားကြီးထွက်သွားတာကို နောက်က ကြည့်ရင်း ခေါင်းငိုက်စိုက်ချလိုက်ကြတယ်။

"အဘွားကြီးက သဘောကောင်းပုံတော့ ရပါတယ်ကွာ။ ဒါပေမဲ့ တို့ ပြောတာကို သိပ်နားထောင်ချင်ပုံ မရဘူး"

တပ်သားတစ်ယောက် သက်ပြင်းတစ်ချက်ချရင်း ညည်းလိုက်တယ်။

အဲသည်နေ့ကစပြီး သုံးရက်တိုင်တိုင် ကျွန်တော်တို့ဟာ သံ့ပန်းစခန်းရဲ့ ပန်းခြံထဲကိုထွက်ပြီး သီချင်းတွေ အော်ဆိုနေမိခဲ့ကြတယ်။ အဲသည်လို ဆိုရင်း က ပခုံးပေါ်မှာ ကြက်တူရွေးလေးတင်လာတဲ့ ဘုန်းကြီးလေးများ ရောက်နေ လားလို့ ခြံစည်းရိုးရဲ့ အပြင်ဘက်ကို လှမ်းပြီး အကဲခတ်ကြည့်ရှုနေမိကြ တယ်။

သည်လိုနဲ့ ကျွန်တော်တို့ဟာ ညနေစောင်းလို့ မိုးချုပ်တဲ့အချိန်အထိ သီချင်းတွေကို မနားတမ်းအော်ဆိုနေမိကြတယ်။ အသံကုန်ဟစ်ပြီး ဘုန်းကြီး လေး ကြားသွားအောင်၊ ပြီးတော့ အဲသည့်ဘုန်းကြီးလေးသာ မီဇူရှီးမား ဆိုရင် ချက်ချင်း ရောက်လာအောင် ကြိုးစားကြပေမယ့် ဘယ်လိုမှ အရာ မရောက်ခဲ့ဘူး။ အဲသည့်နေ့တွေမှာ ဘုန်းကြီးလေးရဲ့အရိပ်အယောင်ကိုတောင် မမြင်ခဲ့ကြရဘူး။

နောက်တစ်နေ့မှာလည်းပဲ ကျွန်တော်တို့ဟာ နံနက်ကနေ ညနေအထိ သီချင်းတွေကို ဆိုနေခဲ့ကြတယ်။ သီချင်းဆိုနေတုန်း တပ်သားတစ်ယောက် "ဟော ရောက်လာပြီဟေ့"လို့ ပြောလိုက်တယ်။ သေသေချာချာကြည့်လိုက် တော့ တွေ့နေကျ ဘုန်းကြီးလေးထက် အများကြီးငယ်တဲ့ ကိုရင်လေး ဖြစ်နေတယ်။

အဲသည်ညမှာ ကျွန်တော်တို့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်မိကြတယ်။ ကျွန်တော်တို့အဖို့က နက်ဖြတ်တစ်ရက်နေပြီးရင် ပြန်ကြရတော့မယ်။ ဘာမှ ပြတ်ပြတ်သားသား ဖြစ်မလာသေးဘူး။ သည်ထက်ပိုပြီး ထိရောက်တဲ့ အခြား နည်းလမ်းရော မရှိဘူးလား စလို့ အချေအတင် ဆွေးနွေးကြပေမယ့် ကျွန်တော်တို့ရဲ့ စကားလမ်းကြောင်းက ဒုံရင်းဒုံရင်းလိုပဲ ပြန်ရောက်ရောက် လာတယ်။

မနက်ဖြန်မှရောက်မလာရင် မီဇူရှီးမားတော့ မြန်မာပြည်မှာ တစ်ယောက် တည်း ကျန်ရစ်ခဲ့တော့မယ်။ သူ တစ်သက်လုံး ဂျပန်ပြည်ကို ပြန်နိုင်တော့မှာ မဟုတ်ဘူး။

"ထင်တဲ့အတိုင်းပဲ အဲဒီဘုန်းကြီးလေးဟာ မီဇူရှီးမား မဟုတ်ပါဘူးကွာ"

"ငါလည်း ဒီလိုပဲ ထင်တယ်။ စစ်ကြီးပြီးစတုန်းက ဗိုလ်ကြီးက တို့ကို အခုလို ပြောခဲ့တယ် မဟုတ်လား။ အခုအချိန်ကစပြီး ငါတို့အားလုံးဟာ ကံတူ အကျိုးပေးတွေ ဖြစ်ကုန်ကြပြီ။ ရှင်လည်း အတူတူ သေလည်းအတူတူ။ ကံကောင်းထောက်မလို့ ငါတို့တိုင်းပြည်ကို ပြန်ခွင့်ရရင်လည်း တစ်ယောက် မကျန်အားလုံး အတူတူပြန်ပြီး တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ကြတာပေါ့ကွာ။ အဲဒီလို ပြောသွားခဲ့တယ် မဟုတ်လား။ အဲဒီတုန်းက မီဇူရှီးမားဟာ ဗိုလ်ကြီးရဲ့စကားကို အထောက်ခံခဲ့ဆုံး မဟုတ် လား။ အခုအချိန်အထိ ပြန်ရောက်မလာမှတော့ သေချာပေါက် သေသွား ခဲ့ပြီနဲ့ တူပါတယ်ကွာ။

"ဒါပေမဲ့ ဟိုကျောင်းတော်မှုဘုရားကြီးရဲ့ ဝမ်းတိုက်ထဲက ထွက်လာတဲ့ စောင်းသံဟာ မီဇူရှီးမားရဲ့ စောင်းသံဖြစ်နေတာက ဘယ်လိုလဲ"

"ဒါကတော့ကွာ ဟိုတစ်ခါ ဘုရားကျောင်းဝင်းထဲမှာ တွေ့ခဲ့တဲ့ သူငယ် ကလေးတောင် အဲဒီတေးသွားကို တီးနိုင်ခဲ့သေးတာ မဟုတ်လား။ အင်း ဟုတ်တော့လည်း ဟုတ်သားပဲ။ ဒီလောက်တောင် စောင်းသံကို ပီပီသသကြား

နေရက်သားနဲ့ တို့ဆီကိုလာပြီး မဆက်သွယ်ဘူး။ အင်း ဒီအကြောင်းတွေ ပြောရတာ ခေါင်းရှုပ်စရာ ကောင်းလိုက်တာကွာ"

"ဟုတ်ပါ့ကွာ ဘယ်လိုအဓိပ္ပာယ်များပါလိမ့်"

ကျွန်တော်တို့အားလုံးက အဲသည်လို စိုးရိမ်တကြီး ပြောဆိုနေကြတဲ့ အချိန်မှာ ဗိုလ်ကြီးဟာ တစ်လုံးမှ ဝင်မပြောဘဲ နှုတ်ပိတ်ထားတယ်။ ကျွန်တော်တို့ပြန်ဖို့အတွက် ကြိုတင်ပြင်ဆင်စရာတွေကိုပဲ တကုပ်ကုပ် ရေးချွတ်နေတော့တယ်။ ခုတစ်လော ဗိုလ်ကြီးဟာ မီဇူရှီးမားအကြောင်းကို တစ်ခွန်းမှ မဟတော့ဘူး။ သူများပြောနေတာ ကြားရင်လည်း နားမထောင်ဘဲ ရှောင်သွားတယ်။ ဧကန္တ ဗိုလ်ကြီးဟာ မီဇူရှီးမားရဲ့အကြောင်းကို မေ့ထား လိုက်ပုံရတယ်။ ဒါမှမဟုတ် သေဆုံးသွားပြီလို့ စိတ်ဒုန်းဒုန်းချခဲ့ပုံရတယ်။ အဲဒီလို ဗိုလ်ကြီးဟာ အရင်ကနဲ့ မတူဘဲ ပြောင်းလဲသွားတာကို တွေ့ရတော့ ကျွန်တော်တို့ရဲ့ ရင်ထဲမှာ ပိုပြီး ဝမ်းနည်းပက်လက် ခံစားကြရတယ်။

နောက်ဆုံးနေ့ရောက်တော့ ကျွန်တော်တို့အားလုံး အသံတွေ တိမ်ဝင် သွားကြတော့တယ်။ သီချင်းဆိုရတာလည်း သိပ်မကောင်းတော့ဘူး။ လည်ချောင်းတွေ နာကုန်ကြလို့ လက်နဲ့ဖိပြီး ကြိုးစားပမ်းစား ဆိုနေကြရ တော့တယ်။

လာပြီးနားထောင်တဲ့သူတွေတောင် အံ့သြကုန်ကြတယ်။ ကျွန်တော်တို့ ဟာ သီချင်းဆိုဖို့အရေးထက် ခြံစည်းရိုးကိုကျော်ပြီး လူအုပ်ကြီးထဲကိုသာ တစ်ခုခု ရှာနေသလို ငေးစိုက်ကြည့်နေမိကြတယ်။ အဲသည်လို စိုက်ပြီး အကြည့်ခံရတဲ့ လူကြီးတွေကတော့ ဘာများပါလိမ့်လို့ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ကြ တယ်။ ကလေးတွေလည်း သီချင်းဆိုရင်း လိုက်ကြည့် တယ်။ စောစောက သီချင်းနဲ့ အတူလိုက်ကနေတဲ့ ကလေးမတွေလည်း လူအုပ်ကြီးထဲကို ပုန်းလျှိုးပျောက်ကွယ်သွားကြတော့တယ်။

အဲသည်နေ့မနက်က သည်လိုနဲ့ပဲ အချိန်ကုန်ဆုံးသွားခဲ့တော့တယ်။

မြန်မာပြည်မှာ ဘုန်းကြီးတွေဟာ သပိတ်တစ်လုံးကိုအမှီပြုပြီး အာဟာရကို မှီဝဲကြရတယ်။ နံနက်စောစောပိုင်းမှာ ဘုန်းကြီးကျောင်းကနေ တန်းစီထွက်ပြီး မြို့ထဲမှာ လှည့်လည်ဆွမ်းခံကြရတယ်။ မြို့ထဲမှာရှိတဲ့ အိမ်အသီးသီးက အိမ်ရှင်မ တွေဟာ အရဏ်မတတ်မီအချိန်က ထပြီး ဆွမ်းချက်ကြရတယ်။ အဲဒီအခါ ဘုန်းတော်ကြီးတွေဟာ စကားတစ်ခွန်းမှ မပြောဘဲ အိမ်ခြံဝမှာ လာရပ်ကြတယ်။ အဲဒီအခါမှာ အမျိုးသမီးတွေက ခြံတွင်းကနေ ဘုန်းကြီးတွေရဲ့သပိတ်ထဲကို စားဖွယ်သောဇဉ်တွေကို လောင်းကြရပါတယ်။ ဘုန်းကြီးတွေဟာ တစ်နေ့လုံးမှ ဆွမ်းတစ်ကြိမ်ပဲ စားကြတယ်။ မွန်းတည့်ပြီးတာနဲ့ ဘာကိုမှ စားလို့ မရကြတော့ဘူး။ သည်ဝိနည်းစည်းကမ်းကိုတော့ အခုအချိန်အထိ တင်းတင်းကျပ်ကျပ် ထိန်းသိမ်းထားကြတယ်။

ဒါကြောင့် ဘုန်းကြီးတွေဟာ နံနက်ခင်း ဆွမ်းခံ ဆွမ်းစားအလုပ်တွေပြီးတဲ့အခါမှ ကျွန်တော်တို့ သီချင်းဆိုတဲ့နေရာကိုလာပြီး နားထောင်လေ့ရှိကြတယ်။

ကျွန်တော်တို့ဟာ နေ့လယ်ခင်းမှာတောင် မနားဘဲ သီချင်းတွေကိုဆက်ပြီး ဆိုနေခဲ့ကြတယ်။ စားရင်းသောက်ရင်း သီချင်းတွေ ဆိုနေတုန်းခြံစည်းရိုးရဲ့အပြင်ဘက်မှာ ဘုန်းကြီးတွေ တစ်ပါးပြီးတစ်ပါး ရောက်လာကြတာကို တွေ့လိုက်ကြရတယ်။

လက်နှစ်ဖက်က မြေကြီးကို ထိခမန်း၊ ခါးက ကုန်းနေပြီး ခေါင်းမွေးဖြူနေတဲ့ရဟန်းအိုကြီးတစ်ပါးဟာ ကျွန်တော်တို့ဘက်ကို စိုက်ကြည့်ပြီး ထိုင်လျက်သား လက်အုပ်ချီလိုက်ကာ ဘုရားစာတွေအော်ပြီး ရွတ်နေတော့တယ်။ ကျွန်တော်တို့ ဆိုတဲ့ သီချင်းတွေကို အဲဒီဘုန်းတော်ကြီးက ဘုရားကို ပူဇော်တဲ့ ဂုဏ်တော်ဖွင့် တေးသီချင်းတွေလို့များ အောက်မေ့သွားသလား မပြောတတ်ဘူး။ ဒါမှမဟုတ် ကျွန်တော်တို့ နှစ်ကျော့သုံးကျော့ ပြန်ဆိုနေတဲ့သီချင်းတွေကို ဟိုဟို နတ်ဘုံ ဗြဟ္မာဘုံက နတ်ဗြဟ္မာတွေရဲ့ သီချင်းတွေလို့များ ထင်မှတ်မှားသွားသလား မပြောတတ်ဘူး။ အဲဒီဘုန်းကြီးအိုကြီးရဲ့ နောက်မှာတော့

အသားမည်းမည်း ကလေးနှစ်ယောက်ဟာ ပန်းစည်းကလေးတွေကို လက်မှာ ကိုင်ပြီး သိမ်သိမ်မွေ့မွေ့ ရပ်နေကြတယ်။

သည်နေ့က အံ့သြလောက်အောင် လူတွေက အတော့်ကို များတယ်။ အဲသည် အဲသည်အထဲမှာ သဘင်သည်တွေ ပါလာကြတယ်။ သူတို့နဲ့ မနီးမဝေးမှ ခြံစည်းရိုးရဲ့အပြင်ဘက်မှာတော့ မြွေဟောက်တွေနဲ့ မြွေအလမ္ပာယ်ဆရာလည်း ရောက်နေတယ်။ မြွေဟောက်တွေဟာ အဆိပ်ရှိတဲ့သတ္တဝါတွေ ဖြစ်ပေမယ့် ဂီတသံကို လိုက်ပြီး ကနေကြတယ်။ မြွေဟောက်ကြီးနှစ်ကောင်ဟာ ပလွေနဲ့ ဘင်သံရဲ့ စီးချက်နဲ့အတူ မြေကြီးပေါ်မှာ စာလုံးတွေ ပုံဖော်လိုက် ပါးစပ်ကြီးတွေ ဟလိုက် ကနေကြတယ်။ တစ်ကောင်နဲ့ တစ်ကောင်ပူးလိုက် ခွာလိုက်လုပ်ပြီး သူတို့ရဲ့ အစွယ်ကြီးတွေကို ထုတ်ပြနေကြပြန်တယ်။

ပြီးတော့ တခြားသစ်ပင်ရိပ်တစ်ခုမှာ ဘုရားကျောင်းဝင်းမှာ တွေ့ခဲ့ရတဲ့ သူငယ်လေးဟာ စောင်းတီးပြနေရှာတယ်။ အမှန်တော့ ဒီသူငယ်ကလေး စောစောကတည်းက လာဖို့ကောင်းတယ်။ ဒါမှ ကျွန်တော်တို့ သူ့ရဲ့စောင်းသံကို အကြာကြီး နားထောင်ကြရမှာပေါ့။ ဘာဖြစ်လို့များ ဒီသူငယ်လေးဟာ နောက်ဆုံးနေ့ကျမှ ရောက်လာရပါလိမ့်။ ကျွန်တော်တို့အားလုံး သူ့အတွက် စိတ်မကောင်း ဖြစ်ကြရတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ ဟိုတစ်ခါ လျောင်းတော်မူ ဗုဒ္ဓဝမ်းတိုက်ကြီးထဲက ကြားရတဲ့စောင်းသံဟာ ဒီသူငယ်လေး တီးခဲ့တာလား မပြောတတ်ဘူးလို့ သံသယဝင်မိကြပြန်တယ်။ ဒါပေမဲ့ ဒီနေ့မှာက လူတွေက ကျွန်တော်တို့ရဲ့ သီချင်းကို နားထောင်ဖို့ အများကြီး ရောက်နေတဲ့အတွက် ဒီသူငယ်ရဲ့လက်သံကို ကွဲကွဲပြားပြား မကြားနိုင်တော့ဘူး။ ပြီးတော့ သူကလည်း ခါတိုင်းလို သိပ်တီးမပြတော့ ကျွန်တော်တို့အတွက် ကြားခွင့်မကြုံတော့ဘူးပေါ့။

ကျွန်တော်တို့ဟာ တတ်သမျှ မှတ်သမျှသီချင်းတွေကို အိတ်သွန်ဖာမှောက် ဆိုခဲ့ကြတယ်။ (နိုဝနို့ကျီဂူဆ)နဲ့ (ဟညိုနို့ယဒို) သီချင်းနှစ်ပုဒ်က လွဲရင် ကျန်တဲ့သီချင်းတွေကို အပြန်ပြန်အလှန်လှန် ဆိုနေခဲ့ကြတယ်။

ဘယ်လိုသီချင်းပဲ ဖြစ်ဖြစ် သီချင်းတိုင်း သီချင်းတိုင်းမှာ အမှတ်ရစရာတွေက ပါနေတယ်။ ဒါကြောင့်မို့ နောက်တစ်နေ့စာမချန်ဘဲ ရသမျှ သီချင်းတွေကို အားရပါးရ ဆိုခဲ့မိကြတယ်။ အဲသည်အထဲမှာမှ စိတ်လှုပ်ရှားဖို့ အကောင်းဆုံးကတော့ "မြို့တော်ရဲ့ကောင်းကင်ယံ" (မီယာကိုနို့ဆောရ)ကို သီဆိုကြတဲ့အခါပဲ ဖြစ်တယ်။ ခင်ဗျားတို့လည်း သိမှာပါ။ အဲသည်သီချင်းကို (မိယာကိုနို့ဆောရ) ဆိုတဲ့ သီချင်းကို။

သည်သီချင်းက ကျောင်းသီချင်းတစ်ပုဒ်ပဲ။ တိုကျို ပထမအထက်တန်းကျောင်းက ကျောင်းသားတွေဟာ ကလောင်ကိုင်တဲ့ ကျောင်းသားဘဝကနေ စစ်ထွက်ဖို့ ဓား လှံတွေကိုင်ပြီး ကျောင်းကထွက်ခါနီးမှာ ဂုဏ်ပြုပွဲကျင်းပတဲ့အခါ ဒီသီချင်းကိုဆိုရင်း လိုက်ပို့ကြတယ်။ လူရွယ်လူငယ်တွေဟာ မျက်စိနဲ့ မမြင်နိုင်တဲ့ ဧရာမလက်ကြီးနဲ့ လက်ယပ်ခေါ်ခြင်းကို ခံနေရသလို ကျောင်းကနေ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြတော့ ဒီသီချင်းဟာ အဲသည်ကျောင်းမှာ နံနက်ကနေ ညနေစောင်းတဲ့အထိ နားရတယ်လို့ကို မရှိတော့ဘူး။ ကျွန်တော်တို့တပ်ထဲမှာ အဲဒီကျောင်းကထွက်လာတဲ့ တပ်သားတစ်ယောက်ရှိတယ်။ တစ်နေရာမှာ စတည်းချနေတုန်း သူနဲ့တပ်ရင်း မတူပေမယ့် တစ်မြို့တည်းသားဖြစ်တဲ့ တပ်သားတစ်ယောက် သင်ပေးခဲ့တာလို့ ဆိုတယ်။ ဒီသီချင်းဟာ လူငယ် လူရွယ်တွေကို ဂုဏ်ပြုတဲ့အခါ အလွန်သင့်တော်တဲ့ သီချင်းဖြစ်တယ်။ အလွန်တောက်ပတဲ့ ရွှင်မြူးတဲ့တေးသွားတွေပါသလို အမှတ်တရလွမ်းဆွေးဖွယ်ရာ တေးသွားတွေလည်း ရောပြွမ်းနေတယ်။ အခုအချိန်အထိ မျက်စိမှိတ်ထားလိုက်ရုံနဲ့ အဲဒီသီချင်းသံကို ကြားယောင်လာရတယ်။ ဒီတေးသွားကို ကြားရတိုင်း ပျော်ရွှင်စရာကောင်းလှတဲ့ ကျောင်းသားဘဝကို ပြန်ပြီး မြင်ယောင်လာတတ်တယ်။ ဂျပန်ပြည်မှာ စစ်အတွင်းတုန်းက အပေါစား ခေတ်ပေါ်သီချင်းတွေကို ဆိုနေကြမယ့်အစား "မိယာကိုနို့ဆောရ"လို သီချင်းမျိုးတွေကို လူတိုင်းနှုတ်ဖျားမှာ ဆိုနေကြမယ်ဆိုရင် ပိုပြီး ဂုဏ်ရှိရှိနဲ့ ကျန်ရစ်ကြမှာပဲ။

ကျွန်တော်တို့အားလုံး ဒီသီချင်းကို ဆက်ဆိုနေမိကြတယ်လေ။ အဲသည်လို ဆိုရင်းက ကျွန်တော်တို့ရဲ့ ပျိုမျစ်တဲ့ဘဝမှာ ကြုံရဆုံရတဲ့ဒုက္ခတွေအတွက် နှစ်သိမ့်အားပေးတဲ့ ခံစားမှုတွေ ဖြစ်လာခဲ့ကြရတယ်။ အဲသည်လို ဆိုလိုရင်းက အကောင်းဆုံးအပိုဒ်ရောက်ခါနီးမှာ ကျွန်တော်တို့ ပါးစပ်တွေဟာ အာစေးမိသလို ဖြစ်ကုန်ကြတယ်။ ကျွန်တော်တို့ရဲ့အသံတွေကို အပြင်မထုတ်ဘဲ ပြန်မျိုချမိလျက်သား ဖြစ်သွားတော့တယ်။ သီချင်းလည်း ရုတ်တရက် ရပ်သွားတော့တယ်။

အကြောင်းကတော့ ကျွန်တော်တို့ရဲ့ ရှေ့တည့်တည့် ခြံစည်းရိုးအပြင်ဘက်မှာ စုဝေးနေကြတဲ့ လူအုပ်ကြီးဟာ ရုတ်တရက် ရုတ်ရုတ်သဲသဲဖြစ်သွားလို့ပဲ။ အဲဒီလူအုပ်ကြီးရဲ့နောက်မှာ အဝါရောင်သင်္ကန်းရုံထားတဲ့ရဟန်းတစ်ပါးကို တွေ့လိုက်ရတယ်။ ပြီးတော့ ကျွန်တော်တို့က အဲဒီရဟန်းကို သိပ်ပြီး စိုက်ကြည့်ကြလွန်းလို့လား မပြောတတ်ဘူး။ အဲသည်နားမှာ ရပ်နေကြတဲ့ မိန်းမပျိုကလေးတွေဟာ ရှက်သွေးတွေ ဖြာပြီး မျက်နှာကလေးတွေ နီမြန်းကာ ဘေးဘက်ကို ရှဲသွားကြတယ်။

ဘေးဘယ်ညာကို ချဲ့သွားတဲ့ လူအုပ်ရဲ့အလယ်ကို ကြည့်လိုက်တဲ့အခါမှာတော့ တွေ့နေကျ ဘုန်းကြီးကလေးကို ပခုံးနှစ်ဖက်မှာ ကြက်တူရွေးကလေး တစ်ကောင်စီတင်ပြီး ရပ်နေတာကို တွေ့လိုက်ရတယ်။

သီချင်းလည်း ရပ်သွားပြီ။ ဘယ်သူမှမဆိုကြတော့ဘူး။ ခြံစည်းရိုးကို မှီနေကြတဲ့လူတွေလည်း တအံ့တသြဖြစ်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကြတယ်။ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ရသလို ကြောင်သွားကြတယ်။ အဲသည် နောက်မှာ အားလုံးက မြန်မာဘုန်းကြီးကလေးကို ဝိုင်းကြည့်လိုက်ကြတယ်။

ဒါပေမဲ့ မြန်မာဘုန်းကြီးကလေးကတော့ မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေတယ်။ နည်းနည်းကလေးမှ မလှုပ်ရှားဘူး။ ပခုံးတစ်ဖက်က

ကြက်တူရွေးကလေးက သူ့နားနားကိုကပ်ပြီး အသံကျယ်ကြီးနဲ့ အော်လိုက်တယ်။

"အော်အိ၊ မီဇူရီးမား–အော်အိ၊ မီဇူရီးမား အစ်ရှိုးနိ နိပွန်းနိ ခအဲရော"

*"ဟေ့ မီဇူရီးမား ဟေ့ မီဇူရီးမား တို့အတူ ဂျပန်ပြည်ကို ပြန်ကြရအောင်"*

ဒါတောင် မြန်မာဘုန်းကြီးကလေးက တုတ်တုတ်မျှ မလှုပ်ဘဲ ဆက်ပြီး ငြိမ်နေတယ်။ ဒါဆိုရင် အဲဒီ ဘုန်းကြီးကလေးဟာ မီဇူရီးမားမှ ဟုတ်ပါ့မလား တခြားသူများ ဖြစ်နေမလားလို့ ကျွန်တော်တို့အားလုံးဟာ ကိုယ့်မျက်စိကိုတောင် သံသယဖြစ်လာကြတယ်။

အဲသည်မြန်မာဘုန်းကြီးကတော့ မျက်နှာဖုံးကြီး စွပ်ထားသလို မာကျောတဲ့ မျက်နှာထား ပြူးကျယ်တဲ့ မျက်လုံးတွေနဲ့ ကျွန်တော်တို့ဘက်ကို စိုက်ကြည့်နေတယ်။ သူ့အသားအရေတွေက ထင်သလောက် နေလောင်ထားတာ မဟုတ်တော့ ပြာမွဲမွဲ ဖြစ်နေတယ်။ သူ့ပါးစပ်မှာက ကွမ်းတွေဝါးထားလို့ နီရဲနေပြီး နှုတ်ခမ်းပေါ်အထိ ကွမ်းသွေးတွေနဲ့ ပေကျံနေတယ်။ လျော့ရိလျော့ရဲ ဖြစ်နေတဲ့သင်္ကန်းကို ရုံပြီး ရပ်နေလိုက်တာ တကယ့်ကျောက်ရုပ်ကြီး ကျနေတာပဲ။ မျက်နှာပေါက်က မီဇူရီးမားနဲ့ တစ်ထပ်တည်းတူပေမယ့် ဘုန်းကြီးလေးက ပိုပြီး ငြိမ်အေးဆေးတဲ့ပုံ ရတယ်။ သူ့ကို ကြည့်ရတာ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေတဲ့ပုံမျိုး အမြဲတမ်း ကိုယ့်စိတ်ကို ကိုယ်ဆင်ခြင် ထိန်းသိမ်းနေတဲ့ပုံမျိုး ဖြစ်နေတယ်။

"ဟေ့ မီဇူရီးမား"

စစ်သားတစ်ယောက်က မရဲတရဲလှမ်းပြီး ခေါ်ကြည့်လိုက်တယ်။ မြန်မာဘုန်းကြီးကလေးကတော့ လုံးဝ မကြားရတဲ့ပုံစံမျိုးကို လုပ်နေတယ်။

သူ့ပခုံးပေါ်မှာ နားနေတဲ့ ကြက်တူရွေးကလေးကသာ နောက်တစ်ခါ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး "ဂီး ဂီး အစ်ရှိုးနိပွန် နိအစ်ရှိုး နိ နိပွန်း နိခအဲရော" *"တို့အတူတူ တို့အတူတူ ဂျပန်ပြည်ကို ပြန်ကြစို့"* ထအော်လာပြန်တယ်။

မြန်မာဘုန်းကြီးကလေးကတော့ မျက်လုံးကလေးမပွင့်တပွင့်နဲ့ ကျွန်တော်တို့ကို စိုက်ကြည့်နေတယ်။

"ဟင် ငါထင်တဲ့အတိုင်း မီဇူရီးမားမှ မဟုတ်ဘဲ တခြားလူဖြစ်မှာပါ ကွာ"

တန်းစီနေတဲ့တပ်သားတွေထဲက တစ်ယောက်က သေသေချာချာ စိုက်ကြည့်ပြီး အဲသည်လို ညည်းတွားလိုက်တယ်။ ကျွန်တော်တို့အားလုံးလည်း ဇဝေဇဝါဖြစ်ကုန်ကြရတော့တယ်။ မြန်မာလူမျိုးတွေက အလွန်အလေးထားပြီး ကိုးကွယ်နေတဲ့ ဘုန်းကြီးတစ်ပါးအပေါ်မှာ မရိုမသေ ဆက်ဆံသလိုဖြစ်သွားတဲ့အတွက် ကျွန်တော်တို့ဟာ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ မြန်မာလူမျိုးတွေအတွက် အားနာသလို ဖြစ်သွားမိကြတယ်။ အစောင့်ကုလားစစ်သားကြီးကလည်း ကျွန်တော်တို့ကို အကဲခတ် စိုက်ကြည့်နေတယ်။ ပြီးတော့ ဝင်းထရံက နှစ်ထပ်တောင်ကာထားတဲ့အတွက် ကျွန်တော်တို့လည်း သည့်ထက်ပိုပြီး ကြိုးစားလို့ မရနိုင်တော့ဘူး။

ဒါနဲ့ ကျွန်တော်တို့အားလုံး တိုးတိုးတိတ်တိတ် တိုင်ပင်လိုက်ကြတယ်။ နောက်ဆုံးမှာတော့ မီဇူရီးမား အလွန်နှစ်ခြိုက်ခဲ့တဲ့ "ဟညုနို့ယဒို"သီချင်းကို ဝိုင်းပြီး စဆိုကြတော့တယ်။

သည်သီချင်းကို ကျွန်တော်တို့ မဆိုဖြစ်တာ အတော်ကြာသွားပြီ။ အဲဒီသီချင်းကိုလည်း စဆိုမိလိုက်ကြရော ဟိုတစ်ချိန်ကရေကန်ကြီးရဲ့ ဘေးမှာ ပျော်ပျော်ပါးပါး သီဆိုခဲ့ကြတာတွေ အလွန်အန္တရာယ်များလှတဲ့ လက်နက်ခဲယမ်း လှည်းကြီးပေါ်မှာ ကြောက်ကြောက်လန့်လန့်နဲ့ ဆိုခဲ့ကြရတာတွေကို ပြန်ပြီး မြင်ယောင်လာခဲ့ကြတော့တယ်။ ကျွန်တော်တို့တစ်တွေရဲ့ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာမှု ရပ်ဝေးမြေခြားဖြစ်တဲ့ ဟောဒီအပူပိုင်းဒေသက နိုင်ငံထဲမှာ ကြုံတွေ့ခဲ့ရတဲ့ ပျော်ရွှင်မှု ဆင်းရဲပင်ပန်းမှု စွန့်စားမှု မျှော်လင့်မှု ထိတ်လန့်မှု စတဲ့ ပြင်းပြတဲ့ခံစားချက်တွေအားလုံးဟာ ဒီသီချင်းနဲ့ နီးနီးစပ်စပ် ဆက်နွယ်လို့ နေတော့တယ်။

မြန်မာဘုန်းကြီးကလေးကတော့ အဲသည်သီချင်းအပေါ် ဘာမှ မခံစားရတဲ့ပုံစံမျိုးနဲ့ ဣန္ဒြေကြီးတစ်ခွဲသားလုပ်ကာ ရပ်မြဲရပ်နေတယ်။

ကျွန်တော်တို့ကလည်း ဒီမြန်မာပြည်မှာ နောက်ဆုံးဆိုရတဲ့အနေနဲ့ သီချင်းကို တစ်ပိုဒ်ပြီးတစ်ပိုဒ် အားရပါးရ အသံကိုမြှင့်ပြီး ဆိုနေမိကြတယ်။

အဲဒီအချိန်မှာ ဘုန်းကြီးကလေးဟာ ရုတ်တရက် ဇက်ကျိုးကျသွားသလို ခေါင်းငိုက်စိုက်ကျသွားတော့တယ်။ ပြီးတော့ သင်္ကန်းစကို လက်နဲ့သိမ်းကိုင်ရင်း ဝိုင်းကြည့်နေကြတဲ့လူတန်းကြီးရဲ့နောက်ကို ပြေးထွက်သွားရင်း သစ်ပင်အောက်မှာ နားနေတဲ့ သူငယ်လေးရဲ့ လက်ထဲက စောင်းကိုဆွဲယူလိုက်တယ်။ အဲသည်နောက် မူလနေရာကို ပြန်လာပြီး စောင်းကို ပခုံးမှာလွယ်လိုက်တယ်။ ပြီးတော့ မီဇူရီးမားတီးနေကျ "ဟညုနို့ယဒို" တေးသွားကို အားရပါးရလိုက်ပြီး တီးခတ်နေတော့တယ်။

သေချာပေါက် ဒီဘုန်းကြီးကလေးဟာ တပ်ကြပ်မီဇူရီးမား ဖြစ်နေတယ်။

ကျွန်တော်တို့အားလုံး "ဝေး" လို့ ညာသံပေးလိုက်ကြတယ်။ အဲသည်နောက် မကြာရတာ အတော်ကြာသွားပြီဖြစ်တဲ့ တစ်နှစ်လောက်တောင်ကင်းကွာနေတဲ့ သူ့ရဲ့စောင်းသံနဲ့အတူ ဟညုနို့ယဒိုသီချင်းကို အသံကုန်အော်ဟစ် သီဆိုနေမိကြတယ်။

အဲဒီအစီအစဉ်အတောအတွင်းမှာ မြန်မာဘုန်းကြီးလေးရဲ့ မျက်နှာဟာ နဂိုတုန်းက မီဇူရီးမားရဲ့ ပုံစံမျိုး ပြောင်းလာခဲ့တော့တယ်။ မျက်လုံးတွေက ပိုပြီး စူးရှလာသလို နှုတ်ခမ်းနှစ်လွှာကိုလည်း တင်းနေအောင်စေ့ထားတယ်။ အပေါ်ဘက်ကို မော့ကြည့်ရင်းက သူ့စောင်းကို အားရပါးရ လွတ်လွတ်လပ်လပ်ကြီး တီးခတ်နေတော့တယ်။ တကယ့်ကို မီဇူရီးမားဟန်အပြည့် ပေါက်နေတယ်။ ဟောဒီမြန်မာပြည်ရဲ့ တောတောင်လျှိုမြောင်အနှံ့မှာ စောင်းတစ်လက်ကို ထမ်းရင်း ကင်းထောက်ကာ အကြိမ်ကြိမ် ကျွန်တော်တို့အသက်ကို ကယ်ခဲ့တဲ့ မီဇူရီးမား၊ စိတ်အားငယ်နေတဲ့ ကျွန်တော်တို့ကို အားပေး

နှစ်သိမ့်ခဲ့တဲ့ မီဇူရီးမား၊ ကျွန်တော်တို့ရဲ့ သတ္တိသွေးကို ရဲရဲနီစေခဲ့တဲ့ မီဇူရီးမား၊ ကျွန်တော်တို့ တပ်စိတ်ကလေးရဲ့ ဂုဏ်ယူစရာအကောင်းဆုံး အာဇာနည် စစ်သား မီဇူရီးမား၊ မီဇူရီးမားမှ မီဇူရီးမား အစစ် ဖြစ်နေတယ်။ ကျွန်တော်တို့ အားလုံး ပျော်လွန်းအားကြီးလို့ ခြေထောက်နဲ့ မြေကြီးမထိအောင် ထခုန်နေ ကြတော့တယ်။

သီချင်းလည်း ဆုံးသွားရော ကျွန်တော်တို့ဟာ အတွင်းခြံစည်းရိုးနား အထိ ပြေးကပ်သွားပြီး သူ့ကို လှမ်းခေါ်ကြတယ်။

"ဟေ့ကောင် မီဇူရီးမား၊ ငါတို့အားလုံး မနက်ဖြန်ဆိုရင် ဂျပန်ပြည်ကို ပြန်ကြရတော့မယ်ကွ"

"အင်း ကံကောင်းလိုက်တာကွာ၊ နောက်ဆုံးတော့ မင်း တို့ဆီကို ပြန် လာခဲ့တာပဲပေါ့"

"ကဲ ကဲ အထဲကို မြန်မြန်ဝင်ခဲ့စမ်းပါကွ"

"မင်း ဘယ်လိုဖြစ်ခဲ့တာလဲကွာ။ ငါတို့ကို ပြောပြစမ်းပါ"

အဲသည်လိုလှမ်းပြီး နှုတ်ဆက်ကြတဲ့သူတွေအထဲမှာ အူလှိုက်သည်းလှိုက် ခံစားရပြီး ငိုသံပါကြီးနဲ့ လှမ်းခေါ်နေတဲ့သူတွေလည်း ရှိတယ်။

ဒါပေမဲ့ မီဇူရီးမားကတော့ အပြင်ဝင်းထရံရှေ့မှာ ရပ်မြဲရပ်နေပြီး တုတ်တုတ်မျှ မလှုပ်။ ခဏတစ်ဖြုတ် မျက်လွှာချပြီး ငြိမ်ရပ်နေပြီးတဲ့နောက် မှာ စောင်းကိုကိုင်ပြီး နောက်ထပ်သီချင်းတစ်ပုဒ်ကို ထပ်တီးပြန်တယ်။

ဒီသီချင်းက သိပ်ပြီး ငြိမ့်ညောင်းတယ်။ လွမ်းစရာလည်း သိပ်ကောင်း တယ်။ တစ်နေရာရာမှာ ကြားဖူးသလို အောက်မေ့ပြီး ပြန်စဉ်းစားလိုက် တော့ ကျွန်တော်တို့ မူလတန်းကျောင်း အောင်ပြီး ခွဲခွာခါနီးမှာ ဆိုတဲ့ "အအောဂယ်ဘ၊ တောတိုရှိ"ဆိုတဲ့ သီချင်း ဖြစ်နေတယ်။ ဒီသီချင်းကို သာယာလှတဲ့သံစဉ်တွေနဲ့ တီးပြီးတဲ့အခါ နောက်ဆုံးအပိုဒ်ဖြစ်တဲ့ "ငါတို့ တစ်တွေ ခွဲရတော့မယ်။ ခွဲရတော့မယ်ကွယ်"ဆိုတဲ့ တေးသွားကို ထပ်ကာ

တလဲလဲ တီးနေပြန်တယ်။ ကျွန်တော်တို့ အားလုံးရဲ့ ရင်ထဲမှာ နာကျင်မှု အပြည့်နဲ့ အဲဒီသီချင်းကို ငြိမ်ပြီး နားထောင်နေမိကြတယ်။ အဲဒီအပိုဒ်ကို သုံးလေးခေါက်လောက် ဆက်တီးတဲ့အခါမှာ မီဇူရှီးမားဟာ ကျွန်တော်တို့ အားလုံးဘက်ကိုကြည့်ပြီး ခေါင်းကိုညွတ်နေအောင် ငုံ့ရင်း အလေးပြုလိုက်တယ်။ ပြီးမှ သူ့ကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး ဝိုင်းကြည့်နေကြတဲ့ လူအုပ်ကြီးရဲ့ကြားကို ထွက်ပြေး ပျောက်ကွယ်သွားတော့တယ်။

သူ့ရဲ့ကျောပြင်ကို ကြည့်ပြီး ကျန်ရစ်ခဲ့ကြတဲ့ ကျွန်တော်တို့ တပ်သား အားလုံးက တစ်ပြိုင်တည်း လှမ်းအော်လိုက်ကြတယ်။

"အော်အိ မီဇူရှီးမား အစ်ရှိုး နိ နီပွန်း နီခအဲရော"

*"ဟေ့ မီဇူရှီးမား တို့အတူ ဂျပန်ပြည်ကို ပြန်ရအောင်"*

အဲသည်နောက် တစ်ယောက်ပြီးတစ်ယောက် နောက်ကနေ တကြော်ကြော် လှမ်းခေါ်နေကြတော့တယ်။

မြန်မာဘုန်းကြီးကလေးကတော့ နောက်ဘက်ကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ ရှေ့ကိုသာ တန်းတန်းမတ်မတ် ဆက်သွားနေတယ်။ ဒါပေမဲ့ သူရဲ့မျက်နှာက ဘေးဘက်ကို နည်းနည်းစောင်းငဲ့လာသယောင်တော့ မြင်ကြရတယ်။ ဘယ်ဘက်ပခုံးမှာ စောင်းကိုလွယ်ပြီး စောင်းပေါ်မှာက ကြက်တူရွေး တစ်ကောင် ညာဘက်က သင်္ကန်းမရုံထားတဲ့ ပခုံးပေါ်မှာ ကြက်တူရွေး တစ်ကောင်၊ အဲဒီ ကြက်တူရွေးကလေး နှစ်ကောင်ဟာ အချင်းချင်း တွတ်တီး တွတ်တာပြောရင်း လိုက်ပါသွားကြတော့တယ်။

❑

သည်လိုနဲ့ပဲ မီဇူရှီးမားဟာ ကျွန်တော်တို့အားလုံးကို ခွဲခွာသွားတော့တယ်။ သူရဲ့ပုံပန်းသွင်ပြင်ကို တွေ့လိုက်ရတာကလည်း ခဏတာပဲ။ ချက်ချင်းပြန်ပြီး ပျောက်ကွယ်သွားတယ်။ အဲသည်နောက် လုံးဝမတွေ့ရတော့ဘူး။ အခုအချိန်အထိ သူ မြန်မာပြည်မှာ ကျန်နေခဲ့ပြီ။ ဘုန်းကြီးဝတ်ပြီး တစ်နှစ်ပတ်လုံး ပူပြင်းတဲ့ တိုင်းပြည်ရဲ့ တောတောင်တွေကြားထဲမှာ လမ်းသလားရင်း နေခဲ့ပြီ။

အမှန်တော့ မီဇူရှီးမားဟာ တခြားစစ်သားတွေလိုပဲ စစ်ပြေးလုပ်သွားတာပဲ။ စစ်ပြေးဆိုတော့ ကျွန်တော်တို့ဆီကို ဘယ်ပြန်လာတော့မလဲ။ ဒီအကြောင်းကို တွေးလိုက်မိတိုင်း ကျွန်တော်တို့အားလုံးဟာ ရင်နာလို့မဆုံးအောင် ဖြစ်ကြရတယ်။ စစ်ကြီးပြီးလို့ လက်နက်ချခါစတုန်းက ဗိုလ်ကြီး ပြောခဲ့တဲ့စကားတွေကို လုံးဝ တန်ဖိုးမထားဘဲ သဲထဲရေသွန်သလို လုပ်ပစ်ခဲ့တာပဲ။ သူငယ်ချင်း အပေါင်းအသင်းတွေအားလုံးကို မျက်နှာလွှဲခဲပစ်လုပ်သွားတာပဲ။ ကျွန်တော်တို့ရဲ့ တပ်စိတ်ကလေးကို ပစ်ပယ်ခဲ့ရုံမကဘူး။ ဂျပန်ပြည်တစ်ပြည်လုံးကိုတောင် လျစ်လျူရှုသွားခဲ့တယ်။

ကျွန်တော်တို့ရဲ့မိခင် တိုင်းပြည်ဂျပန်နိုင်ငံဟာ အခုအချိန်မှာ အတော့ကို ဝမ်းနည်းကြေကွဲဖို့ကောင်းတဲ့ အခြေအနေကို ဆိုက်နေခဲ့ရပြီ။ ဘယ်သူကြောင့် ဘယ်ဝါကြောင့်ဆိုပြီး တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးအပြစ်တင်နေကြပြီဆိုတော့ သူ ဘယ်ပြန်ချင်မလဲ။ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ပြီး အချင်းချင်း လက်တွဲကာ အတိတ်ကအမှားတွေကို သင်ပုန်းချေတဲ့အနေနဲ့

ပြန်လည်တည်ဆောက်လိုတဲ့စိတ် သူ့မှာ ကင်းမဲ့သွားခဲ့ပုံရတယ်။ ကျွန်တော်တို့ အတော်ကြီးကို စိတ်မကောင်းဖြစ်ကြရတယ်။

အဲသည် မီဇူရှီးမားဆိုတဲ့ကောင်ဟာ ကျွန်တော်တို့ရဲ့အတူ တိုင်းပြည်ကို ပြန်ပြီး တွေ့လာရမယ့်ဆင်းရဲဒုက္ခကို ရင်စည်းခံမယ်ဆိုတဲ့စိတ် မရှိတော့ဘူး။ သူတစ်ပါးတိုင်းပြည်မှာ ဘုန်းကြီးဝတ်နဲ့နေရစ်ပြီး သက်သက်သာသာပဲ နေသွားဖို့ စိတ်ကူးထားခဲ့တယ်။

သည်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့တပ်ထဲမှာ စိတ်အထိခိုက်ရဆုံးကတော့ စစ်သားအိုကြီးပဲ။ အရင်တုန်းက မီဇူရှီးမားဟာ လုပ်ဖော်ကိုင်ဖက်ရဲဘော်တွေကို အသက်စွန့်ပြီး ကယ်တင်ခဲ့တယ်လို့ ယူဆခဲ့တဲ့အတွက် အတော်ကြီး ဂုဏ်ယူနေခဲ့တယ်။ ဟော–အခုတော့ မမျှော်လင့်ဘဲ တပ်ပြေးဘဝကိုခံယူပြီး သူငယ်ချင်းအပေါင်းအသင်းတွေကို စွန့်ခွာသွားတယ်ဆိုတော့ စစ်သားအိုကြီးဟာ မျက်ရည်စက်လက်နဲ့ ရင်ထုမနာဖြစ်နေတော့တယ်။

စစ်သားအိုကြီးဟာ အတော့်ကို ရိုးသားဖြောင့်မတ်တယ်။ တာဝန်သိစိတ်ပြင်းပြတယ်။ အပေါင်းအသင်းတွေကို ဘယ်တော့မှသစ္စာဖောက်ကြီး ပစ်သွားမယ့်လူမျိုး မဟုတ်ဘူး။ တပ်စိတ်မှူးဗိုလ်ကြီး မကျန်းမမာဖြစ်ကတည်းက ကျွန်တော်တို့အားလုံး သူ့ကိုပဲ အားကိုးနေကြရတာ။ တစ်ခုပဲရှိတယ်။ သီချင်းဆိုတဲ့ ကျွန်တော်တို့တပ်စိတ်ထဲမှာတော့ သူက သီချင်းဆိုအညံ့ဆုံးပဲ။

သူက အရင်တုန်းက ရရစားစားဆင်းရဲသား အောက်တန်းလွှာကဆင်းသက်လာခဲ့တာပဲ။ စစ်တပ်ဖျက်သိမ်းပြီးတဲ့နောက် ကျွန်တော် သူတို့အိမ်ကို တစ်ခေါက် ရောက်သွားဖူးတယ်။ သူ့အိမ်မှာက မိသားစုဝင်တွေက အများကြီးပဲ။ အိမ်ကလည်း ခနော်ခနဲ့။ အင်္ကျီခပ်နွမ်းနွမ်းကိုဝတ်ပြီး ဘတ်စကားကိုတိုးဝှေ့စီးကာ တစ်နေ့မှ မနားရအောင် ပင်ပင်ပန်းပန်းလုပ်ရရှာတယ်။ သူ့ကိုကြည့်ရတာက မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ အာဟာရလည်းပြည့်ပုံမပေါ်ဘူး။ ဒါပေမဲ့ သူ့နှုတ်ခမ်းဖျားက နည်းနည်းကလေးမှ ညည်းမပြခဲ့ဘူး။

ကျွန်တော် ကောင်းကောင်း မှတ်မိတယ်။ အဲတုန်းက သတင်းစာတွေ မဂ္ဂဇင်းတွေဖတ်လိုက်ရင် ကြောက်ခမန်းလိလိပဲ။ တစ်ယောက်နဲ့တစ်ယောက် အပြစ်ဖို့နေကြတာပဲ များတယ်။ "ဒီကောင်ဆိုးတာပဲ သူ့ကြောင့် တို့တိုင်းပြည် ဒီအခြေအနေကိုဆိုက်ခဲ့ရတာပဲ"စလို့ တစ်ဖက်သားကို စွပ်စွဲပြောဆိုပြီး ကိုယ့်ကိုယ်ကို ကျတော့ စစ်နိုင်ခဲ့တဲ့သူလိုပဲ မောက်မာပြီး အထင်ကြီးနေခဲ့ကြတယ်။ ဒါပေမဲ့ အဲသည်လို အပြစ်ဖို့နေတဲ့သူတွေဟာ တကယ်တမ်းစစ်တိုက်နေကြတုန်းက ဒီလိုရှေ့တန်းက ထွက်မလာခဲ့ကြပါဘူး။ အခုမှ အသံကောင်းဟစ်ပြီး နေရာကောင်းကောင်းမှာ ဇိမ်ခံနေကြတာပဲ။ ဒါပေမဲ့ စစ်သားအိုကြီးလို လူစားမျိုးက ဘယ်အချိန်ရောက်ရောက် စိတ်သဘာထားက ပြောင်းလဲမသွားဘူး။ အမြဲတမ်းဆိုသလို အသံကမထွက်ဘဲ အေးအေးဆေးဆေး ကိုယ့်အလုပ်ကို ကိုယ်ကြိုးစားနေခဲ့တယ်။

အဲသည်လို နှုတ်ပိတ်နေတာကို တချို့က အပြစ်ဖို့ကောင်းဖို့ကြလိမ့်မယ်။ ဒါပေမဲ့ ကိုယ်ကျိုးအတွက် ကျယ်ကျယ်လောင်လောင်အော်နေကြတာထက် နှုတ်ဆိတ်နေတာက ပိုကောင်းလိမ့်မယ်။ ပတ်ဝန်းကျင်က ဘယ်လောက်ပဲ ဗရုတ်ဗရက် ဖြစ်နေပါစေ အဲသည်လိုမထင်မရှားလုပ်ပြီး အလုပ်လုပ်နေတဲ့သူတွေ အများကြီး ရှိတယ်။ အဲသည်လိုလူစားမျိုးတွေကမှ တကယ့်ပြည်သူပြည်သားကောင်းတွေပဲ။ ဒီလို ပုဂ္ဂိုလ်တွေ များများရှိလေ တိုင်းပြည်ထူထောင်ရေးက ပိုမြန်လေပဲ။ ဒီလို ပုဂ္ဂိုလ်တွေနည်းပြီး လေသမားတွေက များနေသရွေ့ကတော့ တိုင်းပြည်ထူထောင်ရေးက နှေးကွေးနေဦးမှာပဲ။

တကယ်ထွက်ခွာကြရမယ့် နံနက်ပိုင်းကို ရောက်လာတော့ သြော် ငါတို့ ဒီတိုင်းပြည်က ခွဲခွာရတော့မှာပါလားဆိုပြီး ထူးထူးခြားခြား စိတ်လှုပ်ရှားမှုကို သိပ်ပြီးမခံစားကြရဘူး။ ကျွန်တော်တို့အားလုံး ရှေ့မှာတွေ့လာရမယ့်အရေးကိစ္စတွေကိုသာ ကြိုပြီး တွေးနေမိကြတယ်။

သည်လိုနဲ့ပဲ နောက်ဆုံးမှာတော့ ကျွန်တော်တို့တစ်တွေဟာ ဂျပန်ပြည်ကို ပြန်ကြရတော့မယ်၊ ဘာတွေဖြစ်နေပြီဆိုတာမသိပေမယ့် ကိုယ့်အိမ်ကိုယ်

ပြန်ရောက်မှာတော့ သေချာတယ်။ ရှေ့လျှောက် ဘာတွေဖြစ်လာဦးမယ် ဆိုတာ မသိပေမယ့် ကိုယ့်ဘ၀ကို ကကြီးကနေ ပြန်စကြရမှာတော့ သေချာ တယ်။

အင်း ရွာပြန်ရောက်ရင်တော့ ပိုးစာပင်ခင်းထဲက အိမ်ဖြူဖြူကလေးရဲ့ ၀ရန်တာမှာ အေးအေးဆေးဆေး တစ်၀ကြီး အိပ်ပစ်မယ်။ အိမ်ဘေးမှာရှိတဲ့ စမ်းချောင်းကလေးရဲ့ရေးစီးသံတွေနဲ့ အိမ်ခေါင်မိုးပေါ်ဗာဒံသီးတွေ တဖုတ် ဖုတ် ကြွေကျသံတွေကို ကြားရဦးတော့မယ်။ ပိုးမွေးတဲ့ တဲထဲမှာ ပိုးကောင် တွေဟာ အိပ်ငိုက်ဖို့ကောင်းအောင် ပိုးစာရွက်တွေကို တဖြုတ်ဖြုတ်နဲ့စားနေပြီး တချို့ အကောင်တွေကတော့ ပိုးအိမ်ဖြူဖြူကလေးတွေ ဖွဲ့ နေကြရော့မယ်။ ဒီပိုးစာကောင်ကလေးတွေကို ပြန်ပြီးပြုစုရတော့မှာပါလား။ ပျော်စရာကြီး။

"ဟင့်အင်း ငါကတော့ စက်ရုံမှာပဲ အလုပ်လုပ်မယ်။ မော်တာသံ တဝီဝီနဲ့ သတ္တုပြားတွေကို ချွင်ခနဲ ချွင်ခနဲ ဖြတ်ရင်း ၀က်အူတွေ နပ်တွေ ၀င်းခနဲ လက်ခနဲ ထွက်ကျလာအောင် လုပ်ရတာ ပျော်စရာကြီးကွ။ ကိုယ်က ဒီစက်မှုလက်မှုလုပ်ငန်းမျိုးမှာ သိပ်ပိုင်တယ်"

"ငါကတော့ ဘူတာမှာပဲ ၀င်လာတဲ့ရထားတွေကို အလံပြလိုက်၊ အချက်ပေးလိုက်လုပ်ရတဲ့ အလုပ်ကိုလုပ်မယ်။ ညဆိုရင် ကိုယ်တစ်ယောက် တည်း အေးအေးဆေးဆေးပဲ"

"ငါကတော့ ကုန်တိုက်မှာပဲ လုပ်မယ်ကွ။ စက်ဘီးတစ်စီး၊ ဝီစီကို တကျွိကျွိ မှုတ်ရင်း ဂင်ဇာရပ်ကွက်ထဲက အိမ်တွေဆီမှာ ငွေရပြေစာတွေကို လိုက်ဝေမယ်။ အလုပ်ပြီးလို့ အိမ်ပြန်တဲ့အခါကျရင် လမ်းမှာ ရုပ်ရှင်ဝင်ကြည့် မယ်။ "မီစုမမယ် (ပျားရည်ဆမ်းပဲယို) တွေ ဝယ်စားမယ်"

ကျွန်တော်တို့အားလုံး အထုပ်အပိုးတွေပေါ်မှာထိုင်ပြီး စိတ်ကူးမိရာ စကားတွေကို လျှောက်ပြောနေမိကြတယ်။

အဲသည်အချိန်မှာ ဈေးသည်အဘွားကြီး ရောက်လာတယ်။ ခါတိုင်းဆိုရင် ဒီအဘွားကြီးက အမြဲတမ်းစကားတွေ ဖောင်ဖွဲ့အောင် ပြောနေတတ်ပေမယ့် အခုတော့ စကားသိပ်မပြောတော့ဘဲ ငိုင်ပြီးထိုင်နေရှာတယ်။ သူ့တောင်းထဲမှာ ပါတဲ့ ခင်းစရာပစ္စည်းတွေကို ခင်းကျင်းပြီးတဲ့နောက် ကျွန်တော်တို့ကို နှင်းသီးတွေ သရက်သီးတွေ ဝေပေးရှာတယ်။ အဲသည်နေရောင်ခြည်ဝနေတဲ့အသီးတွေဆီက စူးရှတဲ့အနံ့တွေဟာ ကျွန်တော်တို့ရဲ့ မျက်လုံးနဲ့နှာခေါင်းတွေဆီကို ထိုးဖောက်ဝင်ရောက်လာကြတယ်။ ဒါပေမဲ့ ဒီအဘွားအိုရဲ့ ဧည့်ခံကျွေးမွေးမှုကို နောက်ဆုံးအနေနဲ့ စားရတော့မှာပါလားဆိုတဲ့ အသိတွေကဝင်နေတော့ အဲဒီအသီးတွေဟာ ခါတိုင်းနဲ့မတူဘဲ ထူးထူးခြားခြား အရသာရှိနေတော့တယ်။

ကျွန်တော်တို့စားသောက်နေတုန်း အဘွားအိုဟာ သူ့လက်မောင်းအိုးအောက်မှာ ဝှက်လာတဲ့ ငှက်ကလေးတစ်ကောင်ကို ဆွဲထုတ်လိုက်တယ်။ တစ်လောတုန်းက ကျွန်တော်တို့ပေးလိုက်တဲ့ ကြက်တူရွေးလေးပဲ။

"အား အား မင်းကိုးကွ တလောက ကျေးဇူးပါပဲကွာ။ သိပ်တော့ အရာမရောက်ခဲ့ဘူးနော် ဟဲဟဲ"

စစ်သားတစ်ယောက်က အဲသည်လို ပြောလိုက်တယ်။ ကြက်တူရွေးဟာ အဖိုးတန်ကျောက်မျက်ရတနာတွေကို စီထားတဲ့အတိုင်း ရောင်စုံတောက်ပနေတဲ့ သူ့လည်ပင်းကလေးက တယမ်းယမ်းလုပ်ရင်း ပတ်ဝန်းကျင်ကို တအံ့တဩ အကဲခတ်ကြည့်နေတယ်။ နောက်ဆုံးတော့ သူနှုတ်ဖျားကနေ သီချင်းသံလိုလို စကားပြောသံတစ်ခု ကြားကို ကြားလာရတော့တယ်။

"အား အား ယာပရီ ဂျီဘွန်းဝ ခအဲရုဝကယ်နီဝ အီကနိုင်း"

*"ဟင်း ငါတော့ မပြန်နိုင်တော့ဘူး ထင်ပါရဲ့"*

ကြည့်စမ်း ဒီကြက်တူရွေး ဂျပန်စကားတွေ အများကြီး တတ်လာပါလား။

အဲဒီအချိန်မှာ စစ်သားအိုကြီး ရောက်လာတယ်။ ကြက်တူရွေးကိုလည်း တွေ့ရော ချက်ချင်းမျက်နှာပျက်သွားတယ်။

"မင်းတို့ကလည်းကွာ အဲဒီကြက်တူရွေးကို အခုအချိန်မှ ဘာလုပ်လို့ ရတော့မှာလဲ တစ်နေရာကို သွားပြီး လွှင့်ပစ်ကြစမ်းပါကွာ"

စစ်သားအိုကြီးက အဲသည်လိုပြောပြီး ကြက်တူရွေးကလေးကို ဖမ်းလိုက်တယ်။ ကြက်တူရွေးကလေးဟာ စစ်သားအိုကြီးရဲ့ လက်ဖဝါးအပေါ်ကနေ ခေါင်းကလေးကိုဆန့်ထုတ်ပြီး ဟိုကြည့်သည်ကြည့်လုပ်ရင်း အတောင်ပံကို ရိုက်ခတ်လိုက်တယ်။

အဘွားကြီးက စစ်သားအိုကြီးရဲ့လက်ကိုဆွဲရင်း အလျင်အမြန်ပဲ ဟန့်တားလိုက်တယ်။ ပြီးမှ "မလုပ်ပါနဲ့ ဒီကြက်တူရွေးကလေးကို သေသေချာချာကြည့်ပါဦး"လို့ပြောပြီး သူ့ရင်ခွင်ထဲမှာ ထွေးပိုက်ရင်း ဆက်ပြီး ရှင်းပြတယ်။

"ဒါက ဘုန်းကြီးလေး အမြဲတမ်း သူ့ပခုံးပေါ်မှာ တင်ထားတဲ့ ကြက်တူရွေး အကြီးကောင်ကွယ့်။ အမွေး အတောင်ကော အရောင်အသွေးကော ဒီကောင်ကြီးက ပိုကောင်းတယ်။ ဘုန်းကြီးကလေးက ဒီကပေးလိုက်တဲ့ အငယ်ကောင်ကို ယူပြီး သူ့ပခုံးပေါ်မှာ အမြဲတမ်းတင်ထားတဲ့ အကြီးကောင်ကို သူ့သူငယ်ချင်းတပ်သားတွေကို သွားပေးပေးပါလို့ တောင်းပန်လို့ အဘွား ယူလာခဲ့ရတာပါကွယ်"

''ဗျာ''

''ဟယ်''

အားလုံးက ကြက်သေသေကုန်ကြတော့တယ်။

ကြက်တူရွေးကလေးက နောက်တစ်ကြိမ် ဂျပန်လိုပြန်အော်တယ်။

"အား အား ယာပရီ ဂျီးဘွန်းဝ ခအဲရဝကယ် နီဝအီကနိုင်း"

*"ဟင်း ငါတော့ မပြန်နိုင်တော့ဘူး ထင်ပါရဲ့"*

"အဲပြီးတော့ ဘုန်းကြီးလေး ပေးလိုက်တာ နောက်ထပ်တစ်ခုရှိသေးတယ်"

အဲသည်လိုပြောပြီးတဲ့နောက် အဘွားကြီးဟာ သူ့ရဲ့အိတ်ကပ်ထဲမှာ ဟိုစမ်းသည်စမ်းလုပ်ရင်း အိတ်ထူထူတစ်အိတ်ကို ထုတ်လိုက်တယ်။

"ဒီစာအိတ်ကို ဗိုလ်ကြီးကို ပေးပေးဖို့ ဘုန်းကြီးလေးက တောင်းပန်လာတယ်။ ဘုန်းကြီးလေးက တကူးတကခိုင်းတဲ့အပြင် မာစတာတို့ ဂျပန်စစ်သားတွေကို နောက်ဆုံးကူညီတဲ့အနေနဲ့ အခုလိုအဘွားယူလာပေးရတာပါကွယ်"

ကျွန်တော်တို့အားလုံး အဘွားကြီးရဲ့ လက်ထဲကစာကို ဝိုင်းကြည့်လိုက်ကြတယ်။ ဒီတိုင်းပြည်ဖြစ်စက္ကူဖြစ်ပုံရပြီး လေးထောင့်ပုံရှည်မျောမျောစာအိတ်ကြီးဟာ အတော့်ကို ခန့်ညားတယ်။ ဘုန်းတော်ကြီးတွေ သုံးတဲ့စာအိတ် ဖြစ်ပုံရတယ်။ ပုံစံက ရှေးဆန်ပြီး အထဲကစာတွေက ထူနေတယ်။

စစ်သားအိုကြီးဟာ အဲသည်စာအိတ်ကို လှမ်းယူလိုက်တဲ့အချိန်မှာ သူ့ရဲ့လက်တွေဟာ တဆတ်ဆတ်တုန်နေတယ်။ ပြီးတော့ အံကို ကြိတ်လိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ရှေးဖြစ်ဟောင်းတွေကို သတိရလာသလို စာအိတ်ကြီးကို ဝမ်းနည်းပက်လက် စိုက်ကြည့်နေပြန်တယ်။

အဲသည်အချိန်မှာ ဗိုလ်ကြီးကို သွားခေါ်တဲ့အတွက် ဗိုလ်ကြီးလည်း အလုပ်တွေ များနေတဲ့အထဲက အမြန်ပေါက်ချလာတယ်။ အခုတစ်လော ဗိုလ်ကြီးရဲ့ကျန်းမာရေးအခြေအနေက ထူးထူးခြားခြား ကောင်းမွန်လာပြီး အရင်ကလိုပဲ ဖျတ်ဖျတ်လတ်လတ် ပြန်ဖြစ်လာတယ်။ သူက စာအိတ်ကို လှမ်းယူလိုက်ပြီး ချက်ချင်း ဖောက်ဖတ်မလိုလုပ်ပြီးမှ လက်ကို ရုတ်လိုက်တယ်။

"မဖြစ်သေးပါဘူးလေ၊ ခုပဲ ထွက်ရတော့မယ့်ဥစ္စာ ကဲ ကဲ ဒါက နောက်မှ ဖတ်လို့ရပါတယ်"

သည်တော့ စစ်သားအိုကြီးက ခုလို တောင်းပန်ရှာတယ်။

"မလုပ်ပါနဲ့ ဗိုလ်ကြီးရယ်။ အခုချက်ချင်း ဖောက်ဖတ်ပြစမ်းပါ။ မပြော ကောင်း ပြောကောင်း မီဇူရှီးမားက ကျွန်တော်တို့နဲ့ အတူတူပြန်လိုက်ဖို့"

"မဖြစ်နိုင်တော့ပါဘူးဗျာ"

ဗိုလ်ကြီးက လေးလေးတွဲ့တွဲ့ ခေါင်းခါရင်း ပြောလိုက်တယ်။

"မီဇူရှီးမားဟာ ဘယ်လိုနည်းနဲ့မှ ဂျပန်ပြည်ကို ပြန်လိုက်မှာ မဟုတ် တော့ပါဘူးဗျာ။ ဒီစာကို ခင်ဗျားတို့ ဖောက်ဖတ်နေလို့လည်းဘာမှ အကြောင်း ထူးမှာ မဟုတ်ပါဘူး"

စစ်သားအိုကြီးဟာ မြေပြင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချရင်းက သက်ပြင်းရှည်ကြီးကို ဟင်းခနဲချလိုက်တယ်။ ဗိုလ်ကြီးကတော့ စာအိတ်ကို ရင်ဘတ်ထဲ ထိုးသွင်းလိုက်ပြီး အပေါ်တပ်ကြယ်သီးတွေကို တပ်လိုက်ရင်း စစ်သားအိုကြီးကို နှစ်သိမ့်အားပေးလိုက်တယ်။

"မစိုးရိမ်ပါနဲ့ဗျာ ဒီစာကို ဖတ်ရတဲ့အချိန်မှာ ခင်ဗျားအတွက် စိတ် သက်သာစရာတွေ အများကြီး သိလာရမှာပါ"

နောက်ဆုံးတော့ ကျွန်တော်တို့ စထွက်ရမယ့်အချိန်ကို ရောက်လာကြ တော့တယ်။ စခန်းအသီးသီးက တခြားဂျပန်စစ်သားတွေလည်း ထွက်လာကြ တော့တယ်။ အားလုံးကပဲ ဂိတ်ပေါက်ဝမှာ တွေတွေလေးရပ်ကြည့်နေရှာတဲ့ အဘွားကြီးကို ဝိုင်းပြီးနှုတ်ဆက်ကြတယ်။ အဘွားကြီးလည်း ခါးလေး တဆန့်ဆန့် ခြေဖျားထောက်ပြီး ကျွန်တော်တို့ထွက်သွားတာကို မော့ကြည့် ရင်း ကျန်ရစ်ခဲ့တော့တယ်။

နာရီအနည်းငယ်ကြာတော့ ကျွန်တော်တို့ဟာ မြစ်ဆိပ်ကမ်းတစ်ခုက နေပြီး စစ်သင်္ဘောတစ်စီးပေါ် တက်လိုက်ကြတယ်။ သံတိုင်တွေ သစ်သား တွေနဲ့ တည်ဆောက်ထားတဲ့ ဆိပ်ခံဖောတံတားပေါ်ကနေ သစ်ပြားတစ်ပြား ကို ထိုးပြီး ကျွန်တော်တို့ဟာ လှေကားအတိုင်း ကျဉ်းမြောင်းလှတဲ့ သင်္ဘော ဝမ်းဗိုက်ထဲကို ဆင်းလိုက်ကြတယ်။

သဘော်က တော်တော်နဲ့ကို မထွက်ဖြစ်ဘူး။ သဘော်စက်သံက တဒိုးဒိုး မြည်လိုက် ရပ်သွားလိုက်ဖြစ်နေပြီး ရေနွေးငွေ့မှုတ်သံတွေက တရှူးရှူးနဲ့ ဆူညံနေတော့တယ်။ သဘော်ရဲ့ ပူပြင်းလှတဲ့ ကြမ်းပြင်နံရံတွေကလည်း တဆတ်ဆတ် တုန်ခါနေတယ်။ ခေါင်းအပေါ်က ကုန်းပတ်ပေါ်မှာတော့ ပစ္စည်းတင်သံ ချသံတွေ သံမဏိကြိုးဆွဲသံတွေ အချင်းချင်းလှမ်းအော်တဲ့ အသံတွေနဲ့ ဆူညံနေတော့တယ်။

အဲသည်ဆူညံသံတွေကိုလည်း သည်းခံပြီး နားထောင်ရင်းက ကျွန်တော်တို့ဟာ သေတ္တာလေးနဲ့တူတဲ့ အခန်းကျဉ်းကလေးထဲမှာ ဒူးကလေးတွေ ကွေးပြီး ထိုင်နေရင်းက ရုတ်တရက် ဝမ်းနည်းသလိုဖြစ်လာပြီး အားလုံးပဲ မျက်ရည်တတွေတွေနဲ့ ဖြစ်လာကြတယ်။

သဘော်ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ရွှံ့ရေတွေပြည့်လျှံနေတဲ့ မြစ်ရဲ့တစ်ဖက်ကမ်းမှာ သစ်ပင်တွေ ချုံဖုတ်တွေက ထူလာလိုက် ပါးသွားလိုက်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့တယ်။ မြစ်ရေပြင်ကနေပြီး ဆီပုပ်နံ့တွေ တထောင်းထောင်း ထွက်နေတယ်။ လိပ်ပြာကြီးတွေ အတောင်ပံဖြန့်ထားသလို ရွက်လှေကြီးတွေကလည်း မြစ်ရေပြင်ပေါ်မှာ စုန်ဆန်ပြီး သွားနေကြတယ်။ အဲဒီရွက်လှေကြီးတွေရဲ့ကြားမှာတော့ မော်တော်အငယ်စားကလေးတွေဟာ နောက်ပိုင်းကနေ ဝက်မြီးကလေးတွေ ယမ်းနေသလို မီးခိုးအဝိုင်းကလေးတွေကို မှုတ်ထုတ်ရင်း တဖွမ်းဖွမ်းနဲ့ အသံပေးကာ လူးလာခုတ်မောင်းနေကြတယ်။

ပျဉ်ထောင်အိမ်ကလေးတွေ စီတန်းနေတဲ့ ဆိပ်ကမ်းမြို့ကလေးကိုလည်း လှမ်းမြင်နေရတယ်။ ဆိပ်ကမ်းသာလမ်းဘက်မှာ မြန်မာလူမျိုးတွေ လုံချည်တွေ ဝတ်ပြီး သွားလာနေကြတာကိုလည်း မြင်ကြရတယ်။ အုန်းပင်တွေ စီတန်းနေတဲ့ လမ်းပေါ်မှာတော့ ခွေးကလေးတစ်ကောင် ပြေးလွှားခုန်ပေါက်နေတယ်။ တံငါသည်တစ်ယောက်ကတော့ ကမ်းခြေကနေပြီး သူ့လှေကလေးကို လှော်ထွက်လာတယ်။ ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက်

အတော့ကို တည်ငြိမ်အေးချမ်းနေတော့တယ်။ ဒီလိုနေရာမျိုးမှာ ဒီတိုင်းပြည်မျိုးမှာ စစ်ဖြစ်ခဲ့တယ်လို့ ပြောရင် ဘယ်သူမှ ယုံကြမှာမဟုတ်ဘူး။ ပြီးတော့ ဟိုးခပ်လှမ်းလှမ်းဆီမှာ အပြာရောင်၊ မီးခိုးရောင်တောင်တန်းကြီးတွေဟာ အဆင့်ဆင့်ထပ်ပြီး မြင်နေရပြန်တယ်။

ညရောက်လို့ သတိပြုလိုက်တဲ့အချိန်မှာတော့ ကျွန်တော်တို့စီးလာတဲ့ သင်္ဘောဟာ ပင်လယ်ထဲသို့ စဝင်နေပြီဆိုတာကို တွေ့လိုက်ကြရတယ်။

(၂)

သုံးရက်လောက်ကြာတဲ့အခါ ကျွန်တော်တို့လည်း သင်္ဘောပေါ်မှာနေသားတကျ ဖြစ်လာကြတော့တယ်။ အဲဒီနေ့က ကုန်းပတ်အပေါ်တက်ကြည့်တဲ့အခါ ကျွန်တော်တို့သင်္ဘောကြီးဟာ တူးမြောင်းကြီးတစ်ခုကို ဖြတ်နေတာကို တွေ့လိုက်ကြရတယ်။ ဘယ်ဘက်က မလေးရှားကျွန်းဆွယ်ဖြစ်ပြီး ညာဘက်ကတော့ စုမတြားဖြစ်နေတယ်။ ကျွန်တော်တို့အားလုံးဟာ အာရှတောင်ပိုင်းပင်လယ်ကြီးရဲ့အလှမှာ မှင်တက်မိနေကြတယ်။ ကောင်းကင်ကောပင်လယ်ပါ ကျွန်းတွေရဲ့ကြားမှာ ကြည်လင်တောက်ပနေကြတယ်။ တဖျတ်ဖျတ်နဲ့ တောက်ပနေကြတဲ့ပုံက စိန်ကြောင် နီလာတွေ ကျောက်စိမ်းတွေ မျောနေသလို မြင်နေကြရတယ်။ ကောင်းကင်ပေါ်မှာတော့ တိမ်တွေ ပြန့်ကျဲနေပြီး ပင်လယ်ကြီးရဲ့ကြေးမုံပြင်မှာ ထင်ဟပ်နေကြတယ်။ သင်္ဘောပေါ်ကကြည့်လိုက်တော့ ကုန်းမကြီးဟာ ကျွန်တော်တို့ဆီကို တအိအိရွေ့လျားလာနေသလို မြင်ရတယ်။ ပင်လယ်ကွေ့ ဆိပ်ကမ်းတွေ မြို့ရွာ မီးပြတိုက်တွေဟာ ပုံစံအမျိုးမျိုးနဲ့ မျက်စိအောက်မှာ ဘွားခနဲ ဘွားခနဲပေါ်လာကြပြီး နောက်ဆုံးမှာတော့ ကျောက်ဆောင်တွေ အငူတွေရဲ့ကြားမှာ ကွယ်ပုန်း ပျောက်ကွယ်သွားကြတော့တယ်။ ပင်လယ်လေပြည်လေညင်းကလေးကလည်း ကြည်နူးဖို့ကောင်းအောင် တဖြူးဖြူးတိုက်ခတ်နေတယ်။ ဖွားခနဲ ဖွားခနဲ သင်္ဘောရဲ့နံရံကို ရိုက်ခတ်လာတဲ့ ရေလှိုင်းတွေဟာ ကျွန်တော်တို့ရဲ့ ညစ်ညျူးနေတဲ့

နှလုံးသားတွေကို လာဆေးပေးနေကြသလိုပဲ။ နေမင်းကြီးက ပူပြင်းပြီး လေပြည်ကလေးက အေးမြနေတယ်။ ကျွန်တော်တို့ဟာ ပင်လယ်ထဲမှာ မျောနေတယ်ဆိုတာထက် လေထဲမှာ ပျံဝဲနေသလို ခံစားကြရတယ်။

ကျွန်တော်တို့ဟာ ကုန်းပတ်ပေါ်ကို တက်ပြီး လေတိုက်လို့ ဖလတ် ဖလတ်နဲ့ မြည်နေတဲ့ အဖီလေးအောက်မှာ စုပြီး ထိုင်တိုက်ကြတယ်။ ဗိုလ်ကြီးက သူ့အိတ်ကပ်ထဲက စာအိတ်ကို ထုတ်လိုက်ပြီး အခုလို ပြောလာတယ်။

“ကဲ ကဲ ဒီစာကို ဖတ်ကြည့်ကြစို့”

ဗိုလ်ကြီးဟာ အဲဒီစာအိတ်ကလေးကို ယုယုယယဖွင့်ဖောက်လိုက်တဲ့ အခါ အထဲက စာလုံးသေးသေးကလေးတွေနဲ့ ပြွတ်သိပ်အောင် ရေးထားတဲ့ စာရွက်လေး သုံးဆယ်လောက် ထွက်လာတယ်။

ဗိုလ်ကြီးက သူ့ရဲ့ဘေးမှာ ဝိုင်းထိုင်နေကြတဲ့ တပ်သားတွေရဲ့ မျက်နှာ လှည့်ပြီး အကဲခတ်တယ်။

“အားလုံး လူစုံကြပြီနော်၊ အခုအချိန်ကစပြီး မိဇူရှီးမားပေးလိုက်တဲ့ စာကို ဖတ်ပြမယ်။

အမှန်တော့ မုဒုံမှာ ရှိနေတုန်းက မိဇူရှီးမားပြန်မလာတဲ့အတွက် ငါဟာ စိတ်ရောကိုယ်ပါ ချုံးချုံးကျပြီး ဝမ်းနည်းပက်လက်ဖြစ်နေခဲ့ရတယ်။ အဲသည် နောက် အခြေအနေအရပ်ရပ်က မိဇူရှီးမားမသေသေးဘူးဆိုတဲ့ နိမိတ် လက္ခဏာတွေ တစ်ခုပြီးတစ်ခုပြလာတော့ ငါ့စိတ်တွေပြောင်းလာခဲ့ရတယ်။ မင်းတို့အားလုံး စိတ်သောကရောက်အောင် လုပ်မိခဲ့သလိုဖြစ်ခဲ့ရလို့ စိတ် မကောင်းပါဘူးကွာ။

အဲဒီအချိန်အတောအတွင်းမှာ ငါဟာ မိဇူရှီးမား အသက်ရှင်နေသေး တယ်။ အဲဒီမြန်မာဘုန်းကြီးလေးဟာ မိဇူရှီးမားပဲ ဖြစ်ရမယ်လို့ တန်းတန်းစွဲ ယုံကြည်လာခဲ့မိတယ်။ ဒါပေမဲ့ ကိုယ်ထင်တာကို အရမ်းစွပ်ပြောလို့ မှား

သွားရင် မကောင်းဘူးလို့ တွေးမိတဲ့အတွက် အောင့်အည်းမျိုသိပ်ပြီး အခွင့်အခါ သင့်လာတဲ့အခါကျမှပဲ ထုတ်ပြောတော့မယ်လို့ စိတ်ကူးခဲ့တယ်။ ဒါပေမဲ့ အဲဒီလို အခွင့်မသာခင်မှာပဲ ဘုန်းကြီးလေးဟာ မီဇူရီးမားပဲဆိုတာကို သိလာကြတဲ့အပြင် သူ့ဆီက ဒီလိုစာမျိုးတောင် ရောက်လာခဲ့ပြီပေါ့။

ဒါပေမဲ့ ဘာဖြစ်လို့ မီဇူရီးမားက ပြန်မလာတာပါလိမ့်။ ဘာကြောင့်များ အဲဒီလို ဘုန်းကြီးဝတ်ပြီး ဘာတွေများ လျှောက်လုပ်နေတာပါလိမ့်လို့ သံသယဝင်နေခဲ့ရာက တစ်နေ့ အရိုးအိုးတွေထားတဲ့ဇရပ်ထဲက သေတ္တာဖြူဖြူကလေးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာ ငါ့အဖို့ သံသယတွေအားလုံး ပျောက်ကွယ်သွားခဲ့ပြီး စိတ်အေးလက်အေးဖြစ်ခဲ့ရတယ်။ ငါ မီဇူရီးမားရဲ့စိတ်ဓါတ်အကြောင်းကို ကောင်းကောင်း သိတယ်။ ငါရဲ့ထင်မြင်ချက်တွေက လွဲလိမ့်မယ် မထင်ဘူး။ ဒီစာက အဲဒီငါ့ရဲ့ထင်မြင်ချက်တွေကို ပြန်ရှင်းပြကောင်းရှင်းပြလိမ့်မယ်"

ဗိုလ်ကြီးဟာ အဲသည်လို စကားအစပျိုးပြီးတဲ့နောက်ပိုင်းမှာ မီဇူရီးမားရဲ့စာအရှည်ကြီးကို စဖတ်တော့တယ်။

"ခင်မင်လေးစားရပါသော ဗိုလ်ကြီးနှင့် အပေါင်းအသင်း သူငယ်ချင်းရဲဘော်ရဲဘက်ခင်ဗျာ။

ကျွန်တော် ခင်ဗျားတို့အားလုံးကို ဘယ်လောက်လွမ်းတယ်၊ ဘယ် လောက်အောက်မေ့တယ် သတိရတယ်ဆိုတာကို ပြောမပြနိုင်လောက် အောင်ပါပဲဗျာ။

ကျွန်တော်တို့တစ်တွေ အတူတူအလုပ်လုပ်ခဲ့ကြတာတွေ စကားပြောခဲ့ကြတာတွေ သီချင်းဆိုခဲ့ကြတာတွေကို မေ့ပျောက်လို့ မရနိုင်အောင်ပါပဲ။ အဲသည်လို ကောင်းတူဆိုးဖက် အတူတူနေခဲ့ကြတာတွေကို အမြဲတမ်း သတိရလာနေခဲ့ပါတယ်။ ဒါ့အပြင် အခုအချိန်မှာ ကျွန်တော်တို့အဖို့ ဘယ်လောက် ဂျပန်ပြည်ကို ပြန်ချင်နေမယ်ဆိုတာ အပျက်အစီးတွေနဲ့ အပြောင်းလဲကြီး ပြောင်းလဲနေမယ့် အမိနိုင်ငံကို ကြည့်ချင်နေ

မယ် ဆိုတာ ကျွန်တော့်မိသားစုနဲ့ ပျော်ပျော်ပါးပါး ပြန်တွေ့ချင်နေမယ် ဆိုတာကို ခင်ဗျားတို့ တွေးကြည့်နိုင်ပါတယ်။ ကျွန်တော် နှုတ်ဖျားက ပြောမပြနိုင်လောက်အောင်ပါပဲဗျာ။

ခင်ဗျားတို့အားလုံး အပြင်ထွက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်နေတဲ့အခါ သုံ့ပန်းစခန်းမှာ သီချင်းတွေ အော်ဆိုနေတဲ့ခါမျိုးမှာ ကျွန်တော်ဟာ တစ်နေရာရာကနေ ချောင်းမြောင်းကြည့်ရှုနေခဲ့ပါတယ်။ ယုတ်စွအဆုံး အဝေးတစ်နေရာကို ခရီးထွက်နေရင်တောင်မှ ခင်ဗျားတို့ ကိုအောက်မေ့လွန်းလို့ ဆက်မသွားနိုင်တော့ဘဲ မုဒုံကိုပြန်လှည့်လာခဲ့ရ တယ်။ မုဒုံကို ရောက်ရောက်ချင်း သုံ့ပန်းစခန်းကို လာပြီး ခြံစည်းရိုး အပြင်ဘက်ကနေ ခင်ဗျားတို့ အိပ်ပျော်နေတဲ့ စလူရွက်တွေ မိုးထားတဲ့ တဲကလေးကို မိုးလင်းက မိုးချုပ် ငေးမောကြည့်ရှုနေခဲ့မိတယ်။ အခု တော့ အဲဒီလို အလွမ်းပြေကြည့်ဖို့ နေရာလေးတောင် မကျန်တော့ဘူး လေ။

ကျွန်တော့်အဖို့ကတော့ ဂျပန်ပြည်ကို ပြန်မလိုက်နိုင်တော့ပါဘူးဗျာ။ အဲဒီလိုပဲ ခိုင်ခိုင်မာမာ ဆုံးဖြတ်ခဲ့ပြီးပါပြီ။ သန္နိဋ္ဌာန်ချခဲ့ပြီးပါပြီ။ ခင်ဗျား တို့ မြင်တွေ့နေရတဲ့ ရဟန်းဝတ်ဘဝနဲ့ပဲ မြန်မာပြည်ရဲ့နေရာအနှံ့မှာ မြစ်တွေကိုဖြတ် တောင်တွေကိုကျော်ပြီး ဘုရားဖူး လည်ပတ်ရင်း လျှောက်သွားနေရတော့မှာပေါ့။ ဒီတိုင်းပြည်မှာ ကျွန်တော့်အဖို့ မလုပ် မဖြစ် အလွန်အရေးကြီးတဲ့အလုပ်တွေ ကျန်နေသေးတယ်ဆိုတာကို ကျွန်တော် တွေ့ခဲ့ရတယ်လေ။ အဲဒီအလုပ်တွေကို မျက်နှာလွှဲပြီး ပစ် ထားခဲ့လို့ မဖြစ်ဘူး။ ဒါကြောင့်လည်း ကျွန်တော်ဟာ ဒီတိုင်းပြည်မှာ တစ်ယောက်တည်းကျန်ပြီး နေခဲ့ရတော့မှာပါ။

အဲဒီအလုပ်တွေကို အခုအချိန်ကစပြီး လုပ်လို့ နှစ်ပေါင်းအတော်ကြာတဲ့ အခါ ပြီးဆုံးသွားမယ်ဆိုရင်တော့ ဂျပန်ပြည်ကို ပြန်လာဖြစ်မလား မပြောတတ်ဘူး။ ဒါမှမဟုတ် ဒီမြေပေါ်မှာပဲ တစ်သက်လုံးနေပြီး ခေါင်း

ချဖြစ်မလား မပြောတတ်ပါဘူးဗျာ။ ကျွန်တော်က လောကုတ္တရာနယ်ထဲက ရဟန်းဖြစ်နေခဲ့ပြီ မဟုတ်လား။ ဘုရားရဲ့သားတော် ဖြစ်သွားခဲ့ပြီလေ။ ကျွန်တော့်ဘဝအားလုံးကို ဘုရားရဲ့အလိုတော်အတိုင်း ဆက်ပြီး လှူပ်ရှားသွားရတော့မှာပေါ့။

ကျွန်တော် အခုလုပ်နေတဲ့ အလုပ်က ဘာလဲဆိုတော့ မြန်မာပြည်အနှံ့မှာ ပြန့်ကျဲနေတဲ့ ဂျပန်စစ်သားတွေရဲ့အရိုးအိုးတွေကို လိုက်လံစုစည်းပြီး သင်္ဂြိုလ်ရတဲ့ အလုပ်ဆိုပါတော့။ အဲဒီလို အရိုးတွေကို ရှာတွေ့တဲ့အခါ အုတ်ဂူတွေ တည်ပြီး မြှုပ်ပေးရတယ်။ ကွယ်လွန်သွားကြတဲ့ စစ်သားတွေရဲ့ ဝိညာဉ်တွေ အိပ်စက်အနားယူဖို့ နေရာရှာပေးရတယ်။

ခင်ဗျားတို့ပဲ ပြန်စဉ်းစားကြည့်စမ်းပါဗျာ၊ ထောင်သောင်းမက များပြားလှတဲ့ ကျွန်တော်တို့ ဂျပန်လူငယ်ကလေးတွေကို အဓမ္မစုဆောင်းပြီး စစ်ထဲကို သွတ်သွင်းခဲ့ကြတယ်။ စစ်ရှုံးဘဝနဲ့ သူတို့တွေဟာ ဟိုပြေးသည်ပြေးလုပ်ရင်းက အသတ်ခံခဲ့ကြရတယ်။ သေသွားတဲ့အခါ သူတို့ရဲ့အလောင်းကို ဘယ်သူကမှ မသင်္ဂြိုလ်ဘဲ ခွေးပဲစားစား၊ ကျီးပဲထိုးထိုးဆိုပြီး သည်အတိုင်း ပစ်ထားခဲ့ကြတယ်။ ဘယ်လောက်ရင်နာဖို့ ကောင်းတဲ့ အဖြစ်လဲ။

ဒါတွေကို ကျွန်တော်ကိုယ်တိုင်မြင်တွေ့ရတော့ ဘယ်လိုမှ သည်အတိုင်း ပစ်မထားရက်ခဲ့နိုင်ဘူးပေါ့။ ဒီအလောင်းတွေကို တစ်ခုခု စီမံမပေးရမချင်း ကျွန်တော့်ခြေထောက်တွေဟာ ဒီတိုင်းပြည်ကနေ တစ်ဖဝါးမှခွာလို့မရတော့ဘူး။

စစ်ကြီးပြီးစက ဗိုလ်ကြီးရဲ့ “ငါတို့တစ်တွေ တစ်ယောက်မကျန် ဂျပန်ပြည်ကို ပြန်ပြီး တိုင်းပြည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အတူတကွ လုပ်ဆောင်ကြရမယ်” ဆိုတဲ့စကားတွေကို ကျွန်တော် ဘယ်တော့မှ မမေ့တဲ့ အပြင် ဒီလိုပဲ လုပ်သင့်တယ်လို့ ခံယူခဲ့ပါတယ်။

အခုလည်း အဲဒီအတိုင်းပဲ လုပ်ချင်တဲ့ဆန္ဒ ရှိနေဆဲပါပဲ။ ဒါပေမဲ့ ဒီတိုင်းပြည်မှာ သေပြီး ကျန်နေခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက် ဂျပန်စစ်သားတွေရဲ့အလောင်းတွေကို မြင်ခဲ့ရပြီးတဲ့ ကျွန်တော်ဟာ အဲဒီဆန္ဒကို စွန့်ပစ်ရမလိုဖြစ်လာတော့တယ်။ အဲဒီအတွေးဟာ ကျွန်တော့်ဘာသာ စိတ်ကူးရရာ တွေးတဲ့အတွေး မဟုတ်ဘူး။ မမြင်သာတဲ့ တစ်စုံတစ်ယောက်က တစ်နေရာရာကနေပြီး အဲဒီလိုလုပ်ဖို့ ကြင်ကြင်နာနာနဲ့ ခိုင်ခိုင်မာမာအမိန့်ပေးနေသလိုပဲ ကြားနေရတယ်။ ကျွန်တော့်အဖို့ ခေါင်းညိတ်ပြီး နာခံရုံပဲရှိတော့တယ်။ အဲဒီညင်သာလှတဲ့ အမိန့်ပေးသံကို အာခံဖို့ လုံးဝမဖြစ်နိုင်တော့ဘူး။ ဒီကနေ့ ကျွန်တော်တို့ ခွဲခွာခါနီးမှာ "ဟညုနို့ယဒို"သီချင်းကို အားရပါးရသီဆိုပြီး အားရပါးရတီးခတ်ခဲ့ကြရတယ်နော်။ ဒါနဲ့ပဲ ကျွန်တော် ကျေနပ်ရတော့မှာပေါ့။ ကျွန်တော်ကတော့ ဒီမှာပဲ ကျန်ရစ်ခဲ့တော့မယ်ဗျာ။ ခင်ဗျားတို့တစ်တွေ ပျော်ပျော်ပါးပါး ပြန်ကြပေတော့။ ဟိုကို ရောက်တဲ့အခါကျမှသာ ကျွန်တော့်ကိုယ်စား ပိုပြီး အလုပ်လုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

နောက်စာထဲကျမှ ဟိုတြိဂံတောင်မကြီးခွဲသွားပြီး နောက်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အချက်တွေကို ဆက်ပြီးရှင်းပြပါ့မယ်။

ဗိုလ်ကြီးက ဒီအပိုင်းအထိ မီဇူရှီးမားရဲ့စာကို ဖတ်ပြနေတဲ့အချိန်မှာ စစ်သားအိုကြီးဟာ သူ့ရဲ့တုတ်ခိုင်လှတဲ့ လက်မောင်းညိုကြီးကို မြှောက်ရင်း လက်အုပ်ချီလိုက်တယ်။ ပြီးတော့ မျက်စိကိုစုံမှိတ်ရင်း တစ်ခုခုကို စိတ်ထဲက ဆုတောင်းနေသလို လုပ်နေတယ်။ ဘေးနားမှာ ရှိကြတဲ့ စစ်သားအချို့ဟာလည်း သူလုပ်သလို လိုက်လုပ်ကြတယ်။ အဲဒီအချိန်မှာ လေတဟူးဟူးတိုက်နေဆဲ အဖီကလေးရဲ့ ကြိုးတန်းပေါ်မှာ ငြိမ်ငြိမ်ကလေးနားနေတဲ့ ကြက်တူရွေးလေးဟာ သီချင်းသံနဲ့တူတဲ့အသံနဲ့ အခုလို ထအော်လိုက်တယ်။

"အား အား ယာပရီ ဂျီးဘွန်းဝ စအဲရ ဝကယ် နိဝနာ ရနိုင်း" "*အင်း ငါတော့ ဂျပန်ပြည်ကို မပြန်နိုင်တော့ဘူး။*"

အဲသည်စကားသံရဲ့အဆုံးမှာ ညည်းညူတဲ့အသံလိုလို အသံမျိုးပါရောပြီး ထွက်လာတယ်။ ကျွန်တော်တို့အားလုံး မော့ကြည့်လိုက်တဲ့အခါ ကြက်တူရွေးက ခေါင်းကလေးကို ငဲ့စောင်းပြီး ကျွန်တော်တို့ကို ငုံ့ကြည့်နေတော့တယ်။

ဗိုလ်ကြီးဟာ သူ့အတွေးမှန်တဲ့အကြောင်း သိသွားတဲ့အတွက် ရွှင်ပျတဲ့ မျက်နှာနဲ့ပဲ မီဇူရီးမားနဲ့စာကို ဆက်ပြီး ဖတ်လေတော့တယ်။

(၃)

"ကျွန်တော်တို့တပ်က ထွက်ခွာပြီးတဲ့နောက် ခပ်သုတ်သုတ်ကလေး လှမ်းလာလိုက်တာ တြိဂံတောင်မကြီးရဲ့ခြေရင်းကို ညနေလေးနာရီထိုးခါနီး လောက်မှာ စမ်းတဝါးဝါးလျှောက်ရသလို ကိုယ်ကိုယ်တိုင် တွေ့ခဲ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကိုတောင် ကောင်းကောင်းမမှတ်မိတော့ဘူး။ ဘယ်ဟာက ရှေ့ပိုင်းမှာ ဖြစ်လို့ ဘယ်ဟာက နောက်မှဖြစ်တယ်ဆိုတာကိုလည်း ဝေခွဲမရ တော့ဘူး။ ဟိုတစ်စ ဒီတစ်စ ပြတ်တိပြတ်တောင်းလောက်ကိုတော့ မနေ့က တွေ့ခဲ့ရသလိုပဲ။ ထင်ထင်ရှားရှား မှတ်မိပြန်တယ်။

ကျွန်တော်တို့တစ်တွေ တောထဲကို ဖြတ်သွားတဲ့အခါ အဝေးဆီက မိုးချုန်းသံလိုလို ဗုံးပေါက်ကွဲသံတွေကို ကြားနေရတယ်။ ရှေ့ဆက်သွားတာ နဲ့အမျှ ဗုံးပေါက်ကွဲသံတွေဟာ တဖြည်းဖြည်း ကျယ်လောင်လာတယ်။ ပိုပြီး ပီပီသသ ကြားလာရတယ်။ ကျွန်တော်တို့ ဖြတ်သွားရတဲ့တောကြီးက သစ်ပင်တွေ ပြွတ်သိပ်ပြီး ထူလွန်းတဲ့အတွက် နေရောင်ခြည်ကို လုံးဝမမြင်ရ ဘူး။ တစ်ခါတစ်ခါ သစ်ကိုင်းသစ်ရွက်တွေရဲ့ကြားမှာ လျှပ်စီးလက် လိုက် သလို ဝင်းခနဲဝင်းခနဲ အလင်းရောင်တွေ ပေါ်လာတယ်။ ကျွန်တော်တို့လည်း အလင်းရောင်တွေ ပေါ်လာသလို "တစ် နှစ်၊ သုံး လေး"လို့ နှုတ်ကရေတွက် နေကြတုန်း "ဝုန်း"ဆိုတဲ့ ပေါက်ကွဲသံကြီး ကျရောက်လာတော့တယ်။ အနီး ပတ်ဝန်းကျင်မှာ ရှိတဲ့သစ်ပင်ထိပ်ဖျားတွေ အားလုံးတုန်ခါယိုင်ယိုင်သွားကြ တော့တယ်။ သစ်ပင်ပေါ်မှာ နားနေတဲ့ငှက်တွေလည်း လန့်ပြီးထပျံကုန်ကြ

တယ်။ သူတို့ခမျာ လန့်လွန်းလို့ အသံထွက်အောင်တောင် မအော်နိုင်ကြဘူး။ သစ်ပင်တွေအကြား တစ်နေရာမှာတော့ နစ်ပေလောက်ရှိတဲ့ ဖွတ်ကြီးနစ်ကောင်ဟာ တစ်ကောင်ရဲ့ပါးစပ် တစ်ကောင်ခဲပြီး ငြိမ်သက်နေတာကို တွေ့လိုက်ရတယ်။ သေသွားကြပြီနဲ့ တူတယ်။

နောက်ဆုံးတော့ ကျွန်တော်တို့တပ်တွေ တောထဲက ထွက်လာခဲ့ကြတဲ့အချိန်မှာတော့ အပြင်ဘက်မှာ ဝင်းထိန်လာတော့တယ်။ ကျွန်တော်တို့ရဲ့ ရှေ့တည့်တည့်မှာ မီးခိုးရောင်တြိဂံတောင်မကြီးကို မားမားကြီးတွေ့လိုက်ရတယ်။ ကျောက်ဆောင် ကျောက်သားတွေနဲ့ ဖွဲ့စည်းထားတဲ့တောင်ကတုံးကြီးပဲ။ တောင်ခြေမှာရှိတဲ့ စမ်းချောင်းရဲ့ တစ်ဖက်ကမ်းကနေ ဧရာမလိုက်ကာကြီး ထောင်ထားသလို မားမားမတ်မတ်ဖြစ်နေတဲ့ ချောက်ကမ်းပါးယံရဲ့ မျက်နှာပြင်ပေါ်မှာတော့ ပျားအုံကြီးလို အပေါက်ပေါက်တွေက ဗရပွဖြစ်နေတယ်။ ကျောက်တုံးစခန်းတွေလား ဒါမှမဟုတ် လူတွေခိုအောင်းဖို့ တမင်လုပ်ထားတာလား မပြောတတ်ဘူး။ အဲဒီအခေါင်းတွေဟာ အတွင်းပိုင်းမှာ အလျားလိုက် ထောင်လိုက် လိုဏ်ခေါင်းတွေနဲ့ ဆက်သွယ်ထားကြပုံပဲ။ အဲဒီအပေါက်တွေရဲ့အဝမှာတော့ ပါးလွှာတဲ့ ယမ်းငွေ့တန်းကလေးတွေဟာ နေရောင်အောက်မှာတော့ နံရံပေါ်ကိုလွှားတက်နေကြတယ်။ တစ်ခါတလေ ဥမင်ပေါက်တချို့ကနေ ဒိုင်းခနဲ ဒိုင်းခနဲ သေနတ်သံတွေနဲ့အတူ မီးပွင့်ကလေးတွေ ဝင်းခနဲ ဝင်းခနဲထွက်လာတာကို မြင်နေရတယ်။ ခြောက်သွေ့ပြီး မှန်တိုင်းထန်နေတဲ့ တောင်မကြီးတစ်ခုလုံးဟာ အသက်ဝင်နေတဲ့ ဧရာမသတ္တဝါကြီးတစ်ကောင်လို မြင်နေရတယ်။

တိုက်ပွဲဝင်နေတဲ့ အင်္ဂလိပ်စစ်တပ်ကတော့ တောထဲမှာပဲ နေရာယူထားကြတယ်။ ကျွန်တော်နဲ့အတူ လမ်းပြလိုက်လာတဲ့ အင်္ဂလိပ်စစ်သားရဲ့ကျေးဇူးကြောင့် ကျွန်တော်ဟာ အင်္ဂလိပ်တပ်မှူးနဲ့ ချက်ချင်းတွေ့ခွင့်ရခဲ့တယ်။

တပ်မှူးက လူရွယ်လူလတ်တစ်ယောက်ဖြစ်ပြီး ဆံပင်ဖြူတွေ သမ်းနေတယ်။ တစ်ခုခုဆုံးဖြတ်ပြီးရင် ပြတ်ပြတ်သားသားလုပ်မယ့်ပုံစံမျိုးပဲ။

ကျွန်တော်က လာရင်းကိစ္စကို အသေးစိတ်ရှင်းပြတဲ့အခါ ငြိမ်ပြီးနားထောင်နေတယ်။ ကျွန်တော့်စကားလည်း ဆုံးရော ကျွန်တော့်ကို စိုက်ကြည့်နေပြီးမှ သူပဲ ဆုံးဖြတ်ချက်ကို ချက်ချင်း ပြောချလိုက်တယ်။

“ကောင်းပြီလေ သူတို့ကို လက်နက်ချဖို့ တိုက်တွန်းပါ။ ဒါပေမဲ့ အချိန်မိနစ်သုံးဆယ်ပဲ ပေးမယ်။ ဒီထက် နည်းနည်းကလေးမှ ပိုပြီးမစောင့်နိုင်ဘူး”

ကျွန်တော်က တပ်မှူးကို အလေးပြုပြီး ထွက်ခွာသွားမယ်လုပ်တဲ့အခါ သူက နောက်ကနေပြီး ခုလိုအော်ပြီး ပြောလိုက်တယ်။

“ခင်ဗျားရဲ့သံတမန်လုပ်ငန်း အောင်မြင်ပါစေဗျာ”

ကျွန်တော်ဟာ အင်္ဂလိပ်စစ်တပ်ရဲ့နယ်မြေကနေ တြိဂံတောင်မကြီးကို ဦးတည်ပြီး လျှောက်လာခဲ့တယ်။ လမ်းမှာတော့ ကတုတ်ကျင်းတွေ အများကြီး အများကြီးကို ကျော်လွှားပြီး လာခဲ့ရတယ်။ ဘေးပတ်ဝန်းကျင်မှာတော့ ကျည်သင့်ထားတဲ့ သစ်ပင်တွေဟာ အပိုင်းပိုင်းပြိုလဲနေကြပြီး သစ်ပိုင်းစတွေဟာ မီးလောင်ထားတဲ့ ဒဏ်ရာတွေ ဗရပွကျဲနေတော့တယ်။ ကျဆုံးသွားတဲ့ စစ်သားတွေရဲ့အလောင်းတွေကို နေရာအနှံ့တွေ တုံးလုံးပက်လက်မြင်နေရတယ်။ ပျက်စီးသွားတဲ့ အမြောက်ကြီးတွေရဲ့ ခွေးသွားစိပ်ဘီးကြီးတွေ၊ လက်နက်အပိုင်းအစတွေ၊ သံတိုသံစတွေဟာ နေရာအနှံ့ ပြန့်ကျဲနေတယ်။ မြေပြင်တစ်ခုလုံးဟာလည်း မီးလောင်ထားလို့ ပြာတွေ၊ မီးသွေးတွေနဲ့မည်းနေတယ်။ မီးလောင်မြေထက်တောင် ပိုပြီး အရုပ်ဆိုး အကျည်းတန်နေတော့တယ်။

ကျွန်တော်တို့ဟာ နောက်ဆုံးကတုတ်ကျင်းပေါ်ကနေ ကျောက်တုံးတစ်တုံးပေါ်တက်ပြီး ကိုယ်ယောင်ပြလိုက်တဲ့အခါမှာတော့ တြိဂံတောင်မကြီးဆီက သေနတ်သံတွေ တဒက်ဒက်ထွက်ပေါ်လာပြီး ကျွန်တော်ရဲ့ခြေဖျားဆီကို ကျည်ဆန်တွေ ပလူပျံပြီး ကျလာတော့တယ်။ ကျွန်တော်ရဲ့နောက်ဘက်က ဝါးပင်တွေ ပေါက်နေတဲ့ ခင်တန်းတောကလေးဟာ လေသင်တုန်းနဲ့တွေ့လိုက်သလို ရှဲခနဲ မြည်သွားပြီး ဝါးပင်တွေဟာ မမြင်ရတဲ့ တံစဉ်ကြီးနဲ့

တိခနဲဖြတ်ချလိုက်သလို အပြိုင်းပြိုင်းလဲပြိုကျကုန်ကြတယ်။ ကျွန်တော်လည်း ချက်ချင်းဝပ်ချလိုက်ရတယ်။

အဲဒီတုန်းက ကျွန်တော့်နားထဲမှာ ဘာဆို ဘာသံမှ မကြားရတော့ဘူး။ ကျွန်တော့်မျက်စိရှေ့မှာတော့ အသံတိတ်ကားကြီးကြည့်နေရသလို ကျောက်တုံး ကျောက်ဆောင်ပေါ်မှာ ကျည်ဆန်တွေ ဖွာခနဲကျလာလိုက်၊ ဝါးပွင့်တွေ ပြိုင်းခနဲ လဲကျသွားလိုက်ဖြစ်နေတာကို မြင်နေရတယ်။ ကျွန်တော့်ကိုယ်၌က တြိဂံတောင်မကြီးဆီကို ဦးတည်ပြီး လှမ်းအော်နေတာကိုတောင် တခြားလူတစ်ယောက်ယောက်က အော်နေတာလားလို့ အောက်မေ့ရတယ်။

ခဏကြာတော့ ကျွန်တော်ဟာ နောက်တစ်ခါထပြီး လက်နှစ်ဖက်ကို အစွမ်းကုန် ဝှေ့ယမ်းပြလိုက်တယ်။ ရလဒ်ကတော့ ဒုတိယမွှိကျည်ဆန်မိုးတွေ ရွာချလာတာပါပဲ။ စက်သေနတ်ကျည်ဆန်တွေဟာ မြေပြင်ပေါ်မှာ ချုပ်ရိုးကြောင်းလို တန်းစီကျလာပြီး ဖုန်မှုန့်တွေကလည်း ဖွာခနဲ ဖွာခနဲထလာကြတယ်။ ကျောက်ဆောင်ကလေးတွေ ကြွေကုန်ကြပြီး မြက်ပင်တွေကလည်း မီးညွှန့်တွေ ထတောက်ကုန်တယ်။ ကျွန်တော်လည်း နောက်တစ်ခါ ပြန်ပြီး ဝပ်ချလိုက်ရပြန်တယ်။

ဒီလိုနဲ့ အတော်ကြာအောင် ထရပ်လိုက် ပြန်ဝပ်လိုက်နဲ့ အပြန်ပြန် အလှန်လှန် ဖြစ်နေပြီးတဲ့နောက်မှာ ကျွန်တော်ဟာ ကျောက်တုံးပေါ်က ခုန်ချလိုက်ပြီး ရှေ့တည့်တည့်ကို အစွမ်းကုန် ပြေးလွှားချီတက်လိုက်ရတော့တယ်။ အဲဒီလိုပြေးလွှားမိလိုက်တဲ့အခါ ကျွန်တော့်ကို ဂျပန်စစ်သားမှန်း သိသွားကြပုံပဲ။ ချက်ချင်း သေနတ်သံတွေ ရပ်ဆိုင်းသွားတော့တယ်။

ကျွန်တော်လည်း တြိဂံတောင်မကြီးရဲ့ ကမ်းပါးဘက်ဆီကို တွားတက်လာခဲ့တယ်။ အဲဒီအခါမှာ ဂူဝကြီးတစ်ခုဆီက လက်တွေ ထွက်လာပြီး ကျွန်တော့်ကို ဂူထဲကို ဆွဲတင်လိုက်တယ်။

"အားပါး တယ်ဟုတ်ပါလားကွ"

“ဒီကိုရောက်အောင် လာနိုင်သားပဲကွ”

“မင်းဘယ်တပ်ကလဲ”

ဂျပန်စစ်သားတွေက အဲဒီလိုဝမ်းသာအားရ တစ်ယောက်တစ်ပေါက် ဝိုင်းမေး လာကြတယ်။

“မင်းတကယ် သတ္တိကောင်းတာပဲ၊ ကဲ ကဲ ဒါလေးသောက်လိုက်ဦး”

စစ်သားတစ်ယောက်က ဟန်းကောအဖုံးထဲမှာ ရေထည့်ပြီး လာတိုက်တယ်။ ကျွန်တော်လည်း အငမ်းမရ ဂွတ်ခနဲ မော့သောက်လိုက်မိတယ်။ ပြီးမှ သတိထားကြည့်တဲ့အခါ ရေမဟုတ်ဘဲ အရက်တွေဖြစ်နေမှန်း သိလိုက်ရတယ်။

ငါတို့ ဒီကနေ သေတဲ့အထိ ခံတိုက်သွားမယ်ကွ။ မင်းလည်း တို့နဲ့အတူ ဝင်တိုက်ပေါ့။ မင်းမှာ သေနတ်ပါမလာဘူးလား။ ကဲ ကဲ ဒါဆိုဟောဒီ သေနတ်ကိုယူ”

စစ်သားတစ်ယောက်က အဲဒီလိုပြောပြီး ကျွန်တော့်ဆီကို ရိုင်ဖယ် တစ်လက် ကမ်းပေးလာတယ်။

ခဏကြာတော့ လိုဏ်ခေါင်းထဲက ဗိုလ်ကြီးနဲ့ တူတဲ့လူတစ်ယောက် ငုံ့ပြီး ထွက်လာတယ်။ လိုဏ်ခေါင်းထဲမှာက မှောင်နေတော့ အစပိုင်းမှာ ဘာဆိုဘာမှ မမြင်ရဘူး။ ခဏတစ်ဖြုတ် မျက်စိကျင့်သားရလာတဲ့အခါကျမှ သေသေချာချာ ကြည့်လိုက်တဲ့အခါ လိုဏ်ခေါင်းဝမှာ ဂျပန်စစ်သားတွေ တစ်ပြုံကြီး စုဝေးထိုင်နေတာကို တွေ့လိုက်ရတယ်။ သူတို့အားလုံး ကျွန်တော့်ကို ဝိုင်းပြီး စိုက်ကြည့်ရင်း ခပ်ယွဲ့ယွဲ့ကလေး ပြုံးနေကြတယ်။

“ဒီကိုရောက်အောင် လိုက်နိုင်သားပဲကွ၊ တခြားလူတွေကကော ဘယ်မှာလဲ”

သူတို့အားလုံး ခေါင်းစည်းတွေ စည်းထားကြပြီး ခါးအထက်ပိုင်းမှာ ဗလာကျင်းနေကြတယ်။ ပြီးတော့ ယမ်းခိုးယမ်းငွေ့တွေနဲ့ တစ်ကိုယ်လုံး မည်းသည်းနေကြပြီးပိန်လှီနေကြတယ်။မျက်လုံးတွေကလည်းနီရဲနေကြတယ်။

သူတို့ရဲ့ဗိုလ်ကြီးကတော့ ပခုံးကျယ်ကျယ် မျက်နှာဝိုင်းဝိုင်း အသားနီစပ်စပ်နဲ့ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတွေနဲ့ အတော့်ကိုပြတ်သားတဲ့ ရုပ်မျိုးပဲ။ အောက်လက်ငယ်သားတွေရဲ့ ကြည်ညိုလေးစားခြင်းခံရတဲ့ပုံ ဥပဓိရုပ်မျိုးလည်း ရှိတယ်။ ဗိုလ်ကြီးဟာ သူ့ရဲ့စစ်သားတွေ ခုလို နောက်ဆုံးအချိန်အထိ ဇွဲနပဲနဲ့ တိုက်ပွဲဝင်နေတာကို တခြားတစ်နေရာက ရောက်လာတဲ့ကျွန်တော့်ကို ပြခွင့်ရတဲ့အတွက် ဂုဏ်ယူနေပုံရတယ်။

သူက ကျွန်တော့်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း မျက်လုံးတဝင်းဝင်းနဲ့ ခုလိုပြောလာတယ်။

"တွေ့တယ်မဟုတ်လား၊ ကျုပ်တို့စစ်သားတွေ ဘယ်လောက်အထိအောင် ဇွဲကောင်းကောင်းနဲ့ ခုခံနေတယ်ဆိုတာ။ အင်း ဒါနဲ့ မောင်ရင်သတင်းတစ်ခုခု ပေးဖို့ ရောက်လာတာ မဟုတ်လား"

အဲဒီအခါကျတော့မှ ကျွန်တော်ဟာ သူတို့ရှေ့မှာ သတိအနေအထားနဲ့ မိမိ လာခဲ့ရတဲ့အကြောင်းရင်းကို ရှင်းပြလိုက်တယ်။ ပြီးတော့ အမှားအမှန်ကို ဝေခွဲပြရင်း လက်နက်ချဖို့ တောင်းပန်နေမိတယ်။

ကျွန်တော်က အဲသည်လိုရှင်းပြနေတုန်း စကားမဆုံးခင်မှာပဲ ဗိုလ်ကြီးက အသံကျယ်ကြီးနဲ့ အော်လိုက်တော့တယ်။

"တိတ်စမ်း"

ဗိုလ်ကြီးရဲ့မျက်နှာတစ်ခုလုံး ဒေါသခိုးတွေကြောင့် နီမြန်းလာတော့တယ်။ ဒေါသကြောင့် သူ့ရဲ့နဖူးနဲ့ လည်ပင်းဆီက သွေးကြောကြီးတွေဟာ ပြာနှမ်းသွားပြီး နှုတ်ခမ်းတွေကလည်း တဆတ်ဆတ်တုန်လာကြတယ်။

"လက်နက်ချရမယ် ဟုတ်စ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မရှက်ဘူးလား။ လက်နက်ချအညံ့ခံရမယ်၊ အတော်စိတ်ပျက်ဖို့ကောင်းတဲ့စကားပဲ။ အခုအချိန်အထိ ငါတို့ရဲ့ အသေခံသွားတဲ့ ရဲဘော်တွေမျက်နှာကိုမှ မထောက်ထားတော့ဘူးလား။ ငါ့ရဲ့တပ်သားအားလုံးဟာ မင်းတို့လို လူ

ကြောက်တွေ သူရဲဘောနည်းတဲ့ ကောင်တွေမဟုတ်ဘူးကွ။ ဒီနေရာကနေ တစ်ယောက်မကျန် ကျဆုံးတဲ့အထိ တိုက်မယ့်လူတွေချည်းပဲ"

ကျွန်တော်လည်း ဗိုလ်ကြီးရဲ့စကားကို အခုလိုတုံ့ပြန်လိုက်မိတယ်။

"တစ်ယောက်မကျန် ကျဆုံးကုန်တော့ ဘာဖြစ်လာမှာလဲ ဗိုလ်ကြီး။ ကျွန်တော်တို့အားလုံး အသက်ရှင်ပြီး ကျန်သင့်ပါတယ်။ အသက်ရှင်ပြီး ကျန်နေမှ ဆက်လက်သည်းခံပြီး အလုပ်လုပ်နိုင်ကြမှာပေါ့။ ဒါဟာလည်း တိုင်းပြည်အတွက်ပဲပေါ့"

"ဘာကွ ဘာပြောတယ် ဘာ"

အနီးမှာရှိတဲ့ စစ်သားတွေထဲက တစ်ယောက် ထမေးတော့တယ်။

"ဘာတိုင်းပြည်အတွက်လဲ၊ ပေါက်တတ်ကရတွေ လာပြောမနေနဲ့ လက်နက်ချတာ တိုင်းပြည်အတွက်လားကွ"

အဲသည်လို ပြောလိုက်ပြီးတဲ့နောက် အဲသည်စစ်သားဟာ သူ့ဗိုလ်ကြီးရဲ့ မျက်နှာကို အကဲခတ်ကြည့်လိုက်တယ်။

"ငါတို့တပ်ထဲမှ သေရမှာ ကြောက်တဲ့လူတစ်ယောက်မှ မရှိဘူးကွ"

နောက်ထပ်တစ်ယောက်က အဲသည်လို ထပြောလိုက်ပြီး ဗိုလ်ကြီးရဲ့ မျက်နှာကို လှမ်းကြည့်လိုက်ပြန်တယ်။ ဗိုလ်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်တယ်။

"တို့တိုင်းပြည်တွင်းက လူတွေ တစ်ယောက်မှ လက်နက်မချဘူးဆိုရင် စစ်ရှုံးတယ်လို့ ဘယ်ပြောလို့ရမလဲကွ"

တပ်သားတွေ အဲဒီလို တစ်ယောက်တစ်ပေါက်လျှောက်ပြောရင်း ဥမင်လိုဏ်ခေါင်းထဲမှာ ချထားတဲ့ အရက်စည်ကြီးထဲက အရက်တွေကို တစ်ခွက်ပြီး တစ်ခွက် ငုံ့သောက်နေကြပြန်တယ်။

သူတို့ပြောတဲ့ စကားတွေကို နားထောင်ရင်း ကျွန်တော်က အခုလို တွေးလိုက်မိတယ်။

အခုဒီမှာ ဒေါသူပုန်ထနေတဲ့ လူတွေဟာ သရဲသဘက်အစီးခံနေရတဲ့ သူတွေနဲ့ အလွန်ကို တူတယ်။ သူတို့တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ စိတ်ထဲမှာတော့ အတွေးကိုယ်စီရှိနေကြမှာ သေချာတယ်။ ဒါပေမဲ့ အများရှေ့မှာကျတော့ သူတို့တစ်တွေရဲ့ အတွေးတွေကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ခွင့်မရကြရှာဘူး။ သူတို့ဟာ တစ်ယောက်ကို တစ်ယောက်လိမ်ညာပြီး ဘာတစ်ခုမှ အမှန်အတိုင်း ထုတ်မပြောရဲကြတော့ဘူး။ အများနဲ့ဆန့်ကျင်တဲ့ သဘောတရားတွေကို ဖော်မပြရဲကြသလား။ သူတို့တစ်ဦးချင်းရဲ့ ပကတိဆန္ဒနဲ့ ကင်းကွာနေတဲ့ အတွေးအခေါ်တစ်မျိုးက သူတို့ကို လွှမ်းမိုးစေစားနေကြသလိုပဲ။ ဒါကို သူတို့ ဘယ်လိုနည်းနဲ့မှ ဆန့်ကျင်ဖို့ အင်အားမရှိကြတော့ဘူး။ သူတို့အထဲမှာ တကယ်ပဲ အသေခံပြီး ဆက်တိုက်သွားချင်တဲ့သူတွေ ရှိကြမှာပဲ။ ဒါပေမဲ့ အဲဒီလို အသေခံတိုက်သွားမယ့်အစား တခြားကောင်းတဲ့နည်းလမ်းကို ရှာကြည့်ချင်တဲ့လူတွေလည်း မလွဲမသွေ ရှိကိုရှိရမယ်။ ဒါပေမဲ့ သူတို့ဟာ စိတ်ထဲမှာ ရှိတာကို ဖွင့်ဟပြီး မပြောရဲကြဘူး။ အဲဒီလိုမပြောရဲကြတာကလည်း အများအထင်သေးခံရမှာကို ကြောက်တာထက် လက်ရှိအခြေအနေမှန် အဖြစ်မှန်ကို မသိကြလို့ဘဲဖြစ်မယ်။ ဒီတော့ သူတို့အဖို့ ဘယ်လိုမှ ဝေခွဲပိုင်းဖြတ်လို့ မရကြတော့ဘူး။ သူတို့က ပွင့်ပွင့်လင်းလင်းပြောချင်ကြတဲ့တိုင်အောင် တိကျတဲ့ အထောက်အထားကို တင်ပြဖို့က လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ဒီလိုနဲ့ပဲ တစ်နေ့လုံး ဦးတည်ရာမဲ့ ငြင်းခုံနေခဲ့ကြတာဖြစ်လိမ့်မယ်။

"မောင်ရင်ပြန်တော့ကွာ။ မောင်ရင့်လိုပျော့ညံ့တဲ့လူမျိုးကို ဂျပန်လို့ တောင်မခေါ်ချင်တော့ဘူး။ မောင်ရင်မရှိလည်း ဘာမှဖြစ်မသွားဘူး။ မြန်မြန် သာပြန်ပါတော့"

စစ်သားတစ်ယောက်က အဲဒီလိုနှင်လိုက်တယ်။

"ဟင့်အင်း မပြန်ဘူးဗျာ။ ခင်ဗျားရဲ့ ရန်လိုတဲ့ အဲဒီသဘောထားဟာ မပြောင်းမချင်း မပြန်ဘူး"

ကျွန်တော်က အဲဒီလို ပြန်ပြောလိုက်တယ်။

"မပြန်ဘူးဆိုရင်တော့ မင်း ဒီမှာတင် သေမှာပဲ၊ မင်းသေရမှာ ကြောက်တယ် မဟုတ်လား"

"အဓိပ္ပါယ်မရှိဘဲနဲ့တော့ မသေချင်တာအမှန်ပဲ"

"ဟား ဟား ဟား မင်းက ငါတို့တစ်တွေ ဒီမှာတိုက်ရင်း အသေခံသွားကြတာကို အဓိပ္ပါယ်မရှိဘူးလို့ ဆိုချင်တာပေါ့လေ"

"ဟုတ်တယ်။ အဲဒီလိုအသေခံတယ်ဆိုတာ ဂျပန်ပြည်အတွက်လည်း မဟုတ်ဘူး။ ဂျပန်လူမျိုးတွေအတွက်လည်း မဟုတ်ဘူး။ ကိုယ့်အတွက်လည်း မဟုတ်ဘူး။ ဘာဆိုဘာမှ အဓိပ္ပါယ်မရှိဘူး"

"ဘာပြောတယ်ကွ"

စစ်သားတစ်ယောက်က ကျွန်တော့်ကို ဒေါသတကြီးနဲ့ လှမ်းထိုးလိုက်တယ်။ အဲဒီအခါမှာ ကျွန်တော်က ဘေးဘက်ကိုယိမ်းသွားတဲ့အတွက် သူ့ရဲ့ လက်သီးဟာ ကျွန်တော့်ကိုမထိဘဲ ပခုံးပေါ်မှာလွယ်ထားတဲ့ ကျွန်တော်ရဲ့ စောင်းကို ထိသွားတယ်။ ပြီးတော့

"ဘာလဲကွ၊ ဒါ ဒါမျိုးကြီးကို ကိုင်ပြီး လျှောက်သွားနေတာ အရူးလား" လို့ ငေါက်လိုက်ပြန်တယ်။

"ဒါက ငါ့ရဲ့ဆက်သွယ်ရေး ကိရိယာကွ"

ကျွန်တော်ကလည်း အနိုင်မခံ အရှုံးမပေးဘဲ ပြန်အော်လိုက်တယ်။ သည်လိုနဲ့ ခွင့်ပြုထားတဲ့အချိန်တွေက တဖြည်းဖြည်းလျော့နည်းလာတော့ တယ်။ ကျွန်တော်က ဗိုလ်ကြီးဘက်ကို လှည့်ပြီး အခုလို ပြတ်ပြတ်သားသား ပြောလိုက်တယ်။

"ဗိုလ်ကြီးခင်ဗျား၊ ဗိုလ်ကြီးအနေနဲ့ ဒီလောက်အဖိုးတန်တဲ့အသက်တွေနဲ့ ရင်းပြီးတိုက်သွားခဲ့လို့ တကယ်လို့များ အဓိပ္ပါယ်မဲ့သေဆုံးကုန်ကြတယ်ဆိုရင် ဗိုလ်ကြီး တာဝန်ယူနိုင်ပါ့မလား။ ဂျပန်ပြည်သူပြည်သားတွေနဲ့ သူတို့ရဲ့မိသားစုတွေကို တောင်းပန်ဝံ့ပါ့မလား"

ဗိုလ်ကြီးဟာ ရုတ်တရက်ငိုင်ပြီး ငြိမ်ကျသွားတယ်။ ကျွန်တော့်စကားတွေက ဗိုလ်ကြီးရဲ့အရှိက်တည့်တည့်ကို ထိသွားပြီနဲ့တူတယ်။ ခဏတစ်ဖြုတ်တွေးနေပြီးမှ တစ်ခုခုကို ဆုံးဖြတ်ပြီးတဲ့အလား အခုလို ဆိုလာတယ်။

"ကောင်းပြီလေ အလုပ်သဘောအရ ရဲဘော်တွေရဲ့သဘောထားကို ထပ်ပြီး မေးကြည့်ရသေးတာပေါ့"

ဗိုလ်ကြီးရဲ့အစီအစဉ်အတိုင်း တပ်သားတွေအားလုံး လိုဏ်ခေါင်းထဲက နေ တခြားဂူထဲကို ဝင်သွားကြတော့တယ်။ ကျွန်တော့်ကို စောင့်ကြပ်ဖို့ တပ်သားတစ်ယောက်သာ ချန်ထားခဲ့တယ်။

ကျွန်တော်က နာရီကို ငုံ့ကြည့်လိုက်တယ်။ သတ်မှတ်ထားတဲ့အချိန်ကို ရောက်ဖို့ ၁၀ မိနစ်ပဲ ကျန်တော့တယ်။ ကျွန်တော့်အဖို့ ရင်တမမဖြစ်လာရတော့တယ်။ လိုဏ်ခေါင်းရဲ့ တစ်ဖက်ဂူထဲဆီက ကျယ်လောင်တဲ့ ငြင်းခုံသံတွေကို ကြားနေရတယ်။ ကျွန်တော်က အဲဒီဘက်ကို လှမ်းပြီး အော်ပြောလိုက်တယ်။

"ငါးမိနစ်အတွင်း အဆုံးအဖြတ်ပေးကြပါ"

အဲဒီအခါ ကျွန်တော့်ကို အစောင့်ချထားတဲ့ စစ်သားက အခုလို တိုးတိုးကလေး မေးလာတယ်။

"ဘယ်လိုများ ဖြစ်ကုန်ကြတာပါလိမ့်ကွာ"

သူ့ကိုကြည့်ရတာ အတော့်ကို စိုးရိမ်နေပုံရတယ်။ ပြီးတော့ သူ့ကိုယ်ကို ပြန်ပြောနေသလိုနဲ့ ပြောပြန်တယ်။

"တစ်ဖက်ဂူထဲမှာ ဒဏ်ရာရနေတဲ့စစ်သားတွေကတော့ အားလုံးမြန်မြန်ကိစ္စပြတ်ချင်ပြီလို့ ပြောနေကြတာပါပဲ"

တစ်ဖက်ဂူထဲမှာတော့ ဗိုလ်ကြီးက မေးခွန်းတစ်ခု မေးလိုက်တိုင်း အားလုံးက ပြိုင်တူဖြေလိုက်တဲ့အသံတွေကို ကြားနေရတယ်။

သုံးမိနစ်လောက်ကြာတော့ စစ်သားအားလုံး ပြန်ထွက်လာကြတယ်။ သူတို့အားလုံး စိတ်လှုပ်ရှားနေကြတယ်။ အခုအချိန်အထိ သူတို့တပ်မှာ အခုလို လှုပ်လှုပ်ရှားရှား တစ်ခါမှဖြစ်ဖူးပုံမပေါ်ဘူး။ တကယ်လို့ တစ်နာရီလောက်သာ စိတ်အေးလက်အေး ရှင်းပြခွင့်ရရင်တော့ သူတို့ထဲက တချို့တလေ စိတ်ပြောင်းလာနိုင်တယ်။ အခုတော့ ဘာမှမတတ်နိုင်ဘူး။ အချိန်ကလည်း နောက်ထပ် ၅ မိနစ်လောက်ပဲ ကျန်တော့တယ်။

ဗိုလ်ကြီးဟာ ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်လိုက်ပြီး အခုလိုအော်ပြောလိုက်တယ်။

"ငါတို့တပ်သားအားလုံးရဲ့ သဘောထားက ငါတို့အားလုံး သေတဲ့အထိ တိုက်သွားမယ် ဒါပဲ"

ကျွန်တော့်အဖို့ ပါးစပ်အဟောင်းသားနဲ့ ကြက်သေသေသွားရတော့တယ်။ သွေးတွေခေါင်းထဲကို ဒိန်းခနဲ ထိုးတက်သွားပြီး အောက်နှုတ်ခမ်းကို ကိုက်ရင်းက ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားတယ်။

စစ်သားတွေကတော့ ဟိုဟိုသည်သည်မှာ "ဗန်ဇိုင်း" "ဗန်ဇိုင်း"လို့ ကြွေးကြော်နေကြတယ်။ ကျွန်တော်ဟာ ဒယိမ်းဒယိုင်နဲ့ဂူဝဘက်ကိုအားယူပြီး လျှောက်သွားလိုက်တယ်။ အဲဒီလိုလျှောက်သွားရင်းက အင်္ဂလိပ်စစ်တပ်ဆီကို အချိန်နည်းနည်း ပိုတိုးပေးဖို့ တောင်းပန်ကြည့်မှပဲလို့ စိတ်ကူးမိလိုက်တယ်။ ဂူဝအရောက်မှာတော့ နောက်ဘက်က စစ်သားတွေရဲ့ကြိမ်းမောင်းသံတွေကို ကြားလာရတယ်။

"သတ္တိမရှိတဲ့အကောင်၊ သူ့ရဲဘောကြောင်တဲ့အကောင်၊ ထွက်သွား မင်း တစ်ယောက်တည်း အပြင်မှာသွားပြီး အသက်ရှင်ကျန်နေခဲ့"

အခြေအနေကတော့ အတော့်ကို ဝမ်းနည်းဖို့ကောင်းတယ်။ သူတို့ရဲ့အသံတွေဟာ နောက်ဆုံးမှာ သေရတော့မယ့်လူတွေက အသက်ရှင်ကျန်ရစ်တော့မယ့် သူ့ကို မကျေမနပ်လှမ်းပြီး ကျိန်ဆဲနေတဲ့အသံတွေကိုပဲ ကြားနေရတယ်။

"ငါသတ္တိမရှိတဲ့အကောင် မဟုတ်ဘူးကွ။ သူ့ရဲဘောကြောင်တဲ့အကောင်လည်း မဟုတ်ဘူး"

သူတို့ကလည်း အခုလိုပြန်ပြောတယ်။

"ဩော် အခု မင်း ရန်သူ့ဆီမှာ သွားပြီး အညံ့ခံမလို့ပေါ့လေ"

"ဒီလောက်တောင် မင်းအသက်ကို နှမြောရလားကွာ"

နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ သူတို့အားလုံး တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ထားတာကို တွေ့လိုက်ရတယ်။

"ကောင်းပြီလေ"

ကျွန်တော်က လှမ်းပြီး အော်ပြောလိုက်တယ်။ အဲဒီလိုအော်ရင်း နာရီကို ငုံ့ကြည့်လိုက်တော့ နောက်ထပ်သုံးမိနစ်လောက်ပဲ ကျန်တော့တယ်။

"မင်းတို့စောင့်ကြည့်ကြ။ နောက်ထပ်သုံးမိနစ်ကြာရင် အင်္ဂလိပ်စစ်တပ်က ပစ်လိမ့်မယ်။ အဲဒီအခါကျရင် မင်းတို့ထက် အရင်ဆုံး သေပြမယ်။ ငါသေသွားရင်တော့ မင်းတို့အားလုံးလက်နက်ချကြပါ။ မင်းတို့ကို လက်နက်ချဖို့ ပြောနေတာဟာ သူ့ရဲဘောကြောင်လို့ သေရမှာ ကြောက်လို့မဟုတ်ဘူးဆိုတာ အဲဒီအခါကျမှ မင်းတို့အားလုံး သဘောပေါက်လိမ့်မယ်"

အဲသည်လိုပြောလိုက်ပြီးတဲ့နောက် ကျွန်တော်ဟာ ဂူဝက ခုန်ချရင်း ရှေ့ကို ပြေးထွက်ခဲ့တယ်။ ခုန်ချပြီး တစ်မိနစ်လောက်ကြာတော့ အင်္ဂလိပ်စစ်တပ်က စပြီးပစ်တော့တယ်။ "ဝုန်း"ဆိုပြီး နားကွဲမတတ် ကျယ်လောင်

လှတဲ့ ပေါက်ကွဲသံကြီးနဲ့အတူ သေနတ်သံတွေ ဆက်တိုက်ပေါ်ထွက်လာတော့တယ်။ တြိဂံတောင်မကြီးဘက်ကလည်း ပြန်ပစ်သံတွေကို ကြားလာရတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးတွေ၊ ယမ်းငွေ့တွေနဲ့ ဖုံးလွှမ်းသွားတော့တယ်။ ခဏကြာတော့ မြူတွေမှိုင်းနေသလို မှုန်ဝါးသွားတော့တယ်။

အဲဒီမြူမှုန်တွေကြားထဲမှာတော့ ကျွန်တော်ဟာ ရင်ထဲမှာ မွန်းကြပ်စွာ ခံစားနေရတဲ့ကြားက စောင်းကိုပိုက်ရင်း ကြိုးစားတီးခတ်နေမိတယ်။ နားရဲ့ဘေး တစ်ဖက်တစ်ချက်မှာတော့ ကျည်ဆန်တွေက ရှီခနဲ ရှီခနဲအသံပေးပြီး ဖြတ်သန်းနေကြတယ်။ ပြိုလဲသံတွေ ပေါက်ကွဲသံတွေဟာလည်း ရင်တုန်ပန်းတုန် ဖြစ်လောက်အောင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဟိန်းထွက်နေတော့တယ်။ တြိဂံတောင်မကြီးရဲ့ချောက်ကမ်းပါးယံဆီက ကျောက်ခဲအစအနတွေဟာ တစ်စီတစ်စစီ ပဲ့ထွက်လွင့်စင်လာကြတယ်။ အင်္ဂလိပ်စစ်တပ်ဘက်ဆီမှာလည်း မြေကြီးတွေ သစ်ပင်တွေ ဖွာခနဲ လွင့်တက်လာလိုက် သစ်ပင်တွေ ပြိုကျသွားလိုက် ဖြစ်နေတော့တယ်။

စောင်းကို ပိုက်သာ တီးနေရတယ်။ ပထမပိုင်းမှာတော့ ကိုယ့်ကိုယ်ကို တီးနေသလား တီးမနေဘူးလားဆိုတာကိုတောင် ဝေခွဲမရအောင် ဖြစ်နေခဲ့တယ်။ ဘာဆိုဘာမှ မကြားရတော့ဘူး။ နားပင်းတစ်ယောက်လို ဖြစ်ခဲ့ရတဲ့ ကျွန်တော့်ရဲ့နားတွေဟာ တစ်စထက်တစ်စ စောင်းသံတွေကို ကြားလာတယ်။ ကျွန်တော့်ခန္ဓာကိုယ်ကြီးရော စိတ်နှလုံးသားပါ အာဟာသဟင်းလင်းပြင်မှာ လွင့်မျောနေသလို ခံစားရင်းက အသံတွေ ပီပီသသကြားလာရတော့တယ်။

နောက်ဆုံးမှာ စောင်းသံဟာ ပီပီသသ ထွက်ပေါ်လာခဲ့တယ်။ ဒီလောက်တစ်ခါမှ အသံကျယ်ကျယ် ပီပီသသမထွက်ခဲ့ဖူးဘူး။ ပတ်ဝန်းကျင်လေထုထဲမှာတော့ ယမ်းငွေ့တွေ တလူလူဝေပြီး နေခဲ့တယ်။ တစ်ခါတလေ အနီးအနားမှာ ကျည်ဆန်တွေ ကျလာတဲ့အတွက် ကျွန်တော့်တစ်ကိုယ်လုံးကို ဖုန်မှုန့် သဲမှုန့်တွေ ကျောက်ခဲစတွေနဲ့ ဖုံးလွှမ်းသွားတဲ့အခါလည်း ရှိတယ်။

"မြည်လိုက်စမ်းပါ့ ဖေ့သားကြီး ရွှေစောင်းရာ၊ မင်းရဲ့ကြိုးတွေ ပြတ်တဲ့ အထိ မြည်ပြလိုက်ပါ။ မင်းရဲ့စောင်းကြိုးတွေလည်း ပြတ်ကြွေ ငါရဲ့အသက် ဝိညာဉ်တွေလည်း ကြွေပြုန်း အဲဒီအခါကျ ငါရဲ့အချစ်ဆုံး ရဲဘော်တွေကို ကယ်တင်ရာ ရောက်မှာကွ"

ဒါပေမဲ့ အဲဒီအချိန်မှာ ကျည်ဆန်တစ်တောင့်က ကျွန်တော့်ရဲ့လက်ထဲ က စောင်းအိုးကို လာပြီး ထိမှန်တော့တယ်။ စောင်းရဲ့လက်ကိုင်မှာ အလှဆင် ထားတဲ့ သစ်ခွပန်းကလေးတွေ အနီရောင်ငှက်တောင်ကလေးတွေ ဖွာခနဲ လွင့်ထွက်ကုန်တော့တယ်။ ပြီးတော့ စောင်းအိုးကလေးဟာလည်း လေးတွဲ့တဲ့ အသံနဲ့အတူ ဂွပ်ခနဲ ကွဲသွားတော့တယ်။ ဘယ်လိုပဲတီးတီး အသံထွက်မလာ တော့ဘူး။

"သွားပြီ"

ကျွန်တော်ရဲ့နှုတ်ဖျားက အော်ပြီး ညည်းလိုက်တယ်။

"တီးလို့ မရတော့ဘူး'

ကျွန်တော့်အဖို့ အရာခပ်သိမ်း ဆုံးရှုံးသွားခဲ့ရတော့တယ်။ ကျွန်တော့်ရဲ့ သံတမန်လုပ်ငန်းဟာလည်း သဲထဲရေသွန်သလို အချည်းအနှီးဖြစ်ကုန်တယ်၊ ကျွန်တော်ဟာ ခဏတစ်ဖြုတ် ငိုင်ကျသွားပြီး စိတ်ပျက်လက်ပျက်နဲ့ စောင်း ပျက်ကလေးကို ကိုင်ဆွဲရင်း မတ်တတ်ထရပ်လိုက်တယ်။

အဲသည်အချိန်မှာ ကျွန်တော့်ပေါင်တစ်ဖက်ကို ဝါးရင်းတုတ်နဲ့ ကိုင်ရိုက် ခံလိုက်ရသလို ကျင်ခနဲဖြစ်သွားပြီး မြေပြင်ပေါ် ပုံ့ခနဲ လဲကျသွားတော့တယ်။ ချက်ချင်း ပြန်ထနိုင်ဖို့ ကြိုးစားကြည့်ပေမယ့် ထလို့မရတော့ဘဲ မြေကြီးပေါ်ကို ပြန်ပြီး လဲကျသွားပြန်တယ်။ ခြေထောက်တစ်ဖက်မှာလည်း စိုစိစိဖြစ်နေတဲ့ အတွက် ကြည့်လိုက်တဲ့အခါ သွေးတွေ တရဟောစီးထွက်နေတာကို တွေ့ လိုက်ရတော့တယ်။

ကျွန်တော်ဟာ မြေကြီးပေါ်မှာ လဲကျနေရာက သတိကလည်း ရတစ်ချက် မရတစ်ချက် ဖြစ်လာတော့တယ်။

"ငါ သတိလစ်သွားလို့ မဖြစ်သေးဘူး"

ကိုယ့်ကိုယ်ကို စိတ်ထိန်းရင်း အားခဲထားလိုက်မိတယ်။ အဲဒီအချိန်မှာ ကျွန်တော်ရဲ့စိတ်တွေဟာ အံ့သြလောက်အောင် အေးဆေးငြိမ်သက်လာကြပြီး သက်သောင့်သက်သာ ခံစားလာရတော့တယ်။ ကိုယ့်ကိုယ်ကိုတောင် အမှတ်မရတော့တဲ့အပြင် ထိတ်လန့်တဲ့စိတ် သေရမှာကြောက်တဲ့စိတ်တွေလည်း လုံးလုံး မရှိကြတော့ဘူး။

အခုမှ ပြန်တွေးကြည့်လိုက်တဲ့အခါ အဲဒီတုန်းက ကျွန်တော့်မျက်စိထဲမှာ ဆလိုက်ထိုးထားတဲ့ ပန်းချီကားတွေကို တစ်ကားပြီးတစ်ကား စိတ်အေးလက်အေး ကြည့်နေရသလို ခံစားခဲ့ရတယ်။

ချောက်ကမ်းပါးရဲ့ဂူဝမှာ တလွင့်လွင့် လွင့်ထူနေတဲ့ အလံဖြူကလေးပြီးတော့ ဂူဝထဲက ဒယိမ်းဒယိုင်နဲ့ထွက်လာကြတဲ့ ဂျပန်စစ်သားလူတန်းကြီး။ အင်္ဂလိပ်စစ်တပ်က အပစ်အခတ်ရပ်စဲသွားကြပုံ။

ကျွန်တော်ဟာ ခေါင်းထဲမှာ မူးနောက်နောက်ခံစားရင်းက မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်တယ်။ အခုထက်ထိ ကောင်းကောင်းမှတ်မိနေသေးတယ်။ ကောင်းကင်ကြီးတစ်ခုလုံး ဆည်းဆာရဲ့ နေရောင်ခြည်အောက်မှာ အဖြူရောင်တိမ်သားတွေဟာ အရောင်မျိုးစုံတောက်ပပြီး တရွေ့ရွေ့ မျောပါနေကြတယ်။ အဲဒီနောက်ပိုင်းမှာတော့ တိမ်သားတွေအားလုံး ဘေးပတ်ပတ်လည်မှာရှိတဲ့ တောင်တန်းကြီးတွေနဲ့အတူ ကျွန်တော့်ဆီကို ဦးတည်ပြီး အလျင်အမြန် ပြေးလာနေကြတာကို မြင်ယောင်လာမိတယ်။

ခဏကြာတော့ ကျွန်တော်ရဲ့ မျက်လုံးထဲမှာ ကျောက်ဆောင်ကြီးရဲ့ ဂူဝဆီကနေ ပစ္စည်းအမျိုးမျိုးကို သယ်ယူနေကြတာကို မြင်လာရပြန်တယ်။ အဲဒီတုန်းက ကျွန်တော် သတိနည်းနည်းရသေးတယ်။ လက်ချောင်းတွေက

လည်း ခြောက်၊ အာခေါင်တွေကပူပြီး တစ်ကိုယ်လုံး မီးလောင်ထားသလို ခံစားနေရတယ်။ အဲဒီနောက် နည်းနည်းအာရုံစိုက်ပြီး နားထောင်ကြည့်လိုက်တဲ့အခါမှာတော့ နားထဲမှာ ရေစီးသံလိုလို ဘာသံလိုလို ကြားလာရတယ်။

ဒါနဲ့ ဘာမှမစဉ်းစားတော့ဘဲ ရေသံလာရာကို ကြိုးစားပြီး ဟပ်လျားထိုးသွားကြည့်တယ်။ ကျွန်တော့်ကိုယ်ပေါ်က ဒဏ်ရာတွေက လုံးဝနာကျင်မှု မရှိကြပေမယ့် လုံးဝလှုပ်ရှားလို့ မရတော့ဘူး။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ခဲတွေနဲ့ လောင်းထားသလို သစ်ပင်မှာ ကြိုးနဲ့ချည်နှောင်ထားသလို တောင့်တင်းပြီး နေတော့တယ်။

ဒါနဲ့ ခဏတစ်ဖြုတ်နားပြီး ဆက်ပြီး ဟပ်လျားထိုးသွားရင်း ကမ်းပါးကြီးတစ်ခုအောက်က ကျောက်ဖျာကြီးတစ်ခုပေါ် ရောက်လာခဲ့တယ်။ ကျောက်ဖျာကြီးရဲ့အောက်မှာတော့ ရေတံခွန်က ရေစီးကျသံတွေကို ကြားနေရတယ်။ ရေသံလာရာဘက်ကို ဆက်ပြီး ရွေ့လျားသွားတဲ့အခါမှာတော့ ကျောက်ဆောင်စွန်းကနေ ဖြုတ်ခနဲ ပြုတ်ကျသွားတော့တယ်။ ပေသုံးလေးဆယ်လောက် အမြင့်ကနေ ပြုတ်ကျတာဆိုတော့ အဲသည်မှာပဲ လုံးဝသတိလစ်သွားတော့တယ်။

(၄)

သတိရလာလို့ မျက်လုံး ဖွင့်ကြည့်လိုက်တဲ့အခါ ကျွန်တော့်တစ်ကိုယ်လုံး သင်္ကန်းတွေနဲ့ဖုံးပြီး ရဟန်းတစ်ပါးအဖြစ် ရောက်နေတာကို တွေ့လိုက်ရပါတယ်။

"မုဒုံကို ရောက်အောင်သွားရမယ်" ကျွန်တော့်နှလုံးသားထဲမှာ အဲဒီအမိန့်ပေးသံကြီးကို ကြားလိုက်ရတယ်။

မုဒုံမြို့လို့သာ ပြောရတယ်။ ကျွန်တော့်အဖို့ ဘယ်လို သွားရမှန်းမသိဘဲ တောင်ဘက်အရပ်ဆီကိုသာ မှန်းပြီးတော့ တောင်လျှိုမြောင်တွေကို ဖြတ်ကျော်ကာ ခရီးနှင်လာခဲ့ရတယ်။

နောက်ဆုံးမှာတော့ မြေပြန့်လွင်ပြင်ဘက်ကို ရောက်လာပြီး မြန်မာတွေရဲ့ ရွာတွေကို တွေ့လာရတယ်။ ရှေ့ကိုဆက်ပြီး သွားမိလေလေ မြစိမ်းရောင် လယ်ကွင်းပြင်ကြီးတွေကို ရှုလို့မဆုံးအောင် တွေ့နေရလေလေပဲ။ အတော့ကို အေးချမ်းသာယာလှတဲ့ လယ်တောတွေပါပဲ။ ဒီနေရာဟာ ယဉ်ကျေးမှုအစဉ် အလာ ကြီးမားခဲ့တဲ့ဒေသ တိုးတက်တဲ့ဒေသပဲ ဖြစ်နိုင်တယ်။

ဟိုဟိုသည်သည်ကို ကြည့်လိုက်တဲ့အခါ လယ်သမားတွေဟာ ကျွဲကို အသုံးပြုပြီး ထွန်ယက်နေကြတာကို တွေ့ရတယ်။ တချို့နေရာတွေမှာတော့ ကျွဲတွေရဲ့ ကျောကုန်းနဲ့ ဦးချိုတွေအပေါ်ကို ဗျိုင်းဖြူတွေ လာနားနေတာကို တွေ့ရတယ်။ ဒီလိုနဲ့ ကျွဲတွေ လယ်ထွန်ရင်းက လယ်ကွင်းရဲ့ တစ်ဖက်စွန်းကို ရောက်သွားတဲ့အခါ လယ်သမားက ထယ်ရွှေးကို နောက်ပြန်လှည့်ဖို့ ကြိမ် တုတ်နဲ့ ဗျန်းခနဲ ရိုက်လိုက်တယ်ဆိုရင်ပဲ စောစောက ကျွဲတွေအပေါ်မှာ နားနေတဲ့ ဗျိုင်းတွေလည်း လန့်ပြီး ထပျံသွားကြတယ်။

တစ်နေ့မှာ ကျွန်တော် လမ်းလျှောက်သွားနေတုန်း တိမ်ညိုတိမ်မည်းတွေ အုံ့ဆိုင်းလာပြီး မိုးသက်လေတွေက တဟူးဟူးတိုက်လာတယ်။ ကောင်းကင် ပေါ်မှာတော့ ဗျိုင်းအုပ်ကြီးတစ်အုပ်က လေထဲမှာ ငွမ်းမျှင်တွေ မျောနေ သလိုပဲ ပျံသန်းနေကြတယ်။ မကြာခင်မှာ ဒီမိုးတွေ ရွာချလာတော့တယ်။ မြန်မာပြည်မှာက မိုးရွာပြီဆိုရင် သိပ်ပြီး သည်းထန်တယ်။ ကြည့်ရင်း ကြည့်ရင်းက လေးဖက်လေးတန်မှာ မိုးသီးမိုးပေါက်တွေ ပြုကျလာပြီး ရေကူး နေစဉ်ကလိုပဲ အသက်ရှူရ ခက်လာတော့တယ်။

အတော်လေးကြာတော့ မိုးစဲသွားပြီး ကောင်းကင်ကြီးလည်း ပြန်ပြီး ကြည်လင်လာတော့တယ်။ မြေပြင်မှာလည်း လင်းလင်းရှင်းရှင်း ဖြစ်လာတဲ့ အပြင် မိုးပေါ်မှာ ကြီးမားတဲ့ သက်တံ့ကြီး ပေါ်လာတယ်။ စောစောက တွေ့နေခဲ့ရတဲ့ မြူမျှင်တွေဟာလည်း ကန့်လန့်ကာကို ဆွဲဖွင့်လိုက်သလို ရှင်းကုန်ကြတယ်။ သက်တံ့ကြီးရဲ့အောက်မှာတော့ လယ်သမားတွေဟာ တေးတကြော်ကြော် အော်ဆိုရင်း လယ်ထွန်နေကြတာကို တွေ့နေရတယ်။

အဲဒီ မြန်မာတွေရဲ့ ရွာတွေမှာ သူတို့ရဲ့ ခြံပေါက်ဝနားမှာသွားရပ်ပြီး လက်အုပ်ချီပြလိုက်တာနဲ့ လှူဖွယ်ဝတ္ထုတွေကို လှူကြတော့တာပဲ။ တစ်ခါတလေကျတော့လည်း ဘုန်းကြီးကျောင်းတွေမှာ တည်းရတယ်။ အဲဒီလိုအခါမျိုးမှာ တခြားဘုန်းကြီးတွေက ကျွန်တော့်လက်ပတ်ကို မြင်တယ်ဆိုရင်ပဲ ဝိုင်းပြီး အရိုအသေပေးကြလွန်းလို့ ကြာတော့ ခွကျလာတော့တယ်။ အမှန်တော့ ကျွန်တော်က ရဟန်းသံဃာတော်တွေရဲ့ ဝိနည်းတို့ ဘာတို့ကို ဂဃနဏ သိထားတာမှ မဟုတ်တာ။

တစ်ခုထူးဆန်းတာက ဒီဗုဒ္ဓဘာသာနိုင်ငံမျိုးမှာတောင် အလွန်အကျွံကျင့်ကြံတဲ့ ဘုန်းတော်ကြီးတွေ ရှိနေကြတာပဲ။ ကျွန်တော်ဟာ များသောအားဖြင့် ဝစီပိတ်လုပ်နေပြီး လူတွေကို မသိကျိုးကျွံ လုပ်နေလေ့ရှိတယ်။ မြန်မာလူမျိုးတွေကလည်း သူတစ်ပါးအရေးကို စွက်ဖက်နှောက်ယှက်မှု ကင်းကြတဲ့အတွက် ကျွန်တော့်လို ဘုန်းကြီးအတုအယောင်တွေဟာ ဘယ်နေရာကိုပဲသွားသွား ငြိမ်နေလိုက်ရင် ဘယ်သူမှ သံသယ မဝင်ကြတော့ဘူး။

ရွာတစ်ရွာကို ရောက်သွားတော့ တစ်ရွာလုံး ဒူးရင်းသီးနံ့တွေ မွှန်ထူနေတယ်။ ဆိုင်းသံမောင်းသံ စောင်းခတ်သံတွေကလည်း စီစီညံနေကြတယ်။ ရွာသူရွာသားတွေဟာ ညနေစောင်းအချိန်ကို စောင့်နေကြပြီး မိုးချုပ်လာ တာနဲ့ လုံချည်အင်္ကျီ အသစ်တွေဝတ် ပန်းတွေပန်ပြီး အိမ်ထဲက ထွက်လာကြတယ်။

ဒီရွာမှာ “ပွဲ”ဆိုတဲ့ အကအခုန်တစ်မျိုး ကျင်းပနေတယ်လေ။ ပွဲမှာက အမျိုးသမီးကလေးတွေဟာ ဇာတ်စင်ပေါ်မှာတက်ပြီး ဝတ်ကောင်းစားလှတွေနဲ့ လက်တွေခြေတွေကို ကွေးလိုက် ခါးကလေးတွေကို ညွတ်လိုက်နဲ့ ဆိုင်းသံနဲ့ လိုက်ပြီး မိုးလင်းတဲ့အထိ ကလေ့ရှိကြတယ်။ ဒီလိုကတဲ့အခါမျိုးမှာ ဇာတ်စင်ကြီးတွေ ဟီးနေအောင် ဆောက်ထားတတ်ကြတယ်။ ဒီပွဲဆိုတဲ့ ဓလေ့ကလည်း လွန်ခဲ့တဲ့ နှစ်ရာပေါင်းများစွာကတည်းက ရှိခဲ့ပြီး

အပျော်အပါးမက်တဲ့ မြန်မာလူမျိုးတွေအတွက် အနှစ်သက်ဆုံး ပျော်ပွဲရွှင်ပွဲ တစ်ခုပဲ ဖြစ်တယ်။

"အာဂန္တုရဟန်းကြီး ပွဲကြည့်ဖို့ လာခဲ့ပါလား"

လို့လည်း ရွာသားတွေက ဖိတ်ကြတယ်။ အဲဒီအခါ ကျွန်တော်က "တရားကျင့်နေတုန်း အပျော်အပါးတွေကို ကြည့်လို့မဖြစ်ဘူး"ဆိုပြီး ခါးခါး သီးသီး ပြန်ငြင်းရတယ်။ တစ်ခါက သူတို့က–

"အာဂန္တုရဟန်းကြီး ရွာမှာ အသုဘအခမ်းအနားရှိတယ်။ ကြွခဲ့ပါဦး"လို့ ပင့်ကြပြန်တယ်။ ဒီတစ်ခါတော့ ငြင်းလို့ မဖြစ်တော့ဘူး။ ဒါနဲ့ ကျွန်တော်ဟာ လာပင့်တဲ့လူရဲ့နောက်လိုက်သွားတဲ့အခါ ရွာအပြင်က ကွင်း ကျယ်ကြီးတစ်ခုကို ရောက်သွားတယ်။

အဲဒီအချိန်မှာတော့ ပွဲက အဆင်သင့်ကနေပြီ။ ဆိုင်းသံ ဗုံသံနဲ့ လူတွေ ရယ်မောတဲ့အသံတွေလည်းဆူညံနေကြတယ်။ မင်းသမီးတွေကလည်း နေဝင် ရိုးရီမှာ သီချင်းတွေ သံပြိုင်ဆိုပြီး စည်းချက်ကျကျ အပြန်ပြန်အလှန်လှန် ကခုန်နေကြတယ်။

ကျွန်တော်လည်း ကိုယ့်အတွက်သတ်မှတ်ထားတဲ့နေရာအထိ လိုက်သွား ရတယ်။ ဒီလောက် ဆူဆူညံညံ ဖြစ်နေတဲ့နေရာမှာတောင် အသုဘအခမ်း အနား ကျင်းပတာဟာ အတော်ထူးဆန်းတာပဲလို့ စိတ်ထဲက တွေးလိုက်မိ ပေမယ့် ပါးစပ်ကတော့ အဲဒီနေရာမှာတော့ မြန်မာဘုန်းကြီးတစ်ပါးက အရင် ရောက်နေနှင့်ပြီ။ ကျွန်တော်လည်း အဲဒီ မြန်မာဘုန်းကြီးရဲ့နောက်မှာ အသာဝင်ထိုင်ပြီး သူလုပ်တဲ့အတိုင်း အတုခိုးပြီး လိုက်လုပ်နေမိတယ်။

ပွဲကလည်း တဖြည်းဖြည်း ဆူညံသည်ထက် လူတွေကလည်း ပိုပြီး တက်ကြွလာကြတယ်။ အဲဒီအချိန်မှာ ကရဝိက်ဖောင်ကြီးနဲ့တူတဲ့လှည်းယာဉ် ကြီးတစ်စီး ဆိုက်လာတယ်။ အဲဒီယာဉ်ကြီးကို လူတွေက ရှေ့ကနေပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ဆွဲလာကြတယ်။ လှည်းယာဉ်ကြီးပေါ်မှာတော့ ခပ်မြင့်မြင့် ပြာသာဒ်တစ်ခုကို တင်ထားပြီး ပြာသာဒ်ရဲ့အပေါ်ပိုင်းကနေ အောက်ပိုင်း

အထိ စက္ကူနဲ့ချည်ထားတဲ့ လူရုပ်တွေ ဆင်ရုပ်တွေ စက္ကူမီးပုံးတွေနဲ့ အလှဆင် ချိတ်ဆွဲထားကြတယ်။

ပွဲရဲ့ဘေးမှာပဲ လူတွေဟာ အဲဒီပြာသာဒ်တင်ထားတဲ့ လှည်းယာဉ်ကြီးကို မီးရှို့လိုက်တယ်။ ရောင်စုံစက္ကူတွေ အရုပ်တွေဟာ မီးတောက်ကြီးအဖြစ် ပြောင်းလဲသွားပြီး ဆည်းဆာရဲ့တိမ်တွေအောက်မှာ တဖျတ်ဖျတ်တောက်ပရင်း ပြာတွေအဖြစ် လေထဲကို လွင့်မျောသွားကြတော့တယ်။ လူအုပ်ကြီးဟာ အဲဒီ မီးတောက်ကြီးကို ကြည့်ပြီး တပျော်တပါး ညာသံပေးကြတယ်။

မီးလောင်နေတဲ့ ပြာသာဒ်ကြီးရဲ့အောက်ဘက်မှာလည်း ပွဲကကြပြန် တယ်။ အတောင်တွေ တဖျတ်ဖျတ်ခတ်နေတဲ့ ကိန္နရီကိန္နရာရုပ်တွေ ထွက်လာပြီး ပြာဘူးထဲက မင်းသမီးကလေးကို ဆွဲထုတ်သွားလိုက် မင်းသမီးကလေးကို လိုက်ရှာနေတဲ့ မင်းသားကလေးကို မှော်အတတ်တွေ သင်ပေးလိုက်နဲ့ သူတို့ရဲ့ ပွဲကိုကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ နတ်သမီး ပုံပြင် ဇာတ်လမ်းတွေနဲ့ တထေရာတည်းပဲ။

ကျွန်တော့်စိတ်ထဲမှာတော့ အသုဘအခမ်းအနားကို ဘယ်တော့မှ စကြမှာပါလိမ့်လို့ တွေးပြီး ပူနေမိတယ်။ ဒါပေမဲ့ အဲဒီလိုထုတ်မေးလိုက်ရင် ကျွန်တော်ရဲ့ သရုပ်မှန်က ပေါ်သွားမှာလည်း စိုးရသေးတယ်။ ဒါကြောင့် ရှေ့မှာ ထိုင်နေတဲ့ ဘုန်းကြီးကို အတုခိုးပြီး လက်အုပ်ချီကာ ပါးစပ်ကနေ တုတ်ပွတုတ်ပွနဲ့ ခပ်တိုးတိုးကလေး ရွတ်နေလိုက်မိတယ်။

အဲဒီအချိန်မှာ လူတော်တော်များများဟာ မီးလောင်ပြာကျသွားတဲ့ ပြာသာဒ်ရဲ့ အလယ်လောက်ဆီက မီးသွေးက ပြာတွေကို ဂေါ်ပြားနဲ့ကော် ထုတ်နေကြတယ်။ ပြီးတော့ အဲဒီမီးပုံးထဲကို အဆင်တန်ဆာအမျိုးမျိုးပစ်ထည့် ကြတယ်။ အဲဒီနောက်မှာ မြန်မာလူမျိုးရှာသားကြီးတစ်ယောက်က မီးညှပ် ကြီးတွေ ယူလာပြီး ကျွန်တော်နဲ့ မြန်မာဘုန်းကြီးကို ကမ်းလိုက်ပြီး

"ဒီဘက်ကို ကြည့်ကြပါဘုရား" လို့လာခေါ်တယ်။ ကျွန်တော်လည်း မြန်မာဘုန်းကြီးရဲ့နောက်ကနေ အသာကပ်လိုက်လာမိတယ်။ ပြာတွေကို

ယက်ထုတ်လိုက်တဲ့အခါမှာတော့ မီးကျွမ်းနေတဲ့ သေတ္တာလိုလို ပစ္စည်းတစ်ခုကို တွေ့ရတယ်။ အထဲကို သေသေချာချာကြည့်လိုက်တော့ ရွှေတွေ ငွေတွေ လက်ဝတ်ရတနာတွေနဲ့အတူ အနံ့သင်းတဲ့ပန်းတွေရဲ့အောက်မှာတော့ မီးလောင်ကျွမ်းသွားပြီးဖြစ်တဲ့ အရိုးစုတစ်ခုကို တွေ့လိုက်ရတယ်။

အခုလို လှလှပပဆင်ယင်ထားတဲ့ ပြာသာဒ်လှည်းယာဉ်ဟာ စင်စစ်တော့ အလောင်းတင်ထားတဲ့ နိဗ္ဗာန်ရထား ဖြစ်နေတာကိုး။

အများက တောင်းပန်နေတာကြောင့် ကျွန်တော်လည်း မီးညှပ်နဲ့ အရိုးတွေကို ကော်ထုတ်နေမိတယ်။

အနီးတစ်ဝိုက်မှာတော့ ဇာတ်ပွဲက ခြိမ့်ခြိမ့်သဲအောင် ဆက်ကနေတယ်။ ဇာတ်စင်ပေါ်မှာတော့ ကချေသည်မလေးတွေဟာ လက်ကလေးတွေကို မြှောက်လိုက် ကိုယ်ကလေးတွေကို ယိမ်းလိုက်နဲ့ သာယာငြိမ့်ညောင်းနေတဲ့ တေးသံတွေကို အဖန်တလဲလဲ သီဆိုလိုက်နဲ့ ကခုန်နေကြတယ်။ ကြေးကြိုးသားရေ လေ လက်ခုပ် စတဲ့ တူရိယာသံတွေဟာ ရောထွေးပြီး လေနဲ့အတူ ညအချိန်မှာ ရွာဘက်ဆီကို ပျံ့လွင့်နေတယ်။ ဒီလိုနဲ့ပဲ သူတို့ဆီမှာက ကပွဲခန်းပွဲကော အသုဘပွဲပါ ပျော်စရာ့ ပျော်စရာကြီး ဖြစ်နေတော့တယ်။

နောက်ပိုင်းမှ မြန်မာလူမျိုးတွေဟာ သေခြင်းတရားကို ကြောက်စရာတစ်ခုလို့ မြင်မထားကြဘူးလို့ သိလာရတယ်။ သူတို့က လူဆိုတာ သေမျိုးပဲ။ သေဆုံးသွားတဲ့အတွက် ဒီလောကမှာ ရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေ ချုပ်ငြိမ်းသွားပြီး လာရာလမ်းကို ပြန်သွားကြတယ်လို့ ယုံကြည်ထားကြတယ်။ အဲဒါကြောင့် သူတို့ဆီမှာ လူတစ်ယောက် သေသွားတယ်ဆိုရင် လူတွေဟာ စုဝေးရောက်ရှိလာကြပြီး ကွယ်လွန်အနိစ္စ ရောက်သွားသူရဲ့ဘဝတစ်လျှောက်ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေအကြောင်းကို ဝိုင်းဝန်းပြောဆိုကြတယ်။ ဒါမှသာ ဘုရားသခင်က ဒီထက်ကောင်းတဲ့ဘဝကို လမ်းညွှန်လို့ ဆောင်ပေးလိမ့်မယ်လို့ ထင်နေကြတယ်။

ဒါကြောင့်မို့ မြန်မာပြည်မှာက အသုဘအခမ်းအနားဆိုတာဟာ အလွန်ပျော်စရာကောင်းတဲ့ ဂုဏ်ပြုနှုတ်ဆက်ပွဲမျိုးနဲ့ ဘာမှမခြားဘူး။

ကျွန်တော်က အရိုးတွေကို မီးထဲက ကော်ထုတ်နေတုန်းမှာ လက်မှာပတ်ထားတဲ့ ကျွန်တော့ရဲ့လက်ပတ်ကို မြင်သွားကြတယ်။ အဲဒီအခါ ရွာသားတွေဟာ တအံ့တသြ ဖြစ်သွားကြပြီး အဲဒီလောက်ဘုန်းတန်ခိုးကြီးတဲ့ ရဟန်းမျိုး သူတို့ရွာကို လာခဲတယ်လို့ဆိုကာ မြင့်မြတ်တဲ့နေရာကို ပို့ပေးကြတယ်။ ပြီးတော့ သူတို့နာကြားဖို့ တရားဟောပေးပါရန် ပန်ကြားလာကြတယ်။

ကျွန်တော့်အဖို့ ဒုက္ခလှလှကြီး တွေ့ရတော့တယ်။ မတတ်သာတဲ့ အဆုံးအရင်တစ်ခေါက်တုန်းကလို ဟန်လုပ်လိုက်တယ်။ ဟန်ကျပန်ကျ တင်ပလ္လင်ခွေထိုင်ပြီး မျက်လုံးကို စုံမှိတ်ရင်း အသက်ပြင်းပြင်းရှူပြလိုက်တယ်။ ပြီးတော့ ဈာန်သမာပတ် ဝင်စားနေတဲ့ဟန်မျိုးနဲ့ လုံးဝမလှုပ်မယှက်ဘဲ ငြိမ်ငြိမ်ကလေး နေပြလိုက်ရတယ်။

အဲဒီလို ခဏတစ်ဖြုတ်ဆိုသလို မလှုပ်မယှက် ဘာကိုမှ မကြည့်ဘဲ ဘာကိုမှ နားမထောင်ဘဲ နေပြလိုက်တယ်ဆိုရင်ပဲ ရွာသားတွေက ကျွန်တော့်ကို ဒီရဟန်းကြီး တရားပေါက်သွားပြီ။ ဈာန်ရသွားပြီ။ သူ့ဝိညာဉ်က ဒီဘဝကနေ တခြားဘဝကို ရောက်သွားပြီလို့ ထင်သွားကြတယ်။ ဒီလိုနဲ့ ကျွန်တော့်ကို ဒီအတိုင်းထားခဲ့ကြတော့တယ်။

အမှန်တော့ မြန်မာပြည်ဟာ ဘယ်နေရာကိုသွားသွား ပျော်စရာတွေချည်း ပြည့်နေတဲ့နေရာပဲ။ အသက်ရှင်လည်းပျော်၊ သေသွားလည်းပျော်နေတတ်ကြတဲ့အတွက် သူတို့ရဲ့မျက်နှာတွေမှာ အမြဲဆိုသလို ပြုံးပန်းကို ဆင်ထားကြတယ်။ ဟိုအကြောင်း ဒီအကြောင်းဆိုသလို စိတ်ညစ်စရာတွေ မတွေးကြဘဲ အမြဲတမ်း လောဘ၊ ဒေါသတွေ ကင်းပြီး အေးအေးလူလူ နေထိုင်တတ်ကြတယ်။

မြန်မာပြည်ဟာ ငြိမ်းချမ်းတဲ့ တိုင်းပြည်ပဲ။ အဲဒီတိုင်းပြည်မှာက ငွေကြေး ဥစ္စာ မကြွယ်ဝသည့်တိုင်အောင် ပန်းလှလှကလေးတွေ ရှိနေကြတယ်။ ကြည်နူးဖို့ ကောင်းတဲ့ တေးဂီတတွေ ရှိနေကြတယ်။ ခွင့်လွှတ်သည်းခံမှု တရားတွေ ရှိနေကြတယ်။ နွေးထွေးတဲ့ နေရောင်ခြည်တွေ ရှိနေကြတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေ ရှိနေကြတယ်။ အပြုံးတွေ ဝေနေကြတယ်။

(၅)

ဒါပေမဲ့ ကျွန်တော့်အဖို့ ဒီအတွေ့အကြုံတွေအပေါ်မှာ သာယာတပ်မက်ခြင်း မရှိဘဲ မုဒုံမြို့ကို ရောက်လိုဇောနဲ့ တောင်ဘက်ဆီကို မှန်းပြီး တစ်တောဝင် တစ်တောထွက် ခရီးဆက်နေခဲ့မိတယ်။ ခရီးတစ်လျှောက်မှာတော့ တောင် တွေ ထူထပ်တဲ့နေရာကိုလည်း တက်ခဲ့ရတယ်။ တစ်ခါတစ်ခါကျတော့လည်း တောင် အတော်များများကို ဖြတ်ကျော်ပြီး တောနက်ကြီးထဲကို ရောက်သွား တယ်။ ကျောက်တုံးကျောက်ခဲတွ အထပ်ထပ်ပုံနေပြီး သစ်ကိုင်းခြောက်တွေ ထပ်နေတဲ့နေရာကိုရောက်တော့ လူတွေနေတဲ့ ကျေးရွာတွေနဲ့ အလှမ်းကွာဝေး သွားတဲ့အတွက် လူရိပ်လူယောင်တောင် မမြင်ရတော့ဘူး။

မြေနီသဲလမ်းကြောင်းအတိုင်း အတော်လေးတက်လာမိတဲ့အချိန်မှာ ရုတ်တရက် ကျွန်တော့်ခြေဖျားအနားမှာ ရိုင်ဖယ်ကျည်ဆန်တစ်တောင့်ကျနေ တာကို သတိထားလိုက်မိတယ်။ လက်နဲ့ကောက်ကြည့်လိုက်မယ် လုပ်လိုက် တော့ အဲဒီကျည်ဆန်က ကျွန်တော်တို့ အမြဲသုံးနေကျ ဂျပန်ကျည်ဆန် ဖြစ်နေတယ်။ ဘေးပတ်ဝန်းကျင်ကို ဂရုစိုက်ကြည့်လိုက်တဲ့အခါ ဟိုဟိုဒီဒီမှာ ကျည်ဆန်ခွံအချို့ ပြန့်ကျဲနေတာကို တွေ့ရပြန်တယ်။ ဘာကြောင့်များ ဒီပစ္စည်းတွေက ဒီလိုနေရာမျိုးမှာ ရောက်နေရတာပါလိမ့်လို့ စဉ်းစားရင်း ကျွန်တော်လည်း မြေနီလမ်းအတိုင်း ဆက်ပြီး တက်လာခဲ့မိတယ်။ အပေါ် ဘက်ကို မော့ကြည့်လိုက်တော့ ကျောက်ဆောင်တစ်ခုရဲ့အပေါ်ဘက်ဆီမှာ ဇရာမငှက်ကြီးတစ်အုပ်ဟာ ခပ်နိမ့်နိမ့်ကလေး ပျံဝဲနေတာကို တွေ့ရတယ်။

ပြီးတော့ ကျောက်ဆောင်ပေါ်ကနေ နှုတ်သီးကောက်ကောက် အတောင်ပံကြီးတွေ တကားကားနဲ့ ငှက်ကြီးတွေ ပျံတက်သွားကြပြန်တယ်။ နေမင်းကြီးကလည်း ချစ်ချစ်တောက်ပူနေတယ်။ ပတ်ဝန်းကျင်မှာတော့ အပ်ကျသံကြားရလောက်အောင် ငြိမ်သက်နေတော့တယ်။ ဆက်ပြီးတက်သွားတဲ့အခါမှာ သစ်ပင် မြက်ပင် လုံးဝမပေါက်တဲ့ တောင်ကြားလမ်းနေရာလည်း ရောက်ရော ကျွန်တော်ဟာ ရှေ့ကို ဆက်မသွားနိုင်ဘဲ ရုတ်တရက် ကြက်သေသေ သွားရတော့တယ်။

တောင်ကြားလမ်းရဲ့ ကမ်းပါးနားမှာ လူသုံးလေးဆယ်နဲ့ မြင်းငါးကောင်ခြောက်ကောင်လောက်ရဲ့အလောင်းတွေဟာ မြင်မကောင်းလောက်အောင် တုံးလုံးပက်လက်ပြန့်ကျဲနေတာကို တွေ့လိုက်ရတယ်။ အလောင်းတွေအားလုံး ပုပ်သိုး ခြောက်ကပ်နေကြပြီး အဖြူရောင်အရိုးတွေတောင် ငေါ်ထွက်နေကြတယ်။ အလောင်းတွေရဲ့ကြားမှာတော့ စက်သေနတ်တွေ ရိုင်ဖယ်သေနတ်တွေ ကျည်ဆန်ထည့်တဲ့သားရေအိတ်တွေ ဟိုတစ်စ သည်တစ်စ တွေ့နေရတယ်။ သံခမောက်တွေလည်း ပြန့်ကျဲနေကြတယ်။ အလောင်းတွေအားလုံး ပျက်စီးနေကြပြီး သဲမြေထဲမှာတောင် တစ်ဝက်လောက် မြှုပ်ဝင်နေကြပြီ။ အလောင်းတွေ ရှိတဲ့နေရာတစ်ဝိုက်လောက်မှာသာ မြက်ပင်ရှည်ရှည်တွေ ပေါက်နေကြတယ်။ အနားကို သွားကြည့်လိုက်တော့ ငှက်ကြီးတစ်ကောင်ဟာ စက်ဆုပ်ဖွယ်ကောင်းတဲ့ အသံဆိုးကြီးနဲ့ အော်မြည်ရင်း ကျွန်တော့်မျက်နှာကို ထိုးဆိတ်တော့မလို လုပ်ပြီး ပျံထွက်သွားတယ်။

အမှန်တော့ ဒီအလောင်းတွေဟာ ဂျပန်တပ်စိတ်တစ်စိတ်ရဲ့အလောင်းတွေ ဖြစ်နေတယ်။

ဒီနေရာမှာ အလစ်ဝင်ပြီး အတိုက်ခံလိုက်ရတာလား ဒါမှမဟုတ် ဗုံးဆန်ထိတာလား တစ်ခုခုတော့ တစ်ခုခုပဲ။ ဒီလိုနဲ့ပဲ သူတို့တပ်စိတ်တစ်စိတ်လုံး တစ်ယောက်မကျန် ကျဆုံးသွားတာ ဖြစ်လိမ့်မယ်။ သူတို့ကျဆုံးခဲ့တာကို တစ်ယောက်မှ မသိဘဲ ဒီအတိုင်း ပစ်ထားခဲ့တာ ဖြစ်လောက်တယ်။

ကျွန်တော်လည်း အနီးအနားမှာရှိတဲ့ သစ်ကိုင်းခြောက်တွေကို စုပြုံပြီး မီးမွှေးကာ အလောင်းတွေကို စပြီး သင်္ဂြိုဟ်ရတော့တယ်။ ဒီလုပ်ငန်းက ချက်ချင်းပြီးတဲ့လုပ်ငန်းမဟုတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာက ရှေ့ကို ခရီးဆက်ဖို့ လောနေပေမယ့် အနီးဆုံးမှာ ညအိပ်တည်းခိုနေတိုင်း ဒီကိုလာပြီး မီးသင်္ဂြိုဟ်နေမိတယ်။ တစ်ပတ်လောက်ကြာမှ ဒီလုပ်ငန်းက ပြီးတယ်။ ပြီးတော့မှ အရိုးပြာတွေကို မြေမှာမြှုပ်ပြီး မှတ်တိုင်သေးသေးကလေးကို စိုက်ထူလိုက်တယ်။ ကျွန်တော်ဟာ မြေပုံဘေးမှာ လက်အုပ်ချီလိုက်ပြီး သေဆုံးသွားတဲ့ မောင်ကံဆိုးတွေရဲ့ ဝိညာဉ်တွေအတွက် ဆုတောင်းလိုက်ရတယ်။

သင်္ဂြိုဟ်တဲ့လုပ်ငန်းတွေ ပြီးမြောက်သွားတဲ့အခါမှာတော့ ကျွန်တော်ဟာ တောင်ဘက်အရပ်ကို ဦးတည်ပြီး ခရီးဆက်ခဲ့ရပြန်တယ်။ လမ်းမှာမြင်သမျှ ကြားသမျှ အတွေ့အကြုံတွေကိုတော့ ဒီနေရာမှာ အသေးစိတ်မရေးတော့ပါဘူး။ အားလုံးကို ခြုံပြောရရင် အသည်းထိတ်စရာတွေချည်းပါပဲ။ ကျွန်တော့အဖို့ ဂျပန်လူမျိုးတစ်ယောက်အနေနဲ့ကော ရဲဘော်ရဲဘက်တစ်ဦးအနေနဲ့ပါ မျက်ရည်တွေ ခန်းခြောက်ခဲ့ရတဲ့အထိ ဝမ်းနည်းကြေကွဲခဲ့ရတယ်။

တစ်နေ့မှာတော့ ကျွန်တော်ဟာ တောအုပ်ကလေးတစ်ခုကို ဖြတ်ကျော်နေခဲ့မိတယ်။ အဲဒီအချိန်မှာ မိုးကဝေါခနဲရွာချလာတော့ ရှေ့ဆက်ပြီး လမ်းလျှောက်သွားလို့ မရတော့ဘူး။ ဒါနဲ့ လမ်းဘေးမှာရှိတဲ့ တဲပျက်ကလေးတစ်ခုထဲကို မိုးခိုဖို့ ဝင်သွားလိုက်မိတယ်။

တဲထဲကိုလည်း ရောက်သွားရော လူသေအလောင်းတစ်လောင်းကို ဘွားခနဲ တွေ့လိုက်ရတယ်။ ကိုယ်ပေါ်မှာက ဂျပန်စစ်ယူနီဖောင်း ဝတ်ထားတယ်။ မဟုတ်မှ လွဲရော စစ်တိုက်ရင်း အခြေအနေမကောင်းလို့ ဆုတ်ခွာသွားတဲ့ ဂျပန်စစ်တပ်ထဲက နေမကောင်းဖြစ်ပြီး ဒါမှမဟုတ် ဒဏ်ရာရပြီး ဆက်မလျှောက်နိုင်တဲ့ စစ်သားတွေ ဒီတဲထဲမှာဝင်ပြီး ချန်နေရင်းက သေသွားတာပဲဖြစ်မယ်။

အလောင်းပေါ်မှာတော့ ပုရွက်ဆိတ်တွေ လောက်ကောင်တွေက စုပြုံ တိုးထွက်နေကြတယ်။ ဒါပေမဲ့ သိပ်ပြီး ရုပ်ပျက်ဆင်းပျက်တော့ မဖြစ်သေးဘူး။ ဒီလူဟာ နောက်ဆုံးအချိန်ထိ အသက်ဆက်လက်ရှင်သန်ဖို့ ကြိုးစားခဲ့ရှာပုံ ရတယ်။

အလောင်းရဲ့ရင်ဘတ်အေားမှာတော့ ဓါတ်ပုံကလေးတစ်ပုံကို တွေ့လိုက်ရတယ်။ သားကလေးကို ပွေ့ပိုက်ထားတဲ့ လူရွယ်တစ်ဦးရဲ့ဓါတ်ပုံပဲ။ ဒီသေဆုံးနေတဲ့သူနဲ့ သူရဲ့သားကလေး တွဲရိုက်ထားတဲ့ပုံပဲ ဖြစ်မယ်။

မိုးတွေယိုနေတဲ့ တဲထဲမှာမို့ ဒီအလောင်းကို မီးရှို့ပြီး သင်္ဂြိုဟ်လို့က မဖြစ်ပြန်ဘူး။ မတတ်သာတဲ့အဆုံး အလောင်းကြီးကို ကျောပေါ်မှာပိုးပြီး တစ်နေရာရာမှာ ကျင်းတူးမြေမြှုပ်ပစ်ရတယ်။ ဓါတ်ပုံကလေးကို ဘယ်လိုလုပ်ရပါ့လို့ ခဏတစ်ဖြုတ် တွေဝေနေပြီးမှ နောက်ဆုံးအလောင်းနဲ့အတူ ထည့်မြှုပ်လိုက်ရတယ်။ ဒီလိုမြှုပ်ပေးလိုက်မှ သေသွားရှာတဲ့သူအဖို့ ကျေနပ်သွားမှာပေ့ါ။ ဓါတ်ပုံထဲမှာပါတဲ့ သားကလေးကတော့ ဂျပန်ပြည်ရဲ့တစ်နေရာရာမှာ ရှိတဲ့ အိမ်တစ်အိမ်အိမ်ရဲ့ နံရံမှာကပ်ထားတဲ့ အလားတူဓါတ်ပုံကလေးကို ငေးစိုက်ကြည့်ရင်း သူ့အဖေ ပြန်လာမယ့်အရေးကို စောင့်မျှော်နေမှာ သေချာတယ်။

ဒီတောအုပ်အတွင်းမှာက ဒီလိုအလောင်းမျိုးတွေ ဟိုဟိုဒီဒီမှာ ကြိုးကြားကြိုးကြား တွေ့ရတယ်။ ဂျပန်စစ်တပ်တွေ ဒီတောထဲ ဆုတ်ခွာသွားတာပဲ ဖြစ်ရမယ်။ မြန်မာပြည်ရဲ့တောင်ဘက်ပိုင်းမှာ ဂျပန်စစ်တပ်က "အရိုးဖြူလမ်း"လို့ နာမည်ပေးခဲ့တဲ့ လမ်းတစ်လမ်းရှိတယ်။ အမှန်တော့ ကျွန်တော်ဟာ အဲဒီလမ်းပေါ်ကို ရောက်သွားတာပဲ။ အဲဒီလမ်းက ကျွန်တော် ဖြတ်သန်းခဲ့တဲ့ တောတန်းကလေးထက် ပိုပြီး ကြောက်စရာကောင်းနေပြန်တယ်။

ကျွန်တော့်အဖို့ တွေ့သမျှအလောင်းတွေကို တစ်လောင်းပြီးတစ်လောင်း မြေမြှုပ်သင်္ဂြိုဟ်နေမိတယ်။ ကြာတော့လည်း အတော့်ကို ပင်ပန်းလွန်းတဲ့အတွက် စိတ်ဓာတ်ကျလာတယ်။ ဒီတောတန်းကလေးတစ်ဝိုက်မှာ ရှိတဲ့

အလောင်းတွေကို ကုန်အောင် မြေမြှုပ်သင်္ဂြိုဟ်နိုင်ဖို့ဆိုတာက အချိန်တိုတို ရက်တိုတိုနဲ့ ဘယ်လိုမှ မပြီးနိုင်ဘူး။ ဒါပေမဲ့ ဒီအလောင်းတွေကို ဒီအတိုင်း ပစ်မထားရက်ပြန်ဘူး။ ကျွန်တော့်သူငယ်ချင်းတွေ ရဲဘော်တွေဟာ ဒီနေရာ လေးတစ်ဝိုက်မှာသာ ကျဆုံးခဲ့တာ မဟုတ်ဘူး။ ကျယ်ပြောလှတဲ့ မြန်မာပြည် ရဲ့နေရာအနှံ့မှာ ကျဆုံးခဲ့ကြရတာဆိုတော့ ဘယ်လောက်များမလဲဆိုတာသာ မှန်းဆကြည့်ပေတော့။ ပြီးတော့ ကျွန်တော့်နားထဲမှာကလည်း သေဆုံးသွား တဲ့ စစ်သားတွေရဲ့ ဝိညာဉ်တွေ ငိုပြီးနေသံကို ကြားနေရတယ်။ ဒါကြောင့်မို့ သူတို့အတွက် ငါတစ်ခုခု လုပ်ပေးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ချလိုက်မိတယ်။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ မုဒုံကို ခပ်မြန်မြန်ရောက်ချင်နေ လှပြီ။ အဲဒီကို ရောက်အောင်တော့ သွားမှဖြစ်မယ်။ ကျွန်တော့်သူငယ်ချင်း တွေ ဘေးမသီရန်မခ ရှိမှရှိပါလေစဆိုတာကို ခပ်မြန်မြန်သိချင်လှပြီ။ ကိုယ့် တပ်သာ ပြန်ရောက်သွားခဲ့ရင် ကျွန်တော် ဘယ်လောက်ပျော်လိုက်မလဲ။ ကျွန်တော့်သူငယ်ချင်းတွေကော ဘယ်လောက်ပျော်လိုက်ကြမလဲ။ ဘယ်လို လုပ်ရပါ့မလဲလို့ တွေးပြီးရင်လေးနေပါတော့တယ်။ မုဒုံကို ရောက်ဖို့ကလည်း အဝေးကြီးကျန်သေးတယ်။ နောက်ထပ် ဆက်လုပ်ရမယ့်အလုပ်တွေက လည်းတစ်ပြုံတစ်ခေါင်းကြီး။ ဒီတိုင်းပြည်တစ်ပြည်လုံးက အလုပ်တွေကိုသာ အကုန်ပြီးအောင် လိုက်လုပ်နေလို့ကတော့ လပေါင်းနှစ်ပေါင်းများစွာ ကြာ လိမ့်မယ်။ မုဒုံကို ရောက်နိုင်မှာ မဟုတ်တော့ဘူး။

ဘယ်လိုပဲဖြစ်စေ အဲဒီတောတန်းတွေထဲက လုပ်စရာရှိတဲ့ အလုပ်တွေကို မြန်မြန်ပြီးစီးအောင် လုပ်ပြီးတဲ့နောက်မှာတော့ တောထဲကထွက်ပြီး မြစ်ကြီး တစ်ခုရဲ့ တစ်ဖက်ကမ်းကို ရောက်လာတော့တယ်။ အဲဒီမြစ်ကြီးကတော့ စစ်တောင်းမြစ်ကြီးပဲ။ ဒီမြစ်က ရေစီးသန်ပြီး ရွှံ့ရေတွေနဲ့ ပြည့်နေတယ်။ တစ်ဖက်ကမ်းကို ကူးဖို့ လှေလိုက်ရှာနေတုန်းမှာ ထိတ်လန့်စရာမြင်ကွင်းကို တွေ့လိုက်ရပြန်တယ်။ ဒါကတော့ အရိုးတွေ ငေါထွက်ပြီး ပုပ်ပွနေတဲ့

အလောင်းပုံကြီးပဲ။ အလောင်းတွေဟာ ဗွက်အိုင် ထနေတဲ့နေရာတွေမှာ အမြုပ်တစီစီနဲ့ ထပ်နေကြပြီး ကျူပင်ကိုင်းပင်တွေ တောထအောင် ပေါက်နေတဲ့နေရာမှာ သောင်တင်နေကြတာပဲ။ အင်္ကျီအဝတ်အစားနဲ့ အခြားပစ္စည်းတွေကတော့ တခြားလူတွေ ဖြုတ်ယူသွားကြလို့ ဘာမှမရှိကြတော့ဘူး။ ဇကန္တ သူတို့တစ်တွေ စစ်တောင်းမြစ်ကို ဒီနေရာကနေ ဖြတ်ကူးကြတာဖြစ်မယ်။ အနောက်ဘက် တောင်ရိုးတန်းကနေ အရှေ့ဘက်ကမ်းကို အကူးမြစ်ထဲမှာ အစုလိုက်အပြုံလိုက် ကျဆုံးကုန်ကြတာ ဖြစ်မယ်။

မကြည့်ရက်လွန်းလို့ ကျွန်တော်ဟာ မျက်နှာကို လက်ဖဝါးနဲ့ အုပ်ကာလိုက်တယ်။ ဒါတွေကတော့ ကျွန်တော်မလုပ်နိုင်တဲ့အလုပ်တွေပဲ။ ကျွန်တော်တစ်ယောက်တည်း လုပ်နေလို့ဘာမှ အရာရောက်မှာမဟုတ်ဘူး။ သူတို့ကိုသင်္ဂြိုဟ်ဖို့ကိစ္စကို မသိကျိုးကျွံပြုပြီး မျက်နှာလွှဲခဲပစ်ခဲ့ရတယ်။ သေတဲ့သူတွေက သေသွားပြီဆိုတော့ နောက်ဆိုရင် ဒီလိုအနိဋ္ဌာရုံတွေကို လုံးဝလှည့်မကြည့်တော့ဘူးလို့လည်း ဆုံးဖြတ်လိုက်မိတယ်။ ကံမကောင်း အကြောင်းမလှလို့သေဆုံးသွားကြတဲ့သူတွေအပေါ် သနားတဲ့စိတ်တော့ ဖြစ်ပါရဲ့။ ဒါပေမဲ့ဒါတွေအားလုံးကို လိုက်ပြီး သင်္ဂြိုဟ်ဖို့ဆိုတာက ကျွန်တော့်တာဝန်မှ မဟုတ်ဘဲ။ ဒီလိုသာ တစ်လောင်းပြီးတစ်လောင်း လိုက်ပြီးသင်္ဂြိုဟ်နေရမယ်ဆိုရင်ကုန်နိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့မိခင်တပ်ကို မြန်မြန်ရောက်ဖို့ ဂျပန်ပြည်ကို မြန်မြန်ပြန်ဖို့ ဂျပန်ပြည်ပြန်ရောက်တဲ့အခါ ကိုယ့်ဘဝကိုအသစ် ပြန်စဖို့ ဆန္ဒတွေ ပြင်းပြလာတော့တယ်။

အဲဒီလို ဆုံးဖြတ်ပြီးလိုက်တဲ့အခါမှာတော့ ကျွန်တော့်စိတ်တွေ ပေါ့ပါးလာတော့တယ်။ ဒါနဲ့ စစ်တောင်းမြစ်ကို စုန်ဆင်းပြီး နွားလှည်းတစ်တန်၊ ရထားတစ်တန်နဲ့ ခရီးဆက်လာလိုက်တာ မကြာခင် မုဒုံမြို့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တယ်။

အဲဒီလို ခရီးသွားရင်း မြန်မာစကားကို တော်တော်ကလေး ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်အောင် လေ့လာခဲ့တဲ့အတွက် မြန်မာဘုန်းတော်ကြီးတစ်ပါး

မုဒုံမြို့ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ ရင်ထဲက တဒိတ်ဒိတ်ခုန်လာတော့တယ်။ မြို့ရဲ့အပြင် တောအုပ်တစ်ခုအတွင်းမှာ မြန်မာလူမျိုးတစ်ယောက်နဲ့တွေ့လို့ မြို့ရဲ့အခြေအနေကို မေးကြည့်ရတယ်။ အဲဒီလူက ကျွန်တော်နဲ့တွေ့တဲ့အချိန်မှာ သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲပြီး ကြက်တူရွေးပေါက်စလေး ငါးကောင်ကို ဖမ်းမိစမို့ ကျွန်တော့်ကို အဲဒီအထဲက အကောင်လေးတစ်ကောင်ကို လှူလိုက်တယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ ကြက်တူရွေးကလေးကို အမြဲဆိုသလို ပခုံးပေါ်မှာ တင်ဆောင်ပြီး သွားလာနေမိခဲ့တယ်။ အခု ဒီစာနဲ့အတူ ပို့ပေးလိုက်တဲ့ ကြက်တူရွေးကလေးဟာ အဲဒီတုန်းက ရခဲ့တဲ့ ကြက်တူရွေးကလေးပဲ။

အဲဒီမြန်မာလူမျိုးရဲ့ ပြောပြချက်အရ မုဒုံမြို့မှာ သုံ့ပန်းစခန်းရှိတဲ့အကြောင်း သိခဲ့ရတယ်။ ပြီးတော့ အဲဒီသုံ့ပန်းစခန်းမှာ အမြဲဆိုသလို တေးတကြော်ကြော် အော်ဆိုနေတတ်တဲ့စစ်သားတွေလည်း ရှိတဲ့အကြောင်း ပြောပြသေးတယ်။ ဒါဆိုရင် ခင်ဗျားတို့အဲဒီမှာရှိနေကြတယ်ဆိုတာ သေချာပြီပေါ့။ ကျွန်တော်လည်း ဝမ်းသာလွန်းလို့ ထကပြီး မြို့ထဲကို ဝင်လာခဲ့မိတယ်။ မြို့ထဲရောက်တော့ ဟိုဟိုဒီဒီမှာ မေးစမ်းပြီး ခင်ဗျားတို့ရဲ့ သုံ့ပန်းစခန်းကို ရောက်လာခဲ့ရတာပေါ့။ ကျွန်တော် ရောက်သွားတော့ ညဥ့်နက်နေပြီ။ သုံ့ပန်းစခန်းက တဲတွေအားလုံး ပိတ်ထားပြီး ပြတင်းပေါက်က မီးရောင်ကလေး မှုန်ဝါးဝါးကိုသာ တွေ့ရတော့တယ်။

အဲဒီတုန်းက ကျွန်တော်မီးအိမ်တွေ ငြိမ်းသွားတဲ့ ခြံစည်းရိုးအပြင်ဘက်မှာ ရပ်ပြီး ရင်တလှပ်လှပ်နဲ့ အထဲကို ငေးကြည့်နေမိခဲ့တယ်။

တဲထဲက ဗိုလ်ကြီးရဲ့အသံလိုလို စကားပြောသံကို ကြားရတဲ့အခါမှာတော့ ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့ရတယ်။

နောက်ဆုံးမှာတော့ စိတ်ဒုံးဒုံးချပြီး အဲဒီနေရာက ထွက်လာခဲ့ကာ မြို့ထဲက ဘုန်းကြီးကျောင်းတစ်ကျောင်မှာ တောင်းပန်ပြီး တည်းခဲ့ရတယ်။

နောက်တစ်နေ့နံနက် ရောက်လို့ မျက်စိဖွင့်လာတဲ့အခါမှာတော့ စော သေးလွန်းလို့ မှောင်နေတုန်းပဲ ရှိသေးတယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့ စောစော ရောက်ချင်တဲ့ ဇောကပြင်းပြနေတာမို့ ချက်ချင်းအိပ်ရာကထပြီး သုံ့ပန်းစခန်း ကို သွားဖို့ ပြင်ဆင်ရတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့တော့ ခင်ဗျားတို့ ရှိတဲ့ မိခင်တပ်ဆီကို ပြန်ခွင့်ရပြီဆိုတဲ့အတွေးနဲ့ပေါ့။ ခင်ဗျားတို့နဲ့ခွဲခဲ့ရတာ လည်း သုံးလလောက် ကြာသွားပြီဆိုတော့ ဒီအတောအတွင်း အပြောင်းအလဲ တွေက အမျိုးမျိုးဖြစ်ကြတော့မှာပဲလို့လည်း တွေးနေမိတယ်။ ကျွန်တော့် ရင်ထဲမှာတော့ ဝမ်းသာလွန်းလို့ လက်တွေတောင် တုန်နေတော့တယ်။ ဒါနဲ့ အဲဒီဘုန်းကြီးကျောင်းက စွန့်ပေးလိုက်တဲ့ သင်္ကန်းတစ်စုံကို ဆင်မြန်းပြီး သပိတ်ကို ပိုက်လိုက်တယ်။

အင်း ဒီပုံစံအတိုင်းသာ ငါ့သူငယ်ချင်းတွေ တွေ့လိုက်ရရင်တော့ အတော့်ကို အံ့သြကုန်မှာပဲ။ ဝမ်းသာကြမှာပဲ။

အဲဒီလိုတွေးရင်း ကျွန်တော်တစ်ယောက်တည်း ကျိတ်ပြုံးလိုက်တယ်။

ဒါပေမဲ့ ရုတ်တရက် သတိပြုလိုက်မိတာက ကျွန်တော်ခုလို အိပ်ရာက အစောကြီးလန့်နိုးလာတာဟာ ကျောင်းပရိဝုဏ်အတွင်းက သဲ့သဲ့ကလေး ထွက်ပေါ်လာတဲ့စောင်းသံကြောင့်ပဲဆိုတာ သိလိုက်ရတယ်။ တစ်ယောက် ယောက်က "ဟညုနို့ယဒို" သီချင်းကို ညင်းညင်းတွဲ့တွဲ့တီးခတ်နေတယ်။ ခဏတစ်ဖြုတ် ငြိမ်ပြီး နားထောင်နေရင်းက သည်းမခံနိုင်တော့တဲ့အဆုံးမှာ ကျောင်းဝင်းထဲကို ထွက်လာမိတော့တယ်။

အဲဒီအခါ အရဏ်ဦးရဲ့ မှိုင်းပြာပြာနှင်းမှုန်တွေကြားမှာ မြန်မာလူငယ် ကလေးတစ်ယောက် စောင်းတီးလေ့ကျင့်နေတာကို တွေ့လိုက်ရတယ်။ ကျွန်တော်က သူ့အနားကို သွားပြီး နှုတ်ဆက်လိုက်တယ်။

"ဒကာလေးဘာဖြစ်လို့ အခုတစ်လောစောစောစီးစီး စောင်းတီးနေရတာ လဲ ကွယ့်"

"မှန်လှပါဘုရား။ တပည့်တော်က ဒီကျောင်းရဲ့ မီးဖိုချောင်မှာ အိပ်ပါတယ် ဘုရား။ နေ့တိုင်း နေ့တိုင်း ဟောဒီစောင်းကိုတီးပြီး အလုပ်ခွဲထွက်ပါတယ် ဘုရား"

"ဒကာလေးက ဘာဖြစ်လို့ ဒီသီချင်းကို ရွေးပြီး တီးရတာလဲ"

"ဒီသီချင်းကို တီးပြမှ အင်္ဂလိပ်စစ်သားတွေဆီက ပိုက်ဆံများများရတာ ဘုန်းဘုန်းရဲ့"

ဘုန်းကြီးကျောင်းဝင်းတံခါး ဖွင့်ဖို့ကလည်း တော်တော်လေး လိုသေးတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျောင်းသားလေးဆီက စောင်းကိုတောင်းပြီး ကိုယ်တိုင် စပ်ဆိုထားတဲ့ တေးသွားကို ခပ်ဖွဖွလေး တီးကြည့်လိုက်မိတယ်။ ကျောင်းသားလေးဟာ မျက်လုံးကလေးအဝိုင်းသားနဲ့ ငြိမ်ပြီး နားထောင်နေရှာတယ်။ ပြီးမှ အဲဒီတေးသွားကို သူ့ကို သင်ပေးဖို့ ပူဆာလာတယ်။ ဒီတေးသွားကိုသာ သူ တီးခတ်လိုက်ရင် ပိုက်ဆံတွေ အများကြီးရမှာပဲလို့လည်း ပြောပြတယ်။

ကျွန်တော်လည်း အတော့်ကိုပျော်သွားတယ်။ ကိုယ်တတ်ထားတဲ့ပညာဟာ တစ်ဖက်သားအတွက် အသုံးဝင်နေပါလားလို့ တွေးမိတဲ့အခါ ရင်ထဲမှာ ကြည်နူးလာတယ်။ ဒါနဲ့ တတ်သမျှမှတ်သမျှကို ကြိုးစားပြီး သင်ပေးရတော့တယ်။ ကျောင်းသားလေးကလည်း ကြိုးစားပြီး လိုက်တီးတယ်။ သီချင်းတစ်ပုဒ်လုံး တီးတတ်ဖို့ကတော့ အတော်ကလေးအချိန်ယူပြီး သင်ပေးရတာပေါ့လေ။ အဲဒီတုန်းက ကျောင်းသားကလေးက အခုလိုပြောပြတယ်။

"တပည့်တော်တို့မြို့မှာ အင်္ဂလိပ်စစ်သားတွေပိုင်တဲ့ ဆေးရုံတစ်ရုံ ရှိတယ် ဘုန်းဘုန်းရဲ့။ ဆေးရုံမှာ ဆေးကုလို့မရဘဲ ဆုံးသွားတဲ့သူတွေကို ဆေးရုံပိုင် သင်္ချိုင်းမှာပဲ မြေမြှုပ်သင်္ဂြိုဟ်ကြတယ်။ အဲဒီအခါမှာ ဆေးရုံမှာ အလုပ်လုပ်တဲ့ အင်္ဂလိပ်တွေလည်း သင်္ချိုင်းကို လာကြတယ်။ သင်္ချိုင်းက အပြန်လမ်းမှာ သူတို့ကို စောင့်ပြီး စောင်းတီးပြရင် သနားစိတ်တွေ ပိုဝင်လာ

ပြီး ပိုက်ဆံတွေ အများကြီး လှူကြတယ်။ တစ်ခါတစ်ခါ ငွေဒင်္ဂါးတွေတောင် ပါလာတတ်တယ်။ သင်္ချိုင်းစောင့်ကြီးကို မေးကြည့်တော့ ဒီနေ့မှ မနက်ပိုင်း မှာလည်း သင်္ဂြိုဟ်ပွဲတစ်ခု ရှိတယ်လို့ သိရတယ်”

“တပည့်တော်တို့မြို့နဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ ကျောက်တောင်ကြီး တစ်ခုမှာ ဂျပန်စစ်သားတွေဟာ ခေါင်းမာမာနဲ့ တိုက်နေရာက နောက်ဆုံးမှာ လက်နက်ချလိုက်ကြပြီး အဲဒီအထဲက ဒဏ်ရာရတဲ့ ဂျပန်စစ်သားအချို့ကို ဒီဆေးရုံမှာ တင်ထားကြတယ်တဲ့။ ရွာထဲမှာလည်း အဲဒီသတင်းတွေ ပျံ့နေပြီး အခြေအနေက အတော့်ကို ဆိုးတယ်လို့ဆိုတာပဲ။ အဲဒီဂျပန်စစ်သားတွေထဲက အချို့ဟာ ဆေးရုံပေါ်မှာတင် ဆုံးသွားကြလို့ ဒီနေ့ပဲစုပြီး သင်္ဂြိုဟ်မယ်လို့ ကြားရတယ်။ အဲဒီနေရာကို သွားပြီး စောင်းတီးပြရင် ပိုက်ဆံတွေ အများကြီး ရဦးမှာပဲ ဘုန်းဘုန်းရဲ့”

‘‘ဟယ်’’

ကျွန်တော့ပါးစပ်ကယောင်ယမ်းပြီး အော်လိုက်မိတယ်။ ဒါဆိုရင်ဟိုတြိဂံ တောင်မကြီးပေါ်က စစ်သားတွေဟာ ဒီဆေးရုံကို ရောက်နေကြတာပဲ ဖြစ်မှာပဲလို့လည်း တွေးလိုက်မိတယ်။ သူတို့အားလုံး ဘယ်လိုဖြစ်ကုန်ကြတာပါလိမ့်။ ရှောရှောရှုရှုပဲ လက်နက်ချလိုက်ကြတာမှ ဟုတ်ရဲ့လားလို့ ကျွန်တော့်ရဲ့ ရင်ထဲမှာ သိချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာတော့တယ်။ သူတို့နဲ့ တိုက်ရိုက်သွားတွေ့လို့ မဖြစ်ပေမယ့် အပြင်ဘက်ကနေ အခြေအနေကိုသွားပြီး အကဲခတ်ချင်လာမိတယ်။ သုံ့ပန်းစခန်းကို ဝင်သွားပြီးမှတော့ သူတို့ရဲ့ အခြေအနေကို လေ့လာလို့ ရတော့မှာမဟုတ်ဘူး။ ဒါနဲ့ ကျွန်တော်လည်း သုံ့ပန်းစခန်းကို မသွားခင် အဲဒီကို အရင်သွားကြည့်မှပဲလို့ ဆုံးဖြတ်လိုက်တယ်။

ဘုန်းကြီးကျောင်း တံခါးမကြီး ပွင့်သွားတဲ့အချိန်မှာတော့ ကျွန်တော်ဟာ ကျောင်းသားကလေးနဲ့အတူ ဆေးရုံကို လိုက်သွားမိတယ်။ သိပ်စောလွန်းတဲ့

အတွက် ဆေးရုံအဝမှာတော့ အလုပ်သမားတွေ ဝင်ထွက်သွားလာတာကို တောင် မတွေ့ရသေးဘူး။ မေးစရာလည်း လူတစ်ယောက်မှ မရှိဘူး။

ဒါပေမဲ့ ခပ်လှမ်းလှမ်းတစ်နေရာက ဓမ္မတေးသီချင်း စုပေါင်းသီဆိုနေကြတဲ့အသံတွေကို ခပ်သဲ့သဲ့ကြားနေရတယ်။ ယောကျ်ား၊ မိန်းမ ရောဆိုနေကြတဲ့ အသံတွေ ဖြစ်ပေမယ့် မိန်းမသံက ပိုများတယ်လို့ ထင်ရတယ်။ ဒီဓမ္မတေးသံက ဆေးရုံရဲ့အနောက်ဘက်မှာရှိတဲ့ သစ်ပင်ကြီးတွေ အုံ့ဆိုင်းတဲ့ နေရာဆီကနေ လာနေကြတာပဲ။ အဲဒီနေရာက ဆေးရုံသင်္ချိုင်းရှိနေတယ်လေ။

ကျွန်တော်လည်း သင်္ချိုင်းထဲကို ဝင်လာခဲ့မိတယ်။ သင်္ချိုင်းထဲက သစ်ပင်ကြီးတွေဟာ နံနက်ခင်း နှင်းတွေနဲ့ ရွှဲရွှဲစိုနေပြီး သစ်ကိုင်းသစ်ရွက်တွေရဲ့ ထိပ်မှာတော့ ဖြူဖွေးတဲ့နှင်းဥရေစက်ကလေးတွေ တွဲလောင်းခိုနေကြတယ်။ သင်္ချိုင်းအဝင်လမ်း တစ်လျှောက်မှာက တကယ့်ဥယျာဉ်ကြီးတစ်ခုလို သစ်ပင်ပန်းပင်ကလေးတွေကို လှလှပပ စိုက်ပျိုးထားတယ်။ လက်ဝါးကပ်တိုင်ကလေးတွေ စိုက်ထူထားတဲ့ အုတ်ဂူလိုလို လေးထောင့်ပုံစံ ကျောက်တုံးကလေးရဲ့ရှေ့မှာ လမ်းသူ့ပန်းခွေအသစ်တွေကော အဟောင်းတွေပါ ချထားကြတယ်။ သင်္ချိုင်းရဲ့ အတွင်းဘက်ကျကျ ထောင့်ကွေးတစ်ခုမှာတော့ လူတွေ ဝိုင်းအုံပြီး ရပ်နေတာကို တွေ့လိုက်ရတယ်။

ကျွန်တော်ဟာ ယူကလစ်ပင်ကြီးရဲ့အောက်ကို ရောက်အောင်သွားပြီး အဲဒီအပင်ကြီးရဲ့သစ်ကိုင်းသစ်ရွက်တွေကြားက သူတို့ ဘာတွေလုပ်နေကြတယ်ဆိုတာကို ချောင်းကြည့်နေမိတယ်။ လူအုပ်ထဲမှာ အမျိုးသမီး အတော်များတယ်။ သူတို့အားလုံးဟာ မျက်လုံးကလေးတွေက ပြာလဲ့လဲ့ဖြစ်နေပြီး နှင်းဆီရောင် ပါးအိုနီကလေးတွေနဲ့ သူနာပြုဝတ်စုံတွေကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားကြတယ်။ အမျိုးသားတွေကတော့ သူတို့ရဲ့ ဦးထုပ်တွေကို ချွတ်ထားကြတယ်။ သူတို့အားလုံးဟာ မြေမြှုပ်ပြီးစ မြေပုံတွေရဲ့ဘေးမှာ ရပ်ပြီး ဓမ္မတေးတွေကို သံပြိုင်သီဆိုနေကြတယ်။ သီချင်းတွေလည်း ဆုံးရော

အဲဒီအင်္ဂလိပ်လူမျိုးတွေဟာ သူတို့ကိုယ်ကို ကြက်ခြေခတ်ပုံစံ ဝတ်ပြုလိုက်ပြီး ခဏတစ်ဖြုတ် ခေါင်းငုံ့ဆုတောင်းလိုက်ကြတယ်။ ပြီးတော့မှ အဲဒီနေရာက နေ ထွက်ခွာသွားကြတော့တယ်။

သူတို့ထွက်သွားပြီးတဲ့နောက် ကျွန်တော်ဟာ အဲဒီနေရာကို သွားပြီး ကြည့်လိုက်မိတယ်။ မြေမြှုပ်ပြီးသွားတဲ့ မြေပုံပေါ်မှာတော့ လေးထောင့် ခပ်စပ်စပ် ကျောက်တုံးအသစ်ကလေးတစ်လုံးကို ချထားပြီး ဘေးမှာ အလွန် လှပတဲ့ ပန်းခွေကလေးတစ်ခု ချထားတယ်။ ကျောက်တုံးရဲ့ အရှေ့မျက်နှာ ပြင်ပေါ်မှာတော့ "အမည်မသိ ဂျပန်စစ်သည်တော်များ၏မြေပုံ"လို့ ကမ္ပည်း စာကို ထွင်းထားတယ်။

ကျွန်တော်ဟာ အဲဒီမြေပုံရဲ့ရှေ့မှာ ခဏတစ်ဖြုတ် မလှုပ်မယှက်ဘဲ ငြိမ်ပြီး ရပ်နေမိတယ်။

သချိုင်းအဝင်ဝဆီက 'ဟညုနို့ယဒို' တေးသွားနဲ့ စောင်းသံကို ကြားနေရ တယ်။ အဲဒီတေးသွားရဲ့ ဆွဲဆောင်မှုနောက်ကို ကျွန်တော့်ခြေထောက်များက ရွှေ့လျား လျှောက်လှမ်းနေမိခဲ့တယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ သချိုင်းတံခါးဝ ရှိရာကို ဒယိမ်းဒယိုင်နဲ့ ထွက်ခွာလာခဲ့မိတယ်။

ကျွန်တော့်တစ်ကိုယ်လုံးဟာ ရက်သွေးတွေမွန်ထူပြီး ပူလောင်လာတော့ တယ်။ ကျွန်တော့်အဖို့ စစ်တောင်းမြစ်ကမ်းပေါ်မှာ အထပ်ထပ်ပုံနေတဲ့ အလောင်းတွေကို မျက်နှာလွှဲခဲပစ်လုပ်ပြီး ထွက်လာခဲ့တာဟာ အတော့်ကို ရှက်ဖို့ကောင်းတဲ့ကိစ္စပဲ။

သွေးမတော် သားမစပ် တိုင်းတစ်ပါးသားတွေကမှ အခုလို လူလူသူသူ အရေးထားပြီး သင်္ဂြိုဟ်ပေးကြတယ်။ သူတို့တစ်တွေက ဂရုစိုက်ပြီး ပြုစုကုသ ပေးကြတယ်။ သေဆုံးသွားသူတွေကို မြေမြှုပ်သင်္ဂြိုဟ်ပေးရုံမျှမကဘဲ သူတို့ရဲ့ ဝိညာဉ်တွေကို ဖြေသိမ့်တဲ့အနေနဲ့ ဝတ်ပြုဆုတောင်းပေးကြတယ်။

ကျွန်တော့်အဖို့ စစ်တောင်းမြစ်ကမ်းပေါ်က အလောင်းတွေ တောင်တန်းတွေပေါ်က တောနက်တွေထဲက လျှိုမြောင်တွေရဲ့ အောက်ခြေက ပြန့်ကျဲနေတဲ့ ကျွန်တော့်ရဲဘော်တွေရဲ့ အရိုးစုတွေကို ကျီးထိုးထိုး ခွေးစားစားဆိုပြီး မျက်နှာလွှဲ ခဲပစ်သဘောမျိုးနဲ့ ဘယ်လိုမှ စွန့်ပစ်မထားရက်တော့ဘူး။

အခုကြားသိနေရတဲ့ 'ဟညုနို့ယဒို' တေးသွားဟာ ကျွန်တော့်အတွက် သာမန်စောင်းသံမဟုတ်တော့ဘူး။ ကျွန်တော့အိမ်ကို အလွမ်းပြေစေတဲ့ သာမန်တေး တစ်ပုဒ်မဟုတ်တော့ဘူး။ **ဒီတေးသွားဟာ လူသားအားလုံးရဲ့ နှလုံးသားကနေ မွေးရပ်မြေကို အောက်မေ့လွမ်းဆွတ်မှုကို ဆိုပြနေတာပဲ။ (တိုင်းတစ်ပါးမှာ ကျဆုံးပြီးသူတို့ရဲ့ အလောင်းတွေကို နေပူထဲ မိုးရွာထဲမှာ ပစ်အထားခံရတဲ့ ဝိညာဉ်တွေသာ ဒီသီချင်းကို ကြားသွားကြရင် ဘယ်လို ခံစားကြရပါ့မလဲ။ သူတို့ရဲ့ ဝိညာဉ်တွေ နားခိုဖို့အတွက် ဆိတ်ငြိမ်တဲ့နေရာ ကလေးတွေ ဖန်တီးမပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ အဲဒီလို လုပ်မပေးဘဲ မောင်ရင် ဒီတိုင်းပြည်က ထွက်ခွာရဲလိမ့်မယ်လို့ ထင်နေသလား။ မောင်ရင့်ရဲ့ ခြေထောက်တွေက ဒီမြေပေါ်က ခွာသွားလို့ကော ရနိုင်ပါ့မလား။ မောင်ရင် ပြန်သွားစမ်း။ မောင်ရင့်ရဲ့ ခြေဦးကို နောက်ဘက်သို့ ပြန်လှည့်လိုက်စမ်း။ မောင်ရင် ဒီမရောက်ခင် လမ်းမှာ တွေ့ခဲ့ရတဲ့ အလောင်းကောင်တွေအတွက် စဉ်းစားပေးစမ်း။ ဘာလဲ မောင်ရင်က အဲဒါတွေကိုလှည့်မကြည့်ဘဲ ဒီအတိုင်း ထွက်သွားတော့မလိုပလား။ မြောက်အရပ်ကို ပြန်လှည့်သွားဖို့ မောင်ရင့်မှာ သတ္တိမရှိတော့ဘူးလား** ဆိုတဲ့ ပြင်းထန်တဲ့ တိုက်တွန်းချက်တွေကို ကျွန်တော့်ရဲ့နှလုံးသားအတွင်းဘက်ဆီမှာ တိုးတိတ်ညင်သာစွာ ကြားနေရတယ်။

ကျွန်တော့်အဖို့ ဒီအတိုင်းငြိမ်နေလို့တော့ မဖြစ်တော့ဘူး။ ကျွန်တော့်ရဲ့ ကိုယ်ပေါ်မှာ မမျှော်လင့်ဘဲ တာဝန်ကြီးက ကျရောက်လို့ လာခဲ့ပြီ။ ဒီတာဝန်ကို တစ်နေ့ဆိုရင် တစ်နေ့ဆိုသလောက် ခပ်မြန်မြန်ထမ်းဆောင် ဖြည့်ဆည်းရတော့မယ်။

ကျွန်တော့်အဖို့ သုံ့ပန်းစခန်းကို ပြန်မဝင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တော့တယ်။ ဒါနဲ့ ကျွန်တော်ဟာ အဲဒီနေရာကနေ မြို့အပြင်ဘက်ရောက်အောင် တန်းတန်းမတ်မတ် ထွက်လာခဲ့တော့တယ်။

ဒီလိုသာ ထွက်လာခဲ့ရတယ်။ ကျွန်တော့်သူငယ်ချင်းတွေဖြစ်တဲ့ ခင်ဗျားတို့ရဲ့မျက်နှာကို တစ်ကြိမ်ဖြစ်ဖြစ်တော့ တွေ့ချင်နေသေးတယ်။ ဒါကြောင့် ကျွန်တော့်ခြေလှမ်းတွေဟာလည်း ချီတုံချတုံနဲ့ အယောင်ယောင် အမှားမှားဖြစ်နေတော့တယ်။ ဒီလိုနဲ့ မြို့ကထွက်လိုက် မြို့ထဲပြန်ဝင်လိုက်နဲ့ အကြိမ်ကြိမ်ဖြစ်နေရာက နောက်ဆုံးမှာတော့ သုံ့ပန်းစခန်းကို ရောက်တော့တယ်။ စခန်းရောက်တော့ စခန်းမှာ ဘယ်သူမှ မရှိကြတော့ဘူး။ စောင့်ကြည့်နေမိသေးပေမယ့် ဘယ်သူမှ ပြန်မလာကြဘူး။ ခင်ဗျားတို့ အလုပ်လုပ်ဖို့ အပြင်ထွက်သွားပြီးတဲ့နောက်မှာ ကျွန်တော်က အဲဒီကို ရောက်သွားတာကိုး။ ကျွန်တော်လည်း ကြာကြာ မစောင့်နိုင်တော့တာနဲ့ စိတ်ဒုံးဒုံးချပြီး မြို့ထဲက ထွက်လာခဲ့တော့တယ်။

ဒီလိုနဲ့ မြို့အပြင်ဘက်ကို ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့မိတယ်။ အဲဒီနောက် ပြင်ပြီးခါစ တံတားကျဉ်းကလေးပေါ် လျှောက်လှမ်းလာတဲ့အခါမှာတော့ မမျှော်လင့်ဘဲ ခင်ဗျားတို့တစ်တွေကို တံတားတစ်ဖက်ဆီက လျှောက်လာကြတာကို တွေ့လိုက်ရတယ်။ ခင်ဗျားတို့ ဝတ်စားလာကြတာက တစ်ခါမှမမြင်ဖူးတဲ့ သုံ့ပန်းအဝတ်အစားတွေဖြစ်တဲ့အပြင် ရွှံ့တွေပါပေကျံနေလေတော့ ရုတ်တရက် မမှတ်မိဘူး။ တံတားအလယ်ရောက်မှ ခင်ဗျားတို့ဆိုတာကို ကွဲကွဲပြားပြားသိလာရတော့တယ်။ အဲဒီလိုသိလာတယ်ဆိုရင်ပဲ ဝမ်းသာတဲ့စိတ် ဝမ်းနည်းတဲ့စိတ် ကြေကွဲတဲ့စိတ်တွေနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် တွေလာပြီး ရင်ထဲမှာလည်း တထိတ်ထိတ်ခုန်လာတော့တယ်။ ကျဉ်းမြောင်းလှတဲ့ တံတားကလေးအပေါ်မှာ ကျွန်တော့်အနားကို ဖြတ်ပြီး လျှောက်သွားကြတဲ့ ခင်ဗျားတို့ တစ်ယောက်ချင်းတစ်ယောက်ချင်းရဲ့မျက်နှာတွေကို ငေးစိုက်ကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ

ဘယ်လို ခံစားခဲ့ရတယ်ဆိုတာကို စာနဲ့ရေးမပြတတ်တော့ဘူးဗျာ။ ကိုယ့်ရဲ့ ဗိုလ်ကြီးနဲ့ ကိုယ့်သူငယ်ချင်းတွေနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်တွေ့နေခဲ့ရပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော့်စိတ်ထဲမှာ မြောက်အရပ်ကို ပြန်သွားဖို့ စိတ်ဒုံးဒုံးချပြီး နေခဲ့ပြီလေ။ စစ်တပ်ထဲကို မပြန်နိုင်တော့တဲ့အဆုံး ခင်ဗျားတို့တစ်တွေကို ကျွန်တော် ဘယ်သူဆိုတာကို အမှန်အတိုင်း မသိစေချင်တော့ဘူး။ မီဇူရီးမားတစ်ယောက် သေဆုံးသွားပြီလို့သာ မှတ်လိုက်စေချင်တော့တယ်။

အဲဒီနေရာကနေ ကျွန်တော်ဟာ ပခုံးပေါ်မှာ ကြက်တူရွေးကလေးကို တင်ကာ မြန်မာပြည်ရဲ့မြောက်ဘက်အရပ်ဆီကို ဦးတည်ပြီး သုတ်ခြေတင်ခဲ့ရတယ် ဆိုပါတော့ဗျာ။”

(၆)

ဗိုလ်ကြီးက အဲဒီနေရာအထိ ဖတ်ပြပြီးတဲ့အချိန်မှာတော့ သံဆန်ခါတန်းပေါ်မှာ နားနေတဲ့ ကြက်တူရွေးကလေးက နောက်တစ်ခါ

“အာ အား ယာပရီ ဂျိုးညွန်းဝ ခအဲရဝကယ်နီဝတီကနိုင်း”

*“အင်း ငါတော့ ဂျပန်ပြည်ကို မပြန်နိုင်တော့ဘူး”*

လို့ ဂျပန်လိုထပြီး အော်ပြန်တယ်။ အဲဒီလို အော်ပြီးတဲ့နောက် ညည်းသံလိုလို ဘာလိုလို ထွက်လာတယ်။ အဲဒီညည်းညူတဲ့အသံဟာ ကျွန်တော်တို့ရဲ့ ရင်ထဲ အသည်းထဲက ထွက်လာသလိုပဲ ခံစားရတယ်။

အဲဒီအသံကို ကြားရတဲ့အခါ ဗိုလ်ကြီးဟာ ချောင်းတစ်ချက် ဟန့်ရင်း စာဖတ်တာကို ခဏရပ်ထားလိုက်တယ်။ ကျွန်တော်တို့တစ်တွေဟာ သက်ပြင်းရှည်ကြီးတွေ ချလိုက်ရင်းက ပြာမောင်းတဲ့ ပင်လယ်ပြင်ကြီးကို ငေးကြည့်နေလိုက်ကြတယ်။

ဆည်းဆာရဲ့ နေရောင်အောက်မှာတော့ တောက်ပဝင်းလက်နေတဲ့ ပင်လယ်ပြင်ကြီးရဲ့အရောင်ဟာ တဖြည်းဖြည်း မှေးမှိန်လို့ လာတော့တယ်။ မြင်ကွင်းတစ်ခုလုံးဟာ ဓာတ်ပုံတစ်ပုံရဲ့ နဂတစ်ဖလင်လိုပဲ ဖြစ်လာတော့ တယ်။ မလေးကျွန်းဆွယ် စုမတြားကျွန်းတွေဟာ ငြိမ်သက်တဲ့ရေပြင်ပေါ်မှာ ကျွန်တော်တို့ကို ဝေ့ဝိုက်ပြီး ရွေ့လျားလာနေကြတယ်။ ပင်လယ်ရေလက် ကြားရဲ့ ဟိုနေရာ သည်နေရာမှာတော့ အရိပ်မည်းကြီးတွေ ထိုးနေကြပြီး မီးထွန်းရပ်နားနေတဲ့ ငါးဖမ်းလှေကလေးတွေကို ကြိုးကြားကြိုးကြား တွေ့နေရတယ်။ ပင်လယ်လှိုင်းတံပိုးတွေကလည်း ငြီးငွေ့ဖို့ ကောင်းတဲ့ သံစဉ်တွေနဲ့သင်္ဘောရဲ့နံရံကိုဖျတ်ဖျတ်လာပြီးရိုက်ခတ်နေကြတယ်။ ကျွန်တော် တို့ စီးလာတဲ့သင်္ဘောက ရေပေါ်မှာ ညင်ညင်သာသာ ရှပ်တိုက်ခုတ်မောင်း ခဲ့တာ မှန်ပေမယ့် ညနေစောင်းလာတာနဲ့အမျှ ပိုပြီး လူးလာတော့တယ်။

ဒီလိုနဲ့ ဗိုလ်ကြီးက မိဇူရှီးမားရဲ့စာကို ဆက်ဖတ်ပြပြန်တယ်။

ကျွန်တော်ဟာ ဘုန်းကြီးကျောင်းမှာ တစ်ညလုံးထိုင်ပြီး ဒီစာကို ရေးနေခဲ့ တာပါ။ အရုဏ်လည်း ကျင်းလုပြီ။ ဖိုးရွှေလမင်းကြီးတောင် တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အုန်းလက်တွေကြားကနေ အလင်းရောင်တွေ ဖြာဆင်းကျနေ တယ်။

ကျွန်တော့်အဖို့ ကျွန်တော် မိဇူရှီးမားပါပဲဗျာလို့ ဘယ်လောက်ဖွင့်ပြော ချင်လိုက်မလဲဆိုတာကို စဉ်းစားသာကြည့်ကြပေတော့။ ဒါပေမဲ့ ကျွန်တော့် ကိုသာ ဂျပန်တစ်ယောက်မှန်း သိသွားကြရင် ဘယ်လိုပဲဖြစ်ဖြစ် သုံ့ပန်းစခန်း ကို လိုက်သွားရတော့မယ်။ ကျွန်တော့်ပခုံးပေါ်မှာ ကျနေတဲ့ တာဝန်ကို စွန့်ပစ်ရတော့မယ်။ ဒီမတိုင်မီ ကျွန်တော်စာရေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ရ ပါသေးတယ်။ ဒါပေမဲ့ စာရေးလို့ တစ်ဝက်လောက်ရောက်တယ်ဆိုရင်ပဲ အတိတ်က အကြောင်းတွေကို ရေးနေလို့လည်း အပိုပါပဲလေ။ မေ့ပစ်တာပဲ ကောင်းပါတယ်လို့ တွေးမိလာတဲ့အတွက် တစ်ဝက်တစ်ပျက်နဲ့ပဲ ရပ်ပစ်ခဲ့ရ ပေါင်းလည်း များပြီ။ ကျွန်တော်ကမှ ခင်ဗျားတို့နဲ့အတူတူ ဂျပန်ပြည်ကို

ပြန်မလိုက်နိုင်တော့မှ ကျွန်တော်အသက်ရှင်ပြီး ကျန်ရစ်ခဲ့တယ်ဆိုတာကို သိသွားကြရင် ခင်ဗျားတို့အတွက် ပိုပြီး စိတ်မကောင်း ဖြစ်ကြရတော့မယ်။ ပြီးတော့လည်း ကျွန်တော်က အခု မြန်မာဘုန်းတော်ကြီးတစ်ပါး ဖြစ်သွားခဲ့ပြီ လေ။ ဒီတော့ မီဇူရှီးမားဆိုတဲ့ ဂျပန်စစ်သားဟာလည်း ဒီလောကကြီးထဲမှာ မရှိတော့ဘူးလို့ မှတ်ယူရတော့မှာပေါ့။

မြန်မာပြည်ရဲ့အတွင်းပိုင်းကိုဝင်ပြီး ရဲဘော်ရဲဘက်တွေရဲ့ အလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်နေစဉ်မှာလည်း ခင်ဗျားတို့အကြောင်းကို တွေးမိလိုက်တဲ့ အခါ ရင်ထဲမှာ ထိန်းမနိုင်သိမ်းမရအောင် ခံစားလာရတယ်။ ဒါနဲ့ မုဒုံကို တစ်ပတ် ပြန်ကျော့လာခဲ့ရပြီး သုံ့ပန်းစခန်းနဲ့ ဝင်းထရံအပြင်ဘက်မှာ ရပ်ကာ ခင်ဗျားတို့ရဲ့သီချင်းတွေကို အဝေးက နားထောင်နေခဲ့မိတယ်။ အဲဒီလို နားထောင်ရင်းက အင်း ဒီသီချင်းတွေဟာ အရင်တုန်းက ငါလည်း အတူတူ ပါပြီး ဆိုခဲ့ရတာပဲလို့ ရှေးဖြစ်ဟောင်းတွေကို အောက်မေ့ရင်း လွမ်းဆွေးနေခဲ့ရတယ်။ ဘယ်တော့များ ငါ့ရဲ့သူငယ်ချင်းတွေ ဂျပန်ကို အပြီးပြန်ကြမှာ ပါလိမ့် လို့လည်း ရင်ထဲမှာ တလှပ်လှပ်နဲ့ စိုးရိမ်ပူပန်နေခဲ့ရတယ်။ မုဒုံကို ပြန်ရောက်လို့ ခင်ဗျားတို့ရဲ့မျက်နှာတွေကို မြင်ရတယ်ဆိုရင်ပဲ ကျွန်တော့်ရဲ့ ရင်ထဲမှာ အေးသွားတော့တယ်။

ကျွန်တော့်ပခုံးပေါ်မှာ နားရင်းလိုက်ပါနေတဲ့ ကြက်တူရွေးကလေးဟာ တစ်ခါ တစ်ခါ ကျွန်တော်တစ်ယောက်တည်း ညည်းညူပြောဆိုနေတာကို ကြားရဖန်များလို့လား မသိဘူး။ ကြာတော့ သူပါ ကျွန်တော့်စကားလုံးတွေကို ပြောတတ်လာတယ်။ အခုဆိုရင် အဲဒီကြက်တူရွေးကလေး ခင်ဗျားတို့ရဲ့ဘေးမှာ ရောက်နေရောပေါ့။ ဒီလိုပဲ ခင်ဗျားတို့မွေးထားတဲ့ ကြက်တူရွေးကလေးက အခု ကျွန်တော်ရဲ့ပခုံးပေါ်မှာ နားနေတယ်လေ။ တစ်ခါတစ်ခါ သူ့ပါးစပ်က

"အော် အီ မီဇူရှီးမား အစ်ရှိုးနီ နီပွန်းနီးခအဲရော"

"*ဟေ့ မီဇူရှီးမား တို့အတူတူဂျပန်ပြည်ကို ပြန်ကြစို့*" လို့ ထအော်တတ်တယ်။ ဒီအော်သံကို ကြားလေတိုင်း ကျွန်တော့အဖို့ လန့်ဖျပ်သွားမိတယ်။

ဒါပေမဲ့ ကျွန်တော် ဘယ်လိုမှ ပြန်လို့မဖြစ်တော့ဘူး။ အထက်က ပေးလာတဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရတော့မှာ ဘယ်လိုမှ ပြန်လို့ မဖြစ်တော့ဘူး။

မနေ့ကတော့ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့ ခွဲရတော့မှာမို့လား မပြော တတ်ဘူး။ သက်န်းဝတ်ကြီးနဲ့ပဲ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်တော့တဲ့ အဆုံးမှာ စောင်းကို ကောက်ပြီး တီးမိခဲ့တယ်။ အဲဒီနေရာက ထွက်လာတော့ ကျွန်တော့်ပခုံးပေါ်မှာ နားနေတဲ့ ကြက်တူရွေးကလေးနှစ်ကောင်ဟာ သူတို့ တတ်ထားတဲ့ ဂျပန်စကားတွေကို တစ်လှည့်ပြီးတစ်လှည့် အော်နေကြတယ်။ ဂျပန်ပြည်ကို ပြန်မယ်။ ဂျပန်ပြည်ကို မပြန်တော့ဘူးဆိုတဲ့ လမ်းနှစ်သွယ် ထဲက လမ်းတစ်လမ်းကို ရွေးပါလို့ တိုက်တွန်းနေကြသလိုပဲ။ ကျွန်တော်က ပြတ်ပြတ်သားသားပဲ မပြန်တော့ဘူးဆိုတဲ့လမ်းကို ရွေးချလိုက်တယ်။ ဒီလို ရွေးမှလည်းဖြစ်မှာလေ။ ဒီတိုင်းပြည်မှာ ကျန်ရစ်နေတဲ့ ကျဆုံးသွားတဲ့ ဂျပန်ရဲဘော်တွေရဲ့ အရိုးတွေက ကျွန်တော့်ကို လက်ယပ်ခေါ်နေကြပြီ။ ကျွန်တော့်အလာကို မျှော်နေကြပြီ။ သူတို့ခေါ်နေတာကို ကျွန်တော့်အနေနဲ့ မသိကျိုးကျွံပြုနေလို့ ဘယ်ကောင်းပါ့မလဲ။

ဒီအတွက် ခင်ဗျားတို့အားလုံး ကျွန်တော့်ကို ခွင့်လွှတ်နိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။

မုဒုံက ထွက်လာပြီးတော့ ကျွန်တော်ဟာ ချက်ချင်းပဲ စစ်တောင်းမြစ်ကူး ကူးတို့ဆိပ်ဘက်ကို ရောက်လာမိခဲ့တယ်။ စစ်ရှုံးလို့ ဆုတ်ခွာလာခဲ့ရတဲ့ ဂျပန်တပ်တွေဟာ တစ်တပ်နဲ့တစ်တပ်အဆက်အသွယ်တွေပြတ်ပြီး ကစဉ့် ကလျား ပြေးလွှားလာခဲ့ရတာမို့ အခုလို စိတ်မကောင်းစရာ အဖြစ်အပျက် တွေဟာ စစ်တောင်းမြစ်ကမ်းတစ်လျှောက်မှာ မြင်မကောင်းအောင် တွေ့နေ ရတာပေါ့။ ဒါနဲ့ ကျွန်တော်လည်း ကူးတို့ဆိပ်အနီးတစ်ဝိုက်က ရွာသားတွေ ကို မေးကြည့်တော့ သူတို့က အခုလို ပြောပြကြတယ်။

ဂျပန်တပ်သားအတော်များများဟာ ညအချိန်မှာ ဒီနေရာကနေ စစ်တောင်းမြစ်ကို ဖြတ်ကူးကြတယ်။ ကီလိုမီတာ နှစ်ရာလောက်ကျယ်တဲ့ စစ်တောင်းမြစ် ရေပြင်ကို ဝါးဖောင်သေးသေးကလေးတွေပေါ်မှာ ရှစ်ယောက်ကနေ ဆယ်ယောက်အထိ ပြွတ်သိပ်အောင် တက်စီးပြီး ထွက်လာခဲ့ကြတယ်။ မြစ်ရဲ့အလယ်ပိုင်း ရေစီးသန်တဲ့နေရာကို ရောက်လာတဲ့အခါ အဲဒီဝါးဖောင်တွေဟာ ရှေ့မတိုး နောက်မဆုတ်သာဘဲ ရေစီးကြောင်းအတိုင်း အောက်ဘက်ကို မျောပါကုန်ကြတော့တယ်။ ဒီလိုနဲ့ပဲ တချို့ဟာ ပင်လယ်ထဲအထိ မျောပါသွားကြပြီး တချို့ကြတော့ တောနက်တဲ့ကမ်းပါးကို ထွက်သွားကြတယ်။ ဟိုတုန်းက ညကြီးမင်းကြီး စစ်တောင်းမြစ်ထဲမှာ မျောပါသွားတဲ့ ဖောင်တွေပေါ်က ကယ်ပါယူပါဆိုတဲ့အသံတွေကို ရွာသားတွေက အတိုင်းသား ကြားခဲ့ကြရတယ်။

ဒါကြောင့်မို့ စစ်တောင်းမြစ်ကမ်းပေါ်မှာရှိတဲ့ ကူးတို့ဆိပ်ကမ်းတိုင်းမှာ ဂျပန်စစ်သားတွေ အများအပြား သေဆုံးခဲ့ကြရတယ်။ တချို့ကျတော့လည်း ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါတွေ စွဲကပ်တဲ့အပြင် အစာငတ်ရေငတ်ဖြစ်ပြီး အားပြတ်လာကြတဲ့အတွက် သူတို့မှာပါတဲ့ လက်ပစ်ဗုံးတွေနဲ့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်ကြတယ်။ ဒါကြောင့်မို့ ဂျပန်စစ်ကြောင်းတွေ ဖြတ်သွားတဲ့နေရာတိုင်းမှာ လက်ပစ်ဗုံးကွဲသံတွေကို မကြာမကြာ ကြားနေခဲ့ကြတယ်။ ရွာသားတွေကတော့ လက်ပစ်ဗုံးသံတစ်ချက် ကြားလိုက်တာနဲ့ သွားပြန်ပြီဟေ့ တစ်လောင်းလို့တောင် ပြောနေကြတော့တယ်။

အဲဒီလို ဘယ်သူမှ မှတ်တမ်းမတင် ဘယ်သူမှ စကားမတွင်ဘဲ မေ့မေ့ပျောက်ပျောက်ဆိုသလို မထင်မရှား သေသွားတဲ့ စစ်သားတွေ ဘယ်လောက်များ ရှိလိမ့်မလဲဆိုတော့ ခန့်မှန်းလို့တောင် မရနိုင်ဘူး။ အဲဒီလို ကျွန်တော် မြင်ခဲ့ ကြားခဲ့ရတဲ့ အဖြစ်အပျက်တွေကို တခြားတစ်ယောက်ယောက်ကသာ ကြုံခဲ့ရရင် ဘယ်သူမှ ထိုင်ပြီး လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်သလို ငါနဲ့မှ မဆိုင်ဘဲဆိုပြီး လျစ်လျူရှုရက်မှာလည်း မဟုတ်ဘူး။

ဒီလိုနဲ့ပဲ ကျွန်တော်ဟာ ရွာခံဘုန်းကြီးတွေနဲ့ ရွာသားတွေရဲ့ အကူအညီကို ယူပြီး အဲဒီဂျပန်စစ်သားတွေရဲ့အလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ပစ်ခဲ့ရတယ်။

အဲဒီလို မြစ်ကမ်းဘေးမှာ အလောင်းတွေမြှုပ်ဖို့ မြေတွေ တူးဆွနေတုန်းသဲတွေထဲက ပတ္တမြားကြီးတစ်လုံး ထွက်လာတော့တယ်။ အဲဒီ ပတ္တမြားကြီးဟာ မြန်မာပြည်မှာ အလွန်ကျော်ကြားတဲ့ ပတ္တမြားတွေထဲမှာ တစ်လုံးအပါအဝင် ဖြစ်တယ်။ အရည်အသွေးကလည်း ကောင်းသလား မပြောနဲ့။ နီရဲနေတဲ့ရောင်ခြည်တွေဟာ ဘေးဘက်ကို မီးတောက်မီးလျှံတွေ ပန်းထွက်သလိုတဖိတ်ဖိတ်တောက်ပြီး ဝင်းလက်နေတယ်။

အဲဒီပတ္တမြားကို လက်ကကိုင်ရင်း ကျွန်တော့်ရဲ့ စိတ်ထဲမှာ ကျဆုံးသွားကြတဲ့ ကျွန်တော့်ရဲ့ ရဲဘော်တွေရဲ့ ဝိညာဉ်တွေဟာ ဒီပတ္တမြားကြီးထဲမှာ ကိန်းအောင်းနေတယ်လို့ ခံစားလာရတယ်။ ကျွန်တော့်အဖို့ ဒီမျှားပြားလှတဲ့အရိုးတွေကို သယ်သွားဖို့က မဖြစ်နိုင်ဘူးလေ။ ဒီတော့ အဲဒီပတ္တမြားကြီးကိုပဲ အသက်စွန့်သွားခဲ့ကြတဲ့ ရဲဘော်တွေရဲ့ဝိညာဉ်လို့ သဘောထားပြီး သွားလေရာ ကိုယ်နဲ့မကွာ သယ်ဆောင် သွားနေမိတော့တယ်။ ဘုန်းကြီးကျောင်းမှာ ညအိပ်တည်းခိုတဲ့အခါမှာလည်း ဒီပတ္တမြားကြီးကို ဘုရားစင်ပေါ်မှာ အမြတ်တနိုးတင်ပြီး ပူဇော်ပသနေမိတယ်။

မုဒုံမြို့မှာ အင်္ဂလိပ်စစ်တပ်က စစ်အတွင်းက ကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက် ခမ်းခမ်းနားနားသင်္ဂြိုဟ်မယ်ကြားရတော့ ကျွန်တော်လည်း ပတ္တမြားကြီးကိုထည့်ပြီး သင်္ဂြိုဟ်ချင်တဲ့စိတ်တွေ ဖြစ်လာမိတော့တယ်။ ဒီစစ်ကြီးဖြစ်လာတာကိုက မှားပြီး ဖြစ်ခဲ့ရတာပဲ။ အဲဒီစစ်ထဲကို ဘုမသိဘမသိနဲ့လူငယ် လူရွယ်တွေကို အတင်းဆွဲသွင်းခံခဲ့ကြရပြီး စစ်မြေပြင်မှာ သူတို့ရဲ့အသက်တွေကို စတေးခဲ့ကြရရှာတယ်။ တကယ်တော့ သူတို့အားလုံး ဘာအပြစ်မှရှိကြတာ မဟုတ်ဘူး။ အင်္ဂလိပ်လူမျိုးပဲဖြစ်ဖြစ် ဂျပန်လူမျိုးပဲဖြစ်ဖြစ်သူတို့အားလုံး ဒီလောကကြီးထဲက အစောကြီး ထွက်ခွာပြီး တမလွန်ဘဝကို

ရောက်သွားကြရှာတာတော့ အတူတူပဲ။ ဒါကြောင့်မို့ အဲဒီသင်္ဂြိုဟ်ပွဲမှာ ကျွန်တော့်အနေနဲ့ ပါဝင်ခွင့်ပြုဖို့ တောင်းပန်ပြီး မထင်မရှား လိုက်ပါသွားရင်တောင် သူတို့အင်္ဂလိပ်စစ်သားတွေရဲ့ ဝိညာဉ်တွေက ဘယ်သူမှ မကျေမနပ်မဖြစ်ရှံမကဘူး။ သူတို့တစ်တွေလည်း ဂျပန်စစ်သားတွေရဲ့ ဝိညာဉ်တွေကို ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ဆွဲနှုတ်ဆက်ရင်း သူတို့ခိုနားနေတဲ့ ဘုံနန်းတွေပေါ်ကို ခေါ်သွားကြမှာ သေချာတယ်။ ကျွန်တော်တို့လို အသက်ရှင်ပြီး ကျန်ရစ်တဲ့ စစ်သားတွေတောင်မှ စစ်ကြီးပြီးပြီလို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် ဟိုးတောင်ပေါ်က ရွာကလေးမှာ တစ်ယောက်နဲ့ တစ်ယောက် ရန်သူလို သဘောမထားကြတော့ဘဲ နှုတ်ဆက်ခဲ့ကြသေးတာပဲ မဟုတ်လား။

ဒီလိုနဲ့ပဲ ကျွန်တော်ဟာ အဲဒီပတ္တမြားကြီးကို သစ်သားသေတ္တာဖြူဖြူလေးထဲမှာထည့်ပြီးပိတ်ဖြူနဲ့ပတ်ကာ လည်ပင်းမှာဆွဲရင်းက အဲဒီသင်္ဂြိုဟ်ပွဲမှာ ပါဝင်ခဲ့ရတယ်။ အဲဒီနောက် အရိုးအိုးတွေ သိမ်းထားတဲ့ဇရပ်ထဲကို ရောက်တဲ့အခါ ထောင့်ကွေးတစ်နေရာမှာ တင်ထားလိုက်တယ်။

သင်္ဂြိုဟ်ပွဲကာလ ရက်ပေါင်းအတော်ကြာအောင် အဲဒီပတ္တမြားသေတ္တာကလေးဟာ အများရဲ့ပူဇော်ပသခြင်း၊ နှစ်သိမ့်ခြင်းတို့ကို ခံခဲ့ရတယ်။ အဲဒီလို နှစ်သိမ့်တဲ့လူတွေထဲမှာတော့ ဂျပန်လူမျိုးဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲ ရှိခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်သူငယ်ချင်းတွေရဲ့ ဝိညာဉ်တွေအတွက် နေ့စဉ်ရက်ဆက်ဆိုသလို ဆုတောင်းပေးနေခဲ့မိတယ်။

ဒါပေမဲ့ ပတ္တမြားသေတ္တာက အဲဒီအရိုးအိုးဇရပ်ထဲမှာ အကြာကြီး ဆက်ထားလို့ကလည်း မဖြစ်ပြန်ဘူး။ ဒီအရိုးအိုးတွေကို သူတို့နိုင်ငံကို ပြန်သယ်မသွားခင် ရွှေ့ထားမှ သင့်လိမ့်မယ်။ ပြီးတော့ ဘယ်သူမှ မသိတဲ့ ဘယ်သူမှ မဖျက်ဆီးနိုင်တဲ့နေရာ လုံခြုံစိတ်ချရတဲ့နေရာ ဖြစ်ဖို့လည်း လိုအပ်နေပြန်တယ်။ ဒါနဲ့ ကျွန်တော်ဟာ သင့်တော်မယ့်နေရာကို လိုက်ရှာကြည့်မိတယ်။ နောက်ဆုံးမှာတော့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့ ဝမ်းဗိုက်အတွင်းမှာ ထည့်ထားဖို့ စိတ်ကူးရလာတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်ဟာ

ဘုန်းကြီးကျောင်းက ပုဂ္ဂိုလ်တွေလောက်သာ သိတဲ့ ရုပ်ပွားတော်ကြီး ရဲ့ခြေ ဖဝါးနောက်ဘက်ကအပေါက်ကို ဖွင့်ပြီး အထဲကိုဝင်ကာ နတ်စင်ကလေးကို ဆောက်ပြီး ပတ္တမြားသေတ္တာကို မြှုပ်ထားဖို့ စင်တစ်ခုကို ပြင်ဆင်နေခဲ့မိ တယ်။

တစ်နေ့မှာတော့ ရုပ်ပွားတော်ကြီးရဲ့ ဝမ်းတိုက်ထဲကို ရောက်သွားတဲ့ အခါ မှောင်ကလည်း မှောင်၊ အိုက်ကလည်း အိုက်နေတဲ့အတွက် ကျွန်တော် ဟာ တဖြည်းဖြည်း နွမ်းဟိုက်လာခဲ့တော့တယ်။ ဒါနဲ့ ကျွန်တော်လည်း နံရံကို ကျောနဲ့မှီပြီး နားနေတုန်း ရုတ်တရက် မိုက်ခနဲ ဖြစ်သွားတော့တယ်။ မနိုးတစ်ဝက် နိုးတစ်ဝက် အိပ်မက်လိုလို ဖြစ်နေတုန်း ခင်ဗျားတို့ရဲ့ သီချင်းသံ တွေကို နားထဲမှာ ကြားလာခဲ့ရတော့တယ်။

အဲဒီအခါမှာ ရုတ်တရက် လန့်နိုးလာပြီး ကယောင်ချောက်ချားနဲ့ ဘေး နားမှာ ချထားတဲ့ စောင်းကို ကောက်ကိုင်လိုက်မိတယ်။ မြောက်ပိုင်းဒေသ တွေဆီကို ခရီးလှည့်လည်နေစဉ်တုန်းကလည်း ဒီစောင်းကိုတော့ ကျွန်တော် အမြဲပဲ ယူသွားလေ့ ရှိတယ်။ မုဒုံကိုရောက်တော့လည်း စောစောကပြောခဲ့တဲ့ ကျောင်းသားကလေးကို သင်ပြပေးရင်း မကြာခဏတီးဖြစ်ခဲ့တယ်။ အဲဒီနေ့ မှာလည်း ကျွန်တော်ဟာ ဘုရားဆင်းတုတော်ရဲ့ ဝမ်းတိုက်ထဲအထိ စောင်းကို ယူလာခဲ့တယ်။

မမျှော်လင့်ဘဲ တစ်နေရာရာက စောင်းသံတွေ ထွက်လာတဲ့အတွက် ခင်ဗျားတို့အဖို့ အတော့ကို အံ့သြသွားကြမှာပဲ။ စိတ်မကောင်းပါဘူးဗျာ။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော်ဟာ လုံးဝသတိလက်လွတ်သွားခဲ့တယ်။ ကျွန်တော့်လက်တွေက "သူငယ်ချင်းတို့ရေ ကျွန်တော် ဒီမှာရှိနေတယ်ဗျ၊ ခုထက်ထိ အသက်ရှင်နေတုန်းပဲ၊ မတွေ့ရတာလည်း ကြာသွားပြီနော်၊ ကဲ ကဲ တွေ့တုန်းကြုံတုန်း အတူတူဆိုကြ တီးကြစို့လား"ဆိုတဲ့ သဘောမျိုးနဲ့ ယောင်ယမ်းပြီး တီးခတ်နေမိခဲ့တယ်။

ခဏကြာတော့ ခင်ဗျားတို့ တံခါးအပြင်ဘက်ကနေ တဒုံးဒုံးထုရင်း အော်ခေါ်ကြတယ် မဟုတ်လား။ အတွင်းဘက်မှာရှိတဲ့ ကျွန်တော်ဟာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကိုကြိတ်ရင်းကနေ မချိတင်ကဲ ခံစားခဲ့ရတယ်။ တံခါးအပြင်ဘက်က လှမ်းခေါ်နေတဲ့ အသံကို ကြားရတဲ့ အခါ ဒီအသံကတော့ ဘယ်သူ့အသံဆိုတာကိုလည်း ကွဲကွဲပြားပြားသိလာရ တယ်။ ဒါပေမဲ့ ကျွန်တော်က အရင်တုန်းက မီဇူရှီးမား မဟုတ်တော့ဘူးလေ။ မြန်မာဘုန်းကြီးတစ်ပါးဖြစ်သွားပြီး တံခါးကိုဖွင့်ပေးပြီး ခင်ဗျားတို့နဲ့ ဖက်လှဲ တကင်း ပွေ့ဖက်နှုတ်ဆက်တဲ့အလုပ်မျိုးကို လုပ်လို့မရတော့ဘူး။

ခဏကြာတော့ အပြင်ဘက်ကအသံတွေ ငြိမ်ကျသွားတဲ့အတွက် ကျွန်တော်ဟာ ဆင်းတုတော်အတွင်းက ကြောင်လိမ်လှေကားအတိုင်း တွယ် တက်ပြီး ဆင်းတုတော်ကြီးရဲ့ မျက်လုံးပေါက်ကနေ ချောင်းကြည့်လိုက်တဲ့ အခါမှာ ကုလားစစ်သား ဦးဆောင်ပြီး ခင်ဗျားတို့တစ်တွေ ဘုန်းကြီးကျောင်း ဘက်ဆီကို ထွက်သွားကြတာကို နောက်ကနေ မြင်လိုက်ရတယ်။

အမှန်တော့ ကျွန်တော်ဟာ တကယ့်ကို မြန်မာဘုန်းတော်ကြီးအဖြစ် ပြောင်းလဲလာခဲ့တာလို့ ဆိုရမယ်။ စစ်တောင်းမြစ်ကမ်းပါးမှာ ဂျပန်စစ်သား အလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ပြီးတဲ့နောက်ပိုင်းမှာတော့ အဲဒီအနီးက ရွာတစ်ရွာမှာ ရှိတဲ့ ဘုန်းတော်ကြီးကျောင်းကိုသွားပြီး ဝိနည်းတော်နဲ့အညီ ရဟန်းဘောင်ကို ဝင်လိုက်တော့တယ်။ အခုအခြေအနေမှာတော့ ဘုရားဟော တရားတော်တွေကို နည်းနည်းချင်း ကျက်မှတ်ပြီး ဆရာတော်တွေထံမှာ နည်းနာခံတဲ့ အဆင့်အထိ ရောက်လာခဲ့ပြီ။

ကျောင်းထိုင်ဆရာတော်ဘုရားက ကျွန်တော့်အနေနဲ့ အရပ်တကာလှည့် ပြီး ကျဆုံးသွားတဲ့ရဲဘော်တွေကို သင်္ဂြိုဟ်ပေးတဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့ တခြားလက်ပတ်တစ်ခုကိုပြန်ပြီး အပ်နှင်းခဲ့တယ်။

ကျွန်တော်လုပ်ရမယ့်လုပ်ငန်းတွေကလည်း တစ်နေ့တခြား တိုးပွားလို့ လာတော့တယ်။ အရင်တုန်းကလို ဂျပန်စစ်သားအလောင်းတွေကို ရှာဖွေပြီး

သင်္ဂြိုဟ် ပေးရုံမျှမကဘဲ မြန်မာရဟန်းတစ်ပါးအနေနဲ့ ပြုလုပ်ရမယ့်ဝတ်ကြီးဝတ်ငယ်တွေကိုလည်း ထမ်းဆောင်လာရတယ်။ ဘာပဲဖြစ်ဖြစ် ဒီတိုင်းပြည်က ပြည်သူတွေရဲ့ ကောင်းကျိုးအတွက်လည်း လုပ်ချင်ကိုင်ချင်စိတ်တွေ ပေါက်လာတယ်။

ကျွန်တော်ဟာ တရားတော်တွေကို လေ့လာရတဲ့အခါ အဲဒီတရားတွေကို ကိုယ်မှခွဲပြီး လိုက်နာချင်တဲ့ဆန္ဒတွေ ပေါ်လာတယ်။ ကျွန်တော်တို့ကော ကျွန်တော်တို့ရဲ့ အပေါင်းအသင်းအားလုံးဟာ ဒုက္ခရဲ့ အရသာကို ကောင်းကောင်းကြီး ထိတွေ့ခံစားခဲ့ကြရပြီ။ အပြစ်မဲ့တဲ့ လူငယ်တွေအတော်များများဟာ အဓိပ္ပာယ်ကင်းမဲ့စွာပဲ စွန့်လွှတ်စွန့်စားခဲ့ကြရပြီ။ ပင်ပျိုရွက်နုကလေးတွေ လုံးဝအပြစ်အနာအဆာကင်းတဲ့လူငယ်တွေဟာ သူတို့မိသားစုနဲ့ ခွဲခွာခဲ့ကြရပြီ။ သူတို့လုပ်နေတဲ့အလုပ်တွေကို စွန့်ပစ်ခဲ့ကြရပြီ။ သူတို့ခင်တွယ်တဲ့ ကျောင်းတွေက ထွက်ခွာခဲ့ကြရပြီ။ ပြီးတော့ဝေးလံလှတဲ့ တိုင်းပြည်မှာလာပြီး ခွေးသေဝက်သေ သေခဲ့ကြရပြီ။ ပြန်ပြီး စဉ်းစားကြည့်ရင် အတော့်ကို နာကြည်းဖို့ ကောင်းတယ်။ အဲဒါတွေကို တွေးမိလိုက်တော့ ကျွန်တော့်အဖို့ အခုလို အတွေးပေါက်လာမိတော့တယ်။ ကျွန်တော်တို့ဟာ အခု အချိန်အထိ လောကကြီးရဲ့ အကြောင်းကို လေးလေးနက်နက်မတွေးဘဲ အမှုမဲ့ အမှတ်မဲ့နေလာခဲ့ကြတယ်။ ဒီဘဝမှာ ရှင်သန်နေခြင်းရဲ့ အဓိပ္ပာယ်ကို လေးလေး နက်နက် တွေးတော ဆင်ခြင်ဖို့ မေ့လျော့ခဲ့ကြတယ်။

ကျွန်တော်ဟာ ရဟန်းတစ်ပါးအနေနဲ့ ကျင့်ကြံအားထုတ်ရင်းက ဒီတရားတွေကို လေ့လာခဲ့ရတယ်။ ရှေးနှစ်ပေါင်းများစွာကတည်းက ဒီတရားတော်ကို ယုံကြည်ကြတဲ့ ဒီမြေမှာရှိတဲ့လူတွေရဲ့ အသိုင်းအဝိုင်းထဲမှာ အံ့သြလောက်အောင် လူ့လောကနဲ့ လူသားတွေရဲ့ အကြောင်းကို ဆင်ခြင်ပွားများလာခဲ့ကြတာကို တွေ့လာရတယ်။ ဒီတရားတော်ကို ဆင်ခြင်လာမိတဲ့လူတွေဟာ အမှန်တရားကို သိမြင်ဖို့အတွက် ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲတဲ့ ကျင့်စဉ်မျိုးမဆို ကျင့်ကြံ အားထုတ်ရဲတဲ့ သတ္တိထူးတွေ ရလာကြတယ်။

အဲဒီသတ္တိတွေက စစ်သားတွေမှာရှိတဲ့ ရဲစွမ်းသတ္တိထက် အများကြီးသာတယ်။ ဒီသတ္တိကိုသုံးပြီးမျက်စိနဲ့ မမြင်နိုင်တဲ့ဒုက္ခဆိုတဲ့ ခံတပ်ကြီးကို အပြီးသိမ်းပိုက်နိုင်ဖို့ တိုက်ခိုက်နေကြတာပဲ။ ကျွန်တော်တို့ အားလုံးဟာ ဒီလိုအားထုတ်မှုများနဲ့ အကင်းကွာကြီး ကင်းကွာခဲ့ကြတယ်။ ဒီလိုအားထုတ် မှုမျိုးရဲ့ နောက်ကွယ်မှာ အဖိုးတန်တဲ့အကျိုးထူးတွေရှိနေတယ်ဆိုတာကို မစဉ်းစားမိခဲ့ကြဘူး။ ကျွန်တော်တို့တစ်တွေက လူတစ်ယောက်ကို ကြည့်တဲ့အခါမှာ အဲဒီလူ ဘာပစ္စည်းတွေ ထုတ်လုပ်နိုင်သလဲဆိုတဲ့ စွမ်းပကားသက်သက်ကိုပဲ ကြည့်ကြတာ များတယ်။ အဲဒီလူဟာ ဘယ်လိုလူမျိုးလဲ။ သူ့မှာ လောကနဲ့ ပတ်သက်ပြီး လူ့ဘဝနဲ့ပတ်သက်ပြီး ဘယ်လောက်နက်ရှိုင်းတဲ့ အမြင်သဘောတရားတွေ ရှိနေသလဲဆိုတဲ့အချက်ကိုတော့ လျစ်လျူရှုထားကြတယ်။ လူသားတစ်ဦးအနေနဲ့ အောင်မြင်မှု၊ သိမ်မွေ့မှု၊ သည်းခံအောင့်အည်းမှု၊ နက်ရှိုင်းမှု၊ မွန်မြတ်မှုတွေအပြင် မိမိကိုယ်၌က သူတစ်ပါးရဲ့ ကယ်တင်ခြင်းကို ခံရရုံမျှမက တခြားလူများကိုလည်း ဒုက္ခဘုံအတွင်းက ကယ်တင်လိုတဲ့ ဆန္ဒ စတာတွေကို ကျွန်တော်တို့တစ်တွေဟာ လုံးလုံး မသိခဲ့ကြရဘူး။

ကျွန်တော်တို့အဖို့ ဒီလိုပဲ သူတစ်ပါးရဲ့တိုင်းပြည်မှာပဲ ရဟန်းအောင်ကိုဝင်တော့မယ်၊ သာသနာပြုလုပ်ငန်းတွေကိုပဲ ဆက်လုပ်သွားတော့မယ်လို့ ရည်ရွယ်ထားခဲ့တယ်။

တောင်တွေကိုကျော် မြစ်တွေကိုဖြတ်ကူးပြီး ကိုင်းတောမြက်တောတွေထဲက ရွှံ့ညွန်တွေထဲက အလောင်းတွေကို ရှာဖွေပြီး သင်္ဂြိုဟ်ရင်းက လူ့ဘဝနဲ့ပတ်သက်ပြီး အခုလို သံသယတွေ ဝင်လာမိတယ်။

ဒီလူ့လောကကြီးမှာ ဘာကြောင့်များ ဒီလောက်ကြေကွဲ ဝမ်းနည်းဖို့ကောင်းတဲ့ဒုက္ခတွေနဲ့ ပြည့်နေရတာပါလိမ့်။ ဘာကြောင့်များ နားလည်ဖို့ခက်ခဲလှတဲ့ ပရိဒေဝပူပင်သောကတွေနဲ့ ပြွန်းတီးနေရတာပါလိမ့်၊ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုတွေးတောသင့်ပါလိမ့်၊ ဘယ်လိုသဘောထားရမှာပါလိမ့်။

ဒီသံသယတွေရဲ့ ဖိစီးမှုအောက်မှာ အချိန်အတော်ကြာကြာ အောင့်အည်း သည်းခံလာပြီးတဲ့နောက်မှာ တရားတော်အရ အခုလိုဆင်ခြင်လာမိတယ်။

နောက်ဆုံးတော့ "ဘာကြောင့်"ဆိုတဲ့အဖြေကို သာမန်လူသား တစ်ယောက်အနေနဲ့ ဘယ်လိုပဲတွေးတွေး ရနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ တစ်တွေဟာ အဲဒီဒုက္ခတွေ ပြွန်းတီးနေတဲ့ လောကကြီးထဲမှာ အသက်ရှင် နေထိုင်ရင်းက ဒုက္ခဘုံက အနည်းငယ်ပဲဖြစ်ဖြစ် သက်သာမှုပေးနိုင်တဲ့ နည်းလမ်းကို ရှာကြံ လှုပ်ရှားသွားကြသင့်တယ်။ ဒီလိုလှုပ်ရှားသွားနိုင်ဖို့ သတ္တိမွေးရလိမ့်မယ်။ ရှေ့မှာ ရင်ဆိုင်လာရမယ့် ဆင်းရဲဒုက္ခလွဲမှားမှု အဝိဇ္ဇာနဲ့ ဆင်ခြင်တုံတရားကင်းမဲ့မှု မောဟတရားတွေကို ရင်ဆိုင်ကျော်လွှားပြီး တည်ငြိမ်ရင့်ကျက်လာအောင် အားထုတ်ကြရမယ်။ ဒီလိုလုပ်သွားဖို့ကိုလည်း ခိုင်ခိုင်မာမာ သန္နိဋ္ဌာန် ချထားခဲ့ပြီးပြီလေ။

ဒီအပြင် ကျွန်တော့်အဖို့ အံ့သြစရာတွေကို တစ်ခုပြီးတစ်ခု တွေ့လာရ တယ်။ ဒီမြန်မာပြည်ကလူတွေဟာ အလုပ်ကို လက်မောင်းကြောတင်းအောင် မလုပ်ချင်ကြဘူး၊ အပျော်အပါးကို ခုံမင်လွန်းကြတယ်၊ ပျင်းရိကြတယ်လို့ အချို့ကမြင်နေကြပေမယ့် သူတို့အားလုံးက အမြဲတမ်းရွှင်လန်းနေကြတယ်။ ကြွေ့သိက္ခာရှိကြတယ်။ ပျော်ရွှင်အေးချမ်းနေကြတယ်။ သူတို့မျက်နှာတွေ ဟာ အမြဲတမ်းပြုံးနေတတ်ကြတယ်။ သူတို့အားလုံးဟာ လောဘတရား ကင်းမဲ့ကြပြီး နှလုံးသားအတွင်းမှာ အေးငြိမ်းချမ်းသာမှုကို ခံစားနေကြတယ်။ ကျွန်တော်ဟာ သူတို့နဲ့ အတူတူနေထိုင်ရင်းက သူတို့လိုနေထိုင်သွားတာဟာ လူ့ဘဝမှာ အရေးကြီးဆုံးပါလားလို့ ခံစားလာခဲ့ရတယ်။

ကျွန်တော်တို့တိုင်းပြည်က စစ်မီးကိုမွေးပြီး စစ်ရှုံးလို့ ဒုက္ခသုက္ခတွေနဲ့ ရင်ဆိုင်နေကြရတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ဘယ်လိုမှအသုံးမကျတဲ့ လောဘစိတ်တွေ ထွက်ခဲ့လို့ပဲဖြစ်တယ်။ သေသေချာချာစဉ်းစားကြည့်မယ် ဆိုရင် လူသားအချင်းချင်း တန်ဖိုးထားရမှာကို မေ့လျော့ခဲ့ကြလို့ပဲဖြစ်တယ်။ ကျွန်တော်တို့တစ်တွေ တန်ဖိုးထားနေတဲ့ ယဉ်ကျေးမှုဆိုတဲ့ သဘောတရားက သိပ်ပြီး တိမ်လွန်းတဲ့အတွက်ဖြစ်တယ်။

ဒီတိုင်းပြည်က လူအချို့လို စိတ်ဓာတ်တက်ကြွမှုမရှိဘဲ တုံဏှိဘာဝေ တွေးတောငေးမောရင်း နေသွားဖို့ဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမဲ့ စိတ်ဓာတ် တက်ကြွလွန်းတဲ့ ကျွန်တော်တို့နိုင်ငံသားတွေက လောဘတွေလည်း တက် မလာဖို့ သတိထား ဆင်ခြင်သွားကြဖို့တော့ လိုလိမ့်မယ်။ အဲဒီလိုသာ သတိထားဆင်ခြင်မှု မရှိကြရင်တော့ ကျွန်တော်တို့ဂျပန်လူမျိုးတွေသာမက ဘူး၊ တခြားလူမျိုးတွေလည်း ဒုက္ခဘုံထဲက ကယ်တင်လို့မရနိုင်တဲ့ အခြေမျိုး ကို ဆိုက်ကုန်ကြမှာ သေချာတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒုက္ခဘုံက ကယ်တင်လွတ်မြောက်ခြင်းကို ခံရဖို့ ဘယ်လိုကြံကြမလဲ။ အခြားလူတွေကိုလည်း ဘယ်လိုသွန်သင်ပေး ကြရမလဲ ကျွန်တော်ဟာ ဒီအကြောင်းတွေကိုပဲ ခေါင်းထဲမှာ တွေးနေမိတော့ တယ်။ လေ့လာကြံဆနေမိတော့တယ်။ ဒါကြောင့်မို့ အဲဒီမှန်ကန်တဲ့ သစ္စာ တရားကို တွေ့ရှိနိုင်ဖို့အတွက် ဟောဒီတိုင်းပြည်မှာနေရင်း အလုပ်လုပ်ရင်း ကျင့်ကြံအားထုတ်သွားတော့မယ်လို့ ဆုံးဖြတ်ခဲ့မိတယ်။

ဗိုလ်ကြီးခင်ဗျား၊ အပေါင်းအသင်း ရောင်းရင်းရဲဘော်များ ခင်ဗျာ။

အခုလို ခွဲခွာကြရတော့မယ့်အချိန်မှာ ကျွန်တော့်အဖို့ ဘယ်လိုခံစားနေရ တယ်ဆိုတာကို ဖော်ပြဖို့စကားလုံး ရှာမရအောင်ဖြစ်နေရပါတယ်။ ကျွန်တော် အကြာကြီး ကြောက်ရွံ့ထိတ်လန့်နေခဲ့ရတဲ့နေ့က ဆိုက်ဆိုက်မြိုက်မြိုက် ကြီး ရောက်လာခဲ့ပါပြီ။ ကျွန်တော်ဟာ တခြားကျေးလက်ဒေသတွေကို လှည့်လည်နေရာက အတော်ကြာသွားမှ မုဒုံမြို့ကို ပြန်လာခဲ့မိတယ်။ အဲဒီ အချိန်မှာ ဂျပန်စစ်သားတွေ မနက်ဖြန် ဂျပန်ပြည်ကို ပြန်ကြတော့မယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတယ်။ အဲဒီသတင်းကို တကယ်တမ်းကြားလိုက်တဲ့ အခါမှာတော့ ကျွန်တော့်ရင်ထဲမှာ ထူးထူးခြားခြား တည်ငြိမ်နေခဲ့တော့တယ်။

ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာကို စိုးရိမ်ပေးရှာတဲ့ ခင်ဗျား တို့ရဲ့ စိတ်ရင်းစေတနာအပေါ်မှာ ကျွန်တော့်ရင်ထဲအသည်းထဲက ကျေးဇူး တင်လျက် ရှိပါတယ်။ ကျွန်တော့်အဖို့ ကိုယ်မြတ်နိုးတဲ့ ဒီမြန်မာပြည်မှာပဲ

ကျန်ရစ်ပြီး ဖြူဖွေးတဲ့နှင်းခမောက်တွေကို ဆောင်းထားကြတဲ့ တောင်တန်းကြီးတွေ၊ တံငါကွန်တိုင် ကြယ်ကလေးတွေ၊ မှိတ်တုတ်မှိတ်တုတ်တောက်ပနေတဲ့ ပင်လယ်ကမ်းခြေတွေကို တတ်နိုင်သလောက် ခရီးဆန့်ရင်း နေခဲ့ပါတော့မယ်။ ဒီလို နေရတာကို ကျွန်တော် အမြဲတမ်းပျော်မွေ့ နှစ်ခြိုက်နေမှာပါ။ ခင်ဗျားတို့တစ်တွေကို အောက်မေ့ သတိရလာတဲ့အခါမှာတော့ လက်စွဲတော်စောင်းကလေးနဲ့ ဟိုးအရင်က အတူတူဆိုခဲ့ကြတဲ့ သီချင်းတွေကို တီးခတ်နေရမှာပေါ့ဗျာ။

အခုလိုအတူတူနေခဲ့စဉ်အတွင်း ကျွန်တော့်အပေါ် အစစအရာရာ ကောင်းခဲ့ကြတဲ့ ဗိုလ်ကြီးနဲ့တကွ ခင်ဗျားတို့အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော်ရဲ့အသည်းနှလုံးထဲကနေပြီး ခင်ဗျားတို့အားလုံး ကျန်းမာချမ်းသာပြီး ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မီဇူရှီးမားယာဆူဟီကိုး

ဗိုလ်ကြီးက ရှည်လျားလှတဲ့ မီဇူရှီးမားရဲ့စာကို အဆုံးသတ်ဖတ်ပြလိုက်တယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့အားလုံး ငြိမ်ကျသွားတယ်။ ဘာပြောလို့ ပြောရမှန်း မသိကြတော့ဘဲ ငိုင်နေကြတယ်။ ဒါပေမဲ့ ဘယ်သူမှ ဝမ်းနည်းပက်လက် မခံစားကြတော့ဘူး။ မီဇူရှီးမားရဲ့ ဆန္ဒအမှန်ကို သိကြရပြီဖြစ်တဲ့အတွက် ရှေ့ပိုင်းမှာ ကြုံတွေ့လာရမယ့်အရာမှန်သမျှကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားပြီးသား ဖြစ်မှာပါလေလို့ ဖြေသိမ့်လိုက်ကြတယ်။

ဒီလိုနဲ့ ညရောက်တယ်။ အိန္ဒိယသမုဒ္ဒရာကြီးရဲ့ ရေပြင်ကျယ်ကြီးရဲ့ မျက်နှာပြင်ပေါ်မှာတော့ မရေမတွက်နိုင်တဲ့ ပိုးစုန်းကြူးလို အလင်းထုတ်ပိုးကောင်တွေက လင်းလက်နေကြတယ်။ တစ်ခါတစ်ခါ လက်သီးဆုပ်လောက်ရှိတဲ့ မီးခိုးအလင်းအလုံးကြီးတွေဟာ လှိုင်းတွေကြားမှာ မျောပါရင်းက ရေမြှုပ်တွေရဲ့အောက်မှာ နစ်မြုပ်ပျောက်ကွယ်သွားတာကို ညအမှောင်ထဲမှာ တွေ့နေရတယ်။ တချို့အလင်းထုတ်ပိုးကောင်တွေကျတော့ အုပ်စုလိုက်ဖွဲ့ပြီး သင်္ဘောရဲ့ဝမ်းဗိုက်နံရံကို လာကြကပ်ကြတယ်။ သင်္ဘောရဲ့ နောက်က

ပြေးလိုက်လာတဲ့အကောင်တွေလည်း ရှိတယ်။ သင်္ဘောကို အမီမလိုက်နိုင်တဲ့အတွက် အဲဒီပိုးကောင်တွေဟာ အဝေးမှာ လွင့်မျောရင်း ကျန်နေခဲ့ကြတော့တယ်။

အဲဒီမီးရောင်တွေကို ကြည့်ရတော့ ကြည့်ရင်းက သေဆုံးသွားတဲ့ သူတွေရဲ့ ဝိညာဉ်တွေက ကျွန်တော်တို့ကို ကလူကျီစယ်နေကြသလို ထင်လာမိတယ်။

မိုးထက်ဆီကို မော့ကြည့်လိုက်တော့ ကောင်းကင်တစ်ခုလုံးပြည့်နေအောင် ကြယ်ကလေးတွေက လင်းလက်တောက်ပနေကြတာကို မြင်ကြရတယ်။ ကျွန်တော်တို့စီးလာတဲ့ သင်္ဘောကြီးဟာ သမုဒ္ဒရာလှိုင်းကြီးတွေရဲ့ အပေါ်မှာ နိမ့်လိုက်မြင့်လိုက် ယိမ်းယိုင်လှုပ်ရှားနေလေတော့ သင်္ဘောရွက်တိုင်က ကြယ်တွေရဲ့ကြားမှာ လှုပ်ရှားနေတယ်လို့ မထင်ရတော့ဘဲ ကြယ်ကလေးတွေကသာ ကျွန်တော်တို့ရဲ့ဘေးမှာ ခြံရံပြီး ယိမ်းအက ကပြနေတယ်လို့ ထင်လာရတယ်။

ကျွန်တော်တို့ဟာ အသံကိုနှိမ့်ပြီး သီချင်းတွေကို ဝိုင်းဆိုနေမိကြတယ်။ ကျွန်တော်တို့သင်္ဘောရဲ့ ဘေးတစ်ဝိုက်မှာတော့ လှိုင်းပုတ်သံတွေနဲ့ ညံစီနေတော့တယ်။ ရေပန်းရေစက်တွေရဲ့ အောက်ခြေဘက်ဆီက ကျွန်တော်တို့ရဲ့ သီချင်းနဲ့ စည်းချက်လိုက်ပြီး စောင်းသံလိုလို ဘာလိုလို အသံတွေကို ကြားနေရသလို ခံစားလာမိတော့တယ်။

ကျွန်တော်တို့စီးလာတဲ့ သင်္ဘောကြီးဟာ တစ်နေ့ပြီးတစ်နေ့ တရွေ့ရွေ့နဲ့ ရှေ့ကို ခုတ်မောင်းလာခဲ့တော့တယ်။ ကျွန်တော်တို့အားလုံးဟာလည်း အမိဂျပန်ပြည်ရဲ့ ကုန်းမြေကြီးကို မြန်မြန်တွေ့လိုတဲ့ဇောတွေနဲ့ နံနက်မိုးလင်းက မိုးချုပ်သည့်တိုင် ရှေ့မှာတွေ့လာရတဲ့ တိမ်တိုက်ကြီးတွေကို ငေးစိုက်ကြည့်ရှုနေမိကြတော့တယ်။

**ရဲမြလွင်**

ဤမြန်မာ့စောင်းဝတ္ထုသည် မြန်မာ-ဂျပန်ချစ်ကြည်ရေးအတွက် အထူးပါသော အခန်းမှပါဝင်နေပြီး မြန်မာ-ဂျပန်စာပေပေါင်းကူးတံတားကြီးတစ်ခု ဖြစ်ပါသည်။
(ထီတာစစ်ရှု)

မြန်မာ့စောင်းဝတ္ထုကို ဂျပန်လူမျိုးတိုင်း အတော်များများကြည့်ရှုပြီးဖြစ်နေရသည်ကို စာရှုသူကိုယ်တိုင် သက်သေပြဖတ်ကြည့်ပါက ပိုမိုသဘောပေါက်လာမည်ဟု ယူဆမိပါသည်။

(ဂျပန်အရေးပေါ်မှုဆိုင်ရာမင်းရုံး)

မြန်မာ့စောင်းဝတ္ထုကို ဂျပန်လူမျိုးတိုင်းဖတ်ဖူးသကဲ့သို့ မြန်မာ့စောင်း ရုပ်ရှင်ကိုလည်း ဂျပန်လူမျိုးတိုင်း ကြည့်ရှုကြပါသည်။ မြန်မာ့စောင်းဝတ္ထုကိုဖတ်၍ ဂျပန်လူမျိုးတို့သည် မြန်မာတို့အား ချစ်လာကြပါသည်။

(ချိုမြသွင်)

ဤဝတ္ထုသည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်စစ်မြေပြင်သို့ ရောက်ရှိနေခဲ့ကြသော ဂျပန်တပ်ခွဲကလေးတစ်ခု၏ သီချင်းတကြော်ကြော်ဆိုပေါင်း သီဆိုရင်း နှိပ်စက်ခံမှုနှင့်ရင်ဆိုင်ခဲ့ကြရသည့် ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်ပါသည်။
(ဗိုလ်မှူးကျော်သောင်း)

ဤဝတ္ထုသည် သာမန်စစ်ဇာတ်ဝတ္ထုသာမဟုတ်ပါ။ အောင်မြင်မှု အရှုံးအနိုင်နှင့် ရင်ဆိုင်ရသောကာလတွင် အရှုံးကိုလက်ခံသောသူများ၏ အတွင်းစိတ်သဘောထားကို ဖြူစင်မှန်ကန်စွာဖော်ပြသော စိတ်ဝင်စားဖွယ် အကောင်းဆုံးဇာတ်လမ်းတစ်ပုဒ်လည်း မည်ပါသည်။

(ဆန်စီရုပ်ဂျိုးဝေး)

ဤဝတ္ထုက စစ်သူရဲကောင်းဆိုသည်မှာ မည်သည့်အရာနည်းဟူသောမေးခွန်းတစ်ခုကို မေးထားပါသည်။ အဖြေကတော့ နောက်ကွယ်မှပါလိမ့်မည်။ ကျေနပ်မှုရစေရန် ထိန်းထားနိုင်သည့် လူသားတို့၏ ကောင်းမြတ်သောအရည်အသွေးမှ မည်သည့်အရာဖြစ်ပါသနည်းဟူ၍
(ဆော်ဂီရှိမှုဒွေး)

**ထကောင်းစာအုပ်တိုက်**

အမှတ်(၅ - ၁) ဒေယျာသီရိလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ၊ ဖုန်း - ၇၂၃၈၇၅

DESIGNED BY GLORY GRAPHIC STUDIO

This document was created with Win2PDF available at http://www.daneprairie.com.
The unregistered version of Win2PDF is for evaluation or non-commercial use only.